

Asian Fame Media Group
MEDIA GROUP

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး··· ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး··· ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး··· ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


MEDIA GROUP
Asian Fame Media Group

| ငွေသော်တာ | ဟိန်းလတ် |
|---|---|
| ဥက္ကဋ္ဌ | ဒု-ဥက္ကဋ္ဌ |

The YATI MAGAZINE
စာပေ အနုပညာ မဂ္ဂဇင်း

Vol. 9, No. 99, JUNE, 2012

| | |
|---|---|
| တာဝန်ခံအယ်ဒီတာ | **မိုးမိုးစောဝင်း** (moemoesawwin.1971@gmail.com) |
| အယ်ဒီတာ | **နွေးနွေးစစ်အောင်၊ အေးနွယ်လှိုင်၊ ယုယအိမ်** |
| အယ်ဒီတာ(R & D) | **မြင့်သူဇာထွန်း** |
| ကဗျာအယ်ဒီတာ | **လွှမ်းရုံ** |
| လက်ထောက်အယ်ဒီတာ | **ဖြိုးစုပိုပို** |
| သတင်းထောက် | **သီတာစိုး** |
| ဒီဇိုင်းတာဝန်ခံ | **ပန်းရျာန်** (စီမံဒါရိုက်တာ) |
| ဒီဇိုင်းအဖွဲ့ | **ဂိုမြတ်လင်း၊ ထွန်းထွန်းလင်း** (ကြီးကြပ်ရေးမှူး) **ငင်မောင်မောင်ထွန်း၊ ရွှေငင်ဦး** |
| သတင်းဓာတ်ပုံ | **အောင်နိုင်စိုး** (ကဏ္ဍ) |
| ကွန်ပျူတာအဖွဲ့ | **ဝင်းဝင်းလှိုင်၊ ခင်သက်လှိုင်** |
| စာပြင် | **သီဟထွန်း** |
| ကြော်ငြာအဖွဲ့ | **တင်စန္ဒာဝင်း**(ဒု-မန်နေဂျာ) **သပြေဇင်ဇင်ချို**(လ/ထ မန်နေဂျာ) |
| Marketing Executive | **ခင်ငြိမ်းချမ်းဦး၊ ဌေးလင်းအောင် နန်းအိအိခိုင်၊ နှင်းသန္တာ၊ ထွဋ်မြတ်သူ** |
| ဘဏ္ဍာရေးအဖွဲ့ | **မိုးယုမာ** (မန်နေဂျာ)၊ **ခင်ငြိမ်းစုအေး** (ဒုမန်နေဂျာ) **မိုးမိုးကျော်** (လ/ထ မန်နေဂျာ) **နီလာဝင်း** (လ/ထ မန်နေဂျာ) |
| ဖြန့်ချိရေးအဖွဲ့ | **သူရဇော်၊ ကျော်လှိုင်ဝင်း၊ ထွန်းထွန်းဦး၊ ဇော်မင်းအောင် ဇော်လင်းဦး၊ အောင်အောင်** |
| ရုပ်ဓာတ်ပုံပညာရှင်များ | **ဝဏ္ဏခွာနီ၊ အေးဇော်မိုး(စက်မှု)၊ ကိုနိုင် (ပေါ်ပြူလာ)** |

| | |
|---|---|
| ထုတ်ဝေသူ | **ဒေါ်နန်းကလျာဝင်း (၀၄၃၀၈)** |
| ဥပဒေအကြံပေး | **ဦးအိနှစ်** (တရားရုံးချုပ်ရှေ့နေ) |
| ဖလင် | **Eagle** |
| အတွင်းကာလာခွဲ | **ကမ္ဘာဦး** |
| စာအုပ်ချုပ် | **ဝင်းပပ** |
| တန်ဖိုး | **၂၀၀၀** |
| အုပ်ရေ | **၁၀၀၀** |

| | |
|---|---|
| မျက်နှာဖုံးပုံနှိပ် | **ငွေကံ့ကော် (မြဲ-၀၆၃၆၁)** |
| အတွင်းပုံနှိပ် | **အောင်သိန်းသန်း (မြဲ-၀၅၉၉၂)** |
| အယ်ဒီတာအဖွဲ့ရုံးခန်း | **အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း(လယ်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၉၁၆၅၊ ၃၈၅၄၉၅၊ ၃၇၂၈၃၄၊ စာတိုက်သေတ္တာအမှတ် - ၁၄၀** |
| Website | yatimagazine.com |
| Email | yati@popularmyanmar.com |
| မန္တလေးရုံးခွဲ | **အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄×၆၅လမ်းကြား။ မန္တလေးမြို့။ ဖုန်း ၀၁၀၅၀၀၀၃၈၀။** |
| Email | mandalayoffice@popularmyanmar.com |
| ကြော်ငြာကိုယ်စားလှယ် | **ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)**(အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့၊ ၀၉-၂၀၀ ၅၅၇၂၊ ၀၉- ၉၁၀ ၄၆၇၇၂) |



Asian Fame Media Group



# ရတီဓမ္မလက်ဆောင်

ရုပ်နာမ်ချုပ်ငြိမ်း ချမ်းသာကိန်း ခပ်သိမ်းလွတ်မြောက်ရာ
ပညာဉာဏ်မှ အနုတ္တ သုညတခေတ်ပေါက်သည်သာ
ဝိသေသဖလ နိရောဓ ဒုက္ခချုပ်သည်သာ
ပညိန္ဒြေ မဂ်ဖိုလ်ပွေ့ ရွှေပြည်နိဗ္ဗာန်ရတနာ
သံဝေဂဉာဏ် တရားမှန် ရောက်ရန်နိဗ္ဗာန်သာ
ယထာဘူတ နိဗ္ဗန္ဓ ရာဂကင်းရ ဝိမုတ္တာ
အောင်ကိန်းဆင်းကာ အောင်ချမ်းသာ ရောက်ရာနိဗ္ဗာန်သာ
သစ္စာလေးပါး မြတ်တရား ထူးခြားဉာဏ်အလင်းခေတ်သာ
ထူးခြားဉာဏ်ဖြာ နိရောဓ မှန်စွာရရန်အမြန်သာ
ကုန္ဒြေစောင့်လတ် နိဗ္ဗာန်ခေတ် အမြတ်ရတနာ
ကြောင်းကျိုးကောင်းမှန် မြတ်နိဗ္ဗာန် ဇကန်နိရောဓ
ဖောက်ထွင်းသိမြင် တရားရှင် အောင်မြင်အတိဂမ္ဘီရ
သိက္ခာဂုဏ်ကြီး တရားပြီး ခရီးလမ်းဆုံးနိဗ္ဗာန်သာ
အပတ်တကုတ် လွန်အားထုတ် မဆုတ်မတွန့် နိဗ္ဗာန်သာ
ဆဋ္ဌင်္ဂုံပေက္ခာ ရဟန္တာ ခေမာနိဗ္ဗာန်သာ
ရာဂဒေါသ အကုန်ချ ဒုက္ခလွတ်သည်သာ
တော်ဝင်သတ္တိ နိဗ္ဗာန်ထိ အားရှိဝင်စံအမြန်သာ
နိုင်ခံ့ပါစေ ရဟန်းတွေ ရွှေပြည်နိဗ္ဗာန်ရတနာ
လေးနက်ပါစေ လူနတ်တွေ ရွှေပြည်နိဗ္ဗာန်ရတနာ
မြင့်မြတ်ပါစေ ဖြဟ္မာတွေ ရွှေပြည်နိဗ္ဗာန်ရတနာ
အေးငြိမ်းပါစေ များဝေနေ ရွှေပြည်နိဗ္ဗာန်ရတနာ
မဂ္ဂင်ရှစ်ပါး စုံပြည့်ထား ဘုရားဟောဇာနည်ပါ
ဘုရားဆုံးမ ဒူတေယျ ကျင့်မှမြတ်သည်သာ
ကံစိတ်ခုဟာ ချုပ်ငြိမ်းတာ မှန်စွာဒုက္ခအေးသည်သာ
ဝိပုစ္ဆိုသု လွတ်မြောက်မှု စံပြုအေးရာနိဗ္ဗာန်သာ
နိဗ္ဗာန်ရစေ လေးမဂ်ပေ မသေဝင်စားဖိုလ်အားသာ
မသေတရား ရသည့်အား နေ့လားညလား ကြိုးစားပါ

(နဝရူတင်္ဂါစာရမဟာထေရ်မြတ်၏ နိဗ္ဗာန်မျက်ရှုဘိက္ခုမှတ်တမ်းမှ ကောက်နုတ်ဖော်ပြပါသည်။)

Asian Fame Media Group

# အယ်ဒီတာနှုတ်ခွန်းဆက်

သီတဂူဆရာတော်ကြီးက ဟောကြားဖူးသည်။ ဘာရည်ရွယ်ချက်နဲ့ လူဖြစ်လာကြတာလဲတဲ့လေ။ မေးတဲ့သူက မေးနေတာတောင် ဖြေတဲ့သူတွေက အတိအကျ ဖြေနိုင်မည်မထင်။ လူတစ်ထောင်ရှိရင် ရည်ရွယ်ချက်က တစ်ထောင်ဖြစ်နေလိမ့်မည်။ ဆရာတော်ကတော့ လူတိုင်းမှာ မရှိမဖြစ် ရည်ရွယ်ချက်ထားသင့်ပြီး ထိုရည်ရွယ်ချက်ဟာ အများနှင့်ဆိုင်သော အများအကျိုးရှိသော ရည်ရွယ်ချက် ဖြစ်ရမည်တဲ့လေ။ ကျွန်မတို့ထိုအတိုင်းကျင့်ကြံနိုင်ပါမည်လား။ ဆင်ခြင်စရာဖြစ်သည်။ အခုတစ်လော ဆင်ခြင်စရာတွေ တော်တော်များများတွေ့နေသည်။ မိတ်ဆွေတစ်ယောက်တင်ထားသော အွန်လိုင်းပေါ်မှ ပို့စ်ကို ဖတ်ဖြစ်ပြန်သည်။ မြန်မာပြည်က မြန်မာလူငယ်လေးတွေ အထူးသဖြင့် မြန်မာမလေးတွေ တဖြည်းဖြည်း ရိုးရာယဉ်ကျေးမှု ပျက်စီးလာသည့်အပေါ် သူ့အမြင်ဖြင့် တင်ပြထားသည့်စာဖြစ်သည်။ ဖက်ပေါ်ဆူးကျလည်းဖက်ပေါက်၊ ဆူးပေါ်ဖက်ကျလည်း ဖက်ပဲပေါက်မည့်အနေအထားမို့ မြန်မာမလေးများအတွက် ပိုပြီးပူပန်ပေးခြင်းလည်း ဖြစ်နိုင်ပေသည်။ နောင်လာမည့်အနာဂတ်မှာ ဈေးကွက်စီးပွားရေးစနစ်ဖြင့် နိုင်ငံတကာက မြန်မာပြည်တွင်းကို ရင်းနှီးမြှုပ်နှံမှုတွေ လုပ်လာခဲ့ကြပြီဆို ဒီပုံစံဒီအချိုးနဲ့ မြန်မာမလေးများ ဘယ်လိုဆက်စခန်းသွားကြမလဲရယ်လို့လည်း နောင်ရေးကို တွေးကာပူပင်ထားသေးတော့။ စာရေးသူရဲ့စေတနာနဲ့ ထောက်ပြချက်များကိုအကျဉ်းချုပ်လိုက်တော့ မီဒီယာများဟာလည်း တရားခံစာရင်း ပါနေပါပေ့ါလား။ အရုပ်၊ အသံ၊ စာ ဒီသုံးခုဖြင့် ပြည်သူလူထုကိုတိမ်းညွတ်အောင်ပြုစားနိုင်သော မီဒီယာလက်နက်ဟာ လူတွေ၊ အထူးသဖြင့် လူငယ်တွေကို ကောင်းကောင်းပြုစားနိုင်သည်ဆိုတာ ငြင်းလို့မရ။ ထောက်ခံသည်ဆိုလျှင် ဆင်ခြင်ရမည်မှာလည်း မီဒီယာသမားတာဝန်ပင်ဖြစ်သည်။ ကိုယ်လိုလို သူလိုလို ခေါင်းလွဲဖို့ မကောင်း။ ကိုယ့်လူမျိုး ကိုယ့်ဘာသာ၊ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်တွေမှ ဝိုင်းဝန်းမထိန်းသိမ်းလျှင် ဘယ်သူတွေ ထိန်းမည်လဲ။ ကျွန်မတို့ကိုယ့်လူမျိုးကိုယ် ဖျက်ဆီးဖို့ လူဖြစ်လာကြတာမှ မဟုတ်တာ၊ ကျွန်မတို့ ကိုယ့်လူမျိုးနိမ့်ကျ သိမ်ငယ်တာမြင်ရဖို့ လူဖြစ်လာခဲ့ကြတာမှ မဟုတ်တာ၊ ကျွန်မတို့အချင်းချင်း မညီမညွတ်သွေးကွဲနေဖို့ လူဖြစ်လာကြတာမှ မဟုတ်တာ၊ ကျွန်မတို့ ယောက်ျား၊ မိန်းမ ၊ အသင်းအဖွဲ့ ခွဲခြားဆက်ဆံဖို့ လူဖြစ်လာကြတာမှမဟုတ်တာ။ လူ့ဘဝထဲ ခုမှ ရောက်ခါစအရွယ် အလွန်ငယ်လွန်းသော ကလေးသူငယ်များနှင့် လူ့ဘဝမှထွက်ခွာကြတော့မည့်အရွယ် အလွန်အိုမင်းမစွမ်း သက်ကြီးရွယ်အိုများမှလွဲပြီး ကျန်သည့် အရွယ်ရှိသော လူငယ်၊ လူလတ်၊ လူကြီး ကျွန်မတို့ နိုင်ငံသားအားလုံး တာဝန်ကိုယ်စီ ရည်ရွယ်ချက်ကိုယ်စီထားရှိသင့်သည်။

နိုင်ငံရေးသမားက နိုင်ငံရေးအသိနှင့်၊ စာသမားက စာအသိနှင့်၊ တရားသမားက တရားအသိနှင့်၊ အနုပညာသမားက အနုပညာသမားအသိနှင့်၊ စီးပွားရေးသမားက စီးပွားရေးသမားအသိနှင့် ကိုယ့်စည်းကိုယ့်တာလုံကာ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး အကျိုးရှိရာရှိကြောင်းတွေပဲ ဝိုင်းဝန်းလုပ်ဆောင်ကြလိုက်ရင်ဖြင့် သေချာသည်၊ သေလျှင်တောင် နောက်ဆံငင်စရာမရှိ။ ရတီသည်လည်း စာသမားပေမို့ ကိုယ့်စာအုပ်သည် ကိုယ့်လူမျိုးအတွက် အကျိုးမပြုနိုင်သေးလျှင်တောင် အဆိပ်အတောက်တစ်ခွက်မဖြစ်လိုပါ။ ကျွန်မတို့ အားလုံး လိပ်ပြာသန့်သူများဖြစ်ချင်တာ သေချာလှပါသည်။

မိုးမိုးစောဝင်း(တာဝန်ခံအယ်ဒီတာ)

Asian Fame Media Group

YATI JUNE 2012

# CONTENT




2 မွေ့လက်ဆောင်

3 အယ်ဒီတာ့နှုတ်ခွန်းဆက်

ကဗျာ

8 ပန်းလှိုင်စိုး (ကျုံပျော်)၊ ခရမ်းပြာထက်လူ၊ ဇေယျာလင်း၊ အောင်မိုး၊ ကြည်ဇော်အေး၊ သီဒို၊ အေမိုး

ကာတွန်း

15 ရွှေမင်းသား၊ မြေဇာ၊ ကိုညဏ် လူချော (တိုက်ကြီး)၊ ငွဲနေ

20 မမရတီအမေးအဖြေ

ရတီမျက်နှာဖုံး

24 In Spire
Dress and Dreamwear

ရတီအထူးကဏ္ဍ

33 စိမ်းလန်းတက်ကြွ ကျောင်းသူအလှ
နီဘယ်လ်ကျော်ကျော်၊ မိစန္ဒီ
ယုယအိမ်

38 Gowns & Grandeur
စံရတီမိုးမြင့်
ဖြိုးစုပိုပို

43 Environmental Green
အွန်ဆိုင်း
သီတာစိုး

48 Enjoying at Wonder Land
ရဲလေး၊ မိုးသချော်
ယုယအိမ်

53 Red Hot
နင်းယမုံဦး
ဖြိုးစုပိုပို


Asian Fame Media Group
MEDIA GROUP

YATI JUNE 2012

# CONTENT


58 Lovely Holiday
အားတီ၊ ခင်သဇင်
ယုယအိမ်

62 ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
သဥ္ဇာနွယ်ဝင်း
သီတာစိုး

70 Audience of Celebrities' Choice
Bobby Soxer၊ ခင်နဒီကျော်
သီတာစိုး

78 Sandi Myint Lwin's profile as told by herself
စန္ဒီမြင့်လွင်
သီတာစိုး

84 Lovely Lips Shaping
မေဦးပိုင်
ယုယအိမ်

86 Romantic Rainy Day
ဂန္ဓဝင်
ဖြိုးစုပိုပို

91 Psychedelic
ထရီဇာ
ယုယအိမ်

96 ဒေသသင်္ကေတ
လှမြင့်ဆွေ

104 အလှပြင်ထားဖို့ မှာလိုက်တဲ့ လှိုင်ဦးမော်
ယုယအိမ်

109 Designer's Idea & Reinvent Fashion
မေကဗျာ
သီတာစိုး

128 မိုးရာသီအမှတ်တရများ
မိုးမိုး၊ နေယံ၊ ဖူးစုံ
မိုးသောက်ကြယ်





af MEDIA GROUP
Asian Fame Media Group

YATI JUNE 2012

# CONTENT




**ရတီနိုင်ငံတကာ**

116 **ဟောလီးဝုဒ်၏ ရွှေအဆင့်ကြယ်ပွင့်လူသား အချိန်လေးစားသူများ**
တင်လတ်သန္တာဗိုလ်

120 Korea Hallyu City
K စတား

142 **သရုပ်ဆောင်လုပ်ရတာ ရင်ခုန်စရာပါလို့ ဆိုပြန်သူ တေးသီငှက်လေး တေလာဘွစ်င်**
ရဲသစ်

156 **International Celebrity News**
စိုးသိဏ်း

**ရတီအလှအပ**

150 **အချိန်တိုအတွင်း မိတ်ကပ်အမြန်လိမ်းခြယ်နည်း**
အလင်းဦး

153 **အရွယ်မရွေး ဖက်ရှင်ကျကျလှပနေနိုင်**
ရွှေနေခြည်

**ရတီအသောအထွေ**

134 **မရေးမကောင်းရေးမကောင်း**
ညီညီညာညာညက်ညက်ညောညော

159 **ကိုယ်ရေးအကျယ်**
ဂျက်ကွမ်းခြံကုန်း

161 **ရတီဗေဒင်**
ဒေါက်တာမြတ်သစ် (မန္တလေး)

**ရတီဆောင်းပါး**

124 **စီယမ်နီရာမစ်မှသည် ခေတ်မီမြန်မာကဇာတ်သစ်ဆီသို့**
ဟိန်းလတ်

164 **ဝမ်းစာ**
ကိုထွန်း (မန္တလေး)

203 **အဆောင်ကျောက်တစ်ပွင့်၏ အတ္ထုပ္ပတ္တိ**
သိန်းပိုင် (M.Engg.Geol)

211 **ပြောင်းလဲလာနေသော သံလိုက်စက်ကွင်း**
ကျော်ဦး



AF MEDIA GROUP
Asian Fame Media Group

# YATI JUNE 2012

# CONTENT


ရတီဝေဖန်ရေး

148 **ဒိရိုက်တာသားကြီး၏ အသုံးမဲ့ရှင်သန်ခြင်း**
မောင်အိမ်စံ

ရတီဖူးနသစ်လွင် ကဗျာဥယျာဉ်

144 သျှင်နောင်းညို(တံတားဦး)၊ နေမင်းညို(ခေတ္တ - နောင်ပိုအောင်)၊ ရွှေတာရာ၊ လင်းမိုးလက်၊ အိမ်စည်စိုးစံ၊ အောင်မျိုးသက်၊ Zဇာမိုင်၊ ဒွန်သီဟ (ငဖဲ)

ရတီကျန်းမာရေး

189 **အမြင်အာရုံကျန်းမာရေး နည်းလမ်းတစ်သယ် ကျင့်ကြံပေး**
ဒေါက်တာအောင်ဆန်းဝင်း

ရတီဝတ္ထု

170 **တိမ်တိုက်တစ်ခုကို ဖမ်းဆုပ်ခြင်း**
စိုးမောင်မောင်

178 **မြေတစ်ကောင်ရဲ့ ဂုဏ်သိက္ခာ**
နန္ဒာစိုး (ဆင်ဖြူကျွန်း)

184 **မှောက်တော့ကကြီး**
ပန်းရေဂျိုး (မိုးကုတ်)

192 **သံသယဆိုတာ**
ဆွေ-လေးဝတီ

198 **သံချိုနေ့လို့ ပြောခဲ့ပါ**
စိုးလှိုင်တင့်

ရတီဘာသာပြန် ဝတ္ထု

174 **ရွှေလောင်ချိုင့်စံ**
သစ်ဦးဇင်

ရတီအတွေးရသ

138 **သဲမှုန်တိုင်းထဲမှာ**
နင်း

ရည်ညွှန်းပွဲသီချစ်သူဆီ

206 **အချစ်တဲ့လား**
ချစ်ကြည်အေး


**ပန်းရိုးသရုပ်ဖော်**

**မြတ်မင်းဟန်၊ ခေတ်ဘုန်းမိုး၊ ချစ်သူ၊ လူကြီးမင်း**

**ငှအိမ်ထက်မြက်၊ မိုးထက်မိုး၊ ပန်းရှာန်**




af MEDIA GROUP
Asian Fame Media Group

yati poem june 2012



## ဟင်္သာတ ဧရာဝတီကို ငေးမောမိခြင်း

အင်ခိုင်ဘွန်တောင်ခြေက စခဲ့တဲ့ အင်အားဟာ
ဒီနေရာရောက်တဲ့အထိ အပွန်းအပဲ့ မရှိဘူး ...
ငါတို့သွေးတွေ ဖောက်ထည့်စီးဆင်းစေသလို
အချို့ကလည်း မျက်ရည်တွေ ချွေးတွေဖောက်ထည့်လို့ပေါ့ ...။
ဘာပဲဖြစ်ဖြစ် ...
ပင်လယ်ထဲရောက်
ကိုယ်ရောင်မပျောက်ခင်
ပျောက်သွားမှာပဲ စိုးနေမိတယ် ဧရာဝတီရေ ...။ ။

ပန်းလှိုင်စိုး (ကျုံပျော်)

Asian Fame Media Group

yati poem june 2012



## ငါတို့လူငယ်ဘဝ

ကောင်းကင်က
ချာတိတ်တွေပြောတဲ့အတိုင်းဆို
"သိပ်မမိုက်ဘူး"၊

ညနေခင်းအိမ်အပြန်ငှက်တွေလို
တစ်အုပ်ပြီး တစ်အုပ်
တစ်ဖွတ်ထိုး ပျံသန်းလာတာ
တိမ်တွေ၊

လျှပ်စစ်မီးကြိုးသံက
လွန်တစ်ချောင်းလို တွန့်လိမ်ဝင်လာ
ဝါသနာအဆင့် လမ်းဘေးပုံစံပဲ၊

ချစ်သူတွေ သိမ်းခေါက်
ဗီရိုထဲရောက်နေတဲ့ ညနေပေ့ါ၊


မိတ်ဆွေတို့ရေ
လမ်းမပေါ်မှာ
ကဗျာတွေရွတ်နေတာ ကျွန်တော်ပါ

ဘယ်သူ
စန္ဒရားတီးပေးနိုင်မလဲ
ကျွန်တော် သီချင်းဆက်ဆိုမယ်။ ။

ခရမ်းပြာထက်လူ

# ဘရန်(ဂ်) လို့ပဲ ခေါ်ခဲ့ဖူးတဲ့ သူငယ်ချင်း

မနောမြေ ကချင်ပြည်နယ် တစ်နေရာမှာ (တိုက်ပွဲငါးပွဲဖြစ်လျှင်)
"လတ်တလော ပဋိပက္ခ" တဲ့။ (တစ်ပွဲအလကားပေးမည်)။
ကျောင်းတုန်းက သူငယ်ချင်း၊ ဘရန်(ဂ်)၊ RASU က။
"ကိုယ်ထူကိုယ်ထ အထက" ငါတို့ ယုံကြည်ခဲ့ကြတယ်။
လက်ဝဲအယူဝါဒ ငါတို့ယုံကြည်ခဲ့ကြတယ်။
ခေတ်နဲ့အညီပေးဆပ်တာ ငါတို့လေးမြတ်စွာ။
အဲဒီတုန်းက မဆလ ရေဒီယိုပြဇာတ်မှာ မိန်းမအသံ
"ဘရန်(ဂ်)၊ လက်နက်ချလိုက်ပါ၊ ဘရန်(ဂ်)" ပြီး...
"ဗိုလ်ကျိုး၊ ဗိုလ်ကျိုး၊ ကျွန်မ ဗိုက်ကျိုးနေပြီ။" (ရယ်စရာ)။
ငါ သတင်းစာကို ချလိုက်တယ်။ သတင်းစာသားတွေက ငါ့ကို
မချဘူး။
"ရပ်ရွာစွန့်လာကြသူများ" အတွက် "ယာယီစောင့်ရှောက်ရေး
စခန်း" တစ်ခုခုမှာ မင်းကို တွေ့ရမလား။ ရှိသေးရင်ပေါ့။
မင်းရဲ့ကလေးငယ်တွေ "စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု"
ခံစားနေကြသလား
မင်းရဲ့သက်ကြီးရွယ်အိုတွေ "မိမိကိုယ်မိမိ
ယုံကြည်မှုလျော့နည်းလာကာ
စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိသည့် ခံစားချက်များ" ဖြစ်နေသလား။
နေကောင်းရဲ့လား၊ သူငယ်ချင်း။
မျှော်လင့်ချက်တော့ ပစ်ပယ်လို့မရဘူးပေါ့။
အစားအစာ၊ အဝတ်အထည်၊ မီးဖိုချောင်သုံး ပစ္စည်း၊
ငွေသားနဲ့အတူ စာရေးကိရိယာတွေပါ ထောက်ပံ့တယ်လို့
ဖတ်ရတယ်။
မင်းကွာ...ငါ့ဆီ စာတစ်စောင်တောင် ရေးဖော်မရဘူး။
နိုင်ငံခြားက လှူတာဆိုတော့ စက္ကူကောင်းကောင်း
မင်ရောင်စိုစိုပေါ့။
နိုင်ငံခြား ရုပ်စာရွက်ပေါ်မှာ ပြည်တွင်းဖြစ်ကဗျာ မင်းရေးနေမလား။
အင်္ဂါစုံသေးရဲ့လား၊ သူငယ်ချင်း။ သိပ်မကြာသေးခင်ကပဲ
ပင်နီနဲ့ ကချင်ပုဆိုး ငါတို့မြတ်နိုးခဲ့ကြတယ်။


yati poem june 2012

ကယ်ဆယ်ရေးစခန်းက ကျောင်းလေးမှာ မင်းစာတွေသင်နေမယ်
အဲသလို ငါစိတ်ကူးကြည့်တယ်။ မင်းနဲ့ငါရဲ့ နာသုံးနာ။
"ဒုက္ခသည်စခန်း"၊ "စစ်ဘေးဒဏ်"၊ "စစ်ပြေး" အသုံးအနှုန်းတွေ
ဘာသာစကား ပိုးသတ်ဆေးနဲ့ ဖျန်းလိုက်ပြီ။ သတင်းစာထဲမှာ
ဒဏ်ရာရသူ မပါ၊ သေဆုံးသူမရှိ၊ "စစ်" နတ္ထိ။
မင်းသင်ရတဲ့ စာတွေကိုကော ပိုးသတ်ဆေးဖျန်းပြီးပြီလား။
ငါတို့သိရတာတွေကိုပဲ ငါတို့ယုံကြည်ရတာဆိုရင်
ငါတို့ဘာပဲ သိရသလဲ။ ငါတို့ဘယ်လိုသိရသလဲ။
ဘာတွေက ခွင့်ပြုလို့ ဘာတွေကို ခွင့်လွှတ်ရမလဲ။
ကိုယ့်ကိုယ်ကိုယ်တောင် ခွင့်လွှတ်စရာမတွေ့သေးဘူး။
ငယ်တုန်းက ငါတို့ကျောင်းပြေးပြီး ရုပ်ရှင်ကြည့်ကြတယ်။
အန်ဂျလီနာဂျိုလီရဲ့ နောက်ဆုံးရုပ်ရှင်အကြောင်း ဖတ်ရတယ်။
ဘော်လ်ကန်စစ်ပွဲနောက်ခံကား
"သွေးနဲ့ပျားရည်စီးတဲ့ တိုင်းပြည်"။
ဆားဗီးယားစစ်သားလေးဟာ သူ့ရည်းစားဟောင်း
ဘော့စ်နီးယား မူစလင်အမျိုးသမီး (ဂျိုလီ) ကို
လိင်စခန်းတစ်ခုမှာ လိင်ကျွန်အဖြစ် တွေ့လိုက်တယ်။
ဇာတ်ဝင်ခန်းတစ်ခန်းမှာ
ဘော့စ်နီးယား မူစလင်အမျိုးသမီးတွေကို
အစုလိုက် အပြုံလိုက် မုဒိမ်းကျင့်တာ ပါလိုက်တယ်။
တရုတ်ပြည်၊ နန်ကန်းမြို့မှာလည်း ဖက်ဆစ်ဂျပန်တွေ
ကျင့်လိုက်တာမှ မြို့လုံးကျွတ်၊ လက်တစ်ဆစ်မကျန်ပဲ။
စစ်ဖြစ်ရင် အဲဒါနိယာမပဲလား သူငယ်ချင်း။
မင်းနဲ့ငါကြည့်ခဲ့ဖူးတာ ယူဂိုဆလပ်ကား "ပါတီဇံ"။
နာဇီလက်အောက်မှာ လွတ်လပ်နယ်မြေတွေ တိုက်ယူတာ။
အင်အားမမျှတတော့ အကုန်လက်လွတ်ဆုံးရှုံးတယ်။
သမိုင်းမှာ မာရှယ်တီးတိုး အနိုင်ရခဲ့တယ်။
သမိုင်းပြီးဆုံးတာနဲ့ ယူဂိုဆလားဗီးယား ပြိုကွဲသွားတော့တယ်။
မတွေးဝံ့တာတွေ ငါတွေးနေမိတယ် သူငယ်ချင်း။
အဲဒီ "ယာယီတန်းလျား" တစ်ခုခုမှာ
ဆေးပေါ့လိပ်တစ်လိပ်နဲ့ စိတ်အလေးဆွဲလို့
မင်းမအိပ်နိုင် ဖြစ်နေမလား။
မင်း ထာဝရအိပ်စက်သွားပြီလား။
စပါးရိတ်သိမ်းရမယ့် အချိန်မှာ
တောထဲဝင်ပုန်းကြသူတွေလည်း ရှိကြတယ်လို့ ဖတ်ရတယ်။
ဩော်...မြန်မာပြည်ထိပ်ဖျားမှာမှကွယ်။
... ...... ...... ...... ...... ...
အပစ်အခတ် အမှန်တကယ်ရပ်စဲရေး ဒို့အရေး ဒို့အရေး
တွေ့ဆုံညှိနှိုင်းဆွေးနွေးရေး ဒို့အရေး ဒို့အရေး
နိုင်ငံသားအဆင့်အတန်း မခွဲခြားရေး ဒို့အရေး ဒို့အရေး
... ...... ...... ...... ...... ...
မင်းနဲ့ငါရဲ့ ငယ်ကတည်းက ခင်မင်မှုအရ
ဒါဟာ တိမ်းရှောင်လာတဲ့ ကဗျာတစ်ပုဒ်
မဖြစ်ရပါစေနဲ့၊ သူငယ်ချင်း။

ဇေယျာလင်း

yati poem june 2012



# ဂယ်လီလီယို

ဒီမနက်မှာ
ဆံပင်တွေကြားက ကြမ်းပိုးတစ်ကောင်ဆင်းလာတာ တွေ့ရတော့
ကျွန်တော် တုန်လှုပ်ရပါတယ်။
ဂယ်လီလီယိုကို ရာစုနှစ်ပေါင်းများစွာကြာအောင်
လူတွေ မေ့နေခဲ့ကြသလိုမျိုး
သူ့ကို ကျွန်တော် မေ့နေခဲ့ပါတယ်။
ကျွန်တော့်အလင်းရောင်ကို ကျွန်တော် ဖုံးကွယ်ထားခဲ့တဲ့ နှစ်ကာလတွေ၊
ကြေးညှော်အထပ်ထပ် အဝတ်တွေက သူ့ကိုယ်မှာစေးကပ်လို့
အလင်းရောင်ကို တွေ့တွေ့ချင်းပဲ သူ့မျက်လုံးဟာ ကန်းသွားခဲ့ပါတယ်။
သူ့အာရေပြားက အထိအတွေ့ကို မသိတော့
သူ့နှားမှာ အကြားအာရုံမရှိတော့
သူ့ပါးစပ်က စကားသံကို မေ့ခဲ့ပြီ
ဒါပေမဲ့
သူ နှလုံးခုန်နေသေးတယ်
အသက်မျှင်းမျှင်းလေး ရှူနေသေးတယ်။
ရုပ်ရှင်ထဲမှာ
သီလရှင် စစ္စတာကြီးက
ငါ့မှာလည်း သံသယတွေရှိနေတာပါပဲလို့
ချုံးပွဲချပြီး ငိုသလိုမျိုး
ကျွန်တော် ငိုခဲ့ရပါတယ်။
အသက်ဇီဝသက်သက်
ဘဝဂုဏ်အရည်အချင်းတွေ ကင်းမဲ့သွားတဲ့သူ့ကို
ယူသနေးရှားနဲ့ ကြင်နာညင်သာစွာ အဆုံးစီရင်မလား
သူတော်စင် မာသာထရီဇာလို
စီးကရက်သွားဝယ်ဦးမယ်ဆိုပြီး
ဘယ်တော့မှ ပြန်မလာတော့တဲ့ လင်ယောကျ်ားကို
နောက်ထပ် နှစ် ၅၀ လောက် မီးတုတ်ကိုင်ပြီး စောင့်ရဦးမှာလား
ဘယ်ဟာက သနားကရုဏာလဲ
ခင်ဗျားတို့လည်း ဝိုင်းပြီး စဉ်းစားပေးကြပါဦး။
ဂယ်လီလီယိုဟာ အမှောင်ထဲမှာပဲ သေဆုံးသွားခဲ့ပါတယ်
ဂယ်လီလီယိုရဲ့ ဝိညာဉ်ဟာလည်း အလင်းရောင်ကိုတွေ့ဖို့
နှစ်ပေါင်း ၃၀၀ လောက် စောင့်ခဲ့ရပြန်ပါတယ်
တကယ်လို့ ကျွန်တော် သူ့ကို သတ်လိုက်ရင်
သူ့ဝိညာဉ်ဟာ အလင်းရောင်ကို ချက်ချင်းတွေ့မယ်လို့
ခင်ဗျားတို့ အာမခံနိုင်ပါ့မလား။ ။

အောင်မိုး

Asian Fame Media Group



## လှသန်းရဲ့ နောက်ဆုံးနေ့များ (ပထမတွဲ)

၃၃ လမ်း။ ၃၄ လမ်း။ ၃၅ လမ်း။ ၁၉ လမ်း။
ပန်းဆိုးတန်းလမ်း။ မယ်ဇလီပင်လမ်း။
သမ္မတကမ်းခြေ။
ကိုးရိုးကားရား
တီထွေးကြီးကို
ကုလားကားထဲကလို
ကင်းမြီးကောက်ကို ညီအောင်ထောင်လို့။
၂၀၀၇ စက်တင်ဘာ
ရှိုးရှိုးသားသား ချီတက်
ရှိုးရှိုးသားသား သွေးထွက်
ရှိုးရှိုးသားသား စိတ်ပျက်
ရှိုးရှိုးသားသား ကစဉ့်ကလျား
ဆန်းပြားတဲ့အဖြစ်တွေ မနည်းမနော
တစ်ထောကြီးရခဲ့။
"ဒီကောင် ငပေါ"
"ဒီကောင်က ဆရာကြီး"
ဟီးဟီးဟားဟားတွေ
သွားခေါခေါကြီးနဲ့ ခြစ်ပစ်ခဲ့
အသည်းမှာ
အသားနီလန်လျက်
ကျန်ရစ်ခဲ့တဲ့ တို့တွေ။

ကြည်ဇော်အေး

yati poem june 2012



# ခင်ဗျားတို့ကို သတိရကြောင်းပြောမလို့

ခင်ဗျားတို့ကို သတိရကြောင်းပြောမလို့
ကားသံတွေ ကြား
အော်သံတွေ ကြား
ခင်ဗျားတို့
တစ်ယောက်နဲ့တစ်ယောက် ကြားကြရဲ့လား
ကြားနေရေးတွေ ဘာတွေ တစ်ခါတစ်ခါ လုသလိုရှိပေမယ့်
ကြားမညပ်ဖို့တော့ လိုလိမ့်မယ်
ကြားနေကျ အသံတစ်ခုလိုပဲ
အဖြစ်အပျက်က ဘာပြီးရင် ဘာလာမှာ
(ဘာမှ မကြားသေးပေမယ့်)
စိတ်မှာ ကြိုကြားနေပြီ။
ခင်ဗျားတို့ကို သတိရကြောင်းပြောမလို့
နေမပွင့်သေးတဲ့ နေ့တွေအကြောင်း
မှတ်တမ်းရေးမယ်/ပါ
ဝတ္ထုရေးမယ်/ပါ
(ဒေါ်မနစ်လာဖီးယားလိုလေ)
နေသာသာ မသာသာ
တစ်နေ့မဟုတ် တစ်နေ့
တစ်နေ့နေ့မှာ ။
ခင်ဗျားတို့ကို သတိရကြောင်းပြောမလို့
ကျွန်တော့်ဘက်က
တံခါးတွေ အကုန်ဖွင့်ထားတယ်
စိတ်တွေ အကုန်ဖွင့်ထားတယ်
မမြင်ရတဲ့ကြိုးက ပိုပြီးခိုင်မာတယ်
ခင်ဗျားတို့ ကျွန်တော်တို့ဆိုတာ
တစ်ယောက်နဲ့တစ်ယောက် ဝေးနေကြလည်း
တစ်ယောက်ကို တစ်ယောက် မဝေဝါးခဲ့ကြဘူး
တစ်ယောက်က တစ်ယောက်ကို
ရောက်အောင်လာခဲ့ဖို့ မှာကြားချက်တွေ
ယောက်ယက်ခတ်မနေတဲ့
တစ်ယောက်ဆီတစ်ယောက်
ရောက်ရောက်နေတဲ့စိတ်တွေ
..............................
......................စသဖြင့်
..............................
(တစ်ယောက်ပြီးတစ်ယောက်
အကျအဆုံး များလွန်းလှတာက တစ်ပိုင်းပေါ့)
ခင်ဗျားတို့ ကျွန်တော်တို့
မျှစားခဲ့ကြတဲ့ဟင်းဖတ်တွေ
မျှသောက်ခဲ့ကြတဲ့ ကော်ဖီခွက်တွေ
မျှဖတ်ခဲ့ကြတဲ့ ဘဝတွေ
ဟုတ်တယ်
ခင်ဗျားတို့ကို သတိရကြောင်းပြောမလို့။ ။

သီအို

Asian Fame Media Group

yati poem june 2012



# လူအတစ်ယောက်ရဲ့
# လူမှုရေးကွန်ရက်ပြဿနာ

ကိုယ်ကိုယ်တိုင်က ဘာကောင်လဲ
(အနာဂတ် ရည်မှန်းချက်က ဘာ ...)
ဘဝမှာ အရေးကြီးဆုံးက ဘာလဲ
ကိုယ့်ရပ်ကွက်လူကြီးက ဘယ်သူ
ဟိုဘက်ခြံက ဖြူဝင်းမွတ်လေး နာမည် ဘယ်သူ
ဒါတွေသိဖို့
လိုအပ်သလား၊ မလိုအပ်ဘူးလား မသိ
၂၀၁၂ ပျက်မယ့် ကမ္ဘာက ဘယ်ကမ္ဘာလဲ
(တို့ရပ်ကွက် ပါသလား)
Avatar ဇာတ်ကားထဲက မင်းသမီးက ဘယ်သူ
အွန်လိုင်းရဲ့လေ့ကားရင်းက ဘယ်မှာ
(အခန်းရဲ့ပြတင်းပေါက်က ဖွင့်မရချင်)
ဒါတွေသိဖို့
(အမှန်တကယ်)
လိုအပ်၊ မလိုအပ် မသိ
တနင်္ဂနွေ အမှတ်တရက ဘာလဲ
လေညင်းဆိုတာ ပန်းဥယျာဉ်ပိုင် ပစ္စည်းလား
ဝင်ငွေနည်းတာ ဘဝလား
(ဘဝဆိုတာ တိုက်ပွဲဟူ၍)
ဝင်ငွေများရင် ဘဝမစစ်ဘူးလား
"လ" သာတုန်း ဗိုင်းငင်
"လ" က ဘယ်အချိန် သာမှာလဲ
ဖယောင်းတိုင်က လေယူရာယိမ်း
(ကိုယ့်အရိပ်လည်း ယိမ်း)
အနားယူတယ်ဆိုတာ
ရေကူးကန်၊ ပင်လယ်ကမ်းစပ်၊ ဟာဝေယံရှပ်နဲ့မှလား
အနားယူတယ်ဆိုတာ
ပင်စင်ယူခြင်း၊ သေဆုံးခြင်းလား
ကွဲကွဲပြားပြား သိဖို့လို၊ မလို
သိစရာတွေက အများသား
အားလုံးသိဖို့ ဘယ်က စသိရမလဲ
ဒါတွေသိတော့ရော၊ မသိတော့ရော
သိသလိုလို မသိသလိုလို ဆိုတော့ရော
ဒါတွေကို သိဖို့
မသိသလိုလို သိသလိုလိုတော့ ရှိသား။ ။

အေမိုး

Asian Fame Media Group
MEDIA GROUP

2012 JUNE

YATI CARTOON

Shwe Minn Thar




Asian Fame Media Group

2012 JUNE


YATI CARTOON

Myay Zar





Asian Fame Media Group

Ko Nyan



2012 JUNE
YATI CARTOON
Lu Chaw (Tike Kyi)



Zwè Nay




Asian Fame Media Group
MEDIA GROUP



# မမရတီ

## လူမှုရေး အချစ်ရေး ကျန်းမာရေး အနုပညာအရေး

## Questions & Answers

မမရတီ. . . သမီးက အဆိုတော် ချမ်းချမ်းကို ရုပ်ရော အသံပါ အမြဲတမ်း အားပေးနေမယ့် ပရိသတ်ပါ။ သီချင်းဆိုတဲ့ ရုပ်ကို ပြောတာနော်။ မမချမ်းချမ်းကို ဇာတ်ကားတွေမှာ သရုပ်ဆောင် အလုပ် မလုပ်စေချင်ဘူး။ ကိုယ့်လိုင်းနဲ့ကိုယ်ပဲ အောင်မြင်စေချင်တာပါရှင်။ မမတို့ရတီမှာ မမချမ်းချမ်းရဲ့ တွေ့ဆုံခန်းလေးတွေကို ဖော်ပြပေးပါဦး။ မြူးဇစ်ကဏ္ဍကနေဖြစ်ဖြစ်ပေါ့။ နောက်ပြီးလေ မမချမ်းချမ်းဆီ စာရေးချင်လို့ သူ့လိပ်စာလေး ပြောပြလို့ရမလားရှင်။

ကျေးဇူးတင်လျက်
ခင်ကြည်ပြာစိုး( သံလျင်)

**ခင်ကြည်ပြာစိုး မြင်ချင်တဲ့ ချမ်းချမ်းက တိုက်တိုက်ဆိုင်ဆိုင်ပဲ ပြီးခဲ့တဲ့လက ဖက်ရှင်ကဏ္ဍကနေ ဖော်ပြပေးဖြစ်တယ်နော်၊ မြူးဇစ်ကဏ္ဍအနေနဲ့ မဟုတ်ပေမယ့် စိတ်ကျေနပ်လိမ့်မယ်လို့ ထင်ပါတယ်ကွယ်၊ မမရတီလည်း ချမ်းချမ်းရယ်မှ မဟုတ်ပါဘူး၊ အဆိုတော်တွေကို သူ့လိုင်းနဲ့သူပဲ ရှိစေချင်ပါတယ်၊ တကယ် ဝါသနာမပါဘဲနဲ့ လုပ်ကြည့်ရုံမျိုး ဆိုရင်တော့ မလုပ်စေချင်တာ အမှန် ပဲ၊ ချမ်းချမ်းရဲ့ လိပ်စာက တိုက် ၄၊ အခန်း ၁၀၁ ကြည်တော်အိမ်ရာ၊ ချမ်းသာပလာဇာ၊ ပုဇွန်တောင် ဖြစ်ပါတယ်။**

မမရတီရေ . . ရတီမဂ္ဂဇင်း ဇန္နဝါရီ စနှစ်ပြည့်မှ သည် နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်ပါစေလို့ ဆုတောင်းလိုက်တယ်နော်။ သမီး တစ်ခု မေးချင်လို့ပါ။ မိန်းကလေးတွေကြားမှာ အဖြေရှာရ ခက်နေတဲ့အကြောင်းတစ်ခုကို မေးချင်တာပါ။ ယောကျ်ားလေး တစ်ယောက်က မိန်းကလေး တစ်ယောက်ကို ချစ်နေပြီဆိုတာ သူဖွင့်မပြောဘဲနဲ့ ဘယ်လိုသိနိုင်လဲဟင်။ မိုင်လေးအတွက် တကယ် အခက်အခဲ ဖြစ်နေလို့ပါ။

*အမြဲတမ်းအားပေးလျက်*
*မိုင်လေး(Thongwa)*

**မိုင်လေးရေ. . . ယောကျ်ားလေး တစ်ယောက်ရဲ့ အချစ်ကို ဖွင့်မပြောဘဲနဲ့ မိန်းကလေးက ဘယ်လိုသိနိုင်မလဲ ဆိုတာကို မဖြေခင်မှာ မိုင်လေးက ဘာလို့ သိချင်ရတာလဲလို့ပဲ မမရတီ အရင် ပြောပါရစေ၊ ဟုတ်တယ်လေ၊ သူကမှ ဖွင့်မပြောသေးတဲ့ဟာ ကိုယ်တွေ မိန်းကလေးက သိပေးစရာ လိုလို့လား၊ မပြောဘဲနဲ့ သိပေးရတာ လောက် တန်ဖိုးကျတာ ရှိဦးမလား၊ ဖွင့်ပြောဖို့လေး တောင် အဖြစ်မရှိတဲ့ တာဝန်မကျေတဲ့ ယောကျ်ား**

**သား တစ်ဦးကို ဘာများ အသိအမှတ်ပြုပေးစရာ လိုသေးလို့လဲ။ မမရတီကတော့ မိန်းကလေး မှန်သမျှ ခပ်တင်းတင်းပဲ နေစေချင်တယ်ကွယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် မမရတီတို့ မိန်းမသားတွေဘဝမှာ ဂုဏ်တက်စရာဆိုလို့၊ ရယ်စရာ ပြောကြေးဆို ရွှေထီးဆောင်းချိန်ဆိုလို့ သူတို့ ချစ်ခွင့်ပန်ချိန်လေးပဲ ရှိတာလေ။ ဒီလိုလေးမှ ရွှေထီးဆောင်းခွင့် မပေးဘူးဆိုရင်တော့ မိန်းမဖြစ်ရတဲ့ဘဝ တန်ကို မတန်တော့ဘူး မိုင်လေးရေ။ ချစ်သလား. . ပွင့်ပွင့်လင်းလင်းပြော။ ကြိုက်သလား. . ရှင်းရှင်းလင်းလင်း ဝန်ခံ။ လက်ထပ်ချင်သလား. . . လူကြီးစုံရာနဲ့ တင့်တောင့်တင့်တယ်တောင်း။ ဒါ မိန်းကလေး တစ်ယောက်အတွက် သိပ်ကို ဂုဏ်ကျက်သရေရှိတဲ့ လုပ်ရပ်တွေပါကွယ်။ ဒါကြောင့် မိုင်လေးမေးတဲ့ မေးခွန်းကို မမရတီ အပျော်သဘောနဲ့တောင် မဖြေပါရစေနဲ့နော်။**

မမရတီ. . . နာမည် နှစ်လုံးနဲ့ မင်းသားလေးက အရင်တုန်းက မိန်းမ ရှိတယ်၊ သူ့ကို ထုတ်လုပ်ပေးတဲ့သူရဲ့ အမျိုးနဲ့ဆိုပြီး ခုတော့ သူတို့ချင်းလည်း ခွာပြရော မင်းသားက နောက်တစ်ယောက်နဲ့ တွဲနေပြန်ပြီနော်။ သူမှ မဟုတ်ပါဘူးလေ။ မင်းသားတွေများ ဟောတစ်ယောက် ဟောတစ်ယောက်နဲ့ တတ်လည်း တတ်နိုင်တယ်နော်။ ကျွန်မတို့မှာ အနုပညာ ကြိုက်လို့သာ သူတို့ကို စွဲလမ်းနေရတာ။ သူတို့ အမူအကျင့်တွေကိုတော့ နည်းနည်းမှ မကြိုက်ပါဘူး မမရတီရယ်။ အနုပညာလေးလည်း ကောင်း၊ အကျင့်အကြံလေးလည်း ကောင်းဆို ပရိသတ်ရဲ့ အချစ်ကို ပိုရမှာလို့ အကြံပေးချင်ပါတယ် မမရတီရေ။

*ခင်သန့်စင်(တောင်ငူ)*

**ကောလာဟလ ဆိုတာကတော့ ကျော်ကြားတဲ့ အနုပညာရှင်တွေမှာ ပိုထွက်ကြတာပဲ ခင်သန့်စင်ရေ။ ဟုတ်၏ မဟုတ်၏ ဆိုတာကတော့ ကာယကံရှင်ကလွဲပြီး ဘယ်သူက သိနိုင်မှာလဲနော်။ တကယ်တော့ မင်းသားဆိုတာကလည်း ယောကျ်ားထဲက ယောကျ်ားတစ်ယောက်ပဲလေ။ သူလည်းလေ လောကီသားပေမို့ ဆိုသလို တခြား ယောကျ်ားတွေနည်းတူ ချစ်ခြင်းကြိုက်ခြင်း အရှုပ်အထွေးတွေတော့ ရှိမှာပေါ့ကွယ်။ ခင်သန့်စင် ယောကျ်ားတွေအတွက် ဖွင့်ဆိုချက်တွေကို မကြားဖူးဘူးလားဟင်။ ယောကျ်ား တစ်ယောက်ဟာ အသက်နှစ်ဆယ် အရွယ်မှာ လော်ကယ်ရထား၊ ဘူတာစဉ်တိုင်း ရပ်တယ်။ သုံးဆယ် အရွယ်ကျတော့ အထူးရထားနဲ့တူတယ်၊ မြို့ကြီးတွေမှာပဲ ရပ်တော့သတဲ့။ ဟော လေးဆယ်ကျတော့ အမြန်ရထား၊ မြို့တော်ကြီးတွေမှာပဲ ရပ်ဆိုပဲ။ ငါးဆယ်ကျပြန်တော့ စက်ခေါင်းအိုကြီးနဲ့ တူတယ်၊ ခဏခဏရပ်ပြီး ရေထည့်ရတယ်တဲ့။ ဟော အသက်ခြောက်ဆယ် ဆိုရင်တော့ သူ ဘယ်ကိုမှ မထွက်တော့ဘူး။ မီးရထားဝင်းထဲမှာပဲ နေတော့သတဲ့လေ။ ခင်သန့်စင် ပြောသလို အနုပညာလေးလည်း ကောင်း အကျင့်အကြံလေးလည်း ကောင်းစေချင်တယ် ဆိုရင်တော့ မီးရထားဝင်းထဲနေတဲ့ အရွယ်ရောက်မှပဲ မင်းသားလည်း အဆင်ပြေမယ် ထင်ပါရဲ့ ခင်သန့်စင်ရယ်။**

မမရတီ. . . ဆယ်တန်း စာမေးပွဲတွေတော့ ပြီးသွားပြီ။ စိတ်အစာမကြေတာလေးတော့ ရင်ဖွင့်ချင်တယ် မမရတီရယ်။ သမီး မေးတဲ့ မေးခွန်းကို ထည့်ဖြစ်အောင် ထည့်ပေးပါနော်။ အနုပညာနဲ့ မဆိုင်ဘူးဆိုပေမယ့် မဂ္ဂဇင်းတစ်စောင် အနေနဲ့ သမီးတို့ ကျောင်းသူတွေ ပြောချင်တာလေးတွေ ကြားထဲက ပြောပေးရင် ကုသိုလ်ရပါတယ်။ ဒီနှစ် ဆယ်တန်းသင်္ချာမေးခွန်းမှာ တစ်ပုဒ်က မေးခွန်း မှားနေတယ် မမရတီ။ ပုစ္ဆာမှာ မသိကိန်းက p နဲ့ q ပဲ ပါတာကို အဖြေက a နဲ့ b ကို ဖြေခိုင်းထားတယ်လေ။ ပထမတော့ သမီးက ဉာဏ်စမ်း မေးတယ် ထင်နေသေးတာ။ နောက်မှ မေးခွန်းမှားတာ ဖြစ်နိုင်တယ်ဆိုပြီး ကျော်တွက်သွားလိုက်တယ်။ သမီးသူငယ်ချင်း တစ်ယောက်ဆို ဒီပုစ္ဆာကို ထိုင်တွက်နေတာ မိနစ်နှစ်ဆယ် ကျော်သွားတယ်။ စာမေးပွဲခန်းက ထွက်မှ ဟိုလူပြော ဒီလူပြောနဲ့ မေးခွန်း မှားမှန်းလည်း သိရော ထိုင်ငိုတော့တာပဲ။ သူအဲ့ဒီမှာ အချိန်တွေ အရမ်းကုန်သွားတာကိုး။ တကယ်ဆို မှားတာကို ကြိုပြီး ဆရာ၊ ဆရာမတွေ၊ သက်ဆိုင်ရာ လူကြီးတွေ သိဖို့ကောင်းတယ်နော်။ အချိန်မီ အကြောင်းကြားနိုင်ရင် ကျောင်းသား ကျောင်းသူတွေ အချိန်မကုန်တော့ဘူးပေါ့။ အခုတော့ မမရတီရယ် . . ဒါမျိုးက



မဖြစ်သင့်ဘူးဆိုတာ စာမျက်နှာထက်မှာ ရေးပေးပါနော်။

*ဆယ်တန်း*
*ဖြေဆိုထားသူတစ်ဦး*

**ကြားတယ် သမီးရေ. . မမရတီတို့လည်း ကြားပါတယ်။ အမှားကင်းတာ ဘယ်နေရာမှ မရှိဘူးဆိုပေမယ့် ဒီလိုအမှားမျိုးကတော့ မဖြစ်သင့်ဘူးလို့ ခံယူပါတယ်။ ကလေးတွေ ဘယ်လောက်ပျာသွားမလဲ ဆိုတာ မမရတီတို့ တွေးကြည့်မိတယ်။ ဖြေတဲ့အထဲမှာ ဉာဏ်ရည်မျိုးစုံ အတွေးအခေါ် မျိုးစုံပါတာဆိုတော့ မြင်လိုက်တာနဲ့ မှားတာထင်တယ်လို့ တွေးမိမယ့် ကျောင်းသားက လက်ချိုးရေလို့ ရမှာလေ။ အသည်းအသန်တွက်နေကြမယ့် ကျောင်းသူ ကျောင်းသားကများမှာဆိုတော့ အချိန်တွေ နစ်နာသွားတာပေါ့။ ဒါပေမဲ့ သူတို့အမှားအတွက်တော့ ကျောင်းသားကျောင်းသူတွေကို အဆင်ပြေအောင် ဖန်တီးပေးမယ်လို့ ထင်ပါတယ်ကွယ်။ အဆိုးထဲက အကောင်းဖြစ်လာမယ်လို့ပဲ ခံယူလိုက်ပါနော်။ ဖြစ်သင့်တာကတော့ ကွန်ပျူတာ မှားရိုက်တာ ဆိုရင်တောင် အဲဒီအမှားကို အချိန်မီသိဖို့ ဆန်းစစ်နိုင်ဖို့ လိုတာပေါ့လေ။ မမရတီလည်း ဒီလောက်ပဲ သမီးကို နှစ်သိမ့်နိုင်တယ်ကွယ်။ နို့မို့ဆို မိတ်ပျက်ကုန်လိမ့်မယ် ထင်တယ်။**

မမရတီ. . . ကျွန်တော်တို့ဆီမှာ ရုပ်သံစီးရီးတွဲတွေ ရိုက်နေပြီ၊ ဘယ်တော့ပြတော့မယ်၊ ဘယ်လို ရိုက်ကူးထားတာ ဒါတွေ ဂျာနယ်ထဲမှာလည်း ပါ၊ မဂ္ဂဇင်းထဲမှာလည်း ပါ၊ ပြီးတော့လည်း ဘယ်မှာမှလည်း မပြဘူးဗျာ။ ဘာတွေ အခက်အခဲရှိနေကြတာလဲဟင်။ အခုလည်း နိုင်ငံခြားက ဒီကိုလာပြီး စီးရီးတွေ ရိုက်တော့မယ် ကြားတယ်။ အဲ့ဒါ ဟုတ်သလားဟင်။ သူတို့က မျက်နှာသစ်သရုပ်ဆောင်တွေ စိတ်မဝင်စားဘူးလား၊ မခေါ်ဘူးလားဟင်။ ကျွန်တော် အရမ်းစိတ်ဝင်စားလို့ပါ။ မမရတီဆီမှာ ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်ဖြစ်ဖြစ် ရှိရင် ပြောပြပေးမလားဟင်။

*ကျော်စွာဝင်း( အင်းစိန်)*

**ဟုတ်တယ် ကျော်စွာဝင်းရေ. . . ဟိုတစ်လောက ဟိုမှာဒီမှာ စီးရီးတွေ ရိုက်ပြီး မနက်ဖြန် သန်ဘက်ပဲ တီဗီမှာပြတော့မလို ကြားလိုက်ကြသေးတယ်နော်။ ကြည့်ရတာ ဆင်ဆာပိုင်းများ ခက်သလား မသိဘူး။ နောက်ပြီး မောင်ကျော်စွာကြားတဲ့ သတင်းလည်း ဟုတ်ပါတယ်။ အခု ဟောလီဝုဒ်က မြန်မာပြည်လာပြီး ရုပ်သံစီးရီးတွဲတွေရိုက်ဖို့ လုပ်နေပြန်ပါပြီ။ မြန်မာဟိုတယ်တွေကို ဇာတ်အိမ်တည်ပြီး ရန်ကုန် ၊ငွေဆောင်၊ ပုဂံ၊ အင်းလေးတွေမှာ ရိုက်မယ်လို့ ကြားပါတယ်။ မတ်လကုန်မှာ စရိုက်မယ်ဆိုပဲ။ မြန်မာပြည်က စပွန်ဆာပေးမယ့် ကုမ္ပဏီတွေကလည်း လိုလိုလားလား ကူညီကြတော့ ဒီစီးရီးတွေပြပြီဆို မြန်မာ့ ခရီးသွားလုပ်ငန်းတွေ [illegible] တိုးတက်လာမယ်လို့ စောင့်ကြည့် [illegible] ကတောင် ပြောနေကြပြီ။ မျက်နှ [illegible] ဆောင် ခေါ်မခေါ်ဆိုတာတော့ မမရ [illegible] မကြားမိဘူး။ ကြားရင် လက်တို့လိုက်ပါ့မယ်နော်။**



မမရတီ. . . သမီးက မော်ဒယ်လ် သင်တန်းဆင်းပါ။ မော်ဒယ်အလုပ်နဲ့ အသက်မွေးဝမ်းကျောင်း လုပ်ဖို့လည်း စိတ်ကူးထားပါတယ်။ ဒါပေမဲ့ သင်တန်းဆရာမက ဘာပြောလဲဆိုတော့ သမီးက မော်ဒယ်တစ်ယောက် အနေနဲ့ဆို ဒီထက်ပိန်ဖို့ လိုသေးတယ်တဲ့။ သမီးအရပ်က ရှည်ပေမယ့် ဝိတ်နည်းနည်း ပိုနေတယ်တဲ့။ ခက်တာက သမီးအတွက် အလွန်ဆုံး ဝိတ်လျှော့လို့ ရတာလည်း ဒီအနေအထားလောက်ပဲ ဖြစ်နေတယ်။ သမီးကြိုးစားကြည့်ပြီးပါပြီ။ ပိန်ဆေးတွေလည်း မစားရဲဘူး မမရတီ။ တကယ်တော့ သမီးတို့ မြန်မာမော်ဒယ်လ်ဆိုတာ သိပ်ပိန်ဖို့ မလိုဘူးလို့ ထင်တာပဲ။ ဟုတ်တယ်မလားဟင်။

*မော်ဒယ်လ် သင်တန်းဆင်းတစ်ဦး*

**မြန်မာပြည်မှာတော့ မသိဘူး ပုလဲရေ၊ အစ္စရေးမှာတော့ ပုလဲဖြစ်စေချင်သလို ဖြစ်နေပြီနော်။ ပိန်လွန်းသော မော်ဒယ်လ်များဖြင့် ကြော်ငြာခြင်းကို အစ္စရေးတွင် ပိတ်ပင်လိုက်ပြီဆိုတဲ့ ဥပဒေတစ်ရပ်ကို ထုတ်ပြန်လိုက်ပြီ။ နောက်တာမဟုတ်ဘူးနော်။ မတ်လ ၂၀ မှာ တကယ်ကို ထုတ်ပြန်လိုက်တာ။ သတ်မှတ်ဘီအမ်အိုင်ထက်နည်းလွန်းတဲ့ အမျိုးသား၊ အမျိုးသမီး မော်ဒယ်လ်တွေကို စီးပွားရေး ကြော်ငြာတွေမှာ မသုံးရ၊ မငှားရဘူးလို့ကို တရားဝင်ပြောတော့တာ။ သူတို့မှာလည်း ရည်ရွယ်ချက် ရှိတယ်လေ။ သူတို့ ဒီလိုပြဋ္ဌာန်းလိုက်တယ် ဆိုတာနဲ့ ကျန်းမာသန်စွမ်းတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်လာကြမယ်။ အစားအသောက် မူမမှန်ဖြစ်တာတွေ လျှော့ချနိုင်မယ်ဆိုတဲ့ သဘောပေါ့။ အံမယ် အစ္စရေးတို့သဘောထားက 'အလှအပဆိုတာ ကိုယ်အလေးချိန် ပုံမှန်အောက် ရှိခြင်းကို မဆိုလိုဘူး' လို့တောင် ပြောလိုက်သေးတယ်။ ကဲ ပုလဲရေ . . အစ္စရေးမှာသွားပြီး မော်ဒယ်လ်လုပ်မလား။ မမရတီကိုလည်း မမေ့နဲ့နော်။**

မမရတီ. . . မော်ကင်းဥဒါန်းရုပ်ရှင် ပြန်ပြခွင့်ရပြီလို့ ကြားတယ်နော်။ ကျွန်တော်ကတော့ ဦးကျော်ဟိန်းတို့၊ ဦးညွန့်ဝင်းတို့လို ပုဂ္ဂိုလ်ကြီးတွေရဲ့ အနုပညာကို ပြန်လည်ခံစားချင်နေတာဆိုတော့ ဝမ်းသာတယ်ဗျာ။ ဘယ်တော့လောက် ရုံတင်ပြသမလဲဆိုတာ သိချင်ပြီ မမရတီရေ။ စောင့်မျှော်အားပေးနေတယ် ဆိုတဲ့အကြောင်း ဒါရိုက်တာပဲဖြစ်ဖြစ်၊ မင်းသား မင်းသမီးတွေကိုပဲ ဖြစ်ဖြစ် စကားလက်ဆင့်ကမ်းပေးပါ။

*ကိုအောင်သူမိုး( မင်္ဂလာဒုံ)*

**ကိုအောင်သူမိုး မေးလို့ ကျွန်မစုံစမ်းကြည့်တော့ ပြသခွင့်ရပြီဆိုတာ ဟုတ်တယ်လို့ သိရပါတယ်။ ဒီကားက ၂၀၀၄ ခုနှစ်တည်းက ဆင်ဆာခွင့်ပြုချက် ရထားတာဆိုပဲ။ ပြဖို့အားလုံး စီစဉ်ပြီးတဲ့အချိန်မှ ခွင့်မပြုဘူး အကြောင်းကြားခံရတာပါတဲ့။ အခုအစိုးရ လက်ထက်ကျမှ ထုတ်လုပ်သူက သူ့နစ်နာမှုတွေကို တင်ပြလျှောက်ထားတာမို့ ပြန်လည်ခွင့်ပြုလိုက်တာပါ။ အခုဆို ရုံရက်ချိန်နေပါပြီတဲ့။ ဆလုံတွေရဲ့ ဘဝနေထိုင်မှု စရိုက်အခြေခံတွေကို သရုပ်မှန် ရိုက်ပြထားတာမို့ စိတ်ဝင်စားစရာပါ။ ကိုအောင်သူမိုး ကြည့်ချင်တဲ့ကား မကြာခင်ကြည့်ရဖို့ သေချာသလောက်ရှိပါပြီ ဆိုပါတဲ့အကြောင်း သတင်းကောင်း ပြန်လိုက်ပါတယ်နော်။**

Asian Fame Media Group



# *Warning Sign*

Glamorous navy cocktail dress adorned in stunning sequins

Asian Fame Media Group


LEOPARD PHOTOGRAPHY
DESIGN Wai Yan
InSpire
Dress & Dreamwear
Asian Fame Media Group
af MEDIA GROUP



Asian Fame Media Group
AF MEDIA GROUP




Asian Fame Media Group
MEDIA GROUP



Asian Fame Media Group


Own the Night
Black and gold metallic sequined cocktail dress.
InSpire
Dress & Dreamwear
MEDIA GROUP
Asian Fame Media Group



Asian Fame Media Group
AF MEDIA GROUP



# စိမ်းလန်းတက်ကြွ ကျောင်းသူအလှ

June ရောက်ပြီဆိုရင် မိုးရေစက်တွေအောက်က ရေစိုနေတဲ့ လမ်းကလေးပေါ်မှာ အဖြူအစိမ်း တူညီဝတ်စုံတွေနဲ့ စိတ်သစ်လူသစ် အတန်းသစ်မှာ ပညာသင်ကြားကြဖို့ လွယ်အိတ်ကိုယ်စီနဲ့ တက်ကြွနေကြတဲ့ ကျောင်းသူကျောင်းသားလေးတွေကို တွေ့ကြရပါပြီ။ ဘယ်တော့မှ မရိုးနိုင်တဲ့ ဒီမြင်ကွင်းလေးကို ရတီစာမျက်နှာထက်ကနေတစ်ဆင့် ခံစားကြည့်ကြရအောင်လား။

**ယုယအိမ်**

မော်ဒယ် – နီဘယ်လ်ကျော်ကျော်၊ မိစန္ဒီ (မိတ်ကပ် – တင်တင်မာ Ever Smile)
ဝတ်စုံ – ဦးလေးကြီး ကျောင်းဝတ်စုံ အထူးဆိုင် ၊ ဓာတ်ပုံ – ကိုနိုင် (ပေါ်ပြူလာ)



# စိမ်းလန်းတက်ကြွ ကျောင်းသူအလှ

မော်ဒယ် – နိုဘယ်လ်ကျော်ကျော်၊ မိစန္ဒီ (မိတ်ကပ်–တင်တင်မာ Ever Smile)၊
ဝတ်စုံ – ဦးလေးကြီး ကျောင်းဝတ်စုံ အထူးဆိုင် U LAY GYI ၊ ဓာတ်ပုံ – ကိုနိုင် (ပေါ်ပြူလာ)


စိမ်းလန်းတက်ကြွ
ကျောင်းသူအလှ
မော်ဒယ် – နိုဘယ်လ်ကျော်ကျော်၊ မိစန္ဒီ (မိတ်ကပ် – တင်တင်မာ Ever Smile)၊
ဝတ်စုံ – ဦးလေးကြီး ကျောင်းဝတ်စုံ အထူးဆိုင် ၊ ဓာတ်ပုံ – ကိုနိုင် (ပေါ်ပြူလာ)
Asian Fame Media Group



# စိမ်းလန်းတက်ကြွ ကျောင်းသူအလှ

မော်ဒယ် – နိဘာယ်လ်ကျော်ကျော်၊ မိစန္ဒီ၊ (မိတ်ကပ် –တင်တင်မာ Ever Smile)၊ ဝတ်စုံ – ဦးလေးကြီး ကျောင်းဝတ်စုံ အထူးဆိုင် U LAY GYI ၊ ဓာတ်ပုံ – ကိုနိုင်(ငုပ်ပြုလာ)








Asian Fame Media Group



# Gowns & Grandeur

Model
**SanYatiMoeMyint**
Make-up
**NyiNyiMaung**
|Sanchaung|
Dress
**Angel Ly Fashion**
Photography -
**KoNaing|Popular|**
Arranged By
**Phyoe Su Po Po**

Asian Fame Media Group
AF MEDIA GROUP



# Gowns & Grandeur

Model
**SanYatiMoeMyint**
Make-up
**NyiNyiMaung**
|Sanchaung|
Dress
**Angel Ly Fashion**
Photography -
**KoNaing|Popular|**

Asian Fame Media Group



# Gowns & Grandeur

Model
**SanYatiMoeMyint**
Make-up
**NyiNyiMaung**
|Sanchaung|
Dress
**Angel Ly Fashion**
Photography -
**KoNaing|Popular|**

af MEDIA GROUP
Asian Fame Media Group



# Gowns & Grandeur

Model
**SanYatiMoeMyint**
Make-up
**NyiNyiMaung**
|Sanchaung|
Dress
**Angel Ly Fashion**
Photography -
**KoNaing|Popular|**

MEDIA GROUP
Asian Fame Media Group




Model
**SanYatiMoeMyint**
Make-up
**NyiNyiMaung**
|Sanchaung|
Dress
**Angel Ly Fashion**
Photography -
**KoNaing|Popular|**
Arranged By
**Phyoe Su Po Po**





# Environmental Green

## Awnsang

make-up : may oo (taw win thu) /designer : ma pont (my favourite)
photo : ko naing (popular)/ arranged by thida soe
graphic design htun htun lin

ဇွန်လ ၅ ရက်နေ့ဟာ "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး" နေ့လေးပါ။ ကျွန်မတို့ ပတ်ဝန်းကျင်မှာရှိတဲ့ သဘာဝအလှတရားတွေ ပျက်စီးလာတာနဲ့အမျှ သဘာဝဘေးအန္တရာယ်ဆိုတာကလည်း အချိန်မရွေးကျရောက်လာနိုင်ပါတယ်။ သဘာဝအလျောက်ပျက်စီးသွားတဲ့ သစ်ပင်ကြီးတွေနေရာမှာ ပျိုးပင်၊ ပန်းပင်ငယ်လေးတွေကို အစားထိုးပြီးစိုက်နိုင်ဖို့ ကြိုးစားရမှာဖြစ်သလို၊ တစ်ဖက်ကလည်း Recycle အဖြစ် ပြန်သုံးလို့ရမယ့် ပစ္စည်းတွေ ထုတ်လုပ်နိုင်ဖို့ကိုလည်း အကောင် အထည်ဖော်ရမှာပါ။ ကျွန်မတို့ ရတီအဖွဲ့သားတွေကလည်း "သဘာဝပတ်ဝန်းကျင်နေ့လေး" ကို မမေ့မလျော့ဘဲ အစိမ်းရောင် ဖက်ရှင်လေးတွေနဲ့အတူ ဂုဏ်ပြုတင်ဆက်လိုက်ရပါတယ်။

Asian Fame Media Group



# Environmental Green

Awnsang

make-up : may oo (taw win thu)/designer : ma pont (my favourite)
photo : ko naing (popular)

Asian Fame Media Group



# Environmental Green

Awnsang

make-up : may oo (taw win thu)/designer : ma pont (my favourite)
photo : ko naing (popular)

Asian Media Group
MEDIA GROUP



# Environmental Green

Awnsang

make-up : may oo (taw win thu) /designer : ma pont (my favourite)
photo : ko naing (popular)

Asian Fame Media Group



# Environmental Green

Awnsang

make-up : may oo (taw win thu)/designer : ma pont (my favourite)
photo : ko naing (popular)

Asian Family Group
af MEDIA GROUP



မော်ဒယ်
ရဲလေးဖြိုးသင်ချို
ဓာတ်ပုံ
ဘုန်းပြည့်ငွေတောင်တန်း
မိတ်ကပ်
အောင်အောင် (L'oreal)
နေရာ
ရေခဲကမ္ဘာ (Ice Wonder Land)

# Enjoying at wonderland

သဘာဝတရားဟာ ကမ္ဘာကြီးအပေါ် ဖြူစင်မှုတတဲ့စိတ်ထားနဲ့ရသစုံကို ခံစားနိုင်အောင် လက်လှမ်းမီသလောက်ပေးစွမ်းနေတာပါ၊ ဘယ်နေရာ၊ ဘယ်အရပ်က ဘယ်သူတွေဟာဘာနဲ့သင့်တော်တယ်ဆိုတာကိုလည်း သူ့နေရာနဲ့သူ ဝေငှပေးပြီးသားပါ၊ ကိုယ်ရောက်ရှိရရှိနေတဲ့ ဘဝလေးထဲမှာပျော်လာခဲ့ပြီးမှ နည်းပညာတိုး တက်လာမှုတွေကြောင့် ဆန်းပြားတဲ့ဖန်တီးမှုတွေပေါ် လာသလို ရွာဖြစ်သွားတဲ့ကမ္ဘာကြီးကိုလည်း လက်ဖဝါးပေါ် တင်ကြည့်လို့ရနေပါပြီ။ လူသားဆိုတာကလည်း သိချင်စိတ်၊ စူးစမ်းချင်စိတ် ပြင်းပြကြတာမျိုးဆိုတော့ လက်ရှိထက်ကို ပိုပြီး လောဘတကြီးခံစားချင်ကြတာ အစစ်မရှိတဲ့နေရာမှာ အတုကို ဖန်တီးကြခံစားကြတော့ တာပါပဲ၊ ဒါ့ကြောင့်လည်း အပူချိန်လွန်ကဲနေတဲ့ ရန်ကုန်မြို့ကြီးရဲ့ အခုလိုအခါသမယမှာ 'ဝင်ရိုး စွန်းဒေသတမျှ အေးခဲနေတဲ့ ခံစားမှုကို ထိတွေ့ခံစားနိုင်သောနေရာ Ice Wonder Land ရှိနေပါပြီ။ မယုံမရှိပါနဲ့၊ တကယ်ပါ။ အတွေ့အကြုံသစ်ကို ခံစားလိုကြသူတွေအတွက် Asia Myanmar Consortium Development Co.,Ltd နဲ့ တရုတ် ရေခဲပန်းပု ပညာရှင်အဖွဲ့တို့ ပူးပေါင်းစီစဉ်တင်ဆက်လိုက်တာပါ။ နေရာအကျယ်အဝန်း ၁ ဧကရှိတဲ့မြေပေါ်မှာ ရေခဲပြင်ထုတန်ချိန် ၃၀၀၀ ကိုအသုံးပြုပြီး ကမ္ဘာကျော် အထိမ်းအမှတ်ရုပ်တုတွေ၊ မြန်မာပြည်ရဲ့ ထင်ရှားတဲ့အမှတ်အသားတွေကို ထုလုပ်ထားတဲ့ ရုပ်တုတွေရဲ့အတွင်းမှာ လိုက်ဖက်လှပတဲ့မီးရောင်စုံတွေရဲ့ ပံ့ပိုးမှုကလည်း သက်ဆိုင်ရာ နိုင်ငံရဲ့ မြို့ထဲ ညဘက်အလည်ရောက်သွားသလိုပါပဲ။ ရိုက်ကူးမှုမှာ အစစအရာရာ မေတ္တာဖြင့်ကူညီပံ့ပိုးပေးခဲ့သော Asia Myanmar Consortium Development Co.,Ltd မှ Operation မန်နေဂျာဦးမြင့်ဇော်၊ ကိုအောင်ပြည့်စုံတို့ကို ကျေးဇူးတင်ရင်းဖြင့် ရတီပရိသတ်များ ခံစားနိုင်ရန် ယခုလို။တင်ပြလိုက်ပါတယ်။

ယုယအိမ်

Asian Fame Media Group
af MEDIA GROUP



# Enjoying at wonderland

မော်ဒယ်
ရဲလေး၊ဖိုးသင်ချို
ဓာတ်ပုံ
ဘုန်းမြင့်၊ငွေတောင်တန်း၊
မိတ်ကပ်
အောင်အောင် **(L'oreal)**
နေရာ
ရေခဲကမ္ဘာ **(Ice Wonder Land)**




Asian Fame Media Group
MEDIA GROUP



# Enjoying at wonderland

မော်ဒယ်
ရဲလေး၊မိုးသင်ချို
ဓာတ်ပုံ
ဘုန်းမြင့်၊ငွေတောင်တန်း၊
မိတ်ကပ်
အောင်အောင် **(L'oreal)**
နေရာ
ရေခဲကမ္ဘာ **(Ice Wonder Land)**

Asian Fame Media Group



မော်ဒယ်
ရဲလေး၊မိုးသင်ချို
ဓာတ်ပုံ
ဘုန်းမြင့်၊ငွေတောင်တန်း၊
မိတ်ကပ်
အောင်အောင် **(L'oreal)**
နေရာ
ရေခဲကမ္ဘာ **(Ice Wonder Land)**

# Enjoying at wonderland

Asian Fame Media Group



# red hot

## HNIN YA MONE OO

MAKE UP - KYAW MOE/ DRESS - BANGKOK FASHION
PHOTO- AYE ZAW MOE (SETTHMU)
ARRANGED BY PHYOE SU PO PO

လူတွေရဲ့စိတ်ဝင်စားမှုကို ရရှိမှုအများဆုံး အရောင်ကိုပြောပါဆိုရင်တော့ အနီရောင်လို့ ပြောရမှာပါပဲ။ ရဲရဲတောက်နေတဲ့အနီရောင်က ရဲစွမ်းသတ္တိရဲ့ ကိုယ်စားပြုအရောင်ပါပဲ။ လူငယ်တွေကတော့ အနီရောင်ရဲ့တောက်ပမှု၊ တက်ကြွမှုကို နှစ်သက်လေ့ရှိကြပါတယ်။ Hot ဖြစ်တဲ့ အရောင်ဆိုရင်လည်း အနီရောင်ပါပဲ။ ဒါကြောင့် Hot ဖြစ်တဲ့အနီရောင်နဲ့ ဆွဲဆောင်မှု ရှိစွာလှနေတဲ့ Red Hot ကဏ္ဍလေးကို စီစဉ်တင်ဆက်ပေးလိုက်ပါတယ်။

Asian Fame Media Group
af MEDIA GROUP



# red hot

## HNIN YA MONE OO

MAKE UP - KYAW MOE
DRESS - BANGKOK FASHION
PHOTO- AYE ZAW MOE (SETTHMU)

Asian Fame Media Group



# red hot

**HNIN YA MONE OO**

MAKE UP - KYAW MOE
DRESS - BANGKOK FASHION
PHOTO - AYE ZAW MOE (SETTHMU)

Asian Fame Media Group



# red hot

## HNIN YA MONE OO

MAKE UP - KYAW MOE
DRESS - BANGKOK FASHION
PHOTO- AYE ZAW MOE (SETTHMU)
DESIGN BY HTUN HTUN LIN

Asian Fame Media Group



# red hot

**HNIN YA MONE OO**

MAKE UP - KYAW MOE
DRESS - BANGKOK FASHION
PHOTO- AYE ZAW MOE (SETTHMU)
DESIGN BY HTUN HTUN LIN

Asian Famous Media Group

# lovely holiday

model- ar-t & khin thazin / designer - thwin su htway
bicycle - O store / photo- phone myint (ngwe taung tan)/ arranged by yu ya eain
design htun htun lin



လောကအလယ် ရပ်တည်နိုင်ဖို့ လူသား တိုင်းမှာ တာဝန်ကိုယ်စီနဲ့ပါ။ ဝတ္တရားတွေရဲ့ဖိစီးမှုတွေများလာတဲ့အခါ လူသားတွေဟာ စက်ရုပ်အသွင် ကူးပြောင်းသွားသလိုပါပဲ။ အလုပ်ချိန်နဲ့အနားယူချိန် မျှတမှု၊ အားအင်အပြည့်နဲ့ စိတ်ပျော်ရွှင်မှုတွေခံယူနိုင်မှ မိမိတို့ရဲ့အလုပ်တွေ ကို အကောင်းဆုံးနဲ့ အပီပြင်ဆုံး ဆောင်ရွက်နိုင်ကြမှာပါ။

အခုဆိုရင် နွေရာသီရဲ့အားလပ်ရက်လေး မှာ ပျော်ရွှင်စွာ အပန်းဖြေအနားယူနေတဲ့ အဆိုတော် အားတီနဲ့ မော်ဒယ်ခင်သဇင်တို့ရဲ့ ချစ်စရာကောင်းတဲ့ အားလပ်ရက်လေးကို ဘယ်လိုဖြတ်သန်းကြတယ် ဆိုတာကို ရတီစာဖတ်ပရိသတ်တွေရဲ့ ရင်ထဲအရောက် အပျော်တွေကို ဝေငှပေးလိုက်ပါတယ်။

Asian Fame Media Group





model :
ar-t & khin thazin
designer :
thwin su htway
bicycle :
O store
photo :
phone myint
(ngwe taung tan)

Asian Fame Media Group
MEDIA GROUP



*lovely holiday*

model- ar-t & khin thazin / designer - thwin su htway

photo- phone myint (ngwe taung tan)

Asian Fame Media Group

AF MEDIA GROUP




Asian Fame Media Group





# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်

မော်ဒယ် - သဉ္ဇာနွယ်ဝင်း / ဒီဇိုင်နာ - ဆန်းဘောက်ရာ (shayi) / ဓာတ်ပုံ - ကိုလင်း (studio K)



မော်ဒယ်
သဥ္ဇာနွယ်ဝင်း
ဒီဇိုင်နာ
ဆန်းဘောက်ရာ (shayi)
ဓာတ်ပုံ
ကိုလင်း (studio K)

Asian Fame Media Group
af MEDIA GROUP


Asian Fame Media Group
AF MEDIA GROUP

# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်

မော်ဒယ် - သဉ္ဇာနွယ်ဝင်း / ဒီဇိုင်နာ - ဆန်းဘောက်ရာ (shayi) / ဓာတ်ပုံ - ကိုလင်း (studio K)



Asian Fame Media Group



မော်ဒယ် - သဉ္ဇာနွယ်ဝင်း
ဒီဇိုင်နာ - ဆန်းဘောက်ရာ (shayi)
ဓာတ်ပုံ - ကိုလင်း (studio K)

Asian Fame Media Group
af MEDIA GROUP



ကျွန်မတို့မြန်မာနိုင်ငံရဲ့နွေ၊ မိုး၊ ဆောင်းသုံးရာသီစလုံးဟာ ရာသီဥတု ဖောက်ပြန်နေတာနဲ့အမျှ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု အားနည်းလာပြီး ဘယ်ရာသီ ရောက်ရောက် ပူပြင်းမှုဒဏ်ကို ခံစားနေရတော့တာပါပဲ။

ဒီလို ပူပြင်းတဲ့ နေရောင်ကို အန်တုဖို့ အတွက် ချည်သားဝတ်စုံလေးတွေဟာ သက်ကြီး၊ သက်လတ်၊ သက်ငယ်မရွေး ဝတ်ဆင်လို့ သင့်တော်တဲ့ ဝတ်စုံလေးတွေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလရတီရဲ့စာမျက်နှာထက်ကနေ ဒီဇိုင်နာ ဆန်းဘောက်ရာရဲ့ချည်သားဝတ်စုံလေးတွေကို တင်ပြပေးလိုက်ပါတယ်။

# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်

မော်ဒယ် - သဉ္ဇာနွယ်ဝင်း
ဒီဇိုင်နာ - ဆန်းဘောက်ရာ (shayi)
ဓာတ်ပုံ - ကိုလင်း (studio K)

**မြန်မာဝတ်စုံလေးဝတ်ပြီး ရိုက်ရတဲ့အပေါ် သဉ္ဇာရဲ့ခံစားချက်က ....**

မြန်မာဝတ်စုံဝတ်ပြီး ရိုက်ရတာက ပျော်ဖို့ကောင်းပါတယ်။ ပြီးတော့ Post ငြိမ်ငြိမ်လေး ရိုက်ရတာလည်း ပိုကြိုက်တယ်။ အခုရိုက်တဲ့ ဝတ်စုံတွေအားလုံးက ချည်သားလေးတွေဆိုတော့ ဘယ်ရာသီဥတုမဆို ဝတ်ရတာ သက်သောင့်သက်သာဖြစ်စေမှာပါ။ ချည်သားလေးတွေဆိုတော့ ချွေးလည်းစုပ်တယ်။ရာသီဥတုအားလုံးနဲ့လည်းအဆင်ပြေပါတယ်။

**ခုခေတ်မှာ မြန်မာအမျိုးသမီးတော်တော်များများက မြန်မာဝတ်စုံဝတ်ရမှာကို သိပ်မနှစ်သက်ကြဘူးလေ၊ မြန်မာဝတ်စုံဟာ နေရထိုင်ရကျပ်တယ်လို့ ပြောနေကြတဲ့အပေါ် သဉ္ဇာ ဘယ်လိုအကြံပေးချင်လဲ။**

အမှန်အတိုင်း ပြောရရင်တော့ ကိုယ်ကိုယ်တိုင်လည်း မြန်မာဝတ်စုံတော့သိပ် မဝတ်ဖြစ်ဘူးပေါ့နော်။

Asian Fame Media Group

နောက်ပြီး ထဘီကခပ်တင်းတင်း မဆွဲထားဘူးဆိုရင်မပြေတတ်ဘူးလေ။ အခုနောက်ပိုင်းတွေမှာကျတော့ ကြိုးထဘီလေးတွေ ချုပ်တယ်။ တချို့ချည်သားထဘီလေးတွေ ဆိုရင်လည်း ခြေထောက်ပေါ်အောင် ချုပ်ထားတဲ့အတွက် ဝတ်ရတာ သက်သောင့်သက်သာရှိတယ်ပေါ့နော်။ ဒီတော့ မြန်မာဝတ်စုံ ဝတ်ရတာ စိတ်ကျဉ်းကျပ်တယ်လို့ ပြောတဲ့ သူတွေကို ဒီလိုမြန်မာဆန်ဆန်ချည်သားဝတ်စုံလေးတွေ ဝတ်ကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။

**ဘယ်အချိန်အခါတွေမှာ မြန်မာဝတ်စုံကို မြတ်မြတ်နိုးနိုး ဝတ်ဆင်တတ်လဲ။**

အထူးသဖြင့်တော့ အလှူပွဲတွေသွားတဲ့အခါ ကိုယ့်မွေးနေ့မို့လို့ ဘုရားတက်တဲ့အခါတွေမှာ ဝတ်ဖြစ်ပါတယ်။

**မြန်မာဝတ်စုံကိုအဓိပ္ပာယ်ဖွင့်ဆိုပါဆိုရင်**

အထူးသဖြင့် လုပ်ငန်းလုပ်မယ့် မိန်းမတစ်ယောက်ဆိုရင်တော့ မြန်မာဝတ်စုံကို အဓိက ထားပြီး ဝတ်သင့်တယ်လို့ ထင်တယ်။ မြန်မာ ဝတ်စုံက တည်ငြိမ်တယ်၊ ရင့်ကျက်တယ်ပေါ့နော်၊ အလုပ်တစ်ခုလုပ်မယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ရဲရဲဝံ့ဝံ့ တည်တည်ငြိမ်ငြိမ်နဲ့ ကိုယ့်ကိုယ် သူများတွေက Respect ပေးခြင်းကို ဒီမြန်မာဝတ်စုံဝတ်ထားရင် ခံရမယ်လို့ ထင်ပါတယ်။

သီတာစိုး

မော်ဒယ်
သဉ္ဇာနွယ်ဝင်း
ဒီဇိုင်နာ
ဆန်းအောက်ရာ (shayi)
ဓာတ်ပုံ
ကိုလင်း (studio K)



af MEDIA GROUP
Asian Fame Media Group



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း

## Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of celebrities' choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးလိုက်ပါတယ်။

**အခွင့်အရေး**

၂၀၁၂ စက်တင်ဘာလထုတ် ရတီမဂ္ဂဇင်းအတွက် အဆိုတော် Rဇာနည်နဲ့အတူ ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံ တွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကို တော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ (တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ဘေးတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)

(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို

(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်

(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ..ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွတ်မခံဘဲ ၂၀၁၂ ဇူလိုင် ၁၀ ရက် (အင်္ဂါနေ့) နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of celebrities' choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့် စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

**မှတ်ချက် - ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။**

အမည် ---------------------------------------------

မွေးသက္ကရာဇ် ---------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------

ပညာအရည်အချင်း ---------------------------------------------

အလုပ်အကိုင် ---------------------------------------------

အနုပညာလှုပ်ရှားမှု ---------------------------------------------

အိမ်ထောင်ရှိ/မရှိ ---------------------------------------------

အရပ်အမြင့် ---------------------------------------------

နေရပ်လိပ်စာ ---------------------------------------------

ဖုန်းနံပါတ် ---------------------------------------------



# AUDIENCE OF CELEBRITIES' CHOICE

model- htet htet (bobby soxer) & khin nadi kyaw/make-up - wai yan (irene aung aung)
dress for audience- dream fashion/ photo- ko naing (popular)
graphic design htun htun lin

Asian Fame Media Group



# AUDIENCE OF CELEBRITIES' CHOICE

model- htet htet (bobby soxer) & khin nadi kyaw
make-up - wai yan (irene aung aung)/ dress for audience- dream fashion
photo- ko naing (popular)/ arranged by thida soe

ဒီလ Audience of Celebrities' Choice ကဏ္ဍလေးမှာ အလှည့်ကျလာသူကတော့ Hip Hop လောကမှာ အောင်မြင်မှုတွေကို သိမ်းပိုက်ထားနိုင်တဲ့ သွက်လက်ထက်မြက်သူလေး ထက်ထက် (Bobby Soxer) ပါပဲ။ သူရွေးချယ်လိုက်သူ ခင်နဒီကျော်က လှိုင်မြို့နယ်၊ ရန်ကုန်မြို့မှာ နေထိုင်ပါတယ်။ အသက်အရွယ်လည်း မကွာသလို၊ အနုပညာကို ဝါသနာပါတာချင်းလည်း တူနေတာမို့ သူတို့နှစ်ဦးရဲ့နုပျို သွက်လက်တဲ့ ပုံရိပ်တွေကို ပရိသတ်ကြီးကြည့်ပြီး အားပေးပါဦးရှင်။

Asian Family Media Group


AUDIENCE OF
CELEBRITIES' CHOICE
model- htet htet (bobby Soxer) & khin nadi kyaw
make-up - wai yan (irene aung aung)/ dress for audience- dream fashion/ photo- ko naing (popular
Asian Frame Media Group
MEDIA GROUP



## AUDIENCE OF CELEBRITIES' CHOICE

model- htet htet (bobby Soxer) & khin nadi kyaw
make-up - wai yan (irene aung aung)/ dress for audience- dream fashion/ photo- ko naing (popular)

Asian Fame Media Group



# AUDIENCE OF CELEBRITIES' CHOICE

model- htet htet (bobby soxer) & khin nadi kyaw

make-up - wai yan (irene aung aung)/ dress for audience- dream fashion/ photo- ko naing (popular)

Asian Fame Media Group

AUDIENCE OF
# CELEBRITIES' CHOICE

Model - Htet Htet (Bobby Soxer) & Khin Nadi Kyaw
Make-up - Wai Yan (Irene Aung Aung)/Dress (For Audience) - Dream Fashion
Photo - Ko Naing (Popular)

## အနုပညာရှင်အမေး ပရိသတ်အဖြေ

**နဒီရဲ့ အသက်နဲ့ ပညာအရည်အချင်းကို လည်း ပြောပြပါဦး။ ပြီးတော့ နဒီက ဒီ form ကို ဘယ်လိုမျိုးတင်ဖြစ်ခဲ့တာလဲ။**

မွေးနေ့ကတော့ ၁၆. ၁၁. ၁၉၉၂၊ အဝေးသင် အင်္ဂလိပ်စာဒုတိယနှစ်ပါ။ နဒီက ဒီကဏ္ဍလေးကို သတိထားမိတာကြာပါပြီ။ ရတီမဂ္ဂဇင်း ဖတ်တိုင်း သတိထားပြီး ကြည့်မိတယ်။ Rapper တွေရဲ့ အလှည့်ကို စောင့်နေတာ။ ထက်ထက်နဲ့ တွဲရိုက်ဖို့ ဖိတ်ခေါ်ထားတာကို တွေ့တော့ နဒီကြိုက်တဲ့ အဆိုတော်ဆိုပြီး form တင်လိုက်တာပါ။

**ထက်ထက်ရဲ့ ပရိသတ်ဆိုတော့ ထက်ထက်ရဲ့ ဘယ်သီချင်းကို စပြီးသတိထားမိတာလဲ။ ပြီးတော့ ထက်ထက်ဆိုခဲ့သမျှ သီချင်းတွေမှာ နဒီကဘယ်သီချင်းကို အကြိုက်ဆုံးလဲ။**

နဒီသတိထားမိတာကတော့ ဟိုးအရင် ထက်ထက်ရဲ့ "မင်းစိတ်ထဲက" အခွေ၊ Underground အနေနဲ့ ထွက်တယ်လေ။ အဲဒီမှာ G-Tone နဲ့ဆိုထားတဲ့ သီချင်းမှာကတည်းက သတိထားပြီးသိတာ။ အခုထိကြိုက်နေသေးတာက "ယုံကြည်လိုက်" ဆိုတဲ့ သီချင်းလေးပါ။ အဲဒီသီချင်းကို ပြန်မပြင်ဘဲနဲ့ ထက်ထက်တစ်ယောက်တည်းဆိုထားတာကို ပိုကြိုက်တယ်။ ထက်ထက်ကိုယ်တိုင် Melody ပါ ဆိုထားတယ်လေ။ နဒီအချိန်မရွေး အိမ်မှာဆိုဖြစ်နေ တာကတော့ ထက်ထက်ဆိုထားတဲ့ "လက်လက်ကို ထလို့" သီချင်းပါ။ အိမ်က လူတွေတောင် အဲဒီသီချင်းကို ရနေကြပြီ။ (ရယ်မောလျက်)။

**နဒီက အနုပညာကို ဝါသနာပါတယ်ဆိုတော့ ဘယ်လိုမျိုး အနုပညာကို ပိုဝါသနာပါလဲ။**

ဟုတ်. . .။ အဆိုကို ဝါသနာပါတယ်။ ထက်ထက်လို Twist ဆိုရတာကို ကြိုက်တယ်။ အခုလောလောဆယ် အကသင်နေပါတယ်။ သူငယ်ချင်းလေးယောက်နဲ့လည်း Ice Cream ဆိုပြီး အဖွဲ့ ဖွဲ့ထားပါတယ်။ ပြည်သူ့ရင်ပြင်မှာလုပ်တဲ့ Mother Land Promotion ပွဲနဲ့ Star Hotel Management ၇ နှစ်ပြည့်မှာ ကထားပါတယ်။ စလုပ်ဖြစ်တာက Dancer ဖြစ်နေတော့ Dancer ကို ပိုလုပ်ဖြစ်မယ် ထင်ပါတယ်။

**ထက်ထက်ကို သဘောအကျဆုံးအချက်နဲ့ ပြင်စေချင်တဲ့ အချက်တွေရှိလား။ ဥပမာ ပြောရရင် တချို့က ထက်ထက်ကို ဆံပင်အကောက်နဲ့ မလိုက်ဘူးလို့ ပြောသလို၊ လိုက်တယ်လို့ ပြောတဲ့သူလည်း ရှိတယ်။ ဆံပင်အဖြောင့်နဲ့ ပိုလိုက်တယ်လို့ ပြောကြတာတွေလည်း ရှိတယ်ဆိုတော့ နဒီအမြင်ကကော. . .**

Facebook မှာ တင်ထားတဲ့ ပုံထဲက ဆံပင်အကောက်က တော်တော်ကောက်တော့ သိပ်မလိုက်ဘူး။ မိန်းမဆန်တဲ့ပုံစံဆိုရင်လည်း သိပ်မလိုက်ဘူး။ Rapper ပုံစံလေးတွေနဲ့ လိုက်တယ်။ နဒီကြိုက်တာကတော့ ထက်ထက်ရဲ့တီထွင်နိုင်တဲ့ Fashion ပုံစံလေးတွေကို ကြိုက်တယ်။ Show ဆိုတဲ့ ပုံစံလေးတွေပေါ့။

**နဒီက ထက်ထက်ကို ဟိုးအရင် Underground မှာကတည်းက သတိထားမိတာဆိုတော့ အခု သီချင်းဆိုတဲ့ပုံစံနဲ့ အရင်တုန်းက သီချင်းဆိုတဲ့ပုံစံ ဘယ်လိုမျိုးကွာသွားတယ်ထင်လဲ။ Fashion ပိုင်းရော၊ Performance ပိုင်းကိုရော ပေါ့နော်။**

အခု ထက်ထက်ပုံစံက Creation တော်တော်များလာတာ တွေ့တယ်။ သီချင်းလည်း ကိုယ်တိုင်ရေး၊ Fashion လည်း ကိုယ်တိုင်ထွင်နေတယ်ဆိုတော့ ပညာသား ပိုပါလာတယ်လို့ မြင်တယ်။ underground မှာဆိုတဲ့ ပုံစံတွေကို ပိုကြိုက်တယ်။ အဲဒီတုန်းက Melody ဆိုထားတာထက် အခု "ဒွိဟ" မှာဆိုတာကပိုကောင်း လာတယ်ထင်တယ်။ ထက်ထက်က Twist တစ်မျိုးတည်းဆိုနိုင်တာမဟုတ်ဘူးဆိုတာ သိသာလာတယ်။



Asian Fame Media Group

## Audience of Celebrities' Choice ကဏ္ဍအတွက် Celebrity ထက်ထက်ရဲ့ စကား

ထက်ထက် ဓာတ်ပုံတွေကို ကြည့်လိုက်တော့ မိန်းကလေးတွေအားလုံးက ထက်ထက်နဲ့ဆင်တယ်။ ဆံပင်လေးတွေကလည်း အားလုံးဘေးခွဲလေးတွေနဲ့။ ပို့ထားတဲ့ဓာတ်ပုံထဲက ပုံစံလေးတွေကလည်း ထက်ထက်အိုက်တင်လေးတွေနဲ့ ဆင်တယ်လေ။ အဲဒါလေးတွေကို သဘောကျလို့ ရွေးဖြစ်ခဲ့တာ။ ဓာတ်ပုံတွဲရိုက်ရင်လည်း ထက်ထက်ရိုက်ထားတဲ့ ဓာတ်ပုံတွေကို ကြည့်ထားမယ်ဆိုရင် ရိုက်ရတာ အတွဲညီမယ်လို့ တွေးမိတယ်။ နဒီပုံစံလေးက အိုက်တင်လုပ်တတ်မယ့် ပုံစံလေးဖြစ်နေလို့ ရွေးဖြစ်တာပါ။ ပရိသတ်ဖြစ်တဲ့ နဒီနဲ့ဓာတ်ပုံ တွဲရိုက်ရတာ ပျော်ဖို့ကောင်းပါတယ်။ အိုက်တင်လုပ်ရတာလည်း အပေးအယူမျှတယ်။ နဒီက ထက်ထက်ရဲ့ ပရိသတ်ဖြစ်တဲ့အတွက် ထက်ထက်လုပ်တဲ့ ပုံစံလေးတွေ လိုက်လုပ်တော့ သိပ်မညှိရတော့ဘူးပေါ့။ နဒီကို ထက်ထက်အမြင် ပြောရရင် ခက်ခက်ထန်ထန် ပုံစံလေးတွေကို Mood ပိုရတယ်ထင်တယ်။ နဒီလည်း ထက်ထက်လိုပဲ သိပ်မရယ်ဘူး။ အပြုံးလေးတွေက လှတော့ နှစ်ယောက်လုံး သိပ်မရယ်ကြဘူး။ (အားရပါးရ ရယ်လျက်)။ ဒီကဏ္ဍလေးက ကောင်းပါတယ်။ ပရိသတ်နဲ့ ထိတွေ့ခွင့်ရတယ်။ စကားပြောခွင့်လည်း ရတယ်။ ဓာတ်ပုံအတူတူ တွဲရိုက်ခွင့်ရတဲ့ အတွက် ထက်ထက်အနေနဲ့ရော၊ နဒီအနေနဲ့ရော အမှတ်တရ ဖြစ်စေပါတယ်။ ပြီးတော့ ထက်ထက် စိတ်မကောင်းတာလေး တစ်ခုက မရွေးဖြစ်တဲ့ ပရိသတ် တွေလည်း ဒီ စာအုပ်လေးထွက် လာရင် "ငါတို့ကို ဘာကြောင့် မရွေးတာလဲ" ဆိုပြီး စိတ်အား ငယ် စရာမလိုပါဘူးလို့ ပြောချင်ပါတယ်။ ဖြစ်နိုင်ရင် ထက်ထက်က ပရိသတ်အားလုံးနဲ့ ဓာတ်ပုံတွဲ ရိုက်ချင်ပါတယ်။

# ပရိသတ်အမေး အနုပညာရှင်အဖြေ

**ထက်ထက်က သီချင်းဆိုဖို့ ဘယ်လို ဝါသနာပါခဲ့တာလဲ။**

ထက်ထက်က ငယ်ငယ်ကတည်းက သီချင်းဆိုတာကို ဝါသနာပါတယ်။ ငယ်ငယ်တုန်းက Hip Hop ကို မသိခင်တုန်းကတော့ Melody နားထောင်ပြီး သီချင်းဆိုတာပေါ့နော်။ Acid အခွေ ထွက်လာတဲ့အချိန်မှာတော့ Hip Hop ဆိုတာ ဘာလဲဆိုပြီး သိသွားတယ်။ တဖြည်းဖြည်းနဲ့မှ Hip Hop သမားဘဝကို ရောက်မှန်းမသိ ရောက်လာခဲ့တယ်။

**Hip Hop မှာ လိုင်းတွေ အများကြီးရှိတဲ့အထဲကမှ ဘာဖြစ်လို့ Twist ကို ရွေးခဲ့တာလဲ။**

ထက်ထက်က Twist ကို ရွေးခဲ့တာ မဟုတ်ဘူး။ ထက်ထက်ရဲ့ သီချင်းတစ်ပုဒ်ပေါ်မှာ ခံစားရတဲ့ Mood နဲ့ ရေးလိုက်တဲ့ပုံစံက ဒီလိုမျိုးပုံစံ ထွက်လာတာပေါ့နော်။ ထက်ထက်က အင်တာဗျူးမေးတိုင်း ပြောဖူးတယ်။ ကိုယ့်ကိုယ်ကိုယ် Twister ကြီးလို့ မခံယူဖူးပါဘူး။ အခုနောက်ပိုင်းမှာ ပရိသတ်ကိုပြရင် အရမ်းမြန်တဲ့ပုံစံမျိုး မဟုတ်ဘဲနဲ့ လူတိုင်းနားထောင်လို့ နားလည်နိုင်လောက်မယ့် အမြန်နှုန်းလောက်ပဲ ဆိုထားတယ်။ တစ်ပုဒ်လုံးမှာတော့ စကားလုံးလေးတွေ လိပ်လိုက်တာလေးတွေကတော့ ပါတယ်။ စကားလုံးလေးတွေ လိပ်ရတာက အကျင့်လည်းဖြစ်နေတယ်။ အဲဒီလို ပုံစံရေးရတာကို အားလည်း အားသာတယ်။

**သီချင်းစဆိုကတည်းက အခုအချိန်အထိ ရှေ့ဆောင်လမ်းပြတဲ့ ဆရာတွေရှိရင် ပြောပေးပါဦး။**

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေဆိုရင်တော့ အများကြီးပါပဲ။ သင်ဆရာကတော့ ထက်ထက်အစ်ကို စိုးဖြိုးပေါ့။ အဓိကကတော့ Hip Hop ကို စိတ်ဝင်စားလာအောင် လုပ်သွားတာက Acid ပေါ့။ Acid ပြီးတဲ့နောက်မှာ မြန်မာနိုင်ငံကထွက်သမျှ Hip Hop သီချင်းတွေကို နားထောင်တယ်။ ထက်ထက်တို့ လမ်းမှန်ရောက်သွားအောင် ကာရန်တွေ၊ Flow တွေနဲ့ Hip Hop က ဘယ်လိုလဲဆိုတာကို သိလာအောင် ဒုတိယမျိုးဆက် MHA က ကိုဂျေမီ၊ ကို G-tone တို့ရဲ့ သီချင်းတွေနဲ့အတူ စိတ်ဓာတ်တွေ တက်ကြွခဲ့တယ်။ အဲဒီအချိန်တုန်းက အရမ်းရူးသွပ်ခဲ့တဲ့ အချိန်လို့ ပြောလို့ရတယ်။ အဝတ်အစားဆိုရင်လည်း ကိုဂျေမီတို့ ဝတ်သလို ဝတ်တယ်။ အင်္ကျီက အပွ၊ ဘောင်းဘီက ခွကျပုံစံတွေပေါ့။ လုံးဝ အပွတွေပေါ့နော်။ အစ်ကို့အင်္ကျီတွေ ယူယူဝတ်တာ။ ကြားဆရာ၊ မြင်ဆရာဆိုရင်တော့ကို J Me တို့၊ ကို G-tone တို့လို့ ပြောရမှာပဲ။ နောက်ပိုင်းကျတော့ underground သီချင်းလေးတွေကို နားထောင်ပြီးတော့ featuring ဆိုဖို့ လာခေါ်တာက ကိုရဲလေး၊ G-familyက ကိုရဲရင့်၊ ကို G-tone၊ V.I.P တို့က လက်တွဲခေါ်ပါတယ်။ သီချင်းတွေ တွဲလုပ်တော့ ဘယ်လိုပုံစံ၊ ဘယ်လိုမျိုးဆိုပြီး ပြောပြတာတွေ ရှိတယ်။ ထက်ထက်က အစကတည်းက အမေးအမြန်းထူတဲ့အကျင့်ရှိတော့ သိချင်တာရှိရင် အကုန်မေးတာ။ ထက်ထက်သိချင်တာတွေကို သူတို့တွေက ဖြေပေးခဲ့ကြတာပါ။

**ထက်ထက် သီချင်းစဆိုတုန်းက အခုလို နာမည်ကြီးမယ်၊ ပရိသတ်အရမ်းအားပေးမယ်လို့ ထင်ထားခဲ့လား။**

ဟင့်အင်း. . . ။ မထင်ထားခဲ့မိဘူး။ ထက်ထက်က သီချင်းကို ဘယ်လိုမျိုး ရည်ရွယ်ချက်နဲ့ စလုပ်ဖြစ်ခဲ့တာလဲဆိုတော့ Underground Sample မှာပါတဲ့ သီချင်းတွေကို ထက်ထက် ၈ တန်းလောက်ကတည်းက စလုပ်ခဲ့တာ။ မှတ်မှတ်ရရ ထက်ထက် ၁၀ တန်း မဖြေခင် ဒီဇင်ဘာမှာ အဲဒီ Sample ကို စဝေခဲ့တာ။ ကိုယ်ရေးထားတဲ့ သီချင်းတွေကို နားထောင်နေရင်းနဲ့ သူများတွေကိုလည်း နားထောင်စေချင်တဲ့ စိတ်လေးရှိလာတယ်။ Show ပွဲမှာ အခွေ ၁၀၀၊ ၂၀၀ လောက်ကို ကျွတ်ကျွတ်အိတ်နဲ့ ထည့်ပြီးတော့ လိုက်ဝေတာ။ ပြီးတော့မှ ထွက်သမျှ Underground အခွေတွေကို Online ကနေ ဖြန့်ပေးတယ်ပေါ့။ အဲဒီလိုမျိုး သီချင်းတွေကို နာမည်ကြီးတွေက နားထောင်ပြီးတော့မှ ထက်ထက်ကို Featuring ဆိုဖို့



လာခေါ် ခဲ့တာ။ ပြောရမယ်ဆိုရင်တော့ ဒီလိုမျိုး အောင်မြင် လာမယ်လို့ မထင်ထားခဲ့ပါဘူး။ အောင်မြင်မှုဆိုတာက ဘယ်လိုပဲဖြစ်ဖြစ်ပါ။ သာယာတတ်တဲ့ အရာပဲလေ။ အောင်မြင်မှုကို မကြိုက်ဘူးပြောလည်း သာယာမှာပဲ။ ပျော်မွေ့ဖို့ ကောင်းတဲ့ နေရာ မှာ ပျော်မွေ့တာက စိတ်ပဲလေ။ ထက်ထက်ကတော့ အောင်မြင်မှုအပေါ်မှာ သာယာတယ်လို့ ပြောလို့ ရပါတယ်။

**နဒီတို့လို အဆိုဝါသနာပါတဲ့သူတွေကို ထက်ထက်က ဘယ်လိုမျိုး အကြံဉာဏ်ပေးချင်ပါသလဲ။**

ထက်ထက်လည်း သီချင်းတစ်ပုဒ်ကောင်းအောင် ရုန်းကန်နေရတုန်းပါပဲ။ ဘယ်လိုမျိုး ဖန်တီးရဦးမလဲဆိုတာကို အခုအချိန်အထိ ခေါင်းစားနေတုန်းပဲလေ။ သီချင်းဆိုချင်တယ်ဆိုပြီးတော့ ထက်ထက်ကို တိုက်ရိုက်လာပြောတဲ့ မောင်လေး၊ ညီမလေးတွေ ရှိတယ်။ သူတို့ကို အကြံဉာဏ်ပေးချင်တာက ဘာမှ ကိုယ်တွေက လိုက်လုပ်စရာ မလိုပါဘူး။ ပြောချင်တာက Show ပွဲမှာ ဆိုချင်လို့ ပိုက်ဆံဘယ်လောက်ပေးပါမယ်ပေါ့။ အဲဒါမျိုးက မလိုပါဘူး။ ထက်ထက်တို့တုန်းကလည်း မလုပ်ဘူး။ ကိုယ့်ဘာသာ ဖြည်းဖြည်းမှန်မှန် လုပ်လာခဲ့တာပေါ့နော်။ အချိန်တစ်ခုကတော့ လိုမယ်လို့ ထင်တယ်။ အနုပညာအလုပ်ဆိုတာ စန်းရှိဖို့ တကယ်ကို လိုအပ်ပါတယ်။ ကိုရဲလေး အခွေထွက်တာက ၂၀၀၉ ခုနှစ်၊ ပရိသတ်က ထက်ထက်ကို လူနဲ့ရုပ်နဲ့တွဲသိတာက ၂၀၁၀၊ ၂၀၁၁ လောက်မှ သေချာသိတဲ့ အနေအထားလို့ သတ်မှတ်လို့ ရပါတယ်။ ထက်ထက်က သီချင်းစဆိုတာ Underground မှာ ၂၀၀၆ ခုနှစ်က စဆိုတာဆိုတော့ တွက်ကြည့်လိုက်ရင် အချိန်က အကြာကြီးပါ။ အချိန်လေးကို စောင့်နေရင်းနဲ့ ကိုယ်လုပ်စရာရှိ တာကို ဆက်ပြီးလုပ်မယ်၊ လေ့လာနေမယ်ဆိုရင် စန်းတက်လာမယ့် အချိန်နဲ့ဆိုရင် အောင်မြင်မှာပါ။ ထက်ထက်နာမည်ရဲ့ အနောက်က (Bobby Soxer) ဆိုတာလေးကလည်း ဆန်းသလို ဖြစ်သွားတယ်လေ။ ထက်ထက်ဆိုတဲ့ နာမည်နဲ့ Underground အခွေဝေမယ့် အချိန်မှာ ထက်ထက်ဆိုပြီး အဆိုတော်တစ်ယောက်က ရှိနေတယ်။ သူက Master အခွေတောင် ထွက်ထားတယ်။ အဲဒါနဲ့ နာမည်များမှာစိုးလို့ဆိုပြီး အစ်ကိုက Bobby Soxer ဆိုတဲ့နာမည်ကို Dictionary ထဲမှာရှာပြီး ရွေးပေးထားတာပါ။ အဓိပ္ပာယ်ကတော့ အရွယ်ရောက်လာတဲ့ မိန်းကလေး တစ်ယောက်ပေါ့နော်။ ဒါပေမဲ့ ကံကောင်းချင်တော့ ပရိသတ်က ထက်ထက်ဆိုတဲ့ နာမည်လေးကိုပါ တွဲသိသွားကြတယ်။ နာမည်ကလည်း လူတစ်ယောက် အောင်မြင်ဖို့အတွက် ပံ့ပိုးပေးတယ်လို့ဆိုရမှာပါပဲ။

## Audience ခင်နဒီကျော်ရဲ့ အတွေ့အကြုံ

Bobby Soxer ကဏ္ဍကို စတွေ့ကတည်းက အမေ့ကို မဂ္ဂဇင်းဝယ်ပေးပါ၊ Bobby Soxer နဲ့ ရိုက်ဖို့ ဖိတ်ခေါ်ထားတာကို သမီး တွေ့လာတယ် ပေါ့." အဲဒီမှာ ဖြစ်ချင်တော့ စာအုပ်က ဒဂုံစင်တာ City Mart မှာလည်း မရှိဘူး။ ရန်ကင်းစင်တာမှာလည်း မရှိဘူး။ မြေနီကုန်း City Mart ဘေးနားက ဆိုင် အသေးလေးမှာ တစ်အုပ်ပဲ ကျန်တာတွေလို့ ဝယ်လိုက်တယ်။ ဓာတ်ပုံကို form ပိတ်ရက်ဖြစ်တဲ့ ၁၀ ရက်နေ့ ၁ နာရီလောက်မှ ကိုကျော်ထွဋ်ဆွေတို့ studio မှာ အမြန်ရိုက်ရတယ်။ form တင်ပြီးကတည်းက ဘုရားရှိခိုးပြီး ဆုတောင်းခဲ့ရတယ်။ အရွေးခံရတယ် ဆိုပြီး ဖုန်း ဆက်တော့ ဝမ်းသာပြီး ထခုန်မိတယ်။ အမေ၊ အစ်မနဲ့ သူငယ်ချင်းတွေကို ချက်ချင်းဖုန်း ဆက်ပြီး ကြွားခဲ့သေးတယ်။ (ရယ်လျက်)။ အခုလို ကိုယ်အားပေးရတဲ့ ထက်ထက်နဲ့ တွဲရိုက်ရတော့ အရမ်းပျော်တယ်။ နဒီအားပေးတယ်ဆိုတာကိုလည်း သိသွားစေတယ်လေ။ ဓာတ်ပုံတွဲရိုက်တဲ့ အချိန်မှာလည်း ထက်ထက်က တကယ့်သူငယ်ချင်း အရင်းအချာလို တွဲခေါ်ပေးတဲ့အတွက် တော်တော်အဆင်ပြေစေပါတယ်။ ဒီကဏ္ဍလေးက တော်တော်ကောင်းပါတယ်။ ကိုယ်တကယ်အားပေးတဲ့ အနုပညာရှင်နဲ့ အနီးကပ်တွေ့ခွင့်ရတယ်၊ သိချင်တာတွေလည်း မေးခွင့်ရတယ်ဆိုတော့ အရမ်းအဆင်ပြေပါတယ်။ ဒီကဏ္ဍကို စိတ်ဝင်စားတဲ့ သူငယ်ချင်းတွေကိုလည်း form တင်ဖြစ် အောင်တင်ပါလို့ ပြောချင်ပါတယ်။ ကံကောင်းလို့ အရွေးခံရတယ်ဆိုရင် နဒီလို ပျော်ရမှာပါလို့ ပြောချင်ပါတယ်။

**သီတာစိုး**



Asian fame Media Group





# Sandi

## Myint Lwin 's Profile

### As Told By Herself

Arranged By Thida Soe
Photo - Ko Linn (Studio K)



Asian Fame Media Group

## Confidence

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့က အဓိက အရေးကြီးဆုံးကဏ္ဍမှာ ပါပါတယ်။ ညီမ အထင် ပြောရရင်တော့ မြန်မာနိုင်ငံမှာရှိတဲ့ လူအများစုက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းကြတယ်။ ညီမ ကိုယ်တိုင်လည်း အပါအဝင်ပေါ့။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိဘူးဆိုရင် ဥပမာ - လမ်းလျှောက်တာကအစ ကိုယ့်ခြေထောက်မှာ ဒေါက်ဖိနပ်စီးထားရင် စင်ပေါ်မှာ ချော်လဲမလားပေါ့။ စင်ပေါ်တက်ရင်ပဲဖြစ်ဖြစ် တစ်ခါတလေကျရင် ယုံကြည်မှုနည်းသွားတာတွေရှိတယ်။ လူငယ်ပွဲတွေဆိုရင် ကိုယ့်ပရိသတ်လာမှာပဲ ကျိန်းသေတယ်ပေါ့။ လူကြီးပွဲမျိုးမှာ သီချင်းဆိုရင် အောက်က လူကြီးတွေက သီချင်းကို သိပ့်ါမလား။ "ငါ့ကိုရော သိပ့်ါမလား" ဆိုတဲ့ အတွေးမျိုးက စင်ပေါ်မတက်ခင်ဖြစ်လာတယ်ဆိုရင် စင်ပေါ်လည်းရောက်ရော ခြေထောက်က မလှုပ်ရှားနိုင်တော့ဘူး။ ယုံကြည်မှုမရှိတော့ရင် ကိုယ့်ခြေထောက်နဲ့ ရပ်နေရင်တောင် ယိုင်နေသလို ခံစားရတယ်။

ငယ်တဲ့အရွယ် (၁၉) နှစ်လောက်ကတော့ ပိုပြီး ယုံကြည်မှုရှိတယ်။ နောက် လေး၊ ငါးနှစ်လောက်ကြာသွားတဲ့အခါမှာတော့ တွေးတတ်လာတယ်။ ငယ်တဲ့အရွယ်ကတော့ ပိုကောင်းတယ်။ မတွေးတတ်ကြဘူးလေ။ ညီမငယ်တဲ့အရွယ်တုန်းက လုပ်ချင်တာ လုပ်ခဲ့တဲ့အကျိုးကို အခုချိန်မှာ အောင်မြင်မှုတစ်ခုအနေနဲ့ ခံစားရတာပေါ့နော်။ ညီမအတွက်တော့ ကောင်းသွားတယ်ပေါ့။ တချို့လူငယ်တွေကျတော့ ကုသိုလ်ကံမကောင်းလို့ လုပ်ချင်တာကိုလုပ်ပေမယ့် မဖြစ်ခဲ့ကြတာတွေရှိတယ်။



### Discipline

စည်းကမ်းကတော့ ရှိမှဖြစ်မယ်လို့ ထင်ပါတယ်။ စည်းကမ်းရှိတဲ့လူမှ တိုးတက်မယ်။ စည်းကမ်းရှိမှအောင်မြင်မယ်။ စည်းကမ်းရှိမှ တိုင်းပြည်တစ်ပြည်လုံးလည်း တိုးတက်မယ်လို့ ယုံကြည်ပါတယ်။ ညီမ ငယ်ငယ်ကတည်းက အခုအချိန်အထိ စည်းကမ်းနည်းတယ်ပေါ့နော်။ ဒါပေမဲ့ မေမေကတော့ စည်းကမ်းအရမ်းကြီးတယ်။ အိမ်မှာပစ္စည်းတစ်ခု နေရာရွှေ့လို့မရဘူး။ စည်းကမ်းဆိုတာ မိသားစုစည်းကမ်းတင် မကဘူး၊ လူ့ပတ်ဝန်းကျင်မှာဆို လူမှုစည်းကမ်းပေါ့။ သူ့စည်း၊ ကိုယ့်စည်းဆိုတာကို သိရမယ်။ တချို့ကတော့ စည်းကမ်းရှိတာ နည်းပါတယ်။ ဥပမာ - ညီမတို့ဆို နေပြည်တော်သွားတဲ့လမ်း တစ်လျှောက်မှာ အမှိုက်ပစ်ချင်ပစ်မယ်။ နောက်ပိုင်း သိတတ်တဲ့အရွယ်မှာ မပစ်တော့ဘူး။ နေပြည်တော်လမ်းက အရှည်ကြီးဖြစ်တဲ့အတွက် စည်ပင်က အမှိုက်လိုက်ကောက်ဖို့ မလွယ်ဘူးလေ။ "လူတိုင်းလုပ်နေကြတာပဲ ကိုယ်မလုပ်လည်း ရပါတယ်" ဆိုပြီး တွေးတဲ့လူတွေလည်း ရှိမှာပါ။ ဒါပေမဲ့ ဘယ်သူမှ မလုပ်ပေမယ့် ကိုယ်လုပ်လိုက်ရင် ကိုယ့်တစ်ယောက်အတွက်ကတော့ ထိရောက်မှာပါပဲ။ "သမီးငယ်ဖတ်ဖို့" စာအုပ်တွေလည်း ဖတ်တယ်။ အဲဒီစာအုပ်ထဲမှာဆိုရင် လူမှုပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ စည်းကမ်းတွေကို သူ့သမီးလေးကို ပြောသလိုနဲ့ သင်သွားတာ။ ညီမတို့ဆို နားထဲအရမ်းဝင်တယ်။

### Time

အချိန်က အရမ်းအရေးကြီးပါတယ်။ "အချိန်နဲ့ ဒီရေက လူကိုမစောင့်ဘူး" လေ။ အခုအလုပ်လုပ်မယ်ဆိုရင် အခုထလုပ်မှ၊ အခု မလုပ်ဘူးဆိုရင် အဲဒီအချိန်က ကျော်သွားမှာလေ။ အဲဒီအချိန်ကို ပြန်အစားထိုးလို့ မရဘူး။ အချိန်ကို စောင့်နေလို့မရပါဘူး။ "ဒီအချိန်မှာ ရှူတင်စမယ်လို့"ပြောထားရင် ညီမက ရောက်အောင်သွားလေ့ရှိတယ်။ တချို့ ပွဲခေါ်တဲ့ သူဌေးတွေဆိုရင် ဒီအချိန်မှာ ဒီကားတွေနဲ့ပွဲကို အားလုံးစုထွက်မယ်။ အဲဒီမှာ မရောက်လာလို့ ကျန်ခဲ့တဲ့လူဆိုရင် ထားခဲ့တာ။ အဲဒီလို အချိန်တိကျတဲ့လူတွေက တကယ့်သူဌေးကြီးတွေပဲလေ။

### Parents

ငယ်ငယ်တုန်းကတည်းက မိဘတွေ ကိုယ့်ကို ထိန်းကျောင်းခဲ့ရတယ်။ လသားအရွယ်ကနေ မတ်တတ်ရပ်နိုင်အောင် လေ့ကျင့်ပေးတယ်။ အဲဒီကနေမှ အခုကိုယ်က ဒီအရွယ်ကို ရောက်လာခဲ့တယ်။ ညီမ ဒီအသက်အရွယ်မှာ မိဘတွေက ကိုယ်တိုင်လုပ်နိုင်တယ်။ စားနိုင်သောက်နိုင်တယ်လေ။ ညီမ ဒီထက်အသက်ကြီးသွားမယ်။ အဲဒီအချိန်မှာ မိဘတွေက အဘိုးအဘွားအရွယ်

Asian Fame Media Group

# Sandi
## Myint Lwin 's Profile
## As Told By Herself

Arranged By Thida Soe
Photo - Ko Linn (Studio K)



ဖြစ်သွားမှာလေ။

ညီမငယ်ငယ်တုန်းက မိဘတွေက ထမင်းခွံ့ကျွေးတယ်၊ ပုံပြင်တွေပြောပြတယ်။ ဘုရားလိုက်ပို့ပေးတယ်။ ကစားကွင်းတွေကို လိုက်ပို့ခဲ့သလိုမျိုး ညီမအဖေအမေ အသက်ကြီးလာရင် အဲဒီလိုမျိုးလေးတွေ ပြန်လုပ်ပေးနိုင်ရမယ်လို့ ခံယူထားပါတယ်။ ဆယ်ကျော်သက်အရွယ်နဲ့ မိဘတွေကြားမှာလည်း အမြဲတမ်းလိုလို ပြဿနာတွေ ရှိတတ်ကြတယ်လေ။ အဲဒီလိုမျိုး မဖြစ်ရအောင် မိဘတွေအနေနဲ့လည်း သားသမီးတွေကို နားလည်မှုနဲ့ ယုံကြည်မှုပေးကြည့်ပါ။ အဲဒါဆိုရင် သားသမီးတွေက သူ့ဘာသာသူ အလိုက်တသိနဲ့ ထိန်းထိန်းသိမ်းသိမ်း နေသွားမှာပါ။

### Love

၁၅၀၀ ကတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်တာပေါ့နော်။ ၅၂၈ ကတော့ မိဘနဲ့ဆွေမျိုး အသိုင်းအဝိုင်း ချစ်တာပေါ့။ တချို့ သူစိမ်းတွေထဲမှာပဲ ၅၂၈ နဲ့ ချစ်လို့ရတာတွေလည်း ရှိတယ်လေ။ ၁၅၀၀ ကတော့ နည်းနည်းပူလောင်တာပေါ့။ ၁၅၀၀ မေတ္တာနဲ့ တစ်ယောက်နဲ့တစ်ယောက် ချစ်သွားကြပြီဆိုရင်လည်း ကြာလာရင် မိသားစုသံယောဇဉ် ဖြစ်သွားကြတယ်လေ။ အဲဒီမှာလည်း ၅၂၈ မေတ္တာပါသွားပြီလေ။

### Hatred

မုန်းတာကတော့ ငယ်ငယ်တုန်းက မုန်းဖူးတာပေါ့။ ကျောင်းမှာ ရန်ဖြစ်ရင်လည်း မုန်းရတာပဲ။ အနုပညာစလုပ်တုန်းက ကိုယ်နဲ့ အဆင်မပြေတဲ့လူ ရှိရင် မုန်းရတာပေါ့။ အမုန်းဆိုတာ အချိန်က ကုစားသွားတာပါပဲ။ ဒီလူ တစ်ယောက် ဘယ်လောက်အထိ မုန်းနိုင်မှာလဲ။ တစ်သက်လုံး မုန်းနိုင်မှာလား။ ညီမဆိုရင် အငြိုးအတေး မထားတတ်ဘူး။ စိတ်ဆိုးတယ်၊ မုန်းတယ်ဆိုပြီး ခဏတာပဲ။ ဘယ်လိုလူမျိုးတွေ မကြိုက်ဘူးလဲဆိုတော့ နားလည်မှု မရှိတဲ့လူပေါ့။ သူစိမ်းပဲဖြစ်ဖြစ်၊ ရည်းစားပဲဖြစ်ဖြစ်



Asian Fame Media Group




ညီမပြောတာကို နားမထောင်ဘဲ သူပြောချင်တာကို ပြောတတ်တဲ့လူမျိုးဆိုရင် မကြိုက်ဘူး။

**Life**

‘ဘဝ’ ဆိုတာကတော့ မိခင်ဗိုက်ထဲက မွေးလာတယ်။ ပြီးရင် တဖြည်းဖြည်းနဲ့ ကြီးထွားလာမယ်၊ အဲဒီကမှ အိမ်ထောင်ပြုမယ်၊ သားသမီးတွေရမယ်၊ အသက်တွေကြီးလာပြီး သေသွားကြမယ်ပေါ့။ အဲဒါကတော့ ဘဝပါပဲ။ သေတဲ့အခါမှာ ကိုယ့်အတွက်ကောင်းအောင် ဘာသာတရားတော့ လုပ်မှ ဖြစ်မယ်။

**Friendship**

သူငယ်ချင်း အရမ်းခင်တတ်ပါတယ်။ ငယ်ငယ်တုန်းက သူငယ်ချင်းတွေကတော့ ညီမ အနုပညာအလုပ်လုပ်တဲ့အချိန်မှာ ကွဲသွားကြတယ်။ သူငယ် ချင်းထဲမှာမှ ညီမကို တချို့က ကျေနပ်တဲ့လူ ရှိတယ်၊ မကျေနပ်တဲ့လူလည်း ရှိတယ်။ ညီမက သူငယ်ချင်းကံတော့ မကောင်းဘူး။ အရမ်းရင်းနှီးတဲ့ သူငယ်ချင်းက ရှိတော့ ရှိတယ်။ ရှားတယ်ပေါ့။

**Books**

စာအုပ်စုဆောင်းတာကတော့ အမေ စုဆောင်းတာများတယ်။ ညီမကတော့ အမေ ဖတ်ပြတာဆိုရင် နားထောင်လိုက်တယ်။ ညီမ ရှေ့ရောက်လာတဲ့ စာအုပ်မှန်သမျှ အကုန်ဖတ်တာပါပဲ။

**Motto**

"အချိန်နဲ့ ဒီရေက လူကို မစောင့်ဘူး" ဆိုတဲ့ စကားစုလေးကို ညီမ ခေါင်းထဲမှာ အမြဲတမ်း မှတ်ထားတယ်။

**Collections**

ပစ္စည်းတစ်ခုကို အရမ်းကြိုက်တယ်ဆိုရင် တစ်မျိုးတည်းကိုပဲ ၂ ခု၊ ၃ ခုလောက် ဝယ်ထားတတ်တယ်။ ဥပမာ အင်္ကျီတစ်ထည် ညီမနဲ့ အရမ်းလိုက်နေတယ်ဆိုရင် အရောင်ကွဲလေး ဝယ်ပြီး စုထားတတ်တယ်။ ညီမက ဖိနပ်တော့ အများဆုံး စုဖြစ်တယ်။ နိုင်ငံခြား ခရီးစဉ်တွေ သွားရင်လည်း ဖိနပ်ပဲဝယ်ဖြစ်တာများတယ်။ ညီမ ဖိနပ်ကို Crazy ဖြစ်တယ်။

**Sports**

နည်းနည်းပါးပါး ကိုယ်လက်လေ့ကျင့်ခန်းလောက်ပဲ လုပ်ဖြစ်ပါတယ်။

**On Arts**

အနုပညာကတော့ ကိုယ့်မှာ ဝမ်းစာရှိနေမှ ဖြစ်မှာ၊ ကိုယ့်မှာ ဝမ်းစာမရှိဘဲ ပျောက်သွားတဲ့ လူတွေလည်း ရှိတယ်လေ။ ပရိသတ်အတွက်



# Sandi Myint Lwin's Profile

As Told By Herself

Arranged By Thida Soe

Photo - Ko Linn (Studio K)

လို့လည်း ညာပြီးမပြောချင်ပါဘူး အစ်မရယ်။ တကယ်တော့ ကိုယ့်အတွက်လည်း ပါပါတယ်။ အနုပညာခံယူချက်ကတော့ ညီမကို ပရိသတ်က နေရာပေးနေသရွေ့၊ လက်ခံပေးနေသရွေ့ အနုပညာ အလုပ်ကို လုပ်သွားမှာပါ။

## Other Hobbies

အရင်တုန်းကတော့ ကျောင်းဆရာမ လုပ်ရတာမျိုးတော့ ဖြစ်ချင်ခဲ့တယ်။ အနုပညာအပြင် ပန်းချီဆွဲ တာတွေတော့ ဝါသနာ မပါဘူးပေါ့နော်။ Game ဆော့တာ ဝါသနာပါတယ်။ ငယ်ငယ်ကတည်းက ညီမ ဝါသနာပါတာက ဂီတဖြစ်နေတယ်။ မသိတတ်တဲ့ အရွယ်ကတည်းက သီချင်းနားထောင်တာ၊ သီချင်းဆိုတာကို အရမ်း Crazy ဖြစ်ခဲ့တယ်။

## Food of Her Taste

ညီမက အိမ်ထမင်း အိမ်ဟင်းကို ကြိုက်တယ်။ အမိကကတော့ ချဉ်ပေါင်ကြော်ကို ကြိုက်တယ်။ မြန်မာအစားအစာကို ပိုပြီးနှစ်သက်ပါတယ်။

သီတာစိုး



# Lovely Lips Shaping

## May Oo Paing

Lips beautician - aphon/ Place - Li Li Beauty Centre
Photo - Phone Myint (Ngwe Taung Tan)/ Arranged by Yu Ya Eain

Asian Fame Media Group
AF MEDIA GROUP

# Lovely Lips Shaping

Model - May Oo Paing, Lips beautician - aphon,Place - Li Li Beauty Centre, Photo - Phone Myint (Ngwe Taung Tan)
Arranged by Yu Ya Eain

နှုတ်ခမ်းဆိုမြားနတ်မောင်လေးကိုင်းနဲ့တူမှ လှတဲ့နှုတ်ခမ်းလို့ ရှေးရှေးတည်းက တင်စားခဲ့ကြတာ စာတွေထဲမှာ ဖတ်ဖူးပါတယ်။ ခေတ်တွေ ပြောင်းလာတာနဲ့အမျှ နှုတ်ခမ်းရဲ့အလှနဲ့ အရောင်ပြောင်းလဲမှုတွေဟာ ခေတ်မီဆန်းသစ်စွာ ပြောင်းလဲခဲ့ပါတယ်။ အခုဆိုရင် မိမိမျက်နှာလေးနဲ့ လိုက်ဖက်ပြီး စိတ်တိုင်းကျတဲ့ နှုတ်ခမ်းပုံကို ဖော်နိုင်သလို မိမိနဲ့ လိုက်ဖက်တဲ့ အရောင်ကိုလည်း ထာဝရ လှပနေ အောင် သွင်းလို့ရပါပြီ။ ဘယ်အချိန်ကြည့်ကြည့် ပုံစံတကျနဲ့ လှပတဲ့ နှုတ်ခမ်းလေးကို ထာဝရပိုင်ဆိုင်ရအောင် ဘယ်လိုဖန်တီးကြမလဲဆိုတဲ့ အမေးရှိတဲ့ အဖြေလေးကို ပေးလို့ရအောင် နှုတ်ခမ်းပုံဖော်အရောင်သွင်းပညာရှင် အဖုန် (Li Li Beauty Centre) မော်ဒယ်မေဦးပိုင် ကို ပုံဖော်ပေးပြီး ရတီပရိသတ်ကြီး သုတဖြစ်ဖွယ် စုစည်းတင်ဆက်ပေးလိုက်ပါတယ်။

1



2



3



4



5



6



Asian Family Media Group

♦ နှုတ်ခမ်းပုံဖော် ဆေးသွင်းတော့မယ်ဆိုရင် ဦးစွာ လက်ကိုစင်ကြယ်အောင်ဆေးပြီး လက်အိတ်စွပ်ရပါတယ်။

♦ နှုတ်ခမ်းပုံဖော်ရာမှာ ပိုးမွှား အန္တရာယ်ကင်းအောင် နှုတ်ခမ်းကို ပိုးအရင်သတ်ရပါတယ်။

♦ ကာယကံရှင်မျက်နှာနဲ့ လိုက်ဖက်မယ့် နှုတ်ခမ်းပုံစံကို ရွေးချယ်ပြီး အလှပဆုံးဖြစ်အောင် ပုံဖော်ရေးဆွဲရပါတယ်။

♦ နှုတ်ခမ်းလိုင်းဖော်တဲ့အခါ တစ်ခါသုံးအပ်ချောင်းပါတဲ့ ပုံဖော်ကိရိယာကို အသုံးပြုရပါတယ်။

♦ နှုတ်ခမ်းအရောင် သွင်းတော့မယ် ဆိုရင်တော့ တစ်ခါသုံးအပ် ၃ ချောင်းပါတဲ့ အရောင်သွင်းကိရိယာကို အသုံးပြုပြီး မိမိသွင်းလိုတဲ့ အရောင် ကို စိတ်ရဲ့အလိုကျ သွင်းနိုင်ပါတယ်။

♦ ဆေးရောင် သွင်းပြီးသွားတဲ့အခါ နှုတ်ခမ်း၏ အရောင် တောက်ပသွားအောင် ရွှေရေကြည်သွင်းရပါတယ်။

♦ အရောင်သွင်းထားတဲ့ အရောင်လေးလျော့ပေါ့ မသွားရအောင်နဲ့ ဆေးသွင်းထားတဲ့ အတွက် နှုတ်ခမ်းလေး ရောင်နေတာကို သက်သာစေဖို့ အာဟာရဆီကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ၁ ပတ်လိမ်းပေးရပါတယ်။ ဆေးသွင်းပြီး ၂ ရက်လောက်ကြာတဲ့အခါ နှုတ်ခမ်းလေး အလှက ကြည့်လို့ မဝနိုင်အောင် မြင်တွေ့ရပါလိမ့်မယ်။

♦ ဆေးရောင်သွင်းတဲ့ နေ့ကစပြီး တစ်ပတ်တိတိကိုတော့ ပင်လယ်စာနဲ့ အပူအစပ်တွေကို စားသုံးခြင်းမှ ရှောင်ရှားရမှာပါ။

♦ တစ်ပတ်ပြည့်သွားပြီ ဆိုရင်တော့ နှုတ်ခမ်းလှလှလေးက စကားချိုချိုလေးတွေနဲ့အတူ နှစ်သက်ရာလေးတွေစားရင်း တစ်သက်လုံးအတွက် အများငေးစရာ နှုတ်ခမ်းလေးကို ပိုင်ဆိုင်သွားပါပြီ။

ယုယအိမ်



# Romantic Rainy Day

Model - Gandawen, Make up - Nyi Nyi Maung (Sanchaung)
Dress - E.K.Z Fashion, Photo - Ko Naing (Popular)
arranged by phyoe su po po

အဲဒီနေ့...
အဲဒီနေ့ကပေါ့...
မိုးတွေစွေပြီး
ကောင်းကင်ကြီးက
မှိုင်းညို့နေခဲ့တာပါ။
စိတ်ကူးယဉ်ချင်စရာ
မိုးနေ့လေးတစ်နေ့မှာ...

Asian Fame Media Group



Asian Fame Media Group



မိုးပေါက်တွေက အိမ်အပြင်မှာ
တပိုးပိုး တပေါက်ပေါက်နဲ့
ကျနေသံကို နားဆင်ရင်း
မိုးသီချင်းလေးတွေ
ဆိုရတာလည်း အရသာပဲပေါ့ ...

*Romantic Rainy Day*

Model - Gandawen, Make up - Nyi Nyi Maung (Sanchaung),
Dress - E.K.Z Fashion, Photo - Ko Naing (Popular)

Asian Fame Media Group




Asian Fame Media Group



ပြတင်းတံခါးလေးကနေ
အဝေးကို ကြည့်ငေးရင်း
ကော်ဖီပူပူလေး
သောက်ရတာလည်း
စိတ်ကူးယဥ်ဖို့
အကောင်းဆုံးပါပဲ။

မိုးရွာတဲ့နေ့လေးမှာ
မင်းရော ဘာတွေလုပ်ချင်လဲ . . .

## Romantic Rainy Day

Model - Gandawen, Make up - Nyi Nyi Maung (Sanchaung), Dress - E.K.Z Fashion, Photo - Ko Naing (Popular)

Asian Fame Media Group
MEDIA GROUP



# PSYCHEDELIC

ARRANGED BY YU YA EAIN
MODEL - TERESA
DESIGNER - MA SUE (BEIK THA NO)
PHOTO - PHONE MYINT (NGWE TAUNG TANN)

နေ့စဉ်ပြောနေကျစကားတွေထဲအမှတ်တမဲ့ပါသွားတတ်တဲ့ စကားလုံးတွေထဲမှာ 'အရောင်' ဆိုတဲ့စကားလုံးနှစ်လုံးလည်း ရှိပါတယ်။ ပေါ့ပေါ့လေးပြောလိုက်ကြလို့အရေးမပါသလိုထင်ရ ပေမယ့်အရောင်ရဲ့စွမ်းအားနဲ့နက်နဲမှုဟာလောကကြီးအတွက် ဘယ်လောက်အရေးပါတယ်ဆိုတာ သေချာတွေးကြည့်လေ ကျယ်ပြန့်လေပါ။ ဘဝရဲ့အေးချမ်းမှု၊ မှုလောင်မှု၊ ပျော်ရွှင်မှု၊ ကြည်နူးမှု၊ လန်းဆန်းမှု၊ တက်ကြွမှုတွေကိုမုသားမပါဘဲအရောင်တွေက ပြောပြနိုင်ပါတယ်။

ကွဲပြားခြားနားနေတဲ့အရောင်တွေကိုဘယ်လိုတွဲဖက်ဝတ်ဆင် လို့ရတယ်ဆိုတာ 'အရောင်' တွေကိုချစ်မြတ်နိုးတတ်သူတွေ အတွက်ရတီတမျက်နှာထက်တင်နေတောက်ပတဲ့ရောင်စဉ်များနဲ့ အလှဆင်ဖော်ပြပေးလိုက်ပါတယ်...

ယုယအိမ်

Asian Fame Media Group



Asian Fame Media Group



Asian Fame Media Group





# PSYCHEDELIC

ARRANGED BY YU YA EAIN
MODEL - TERESA
DESIGNER - MA SUE (BEIK THA NO)
PHOTO - PHONE MYINT (NGWE TAUNG TANN)

Asian Fame Media Group


pSYCHEDELIC
ARRANGED BY YU YA EAIN
MODEL - TERESA
DESIGNER - MA SUE (BEIK THA NO)
PHOTO - PHONE MYINT (NGWE TAUNG TANN)


Asian Fame Media Group

# ဒေသသင်္ကေတ

လှမြင့်ဆွေ


## တအမ်း (ပလောင်) တို့ရဲ့ လက်ဖက်မြို့တော်

ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ ချစ်စရာကောင်းတဲ့ ရှေးရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေထဲမှာ ကိုယ့်အိမ်ကိုဧည့်သည်လာရင် လက်ဖက်ရည်ကြမ်းတို့ လက်ဖက်ပွဲတို့နဲ့ ဧည်ဝတ်ကျေပွန်စွာ ဧည့်ခံတတ်တဲ့ အလေ့အကျင့်ဟာ ယနေ့အထိ ကျေးလက်တောရွာကလေးတွေမှာသာမက မြို့ကြီးပြကြီးတွေမှာလည်း ရှိနေဆဲဖြစ်ပါတယ်။ ဒီ့အပြင် ရဟန်းခံရှင်ပြု ၊ အလှူအတန်းပွဲကြီးတွေ ၊ မင်္ဂလာဆောင်တွေ၊ ဧည့်ခံပွဲကြီးတွေမှာလည်း လက်ဖက်ရည်ကြမ်းနဲ့ လက်ဖက်ပွဲတို့ကို ထည့်သွင်းဧည့်ခံလေ့လည်း ရှိကြပါတယ်။ အမှန်တော့ ကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့ အိမ်တိုင်းလိုလိုမှာ လက်ဖက်ရည်ကြမ်းကို 'ရေ' အစား အမြဲသောက်သုံးကြပြီး လက်ဖက်ပွဲကိုလည်း 'သရေစာ' အဖြစ် နှစ်နှစ်ခြိုက်ခြိုက် ထားရှိစားသုံးကြတာဖြစ်ပါတယ်။ ဒါကြောင့်လည်း မြန်မာလူမျိုးတွေက 'အသီးမှာသရက် ၊ အသားမှာဝက် ၊ အရွက်မှာလက်ဖက် ' ဆိုပြီး တင်စားခေါ်ဝေါ်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ လက်ဖက်စိုက်ပျိုးမှုသမိုင်းဟာ ရှမ်းပြည်မြောက်ပိုင်း ၊ တောင်ပိုင်းဒေသ၊ တအမ်း (ပလောင်) တို့ရဲ့ လက်ဖက်မြို့တော် 'နမ့်ဆန်' မြို့ကစတင်စိုက်ပျိုးခဲ့တယ်လို့ ဆိုပါတယ်။ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းတရားကြီး ရှမ်းပြည်မြောက်ပိုင်းကို တိုင်းခန်းလှည့်လည်စဉ်မှာ မာလာယုကျွန်းက နတ်တွေဆက်သလိုက်တဲ့ လက်ဖက်မျိုးစေ့ကို တောင်မရွာသူကြီး တအမ်း(ပလောင်) လူမျိုး 'တာငွန်' ဆိုတဲ့သူကို ချီးမြှင့်ခဲ့ပါတယ်။ အဲဒီရွာသူကြီး 'တာငွန်' ဆိုသူက လွယ်ဆိုင်တောင်မှာ စတင်စိုက်ပျိုးခဲ့ရာက လက်ဖက်ပင်စိုက်ပျိုးမှု ဖြစ်ထွန်းကျယ်ပြန့်လာတာ ဖြစ်တယ်လို့ ဆိုပါတယ်။ 'လက်ဖက်' လို့အမည်တွင်ရခြင်းကလည်း အလောင်းစည်သူမင်းက ပေးတဲ့မျိုးစေ့ကို တအမ်း(ပလောင်) သူကြီး 'တာငွန်'ဆိုသူက











Asian Free Media Group



လက်တစ်ဖက်နဲ့ ခံယူတဲ့အတွက် 'လက်တစ်ဖက်ပင်' လို့ အစတုန်းက ခေါ်တွင်ခဲ့ပြီး ကာလရွေ့လျောရာမှ 'လက်ဖက်ပင်' ဖြစ်လာတယ်လို့ ဒေသခံရွာသားများက အယူရှိကြပါတယ်။ ဒါကြောင့်လည်း လွယ်ဆိုင်တောင်ဘုရားမှာ အလောင်းစည်သူမင်းကြီးက လက်ဖက်မျိုးစေ့ပေးနေပုံနဲ့ ရွာသူကြီးတာငွန်က လက်ခံနေပုံရုပ်ထုတွေကို ထုလုပ်ထားပါတယ်။

'လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေရမယ်။ သမက်ကောင်းလိုချင်ရင် အလျှောင်အလက်ကို ရွေးရမယ်' လို့ ရှေးစာဆိုရှိခဲ့ပါတယ်။ အမှန်တော့ လက်ဖက်ပင်ဟာ တောင်စွယ်တောင်တန်းဒေသမှာသာ ထွက်ရှိတာမို့ တောင်ပေါ်ကိုဖြည်းဖြည်းချင်းတက်ပြီး တစ်ညွန့်စီတစ်ညွန့်စီ သေချာစနစ်တကျ ခူးခါမှ အရသာရှိတဲ့ အညွန့်အဖူးလေးတွေကို ရတယ်လို့ဆိုလိုချင်တာ ဖြစ်ပါတယ်။ လက်ဖက်စိုက်ပျိုးမှုဟာ တောင်ပေါ်သားများရဲ့ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ အနှစ်သက်ဆုံး လက်ဖက်ကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းဒေသ၊ ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ်က အများဆုံးရရှိတာဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်ဟာ အလွန်မြင့်မားတဲ့ တောင်တန်းကြီးတွေ၊ အလွန်နက်ရှိုင်းတဲ့ ချိုင့်ဝှမ်းကြီးတွေနဲ့တည်ရှိပြီး မြေပြန့်လွင်ပြင်မရှိလောက်အောင် နည်းပါးလှပါတယ်။ အမြင့်ပေ ၂၅၀၀ ကနေ အမြင့်ပေ ၇၀၀၀ အတွင်းမှာရှိတဲ့ တောင်ကုန်းတောင်တန်းတွေ ပေါ်များထူထပ်ပြီး နမ့်ဆန်မြို့ပင်လျှင် ပင်လယ်ရေမျက်နှာပြင် အမြင့် ၅၃၃၂ ပေအမြင့်မှာ တည်ရှိတာဖြစ်ပါတယ်။ ရာသီဥတု အနေနဲ့ကတော့ နှစ်စဉ်ဧပြီလလယ်လောက်ကနေ နိုဝင်ဘာလကုန်လောက်အထိ မိုးရွာသွန်းလေ့ရှိပြီး ပျှမ်းမျှမိုးရေချိန်ဟာ ၇၀ လက်မလောက်ရှိတယ်လို့ ဆိုပါတယ်။



နမ့်ဆန်မြို့ဟာ မန္တလေးကနေ ၁၈၄မိုင်ကွာဝေးပြီး လာရှိုးကနေ ၇၂မိုင်ဝေးပါတယ်။ မြို့ချင်းဆက်လမ်းတွေကတော့ သီပေါ-နမ့်ဆန်လမ်းက ၄၉မိုင်၊ နမ့်ဆန်-နမ္မတူက ၅၀မိုင်နဲ့ နမ့်ဆန်-ကျောက်မဲက ၇၆မိုင် ဖြစ်ပါတယ်။ ဒါပေမဲ့ ဒေသခံတွေဟာ သီပေါ-နမ့်ဆန်လမ်းကို အများဆုံး အသုံးပြုကြတာမို့ သီပေါကနေ နမ့်ဆန်ကိုသွားတာ အဆင်ပြေဆုံး ဖြစ်ပါတယ်။

Asian Frame Media Group



နမ့်ဆန်မြို့နယ်ဟာ ကျွန်တော်တို့တိုင်းရင်းသားလူမျိုး 'ပလောင်' ခေါ် 'တအမ်း' လူမျိုးတွေ အများဆုံးနေထိုင်တဲ့ မြို့နယ်ဖြစ်ပါတယ်။ တခြားတိုင်းရင်းသားတွေအနေနဲ့ ရှမ်း၊ လီဆူး၊ ဗမာ၊ ကချင်နဲ့ ကိုးကန့်တို့ နေထိုင်ကြပြီး အများစုက ဗုဒ္ဓဘာသာကိုးကွယ်ကြသူတွေ ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်ထဲမှာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း (၇၀)ကျော် ရှိပြီး ဘုရားစေတီပေါင်း အဆူ(၅၀) လောက်ရှိတယ်လို့ ဆိုပါတယ်။ ထင်ရှားတဲ့တန်ခိုးကြီးဘုရားတွေကတော့ သက္ကရာဇ်၄၆စခုနှစ်မှာအလောင်းစည်သူမင်းတည်ခဲ့တဲ့ တောင်မကျေးရွာအုပ်စုက 'လွယ်ဆိုင်ဘုရားကြီး' နဲ့သက္ကရာဇ် ၁၁၄၃ မှာအများပြည်သူတည်ခဲ့တဲ့ မန်ခိုက်ရပ်ကွက်က 'မဟာမြတ်မုနိဘုရားကြီး' တို့ပဲ ဖြစ်ပါတယ်။

အမှန်တော့ 'ပလောင်' ခေါ် 'တအမ်း' လူမျိုးတွေဟာ မွန်ဂိုကုန်းပြင်မြင့်က ဆင်းသက်လာကြတဲ့ 'မွန်ခမာ'အုပ်စုဝင်တွေပဲ ဖြစ်ပါတယ်။ 'တအမ်း'ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကတော့ 'မတ်စောက်တဲ့ တောင်ပေါ်မှာနေတဲ့လူမျိုး' လို့အဓိပ္ပာယ်ရတာ ဖြစ်ပါတယ်။ ရှမ်းဘာသာလိုတော့ 'ကွန်းလွယ်' လို့ ခေါ်ကြပါတယ်။ ကွန်းက'လူ' လို့ အဓိပ္ပာယ်ရပြီးလွယ်ကတော့ 'တောင်' လို့အဓိပ္ပာယ်ရတာမို့ 'တောင်ပေါ်မှာနေတဲ့လူမျိုး' လို့ ပြောတာဖြစ်ပါတယ်။တရုတ်ဘာသာလိုတော့ 'ပုံလုံ' လို့ခေါ်ပြီး 'ပုံ' က 'လူ'၊ 'လုံ' က 'နဂါး' ဖြစ်တာမို့ 'နဂါးလူမျိုး'လို့ ခေါ်တာဖြစ်ပါတယ်။ မြန်မာတွေက အဲဒီ တရုတ်ဘာသာစကား 'ပုံလုံ'လို့ ခေါ်ရာမှ ကာလရွေ့လျော့ပြီး 'ပလောင်'လို့ ပြောင်းလဲသက်ဆင်းလာတာ ဖြစ်တယ်လို့ဆိုပါတယ်. . . ဒီနောက်ပိုင်းမှာ ရှမ်းပြည်တောင်ပိုင်းက လူမျိုးတွေကို 'ငွေပလောင်' လို့ခေါ်ပြီး အဲဒီရှမ်းပြည် မြောက်ပိုင်း၊ နမ့်ဆန်နယ်က လူမျိုးတွေကို 'ရွှေပလောင်' လို့ခေါ်ကြပြန်ပါတယ်။ ဒါပေမဲ့ ပလောင် တိုင်းရင်းသားအားလုံးကတော့ ရွှေပလောင်၊ ငွေပလောင်ရယ်လို့ မခွဲခြားတော့ဘဲ 'တအမ်း' (Ta-Ang) လို့ပဲ သတ်မှတ်လိုက်တာမို့ နောင်ကို 'ပလောင်'အစား 'တအမ်း' လို့ပဲ သုံးနှုန်းကြရမှာ ဖြစ်ပါတယ်။





Asian Fame Media Group
MEDIA GROUP







တအမ်း (ပလောင်) လူမျိုးတွေဟာ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း၊ ရှမ်းပြည်နယ်အတွင်း နေရာဒေသ အနှံ့အပြားမှာ နေထိုင်လျက် ရှိကြတာဖြစ်ပါတယ်။ သူတို့ဟာ ရေမြေတောတောင် သဘာဝရာသီဉတုအရသော်လည်းကောင်း၊ ပတ်ဝန်းကျင်အခြားသော တိုင်းရင်းသားများနဲ့ သဟဇာတဖြစ်စေရေးအတွက်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲနဲ့ လူနေမှုအဆင့်အတန်း၊ အတွေးအခေါ် ကွဲပြားခြားနားလာတဲ့အတွက်ကြောင့်လည်းကောင်း၊ စီးပွားရေး အသက်မွေးဝမ်းမှုကို လိုက်၍လည်းကောင်း၊ ဝတ်စားဆင်ယင်မှုမှာ အနည်းငယ်စီ ကွဲပြားခြားနားလာကြတာဖြစ်ပါတယ်။ စော်ဘွားကြီး ဟော်နန်းစိုက်ရာ နမ့်ဆန်တစ်ဝိုက်မှာ နေထိုင်တဲ့တအမ်းတွေကို ဆမ်လုံ (Sarm-Lone)၊ တအမ်း၊ ရွှေလီမြစ်ဝှမ်းနဲ့ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ဘက်မှာ နေထိုင်တဲ့ တအမ်းတွေကို ရူမိုင်း (Ru-Mai) ၊ တအမ်း၊ လားရှိုး၊ တန့်ယန်း၊ ကလော၊ အောင်ပန်း၊ မိုင်းကိုင်၊ လဲချားဘက်မှာ နေထိုင်တဲ့ တအမ်းတွေကို ရူကျင် (Ru-kying) တအမ်း၊ မန်တုံ၊ မိုးမိတ်၊ မိုးကုတ်ဘက်မှာနေကြတဲ့ တအမ်းတွေကို ရူခါ (Ru-Kher) တအမ်း၊ နမ့်ဆန်မြို့နယ်၊ ရှော်လဲတိုက်နယ်ထဲက တအမ်းတွေကိုထဲရိုင်း (Hteo-Rai) တအမ်း၊ ကွတ်ခိုင်၊ နမ္မတူနဲ့ သံလွင်အရှေ့ခြမ်းတအမ်းတွေကို မုံကျီ (Moang-Kyi) တအမ်း၊ မန်တုံ၊ ကျယ်ကောင်ဘက်က တအမ်းတွေကို ရူဂွမ်း (Ru-Gwang) တအမ်း၊ မန်နောက်၊ ကွမ်ဟယ်၊ ဟိုချောင်း ဒေသဘက်က တအမ်းတွေကို ကွမ်ဟိုင်း (Kwan-Hai) တအမ်း၊ နမ့်ဆန်မြို့နယ်တောင်မ၊ တောင်မဲ၊ မန်ကန်၊ လွယ်ဆိုင်ဘက်က တအမ်းတွေကို တောင်မ (Taung-Ma) တအမ်း၊ ပန်နင်း၊ ဟူးနောင်၊ ဟူးကော့ဘက်ကတအမ်းတွေကို ပန်နင်း (Parng-Nimm) တအမ်း၊ နမ့်ဆန်မြို့နယ်၊ မန်ဖ၊ မြို့သစ်၊ ကျောက်မဲဘက်က တအမ်းတွေကို ငွန်ရောက်

(Ngun-Rot) တအမ်း၊ ခွန်ဟောက်ရွာဘက်က တအမ်းတွေကို ခွန်ဟော့ (Hkun-Hawt) တအမ်း စသဖြင့် တအမ်း(ပလောင်) (၁၃)မျိုးခန့် ရှိတယ်လို့ ဆိုကြပါတယ်။

တအမ်း (ပလောင်)တိုင်းရင်းသားများဟာ မြန်မာနိုင်ငံအတွင်း ဒေသအနှံ့အပြားမှာ ပြန့်ကျဲနေထိုင်ကြပေမဲ့ အများစုကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆန်တောင်ပိုင်ဒေသ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ဆန်ဒေသနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောဒေသတစ်ဝိုက်တို့မှာ တစ်စုတစ်စည်းတည်း ပေါင်းစုနေထိုင်ကြတာ ဖြစ်ပါတယ်။ အများစုဟာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ပေမဲ့လည်း တစ်ခြား တိုင်းရင်းသားလူမျိုးတွေလို မိရိုးဖလာနတ်ကိုးကွယ်မှုတွေကတော့ အချို့နေရာတွေမှာ ကျန်ရှိနေဆဲ ဖြစ်ပါတယ်။ မြစ်၊ ချောင်း၊ အင်းအိုင်၊ တော၊ တောင်၊ ရေမြေသဘာဝတွေအပေါ်မှာ မှီခိုအားထားပြီး အသက်မွေးဝမ်းကျောင်းပြုနေရသူများဖြစ်တဲ့အတွက်လည်း ရွာစောင့်နတ်၊ တောစောင့်နတ်တွေကို သက်ဝင်ယုံကြည်ကြတဲ့ ရိုးသားလှတဲ့ တိုင်းရင်းသားတွေပဲ ဖြစ်ပါတယ်။







Asian Fame Media Group

# အလှပြင်ထားဖို့ မှာလိုက်တဲ့ လှိုင်ဦးမော်

photo- ko naing (popular)/arranged by yu ya eain
designed by htun htun linn

လမ်းကလေးက မပြောင့်ဖြူးပေမယ့် နှင်းတွေဝေနေတဲ့ တောင်ပြာတန်းကြီးတွေပေါ်ကနေ မှိုတွယ်စွဲလမ်းရာ ဂီတတစ်ခုကို ကျောပိုးလို့ သူတို့တွေ ဆင်းလာခဲ့ကြတာ၊ ဂီတပုံစံတွေသာ အဆက်ဆက် ပြောင်းလဲသွားပေမယ့် ဒီလမ်းလေးမှာတော့ လူပြတ်သွားတယ်ဆိုတာ မရှိခဲ့ဘူး။ ဒီထက် ပိုထူးဆန်းတာတစ်ခုက သယ်ဆောင်လာတဲ့ သူတို့ဂီတနဲ့ သူတို့ဘဝအတွက် မှတ်တိုင်တစ်ခုစီ ခိုင်မာစွာ စိုက်နိုင်ခဲ့တာပါပဲ။ ဒီလမ်းလေးအတိုင်း ယခုဂီတကို ထမ်းပိုးရင်း သူ့ဂီတ သူ့ဘဝ အတွက် မှတ်တိုင်တစ်ခုစိုက်ထူဖို့ ရှက်လှင့်နေတဲ့ တောင်ကြီးသားလေး 'လှိုင်ဦးမော်' ရဲ့ သူ့ဘဝ သူ့ဂီတနဲ့ သူနှလုံးသားထဲက Rock ဆိုတဲ့ ဂီတစာမျက်နှာကို ဖွင့်ဖတ်ကြည့်တော့....




Asian Fame Media Group
MEDIA GROUP


Asian Fame Media Group
af MEDIA GROUP




**သူ ဘယ်အရွယ်လောက်တည်းက သူ့ရဲ့အာရုံမှာ ဂီတမှော်တွေ ခိုဝင်လာခဲ့တယ်ဆိုတာနဲ့ ပတ်သက်ပြီး . . . .**

ကျွန်တော့်ရင်ထဲကို ဂီတဟာ ထဲထဲဝင်ဝင် ရောက်လာခဲ့တာ ၅ တန်း၊ ၆ တန်းလောက်က ပေါ့။ သီချင်းနားထောင်ဖြစ်ခဲ့တာကတော့ ပိုစောတာပေါ့လေ။ ကျွန်တော်တို့ မိသားစုလေးမှာ သီချင်းတွေနားထောင်ပြီး အိပ်ရာဝင်တတ်ကြတယ်။ နိုးရင်လည်း သီချင်းလေးတွေနဲ့ အိပ်ရာထတတ်တော့ ကျွန်တော်က လူမှန်းသိတတ်စကတည်းက သီချင်းနားထောင်တတ်နေတာ၊ နားရည် ဝနေတာ၊ နောက်အစ်ကိုတွေ ဂစ်တာတီးတဲ့ကြားမှာ ကြီးပြင်းရပြန်တော့လည်း ဂစ်တာတီးတတ်ချင်တဲ့စိတ်က တားမရဆီးမရ ဖြစ်လာပြန်ရော။ အဲဒါနဲ့ အစ်ကိုတွေဆီမှာ ဂစ်တာတီးသင်တယ်။ တော်တော်တီးတတ်ပြီဆိုမှ တေးရေးဘက်ကို ပြောင်းလာခဲ့တာ။

**တေးရေးတေးဆိုဖြစ်တဲ့ လှိုင်ဦးမော်က တေးရေးနဲ့စခဲ့တဲ့ ဘဝလေးအကြောင်းကို . . . .**

ကျွန်တော်စရေးခဲ့တဲ့ သီချင်းက အောင်ပုရဲ့ အခွေထဲမှာ စပါတာ၊ နောက် ဒိုးလုံးရဲ့ အခွေထဲမှာလည်း ရေးပေးဖြစ်ခဲ့ပါတယ်။

**ပထမဆုံးရေးခဲ့တဲ့ တေးသီချင်းကို ဘယ်သူဆိုခဲ့လဲ။**

ပထမဆုံးရေးခဲ့တဲ့ သီချင်းကို ကျွန်တော်ပဲ ဆိုခဲ့တာပါ။ ကျွန်တော် ပထမဆုံးထုတ်တဲ့ 'အလှပြင်ထားပါ' ဆိုတဲ့ အခွေထဲက 'ရလဒ်' ဆိုတဲ့ သီချင်းပါ။

**လှိုင်ဦးမော်နဲ့ သူငယ်ချင်းဖြစ်သူ ဒိုးလုံးနဲ့ ဆုံစည်းခဲ့ရတဲ့ နိဒါန်းလေးက . . . .**

ကျွန်တော်တို့ ၉ တန်းလောက်တုန်းက ကျွန်တော့် မိဘတွေက ကျွန်တော်တို့အိမ်မှာ စာမကျက်လို့ စာကျက်ဝိုင်းကိုပို့တယ်၊ ဒိုးလုံးလည်း စာကျက်ဝိုင်းကို ရောက်လာတော့ ဂီတကို ဝါသနာပါသူချင်း အရမ်းခင်သွားတယ်။ ကျွန်တော်တို့ နှစ်ယောက်အကြောင်းကို ဆရာတွေက သိနေတော့ သူနဲ့ကျွန်တော့်ကို အတူတူမထားဘူး။ ဟိုဘက်ထောင့်၊ ဒီဘက် ထောင့်ခွဲထားတယ်။ ဟိုဘက်ထောင့်ကနေပြီး ဒိုးလုံးကခုံခေါက်ရင် ကျွန်တော်က ဒီဘက်ထောင့်က သီချင်းဆိုတယ်၊

Asian Fame Media Group
AF MEDIA GROUP

ဒီဘက်က ကျွန်တော်ခုံခေါက်ရင် ဟိုဘက်က သူသီချင်းဆိုတယ်။ ကျွန်တော်တို့ ဆိုခဲ့တဲ့ 'We don't know Education' ဆိုတာလေးကိုတော့ မှတ်မိနေသေးတယ်။ အဲဒီကနေ စခဲ့ကြတာ။

**ထွက်ရှိခဲ့တဲ့ တစ်ကိုယ်တော်ခွေနဲ့ ပတ်သက်ပြီး . . . . .**

ပထမခွေက 'အလှပြင်ထားပါ'၊ နောက် ဒုတိယခွေပြီးတော့ 'အိုကမ္ဘာကြီး'ဆိုပြီး သုံးခွေ ထွက်ခဲ့တယ်။ အတွဲအနေနဲ့ မန္တလေးက မနောက 'လက်ချောင်းများ' အခွေမှာ ခေါ်ဆိုလို့ ၂ ပုဒ် ဆိုခဲ့တယ်။ အခု 'နဝရတ် Rock' ကျွန်တော်ရယ်၊ ဂျီလတ်ရယ်၊ ဇော်ဝဏ္ဏရယ် ၃ ယောက်ပေါ့။ တစ်ယောက်ကို သုံးပုဒ်စီ၊ ၉ ပုဒ်၊ နဝရတ် Rock Vol:1 ဆိုပြီး ထုတ်ထားတယ်။ နောက် Vol: 2 လည်း ထွက်နေပါပြီ။ သီချင်းအားလုံးကို ကျွန်တော်ပဲ ရေးခဲ့တယ်။ တီးတာကတော့ BBM-Max Studio မှာ သွင်းခဲ့တာ။

**ကိုယ်တိုင်ရေးတဲ့သီချင်းနဲ့ သူများရေးတဲ့သီချင်းသီဆိုရတဲ့ ခံစားမှုအပေါ်မှာတော့ . . .**

ဒါက ကိုယ်ရေးထားတဲ့သီချင်းက ကိုယ်ခံစားထားတာဆိုတော့ ဆိုရတာရော၊ နောက် အသက်အရှူအထုတ်ကအစ ကိုယ်စိတ်ကြိုက် အကုန်ဖြစ်တယ်။ သူများ ရေးတဲ့သီချင်းကတော့ သူ့ခံစားချက်ကို ကိုယ်က ပြန်မွေးစားရတာဆိုတော့ ကွာဟမှု တော့ ရှိပါတယ်။ ကိုယ်အကြိုက် နှစ်သက်ဆုံးသီချင်းတွေနဲ့ ပရိသတ်ရင်ထဲအရောက် ခဲ့ဆုံးသီချင်း တစ်ထပ်တည်းကျခဲ့တဲ့ သီချင်းတွေက 'လွန်ပါစေ'၊ 'ခံစားမှု နှစ်သက်ရာ'၊ 'ခေါင်းလေးမော့ပါဦး'၊ 'ပျော်ပါစေ'၊ 'ရင်ခုန်နေတုန်းလေး'။ ဒီသီချင်းတွေကို ပရိသတ် တွေက အရမ်းကြိုက်ခဲ့ကြတာ၊ ကျွန်တော့်အကြိုက်နဲ့လည်း တစ်ထပ်တည်းဖြစ်နေတာ အရမ်းဝမ်းသာပါတယ်။ ဒီသီချင်းလေးတွေနဲ့အတူ သီချင်းတွေအားလုံးကိုလည်း အရွယ်နဲ့ အချိန်နဲ့ဖြစ်ပေါ်လာတဲ့ ခံစားမှုအတိုင်းကိုပဲ ရေးသားသီဆိုခဲ့တာပါ။ အမှိုခို လည်း ကင်းပါတယ်။ ဘယ်သီချင်းမှကိုလည်း အမွေဖန်တီးရေးသားသီဆိုခဲ့တာ မရှိပါဘူး။ အားလုံး ခံစားချက်တွေနဲ့ပဲ ရေးခဲ့တာ။



**ကျွန်တော်တို့နှစ်ယောက် အကြောင်းကို ဆရာတွေက သိနေတော့ သူနဲ့ကျွန်တော့်ကို အတူတူမထားဘူး။ ဟိုဘက်ထောင့်၊ ဒီဘက် ထောင့် ခွဲထားတယ်။ ဟိုဘက်ထောင့်ကနေပြီး ဒိုးလုံးကခုံခေါက်ရင် ကျွန်တော်က ဒီဘက် ထောင့်က သီချင်းဆိုတယ်၊ ဒီဘက်က ကျွန်တော်ခုံခေါက်ရင် ဟိုဘက်က သူသီချင်းဆိုတယ်။**



## ၂၆. ၇. ၂၀၁၁ မှာ ထွက်ခဲ့တဲ့ 'နဝရတ် Rock' ဖြစ်တည်လာပုံလေးက . . . .

ဇော်ဝဏ္ဏက စခဲ့တာ။ သူက ဒီလူဒီလူတွေနဲ့ ဆိုချင်ပါတယ်ဆိုပြီး ဆက်သွယ်လာတော့ ကျွန်တော်သူနဲ့ ဆွေးနွေးတယ်။ ဘယ်သူတွေပါမလဲ၊ သီချင်းဘယ်နှပုဒ်ပါမလဲ၊ Music စတိုင်ချင်းရော တူရဲ့လား။ စကားပြောကြည့်တော့ အားလုံးအဆင်ပြေပါတယ်။ သူက ၃ ယောက်လုပ်မယ်။ ၉ ပုဒ်ပါမယ်၊ သူက အားလုံးပရိုဂျူဆာလုပ်မယ်ဆိုပြီး တိုင်ပင်လာတဲ့အခါ ကျွန်တော်ရော ဂျီလတ်ကပါ လက်ခံပေးလိုက်တာ၊ အားလုံးအကောင်းဆုံးဖြစ်အောင် လုပ်ခဲ့ကြတာ၊ ဗီစီဒီရိုက်တော့လည်း မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ အင်းလေး၊ စစ်ကိုင်း၊ မင်းကွန်းအားလုံးပတ်ရိုက်တာ၊ ဒါရိုက်တာရော၊ စက်အဖွဲ့ရောအားလုံးခေါ်သွားတာ၊ အဲဒီလိုသွားရင်းက မန္တလေး၊ တောင်ကြီးမြို့တွေမှာ ပရိုမိုးရှင်းပွဲတွေလုပ်ခဲ့တယ်။ ဒီအခွေပေါ်မှာ အားလုံးက အားစိုက်ပြီး လုပ်ခဲ့ကြတာ။

## နဝရတ် Rock စတင်ချိန်မှ ယနေ့ရောက်ရှိခဲ့တဲ့ ဂီတနဲ့ပတ်သက်ပြီး ကျေနပ်အားရမှုအပေါ် . . .

ကျေနပ်ပါတယ်။ အခုလို ခိုးကူးခွေတွေကြားက ပရိသတ်ထဲမှာ အခွေတစ်ခွေပေါက်ဖို့ဆိုတာ မလွယ်ပါဘူး။ အခွေတစ်ခွေထွက်ဖို့ဆိုတာလည်း မလွယ်ပါဘူး။ ပရိသတ် သတိထားမိသွားတာကိုလည်း ကျွန်တော်တို့ အရမ်းကျေးဇူးတင်နေပါပြီ။



ကမ္ဘာအရပ်ရပ်ကို ရောက်နေတဲ့ မြန်မာလူမျိုးတွေ နားထောင်နိုင်အောင် သီချင်းတွေကို On Line ပေါ်မှာ တင်ထားပေးပါတယ်။ Stage Show ဆိုတော့ ပရိသတ်တွေက အော်ဟစ်အားပေးတဲ့အခါ အရမ်းပဲ ပီတိဖြစ်ရပါတယ်။ ပရိသတ်က ပေးတဲ့ခွန်အားလောက် ကြီးမားတာ ဘာမှမရှိပါဘူး။ ဒီအားတွေနဲ့ ကျွန်တော်တို့ ရှေ့ဆက်လှမ်းမှာပါ။

## နဝရတ် Rock VCD နဲ့ပတ်သက်ပြီး . . .

ကျွန်တော်တို့က ဒီအခွေမှာ ရသစုံခံစားနိုင်အောင် တင်ပြထားပါတယ်။ MTV, Story နဲ့ မှတ်တမ်းပုံစံ စုံအောင်ရိုက်ထားတာ။ MTV ပုံစံကတော့ ပိုများတာပေါ့လေ။ ဒါရိုက်တာက နိုဗာ၊ သူလည်း အရမ်းကြိုးစားတဲ့ သူတစ်ယောက်ပါ။ ကျွန်တော်တို့ ၃ ယောက်ကလည်း အကောင်းဆုံးဆိုတာတွေ ဝိုင်းစဉ်းစားတယ်။ နယ်တွေမှာ နေ့လည်းနေ့၊ ညလည်းည အပင်ပန်းခံပြီးတော့ကို ရိုက်ခဲ့တာ။ ကျွန်တော်တို့ အတိုင်းအတာမဲ့စွာ ကြိုးစားရိုက်ကူးခဲ့တဲ့ အခွေဟာ အတိုင်းအတာတစ်ခုအထိ ရောက်သွားတယ်ဆိုတော့ ပြောမပြတတ်အောင် ချမ်းမြေ့ပျော်ရွှင်ရပါတယ်။ နောက်နောင်လည်း အချိန်အခါအရ ခံစားမှုအရ ပြောင်းလဲရရှိလာမယ့် ဂီတပုံစံအသစ်လေးတွေကိုလည်း ပရိသတ်ကို ချပြပေးသွားမှာပါ။

နောက်ထပ် ပရိသတ်ကို ပေးဆပ်ဖို့ တစ်ကိုယ်တော်ရော အတွဲခွေလေးတွေပါ စီစဉ်ထားတာလေးတွေ ရှိပါတယ်။ ကျွန်တော်အချိန်ယူပြီး ပေးဆပ်ဖို့ ကြိုးစားနေတာတစ်ခုက ကျွန်တော်ထွက်ခဲ့တဲ့ တစ်ကိုယ်တော်ခွေ ၃ ခွေထဲက အကောင်းဆုံးသီချင်းများ အခွေကိုလည်း လုပ်နေပါတယ်ဆိုတဲ့အကြောင်း ကြီးစွာသော ကျေးဇူးစကားကိုဆိုရင်း သီတင်းကောင်းလေးပါးလိုက်ပါတယ်။

**ယုယအိမ်**

Asian Fame Media Group




Asian Fame Media Group

DESIGNER'S

# iDEA

& Reinvent Fashion

Model - May Kabyar
Make-up - Ma Toe (Aung Aung-Taung Gyi)
Designer - Thwin Sue Htwe
Photo - Ko Naing (Popular)
ARRANGED BY THIDA SOE



Asian Fame Media Group



# DESIGNER'S IDEA
## & Reinvent Fashion

Model - May Kabyar
Make-up - Ma Toe (Aung Aung-Taunggyi)
Designer - Thwin Sue Htwe
Photo - Ko Naing (Popular)
ARRANGED BY THIDA SOE

Asian Fame Media Group




Asia Zone Media Group




Asian Fame Media Group
af MEDIA GROUP



# DESIGNER'S IDEA & Reinvent Fashion

**အဝတ်အစားကို လိုအပ်မှုအနေနဲ့ရော၊ အသုံးဝင်မှုအနေနဲ့ရော အရေးပါတယ်ဆိုတာကို အစ်မ ဘယ်လို ဆွေးနွေးချင်ပါသလဲ။**

အဝတ်အစားကို နေရာနဲ့ အချိန်အခါအပေါ် မူတည်ပြီးတော့ ရွေးရမှာပေါ့နော်။ အေးတဲ့အချိန်မှာ အနွေးထည်ဝတ်မယ်၊ မိုးတွင်းမှာ မိုးကာဝတ်မယ်ပေါ့နော်။ ဒါတွေကတော့ လိုအပ်မှုအနေနဲ့ ရွေးတာပေါ့။ ပွဲတွေသွားဖို့အတွက် ရွေးတာကျတော့ အခြေအနေနဲ့ အချိန်အခါကို ကြည့်ရမယ်။ အဓိကကတော့ ကိုယ်က ဘယ်လိုပွဲကို သွားမှာလဲ။ သူငယ်ချင်းတွေနဲ့ သွားမယ်ဆိုရင် ခေတ်ဆန်ဆန်လေးဝတ်လို့ရပေမယ့် အလုပ်ကိစ္စအတွက်ဆိုရင်တော့ သင့်တင့်တဲ့ ဝတ်စုံကို ရွေးရမှာပေါ့နော်။

**လူတစ်ယောက်ရဲ့ အဝတ်အစားဟာ အဲဒီလူရဲ့ အဆင့်အတန်းကို အနီးစပ်ဆုံး ထင်ဟပ်စေတယ်ဆိုတာ ဟုတ်ပါသလား။**

အစ်မကတော့ အဲဒါကို သိပ်လက်မခံဘူးပေါ့နော်။ တချို့တွေက ဟန်ဆောင်ထားတာတွေရှိတယ်။ ဥပမာပြောရရင် သူဌေးမကြီးမဟုတ်ဘဲနဲ့ သူဌေးလိုဝတ်တာတွေလည်း ရှိတယ်။ သူဌေးဖြစ်ရဲ့သားနဲ့ free style ဝတ်တဲ့ သူဌေးတွေလည်းရှိတာပဲလေ။ အဝတ်အစားပေါ် မူတည်ပြီး လူတစ်ယောက်ရဲ့ အဆင့်အတန်းကိုတော့ ဆုံးဖြတ်လို့မရဘူးလို့ အစ်မထင်ပါတယ်။

**Fashion Designer တစ်ယောက်မှာရှိရမယ့် Fashion Sense မှာ ဘာတွေပါရမလဲ။**

Designer တစ်ယောက်အနေနဲ့ ပိတ်စတွေကို ရွေးချယ်တတ်ဖို့ လိုပါတယ်။ အရောင်စပ်တဲ့အခါမှာလည်း ထူးခြားအောင် စပ်နိုင်ရမယ်။ လူတစ်ယောက်ကိုမြင်ရင် ဘယ်လို ဆင်ရင်လှမလဲ ဆိုတဲ့ အမြင်ရှိရမယ်။

**တခြားစီးပွားရေး လုပ်ငန်းတွေ အများကြီးရှိရဲ့သားနဲ့ ဘာဖြစ်လို့ Fashion Designer ဘဝကို ရွေးချယ်ခဲ့ရတာလဲ။**

အစ်မ ဝါသနာပါလို့ပါ။ အစ်မ စီးပွားရေးလုပ်ဖြစ်မယ်ဆိုရင်လည်း ဖက်ရှင်နဲ့ ပတ်သက်တာပဲ လုပ်ဖြစ်မှာပေါ့နော်။ အစ်မက Designer ကို

Asian Fame Media Group

ငယ်ငယ်ကတည်းက ဝါသနာပါတော့ ဒီ fashion Designer ဘာဝကိုပဲ ရွေးချယ်ခဲ့တာပါ။

**အခု မေကဗျာကို ဆင်ပေးတဲ့ ဖက်ရှင်ဝတ်စုံတွေကို အစ်မအနေနဲ့ ဘယ်လိုစဉ်းစားခဲ့ရလဲ။**

အပေါ်ပိုင်း ရင်ပြတ်လေးတွေကို အစ်မ ဦးစားပေး ချုပ်ထားတယ်။ အခု ၂၀၁၂ မှာ ခေတ်စားလာတဲ့ ပုံစံလေးတွေပေါ့နော်။ ၁၉၈၀ လောက်က မက်ဒေါနားဝတ်တဲ့ ပုံစံမျိုးတွေ ပြန်ခေတ်စားလာတာပေါ့။

**Designer တစ်ယောက်ဖြစ်လာခဲ့တဲ့ အစ်မက ဘယ်လို Design တွေကို ထွင်ရတာ ပိုပြီးအားရမှုရှိပါသလဲ။**

အစ်မ ချုပ်ထားတဲ့ အင်္ကျီကို ဝတ်ထားတဲ့သူက အရမ်းကြီးကျပ်နေမယ်၊ နေရထိုင်ရခက်နေမယ့် ပုံစံမျိုးကို အစ်မ မကြိုက်ဘူးပေါ့နော်။ အင်္ကျီ ဝတ်ထားတာနဲ့ သက်သောင့်သက်သာဖြစ်စေမယ့် ပုံစံမျိုးကို အစ်မ ဦးစားပေးချုပ်ဖြစ်တယ်။

**အစ်မရဲ့ ပညာရပ်ကို အမြဲတမ်း တိုးတက်အောင် ဘယ်လို လေ့ကျင့်ယူရလဲ။**

အစ်မအနေနဲ့ အမြဲတမ်း လေ့ကျင့်မှုတော့ ရှိတာပေါ့။ အင်တာနက်ကြည့်တယ်။ ပြီးတော့ တစ်ကမ္ဘာလုံးမှာ ဘယ်လိုဖက်ရှင်တွေ ခေတ်စားနေလဲဆိုတာ လေ့လာတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံက ဝတ်တဲ့ ဖက်ရှင်ပုံစံ မတူဘူးလေ။ ကိုရီးယားမှာ ဘယ်လို ဝတ်စားဆင်ယင်လဲ။ အနောက်နိုင်ငံတွေမှာ ဘယ်လို ဝတ်စားဆင်ယင်လဲဆိုပြီး လေ့လာတယ်။ ချုပ်ရိုးချုပ်သားနဲ့ ပတ်သက်ရင်လည်း လေ့လာတယ်။ ဒီမြန်မာနိုင်ငံမှာပဲ ကိုယ့်ထက် စီနီယာကျတဲ့သူတွေရဲ့ ချုပ်ရိုးချုပ်သားတွေ ဘယ်လိုရှိလဲဆိုတာကို အပြန်ပြန် အလှန်လှန် လေ့လာတယ်။ သုံးသပ်တယ်။ အစ်မတို့က တစ်ယောက်တည်း လုပ်ရတာ မဟုတ်ဘူးလေ။ အစ်မရဲ့ ကလေးတွေကိုပါ ပြန်သင်ပြပေးရတယ်။

**အခုလောလောဆယ်မှာ ခေတ်စားပြီး လူကြိုက်များနေတဲ့ color အရောင်နဲ့ ဒီဇိုင်းတွေက ဘယ်လိုမျိုးတွေ ဖြစ်မလဲ။**

ဒီ ၂၀၁၂ ခုနှစ်မှာတော့ အရောင်လွင်လွင်လေးတွေ ခေတ်စားလာမယ် ထင်တယ်။ အပြာရောင်အနုနဲ့ နို့စိမ်း၊ အဝါရောင် ဖျော့ဖျော့လေးတွေ ခေတ်စားလာမယ် ထင်ပါတယ်။ လာမယ့် ၂၀၁၃ မှာလည်း ၁၉၈၀ တုန်းကဖက်ရှင်တွေပဲ ပြန်ခေတ်စားလာနိုင်တယ်။ ဆက်စပ်မှုမရှိတဲ့ အရောင်တွေနဲ့ တွဲတာတွေ ခေတ်စားမယ်။ ပန်းဆီရောင်နဲ့ အစိမ်းရောင် တောက်တောက်တွေ တွဲမယ်ပေါ့နော်။ မဆိုင်တဲ့အရောင်တွေ တွဲဝတ်တဲ့ ပုံစံတွေပေါ့။

**အနောက်တိုင်းဝတ်စုံ ပုံစံဖန်တီးရမယ်ဆိုရင် အစ်မအနေနဲ့ အရှေ့တိုင်းယဉ်ကျေးမှုနဲ့ ကိုက်ညီအောင် ဘယ်လိုစဉ်းစားမှုမျိုး လုပ်ရမလဲ။**

အာရှတိုက်သားတွေရဲ့ ခန္ဓာကိုယ်နဲ့ နိုင်ငံခြားသားတွေရဲ့ ခန္ဓာကိုယ် မတူဘူးလေ။ အနောက် နိုင်ငံသားတွေက အတိုဝတ်ရင် ပေါင်တံရှည်ပေမယ့် အစ်မတို့ကျတော့ အတိုဝတ်ချင် တိုင်းဝတ်လို့မရဘူး။ ဒီလုည့်ကွက် လေးတွေကိုတော့ ဂရုတစိုက် လုပ်ပေးရတာပေါ့။ အနောက်နိုင်ငံက လည်ဟိုက်ပုံစံတွေကိုတော့ ကိုယ့်နိုင်ငံနဲ့ အဆင်ပြေအောင် ချုပ်ပေးရတာတွေ ရှိတယ်။

သီတာစိုး




Asian Fame Media Group

# စီယမ်နီရာမစ်မှသည် ခေတ်မီမြန်မာကာဇာတ်သစ်ဆီသို့

■ ဟိန်းလတ် ■



Asian Fame Media Group

" မြန်မာ့သမိုင်းအစဉ်အလာက နှစ်တွေ ရာနဲ့ ထောင်နဲ့ချီပြီး ပြောလို့မကုန်၊ ပြလို့ မဆုံးပါဘူး။ မင်းခမ်းမင်းနားအနေနဲ့ပဲ ပြမလား။ ၁၂ ရာသီ ပွဲလမ်းသဘင်အနေနဲ့ပဲ တင်ဆက်မလား။ ရဲစိတ်၊ ရဲသွေး ဇာတိမာန် တက်စရာတွေဆိုလည်း တစ်ပုံတစ်ပင်ကြီးပါပဲ... "




ကျွန်တော်ထိုင်းနိုင်ငံကို မကြာခဏရောက်ပါတယ်။ ဘန်ကောက်မြို့သာမက ပတ္တရားတို့ ဖူးခက်တို့ ပင်လယ်ကမ်းခြေတွေ၊ အယုဒ္ဓယကအစ ချင်းမိုင်တို့၊ ချင်းရိုင်တို့ ဆူကိုထိုင်းတို့ ၊ မယ်ဆိုင်၊ မဲဆောက်အဆုံး နယ်စပ်က မြို့သေးမြို့မွှားလေးတွေအထိ အတော်ကို နှံ့နှံ့စပ်စပ်ရောက်ပါတယ်။ ထိုင်းနိုင်ငံတစ်ခွင် သွားသင့်သွားထိုက်တဲ့ နေရာအစုံအလင်ရောက်ဖူးပြီးပြီလို့တောင် တစ်ခါ တစ်ခါ ကြွားလုံးထုတ်သလို ပြောမိတတ်ပါတယ်။ ကျွန်တော် လေလုံးမိုးလုံးထွားနေတာကို နားကြား ပြင်းကတ်ဟန်တူတဲ့ ကျွန်တော့်မိတ်ဆွေတစ်ဦးက "စီယမ်နီရာမစ်" ကော ရောက်ပြီးပြီလားလို့ ကျွန်တော့်ကို မေးတယ်။ ရောက်ဖို့နေနေသာသာ ကြားတောင်မကြားဖူးဘူးလို့ဆိုတော့ အဲဒီမိတ်ဆွေက အံ့အားသင့်နေတယ်။ ဒါနဲ့များဗျာ ထိုင်းနိုင်ငံတစ်ခွင် ပြပြစင်ရောက်ဖူးတယ်လို့ စကားကြွားသန်လိုက်လေခြင်းဆိုတဲ့ မျက်နှာမျိုးနဲ့ ကျွန်တော့်ကို ပြန်ကြည့်နေတယ်။ ဒီတစ်ခေါက်တော့ (Asian Fame Media Group) ရုံးကအစီအစဉ်နဲ့ရောက်ဖြစ်သွားတယ်။ ကျွန်တော်နဲ့အတူ အယ်ဒီတာချုပ်နှစ်ယောက်ဖြစ်တဲ့ ကိုဖိုးနိုင်လင်းနဲ့ ကိုမျိုး (မြန်မာစာ) တို့ပါ ပါတယ်။ ဟုတ်ပါလေရဲ့။ ဒီနေရာမှ မရောက်ဖူးရင် ထိုင်းနိုင်ငံရောက်တယ်လို့ ဘယ်ခေါ်နိုင်မလဲ။ "စီယမ်နီရာမစ်"က ဘန်ကောက်မြို့လယ်နဲ့တော့ နည်းနည်းလှမ်းတယ်။ "ဟွေကွယ်ရပ်ကွက်"၊ တီရမ်ရွာမစ်လမ်းမှာ ရှိတယ်။ လမ်းပိတ်ဆို့တာတွေ ဘာတွေ မရှိဘူးဆိုရင်တော့ ကားနဲ့သွားရင် နာရီဝက်လောက်ပဲ ကြာပါတယ်။ တကယ်တော့ ဒါက တိုင်းရင်းသားကျေးရွာပုံစံလုပ်ထားတဲ့ နေရာပဲ။ အထဲဝင်သွားတာနဲ့ ထိုင်းကျေးလက်ရိုးရာအိမ်လေးတွေ တွေ့မယ်။ဆန်ဖွပ်တာ၊ မောင်းထောင်းတာ၊ လယ်ထွန်တာ၊ စပါးစိုက်တာတွေ တွေ့ရမယ်။ ရက်ကန်းခတ်သံ၊ ပန်းပဲဖိုက ပန်းပဲ ထုသံတွေကြားရမယ်။ ကျေးရွာတစ်ဝိုက်ကို ဆင်ကြီးတွေစီးပြီး လှည့်လည်ကြည့်ရှုလို့လည်း ရတယ်။ ကျေးလက်ရိုးရာ စားသောက်ဆိုင်တွေလည်း ရှိတယ်။ ရပ်ဓလေ့ရွာဓလေ့ မုန့်မျိုးစုံလုပ်နေတာ ကိုယ်တွေ့မျက်မြင် တွေ့ရမှာဖြစ်သလို ကိုယ်တိုင်စိတ်ကြိုက် မှာစားလို့လည်း ရတယ်။ အဆင်အပြင်တွေက သဘာဝကျကျဖန်တီးထားလို့ ဘန်ကောက်မြို့ရောက်နေတာနဲ့မတူဘဲ ထိုင်းရိုးရာကျေးရွာလေးတစ်ခု ရောက်နေသလို ခံစားရတယ်။ ကမ္ဘာလှည့်ခရီးသည်တွေနဲ့ နေ့စဉ်ရက်ဆက် ကြိတ်ကြိတ်တိုး စည်ကားနေတဲ့ နေရာပဲ။

အဲဒီ တိုင်းရင်းသားကျေးရွာ ဝင်းထဲမှာ ဇာတ်ရုံကြီး တစ်ရုံရှိတယ်။ ဒီဇာတ်ရုံက "စီယမ်နီရာမစ်" ဇာတ်ရုံပဲ။ ပရိသတ် ထောင်ကျော်ဆံ့တဲ့ ခေတ်မီကဇာတ်ရုံကြီးပဲ။ အထဲကို ဝင်တာနဲ့ ကင်မရာတွေ၊ အကုန်အပ်ရတယ်။ ရုပ်သေကင်မရာရော၊ ဗီဒီယိုကင်မရာရော ဘာမှယူသွားခွင့်မရှိဘူး။ "ဆီယမ်နီရာမစ်" ဇာတ်ရုံက "ဂင်းနစ်ကမ္ဘာ့အံ့ဖွယ်မှတ်တမ်း" စာအုပ်ထဲမှာတောင် အထင်ရှားဆုံး၊ အထူးခြားဆုံး ဇာတ်ရုံအဖြစ် စာရင်းသွင်းခြင်း ခံရတယ်ဆိုပဲ။

ဇာတ်ခုံက အကျယ်ကြီးပဲ။ ရှေ့ဘက်တည့်တည့် ကြည့်ရုံမကဘူး။ ဘေးပတ်ပတ်လည်ကိုပါ လျှောက်ကြည့်ရနိုင်လောက်တဲ့ ဇာတ်ခုံကြီးပဲ။ ထိုင်းနိုင်ငံရဲ့ သမိုင်းကြောင်းက ရာစုနှစ်ပေါင်းထောင်နဲ့ချီ ကြာခဲ့ပြီပဲ။ သမိုင်းစဉ်တစ်လျှောက် ဓလေ့ရိုးရာအစုံအလင် အခိုင်အမာရှိခဲ့တယ်။ တစ်ခေတ်တစ်ခါက ကြီးမားကျယ်ပြော မဟာဆန်လှတဲ့ ယဉ်ကျေးမှုကြီးတစ်ခု အချိန်အတော်ကြာ ထွန်းလင်းတောက်ပခဲ့ပုံကို "စီယမ်နီရာမစ်" ဇာတ်ရုံကနေ ပြန်ကပြတင်ဆက်တာ အံ့ဘနန်း



Asian Fame Media Group



ကြည့်ရပါတယ်။ ပထမဆုံးတင်ဆက်တဲ့အခန်းကတော့ "သမိုင်းကို နောက်ပြန်ကြည့်ခြင်း" ဆိုတဲ့အခန်း။ ရာစုနှစ် (၇)ခု ကျော်ကျော်၊ ထိုင်းနိုင်ငံမှာ ယဉ်ကျေးမှုမျိုးစုံ ပေါင်းစပ်ရှင်သန်ခဲ့တယ်။ အဲဒီယဉ်ကျေးမှုပေါင်းစုံ ထွေးရောယှက်တင် ရှင်သန်လာရာကနေ ထိုင်းယဉ်ကျေးမှု အစဉ်အလာတစ်ခုကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့တယ်။ အဲဒီခေတ်ကာလက မြောက်ဘက်မှာ "လန်နာ ရှေးဟောင်း ဘုရင့်နိုင်ငံ" တစ်ခု ပေါ်ထွန်းခဲ့တယ်။ နောက်ခံစကားပြောတဲ့သူက ဇာတ်ကြောင်းပြန်လို့ဆုံးတာနဲ့ ဇာတ်ခုံပေါ်ကို ဆင်တွေ တက်လာတော့တာပဲ။ ဘုရင်က ဆင်ပေါ်မှာ စံမြန်းလို့။ နောက်လိုက်နောက်ပါ ရံရွေတော်တွေက ဆင်ရဲ့နောက်က၊ ဘေးက လိုက်လံခစားလို့။ နောက်ခံအနေနဲ့ကတော့ ဧရာမခြသေ့်ရုပ်ကြီးတွေ၊ အဲဒီနောက်က နန်းတော်၊ စေတီပုထိုး။ သုံးဖက်မြင်ဇာတ်ကားတစ်ခုကို မြင်ကွင်းကျယ်ကျယ် ကြည့်နေရသလို ခံစားရတယ်။ ဇာတ်ဆောင်ကလည်း တကယ့်ကို ထောင်နဲ့ချီရှိနေတယ်။ ဘုရင်မင်းမြတ် ဗိုလ်ရှုခံထွက်လာတဲ့အခါ လမ်းခရီးတစ်လျှောက် သံစုံတီးဝိုင်းတွေတီးမှုတ်၊ ကချေသည်တွေက ကပြ၊ သိုင်းသမားတွေက သိုင်းရေးပြ၊ ပရိသတ်မျက်လုံးက တစ်နေရာတည်း ကြည့်လို့မရဘူး။ ရှေ့ရော၊ လက်ဝဲရော၊ လက်ယာရော၊ ဇာတ်ခုံနောက်ဘက်ရော၊ အကုန် လိုက်ကြည့်နေရတယ်။

ဒီလို ရှိနေရာကနေ နောက်တစ်ခန်း ပြောင်းသွားပြန်တယ်။ ဒီတစ်ခါကျတော့ ပင်လယ်ရပ်ခြားက တရုတ်ကုန်သည်တွေ ထိုင်းနိုင်ငံကို လာကြတဲ့အခန်း။ ဇာတ်ခုံဟာ ရေပြင်ကြီး ချက်ချင်းဖြစ်သွားတယ်။ ကုန်သဘော်ကြီးတွေ ဇာတ်ခုံပေါ် ရောက်လာတယ်။ တရုတ်ကုန်သည်တွေနဲ့ တရုတ်ရိုးရာအကအခုန်တွေပေါ်လာတယ်။ တိုင်းရင်းသားတွေကို သူတို့မှာပါလာတဲ့ ပစ္စည်းတွေ ရောင်းချ။ တိုင်းရင်းသားတွေနဲ့ ခင်မင်ရင်းနှီးသွား၊ တိုင်းရင်းသူတချို့နဲ့ တရုတ်ကုန်သည်တွေ အကြောင်းပါသွား။ တရုတ်အကတွေလည်း ကြည့်ရ၊ ထိုင်းအကတွေလည်း မြင်ရ။ တရုတ်နဲ့ထိုင်း ပေါင်းစပ်သွားတဲ့ယဉ်ကျေးမှုတွေလည်း တွေ့နေရတယ်။

အရှေ့မြောက်ဘက်ပိုင်းမှာကျတော့ "ခမာယဉ်ကျေးမှု" က အမြစ်တွယ်နေပြီ။ ခမာလူမျိုးတွေရဲ့ အကတချို့က ကျွန်တော်တို့ တိုင်းရင်းသားဝါးညှပ်အကမျိုးနဲ့ ဆင်တယ်။ ဇာတ်ခုံပေါ်မှာ ခမာကျောက်ဆစ်ရုပ်တုကြီးတွေ ပေါ်လာတယ်။ ခမာလေ့စရိုက်တွေ၊ ခမာလူမျိုးတွေ နေထိုင်စားသောက်ပုံတွေကို ပသာဒရှိရှိပြတာ ကြည့်ရတယ်။

နောက်တစ်ခန်းကတော့ ထိုင်းနိုင်ငံ အလယ်ပိုင်းကို ပြတယ်။ တစ်နည်းပြောရရင် "အယုဒ္ဓယမြို့"ရဲ့ ကြီးကျယ်ခမ်းနားမှုတွေကို ပြတာပဲ။ ကျေးလက်က အိမ်လေးတွေ တစ်စုတစ်ဝေးတည်းရှိနေတဲ့ ရွာလေးတစ်ခု။ လကသာနေတော့ ကွင်းပြင်မှာ ကလေးတွေက တပျော်တပါး လွတ်လပ်ခုန်ပေါက်ကစားနေကြ။ လူပျိုကာလသားကလည်း ရက်ကန်းခတ်နေတဲ့ အပျိုမလေးတွေဆီ ဖိုသံပေးပြီး ချစ်တေးကျူ။ အဲဒီအချိန်မှာ ချောင်းကလေးထဲမှ လှေကလေးတွေ လှော်လာကြတယ်။ ဗေဒါပန်းခူးတဲ့ သူကခူး။ မီးကြာတွေလုပ်ပြီး ဘုရားမီးပူဇော်သူက ပူဇော်၊ ကျွဲတွေနွားတွေ ဆိတ်တွေကို ကွင်းပြင်မှာ လှန်းထားတဲ့လူတွေက ရွာကိုပြန်ခေါ်လာကြ။ ကောက်ညှင်းဆန် ပေါင်းသူပေါင်း၊ ကောက်ညှင်းမုန့်တွေ လုပ်သူတွေလုပ်။ ရဟန်းတော်များ ဆွမ်းခံကြွလာတာကို သဒ္ဓါတရားအားကောင်းစွာနဲ့လောင်းလှူ။ တကယ့် ကြည်နူးစရာကျေးလက်သဘာဝအလှအပကို သရုပ်မှန် ကပြသွားကြတယ်။ အနောက်နိုင်ငံက သံတမန်တွေ ဘုရင်မင်းမြတ်ထံ အခစားဝင်ကြပုံ၊ ဘုရင်မင်းမြတ်က သံတမန်တွေကို မင်းခမ်းမင်းနားနဲ့ ပြန်လည်ဧည့်ခံခဲ့ပုံတွေကို နောက်ခံ LCD နဲ့ရော၊ ဇာတ်ခုံကို အနိမ့်အမြင့် အဆင့်ဆင့်လုပ်ပြီး တင်ဆက်ပုံနဲ့ရော၊ မီးမောင်းရောင်စုံနဲ့ ဇာတ်ခုံပြည့်ကစားတာတွေရော ရှိသမျှ အနုပညာအကုန်သုံးပြီး ပြသသွားကြလေရဲ့။


ပထမပိုင်းပြီးတော့ ဒုတိယပိုင်း ဆက်ပြတယ်။ ဒုတိယပိုင်းကတော့ "စိတ်ကူးကိုကျော်သွားတဲ့ခရီး" လို့ ခေါင်းစဉ်တပ်ထားတယ်။ ယဉ်ကျေးမှုတွေ ဘယ်လိုပဲ မျိုးစုံပေါင်းစပ်နေကြပေမယ့် ထိုင်းလူမျိုး ဗုဒ္ဓဘာသာဝင်အများစုက "ကံ"ကို ယုံကြည်ကြတယ်။ "ကံ" နဲ့ "ကံအကြောင်းတရား" ကို သူတို့ နှစ်နှစ်ကာကာ ယုံကြည်သက်ဝင်ကြတယ်။ ကောင်းမှုလုပ်ရင် နောင်ဘဝမှာ ကောင်းတာခံစားရမယ်၊ မကောင်းတာလုပ်ရင် မကောင်းသလို ငရဲမှာ ခံရမယ်ဆိုတာတွေကို ပြတယ်။ ဒါကြောင့် နတ်ပြည်နတ်ရွာ စံမြန်းကြတဲ့သူတွေ၊ ဂန္ဓာရီလောကမှာ ပျော်မြူးကြသူတွေနဲ့ အလျှံညီးညီးမီးတွေ တောက်လောင်နေတဲ့ ငရဲဘုံမှာ ခံနေကြရတဲ့သူတွေအကြောင်း၊ ငရဲဘုံပြကွက်ကတော့ တကယ့်ကို ထိတ်လန့်စရာပဲ။ ငရဲမင်းကြီးနဲ့ ငရဲသားတွေက လူယုတ်မာတွေကို အမျိုးမျိုးအဖုံဖုံ ဒဏ်ပေးနှိပ်ကွပ်ပုံတွေကို ကြောက်ခမန်းလိလိ ပြထားတယ်။

နောက်တစ်ခန်းကတော့ ကောင်းကင်ဘုံနဲ့ လူ့ဘုံကြားက 'ဟိမပန်' ဆိုတဲ့ တောထဲက ပျော်စရာကောင်းတဲ့ မြင်ကွင်းတွေ၊ ဇာတ်ခုံကောင်းကင်ပေါ်က တမန်တော်နတ်သမီး နတ်သားတွေ ပျံဝဲလာကြ၊ ကိန္နရီကိန္နရာတွေ ကခုန်ပျော်ပါးကြ၊ သူယောင် မယ်တွေနဲ့ ဝိဇ္ဇာဇော်ဂျီတွေ ဆုံတွေ့ကြ။

လူ့ဘဝမှာ ကောင်းမှုကုသိုလ်တွေ လုပ်ခဲ့ကြလို့ နတ်ပြည်ရောက်ကြတဲ့သူတွေ နတ် စည်းစိမ်၊ ဗြဟ္မာစည်းစိမ် ခံစားကြရပုံတွေကလည်း ပြချင်တိုင်းပြ လှချင်တိုင်းလှလို့ပေါ့။



MEDIA GROUP
Asian Frame Media Group



အပိုင်း ၃ ကတော့ ပျော်စရာပွဲတော်မျိုးစုံ၊ ရှင်လောင်းလှည့်တာ၊ သင်္ကြန်ဆွန်ခရန်ရေသဘင်ပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ မီးမျှောပွဲတွေကို ပြိုးပြိုးပြက်ပြက် အရောင်တွေမျိုးစုံ ပသာဒရှိအောင် သုံးစွဲပြီးပြသခဲ့ပါတယ်။

"စီယမ်နီရာမစ်" ဇာတ်ခုံအမြင့်က ၁၂ မီတာရှိတယ်။ ဒါဟာ ကမ္ဘာမှာ အမြင့်ဆုံးဇာတ်ရုံပဲ။ ဗြက်အကျယ်က ၆၅မီတာ၊ ဇောက်အနက်က မီတာ ၄၀။ ဒါကလည်း ကမ္ဘာပေါ်မှာ အကြီးဆုံး အကျယ်ဆုံး။ ဇာတ်ဆောင်လူသား သရုပ်ဆောင်တွေအပြင် ကျန်တဲ့အရုပ်ပေါင်းက အမျိုး ၁၀၀ ကျော်ရှိတယ်။ တချို့အရုပ်တွေဆိုရင် ၁၂ မီတာ အမြင့်ထိ အကြီးကြီးတွေပဲ။ ဒီလိုရုပ်တုအကြီးကြီးတွေ သုံးထားတဲ့အတွက် ကြည့်ရှုသူရဲ့စိတ်ဘဝင်မှာ တကယ့်ဖြစ်ရပ်မှန်ကြီးကို မျက်စိအောက်မှာ မျက်ဝါးထင်ထင်ကြည့်မြင်နေရသလို ခံစားမှုစစ်စစ်ဖြစ်စေတာပေါ့။

ပြိုးပြိုးပြက်ပြက် ဆေးရောင်စုံထင်ဟပ်နေတဲ့ ဝတ်စုံပေါင်းကလည်း ၅၀၀ ကျော် သုံးစွဲထားတယ်။ သမိုင်းသုတေသန သေသေချာချာလုပ်ပြီး သူတို့ခေတ်က သူတို့အဝတ်အစားအတိုင်း ပကတိတူညီအောင် ချုပ်လုပ်ထားတာကလည်း တန်ဖိုးထားစရာပါ။

မိနစ် ၈၀ ကြာ ဒီပွဲမှာ သရုပ်ဆောင်ပေါင်း ၁၅၀ ကျော် ပါဝင်ကြတယ်။ သေသေချာချာ လေ့ကျင့်သင်ကြားထားတဲ့ အနုပညာရှင်တွေချည်းပဲမို့ ဘယ်သူက ဇာတ်လိုက်၊ ဘယ်သူက ဇာတ်ရံရယ်လို့ ခွဲလို့တောင် မရတော့ပါဘူး။ သရုပ်ဆောင်အားလုံးကလည်း ထောင့်စေ့အောင် သူ့တာဝန်သူကျေပွန်အောင် ကပြသွားနိုင်ကြပါတယ်။

"စီယမ်နီရာမစ်" ရဲ့ အထူးခြားဆုံးကတော့ အတတ်ပညာဆိုင်ရာ အထူးပြုလုပ်ချက် (Technical Special Effects) တွေပါပဲ။ ဇာတ်ခုံပေါ်မှာ မိုးတွေရွာလာတယ်။ လယ်သူမတွေက ကောက်စိုက်ကြတယ်။ ကောက်ပင်လေးတွေ တစ်ရေးနိုးပြီး လန်းစွင့်ရှင်သန်လာကြတယ်။ ပျိုးစပါးတွေစိုက်ထားတဲ့ စိုက်တန်းလေးလှည့်လိုက်တဲ့အခါ ရင့်မှည့်နေတဲ့ စပါးပင်တွေအဖြစ် တန်းမြင်ရအောင် ဖန်တီးထားတယ်။ ကောက်ပဲသီးနှံတွေရင့်မှည့်လာလို့ ရိတ်သိမ်းကြတယ်။ အရုဏ်ဦးဆိုလည်း အရုဏ်ဦးနေအလင်း ရောင်၊ ညဆိုလည်း လပြည့်ည လအလင်းရောင်၊ မိုးကြိုးတွေထစ်ချုန်းလည်း တကယ့်မိုးကြိုးပစ်၊ လျှပ်လက်နေသလိုပဲ၊ လေထန်မုန်တိုင်းဆင်တဲ့ မြင်ကွင်းတွေဆိုလည်း ရုပ်ရှင်ကားဘောင်တစ်ခု သဘာဝကျကျ ကြည့်နေရသလို ခံစားနိုင်အောင် အထူးပြုလုပ်ချက်တွေက ပံ့ပိုးထားတယ်။ နတ်ဘုံနတ်နန်းလို ပြတဲ့အခါ နတ်မိမယ်လေး ၁၂ ပါး ကောင်းကင်မှာ ပျံဝဲနေတဲ့ အခန်းပါတယ်။ ဇာတ်ခုံခေါင်မိုးပေါ်ကနေ ဇာတ်ခုံအောက်ခြေအထိ နိမ့်ချည်မြင့်ချည် ကခုန်ပျော်ပါးနေကြတာ နောက်ခံ ကောင်းကင်ပြင်အရောင်ရယ်၊ အထူးပြုလုပ်ချက် အဆန်းတကြယ်တွေရဲ့ပံ့ပိုးမှုကြောင့် ရွှေပွဲလာတွေတောင် သူတို့နဲ့အတူ ကောင်းကင်ဘုံပေါ် မြောက်တက်လိုက်ပါသွားသလို ခံစားရတာပဲ။ ဇာတ်ခုံပေါ်က ရေကန်ကြီးထဲမှာ ငါးတွေ၊ လိပ်တွေ၊ ဟင်္သာတွေ၊ စင်ရော်တွေမြူးပျော်နေကြတဲ့ ပြကွက်ကလည်း အထူးပြုလုပ်ချက်ကြောင့် ရုပ်လုံးကြွ အသက်ဝင်နေလေရဲ့။ မိုးကြိုးပစ်၊ လျှပ်စီးလက်၊ မိုးရွာတဲ့ပြကွက်တွေကတော့ ကိုယ့်ကို မိုးစက်စင်မှာစိုးလို့ ကိုယ်ကိုယ့်နည်းနည်းဆုတ်ပြီး ကြည့်မိတဲ့အထိ သဘာဝကျလှတယ်။ နွေမိုးဆောင်း ဥတုသုံးလီအလိုက်အရောင်မျိုးစုံပြောင်းတဲ့ စပါးပင်လေးတွေ၊ ပန်းပင်လေးတွေကို ပြတဲ့နေရာမှာလည်း တကယ်ကို အနုစိတ်ပြနိုင်ခဲ့တယ်။ အရောင်အသွေးက စိုလွန်းလို့ တကယ့်စပါးပင်တွေ ပေါက်နေလားတောင် ထင်မှတ်မှားရတယ်။ အဆင်မြင့်နည်းပညာတွေသုံးထားပေမယ့် တောလေ့အသေးအမွှားတစ်ခုမှမကျန်အောင် ပေါင်းစပ်ပေးထားတယ်။ ကလေးတွေ အုန်းလက်ကို မြင်းလုပ်စီးတာကအစ ပါတယ်။

ဇာတ်မင်းသားလေး ဖိုးချစ် ဒီပွဲက အပြန်မှာလည်း မြန်မာပြည်မှာ ဒီလိုဇာတ်ခုံလုပ်ချင်ကြောင်း တဖွဖွပြောတယ်။ မြန်မာပြည်မှာ အမြဲတမ်းဇာတ်ရုံကြီးတစ်ခု ခံ့ခံ့ညားညားပေါ်ထွက်ပြီး "စီယမ်နီရာမစ်" လို ကပြချင်တဲ့ကိစ္စက သူ့ရဲ့ မဟာအိပ်မက်ပဲလို့ ပြောဖူးတယ်။ ဟန်ဇာမိုးဝင်းတို့ ဒီပွဲကြည့်ပြီးတဲ့အခါမှာလည်း စုတ်တသပ်သပ် လက်ဖျားတခါခါနဲ့ "စီယမ်နီရာမစ်" အကြောင်း ပြောမဆုံးဘူး။

မြန်မာ့သမိုင်းအစဉ်အလာက နှစ်တွေ ရာနဲ့ထောင်နဲ့ချီပြီး ပြောလို့မကုန်၊ ပြလို့မဆုံးပါဘူး။ မင်းခမ်းမင်းနားအနေနဲ့ပဲ ပြမလား။ ၁၂ ရာသီပွဲလမ်းသဘင်အနေနဲ့ပဲ တင်ဆက်မလား။ ရဲစိတ်၊ ရဲသွေး ဇာတိမာန်တက်စရာတွေဆိုလည်း တပုံတပင်ကြီးပါပဲ။ ဇာတ်သဘင်မျိုးဆက်သစ်လေးတွေဖြစ်ကြတဲ့ ဖိုးချစ်တို့၊ ဟန်ဇာမိုးဝင်းတို့၊ စွမ်းတို့ဆိုလည်း အနုပညာအခံပြည့်ဝပြီး အထူးကြိုးစားကြလို့ ပရိသတ် တစ်ခဲနက်အားပေးနေကြတဲ့ ဇာတ်မင်းသားလေးတွေ ဖြစ်နေကြပါပြီ။ ကျွန်တော်တို့မှာ လိုတာဆိုလို့ နက်ရှိုင်းတိကျတဲ့ သုတေသန အချက်အလက်တွေပေါ် မူတည်ပြီး နည်းပညာနဲ့ အထူးပြုလုပ်ချက်တွေ ပေါင်းစပ်တင်ဆက်ပေးဖို့ပါပဲ။ တစ်ချိန်က ယဉ်ကျေးမှုဝန်ကြီးဌာနက တင်ဆက်ခဲ့တဲ့ 'ဖိုးရာဇာ' လို ကဇာတ်ကြီးတွေရဲ့ အဆင့်က မနိမ့်လှပါဘူး။ ဒါမျိုးတွေကို အခံထားပြီး နည်းပညာ အထူးပြုလုပ်ချက်တွေ ခေတ်မီမီ သုံးထားတဲ့ မြန်မာ့ဂုဏ်ဆောင် ကဇာတ်တစ်ခုတော့ မကြာခင် ကြည့်ခွင့်ရလိမ့်မယ်လို့ မျှော်လင့်မိနေပါတယ်။

**ဟိန်းလတ်**

Asian Fame Media Group

# မိုးရာသီ အမှတ်တရများ

**မိုးသောက်ကြယ်**




နယုန်မိုးသေး မြက်သားမွေး ဆိုတဲ့အတိုင်း နွေအကုန်မိုးအကူး ရွက်ဝါလေးတွေကြွေ၊ ရွက်နုသစ်တို့ဝေ၊ မိုးစက်တို့ စွေတဲ့အခါ အတွေးများ ပျံ့လွင့်နယ်ချဲ့တတ်တာ လူသားတို့ရဲ့သဘာဝပါ။ အဲဒီအခါကျရင် အိပ်မက်၊ အတိတ်တို့ဟာ အရိပ်ပမာ အမှတ်တရများ ဖြစ်စေခဲ့ပါတယ်။ ကျန်ခဲ့တဲ့ မိုးတွင်းများစွာမှာ ဆိုတာလေးကို စိတ်ကူးမိတဲ့အခါ အများက အားပေးကြတဲ့ အနုပညာရှင်များရဲ့မိုးရာသီမှာ ဘယ်လိုအမှတ်တရတွေရှိခဲ့လဲ ဆိုတာကို ပရိသတ်တွေ မျှဝေခံစားနိုင်စေရန် စီစဉ် ဖော်ပြပေးလိုက်တာပါ။

## နေယံ

**မိုးရာသီမှာ အမှတ်တရအဖြစ် ထင်ကျန်ခဲ့တာများ ရှိခဲ့ရင်**

ကျွန်တော် ဆယ်တန်းအောင်တဲ့ နှစ်တုန်းက ရွာပြန်ပြီး သူငယ်ချင်းတွေရဲ့ လယ်ထဲမှာ လက်တွန်းလယ်ထွန်စက် မောင်းဖူးတယ်။ သူငယ်ချင်းတွေက ပြောတယ်။ မင်း လယ်ကွက်ရဲ့ အထာမသိဘဲ မမောင်းနဲ့။ လယ်ထဲမှာ မိုးတွေလျှံနေတာ အောက်ကို ဘာမှမြင်ရတာ မဟုတ်ဘူး။ အဲဒီထဲမှာ ကြွက်တွင်းတွေ၊ ချိုင့်ခွက်တွေ ရှိတယ်တဲ့။ ကျွန်တော်လည်း "အင်းပါ" ဆိုပြီး မိုးရေထဲ



Asian Fame Media Group

ပျော်ပျော်နဲ့ မောင်းပြီးကွေ့ချလိုက်တာ ချိုင့်ခွက်ထဲ ထွန်စက်ကြီး ကျွံကျပါလေရော။ အဲဒီမှာ ငါတို့ စက် တော့ ပျက်ပါပြီဆိုပြီး သူငယ်ချင်းတွေက ဝိုင်းပြောကြ တယ်။ ဒါနဲ့ ကျွန်တော်လည်း "မပူပါနဲ့ ငါကူတင်ပေးပါ မယ်" ဆိုပြီး အားလုံး ဝိုင်းတွန်းတင်လိုက်ကြတာ၊ တစ်ကိုယ်လုံးရွှံ့တွေပေကျံတော့မှပဲ ထွန်စက်က အပေါ် ပြန်ရောက်တော့တယ်။ ဒီအဖြစ်အပျက်ကတော့ အခု ချိန်ထက်စာရင် ပြန်မရနိုင်တော့တဲ့ အရိပ်အဖြစ် ထင် ကျန်စေမယ့် အမှတ်တရပါပဲ။ ကောင်းကင်ပြင်အောက် က ဟာလာဟင်းလင်း လယ်ကွင်းပြင်ကြီးထဲမှာ မိုးရေ တွေနဲ့အတူ မမေ့နိုင်တဲ့ အမှတ်တရလေးတွေ ဖြစ်ခဲ့ ပါတယ်။ ရွှံ့ဗွက်ထဲ ရုန်းကန်လှုပ်ရှားနေရတဲ့ သူတို့လေး တွေရဲ့ဘဝကိုလည်း ကိုယ်ချင်းစာမိပါတယ်။

**မိုးရာသီကို နှစ်သက်လား။ ဘာကြောင့် နှစ်သက် တာလဲ။**

ပြတင်းပေါက်ကနေ မိုးရေစက်လေးတွေကို ငေး ကြည့်ရင်း အတွေးနယ်ချဲ့ရတာ မိုးရာသီကို နှစ်သက်ရ ခြင်း အကြောင်းတွေ အများကြီးထဲကနေ အနှစ်သက် ဆုံး ဇီလင်လေးပါ။

**မိုးမိပြီး ပြန်လာတဲ့အခါ ဘယ်လို အစားအစာမျိုး စားရတာ ကြိုက်လဲ။**

ပူပူနွေးနွေးဖြစ်တဲ့ အစားအစာမျိုးကို ကြိုက်ပါ တယ်။

**မိုးရွာနေတဲ့အခါ ဘာလုပ်နေရတာကို နှစ်သက်လဲ။**

မိုးရွာနေတဲ့ အချိန်မှာ စာအုပ်လေးတွေ ဖတ်နေရ တာကို ဝါသနာပါပါတယ်။ ဗဟုသုတလေးတွေလည်း ရတော့ ကိုယ့်အတွက် အကျိုးလည်း ရှိတာပေါ့။

**မိုးစက်လေးတွေနဲ့အတူ တွဲမြင်နေခဲ့တဲ့သူ ရှိခဲ့ရင်**

အဲသလိုတော့ မရှိပါဘူး။

**မိုးစက်တွေကိုကြည့်ပြီး တွေးနေမိတဲ့အကြောင်း**

မိုးရွာနေတဲ့အခါ မိုးစက်လေးတွေကို ငေးကြည့် နေရင်း ဩော် အခုတော့ မိုးရွာလာပြီ နောက်တော့ လည်းပြီးသွားမှာပါလားလို့ တွေးနေမိပါတယ်။

**မိုးမိပြီးပြန်လာတဲ့အခါ အခိုဝင်ချင်ဆုံး ရင်ခွင်..**


ငယ်ငယ်က မိုးရေထဲ မိုးမိပြီးပြန်လာတဲ့အခါ မိဘ ရင်ခွင်ကို ချမ်းချမ်းနဲ့ တိုးဝင်မိတာပဲ။ ခုထိလည်း အဖေ၊ အမေရင်ခွင်ပါပဲ။ နောက်ရှိလာတဲ့ အခါဆိုရင်လည်း မိဘလောက်တော့ နွေးထွေးမှု မမီနိုင်ဘူးလို့ ထင်ပါ တယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော် ဘာကြီးပဲဖြစ်နေ ဖြစ်နေ မိဘဆိုတာကတော့ အမြဲ welcome ပဲလေ။ အမြဲတမ်း ခိုလှုံခွင့် ရှိတယ်လေ။ တစ်ဦးတစ်ယောက် ဆိုတာကတော့ သူစိတ်ပျော်ရွှင်နေတဲ့အခါ ပြုံးပျော်စွာ ကြိုဆိုနိုင်ပြီး စိတ်ဖိစီးမှုတွေ ရှိနေတဲ့အခါမှာတော့ အခု လို ကြိုဆိုနိုင်မှာ မဟုတ်ပါဘူး။

**မိုးရွာထဲမှာ အသုံးပြုဖို့ လိုအပ်တဲ့အရာရဲ့ brand တံဆိပ်။**

မရှိပါဘူး။ မိုးလုံရင် ကိုယ့်အတွက် ဘယ်တံဆိပ် မဆို အသုံးဝင်ပါတယ်။

**မိုးရွာနေတဲ့အချိန် အော်ဆိုနေမိတဲ့ သီချင်း..**

မိုးရွာနေချိန်မှာ စာအုပ်ဖတ်ရတာ ပိုစိတ်ဝင်စား နေလို့ သီချင်းအော်ဆိုဖို့တောင် မေ့နေခဲ့ပါတယ်။




**မိုးရေစက်တွေနဲ့အတူ တွဲမြင်နေရတဲ့ အရောင်၊ အရောင်အပေါ် ခံစားချက်။**

မိုးရွာနေတဲ့အခါ နေခွင်းဘက်ဆိုရင် နေရောင် ခြည်ရဲ့ အလင်းနဲ့အတူတွဲမြင်ရပြီး စိတ်ထဲမှာ ပေါ့ပါး စိမ်းလန်းမှုတွေကို ခံစားရပါတယ်။ ညမှောင်တဲ့အခါ မိုးရွာရင်တော့ မိုးစက်တွေကို သဲကွဲစွာ မမြင်ရဘူးလေ။ မိုးရွာနေတာတော့ သိတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကားမီးထိုးလိုက်လို့ လင်းကျလာတဲ့ အလင်းရောင် ကြားက မိုးစက်တွေကတော့ ဘာနဲ့မှလဲလို့မရတဲ့ လှပ တဲ့ ခံစားချက်ပါပဲ။

**မိုးရွာထဲ မဖြစ်မနေအလုပ်သွားရတဲ့အခါ ဖြစ်ပေါ် လာတဲ့ ခံစားချက်**

မိုးရွာထဲ အလုပ်သွားရတဲ့အခါ အရမ်းပျော်တယ်။ မိုးတော့စိုတာပေါ့။ ဒါပေမဲ့ကိုယ်ကမိုးကိုကြိုက်တာ ကိုး။

June **မိုးရေစက်တွေနဲ့အတူ ပရိသတ်များနဲ့ ကမ္ဘာ သူ ကမ္ဘာသားအားလုံးအတွက် မိုးဦးနှုတ်ခွန်းဆက် နဲ့ ဆုတောင်း**

မိုးရာသီဆိုတာ အေးချမ်းတဲ့ ရာသီလေ။ ဒါ ကြောင့် မိုးတွင်းကာလ တစ်လျှောက်လုံး လမ်းပေါ်မှာ ရေမလျှံဘဲ သာယာအေးချမ်းစွာနဲ့ ဖြတ်ကျော်နိုင်ပါစေ လို့ ဆုတောင်းပါတယ်။ ကိုယ့်ကို အားပေးကြတဲ့ ပရိသတ်တွေရော၊ ကမ္ဘာသူ ကမ္ဘာသားများပါ ဘေးရန် ကင်းလို့ ပျော်ရွှင်ချမ်းမြေ့မှုတွေကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

♦

Asian Fame Media Group



## ဖူးစုံ

**မိုးရာသီမှာ အရိပ်ပမာ ထင်ကျန်စေမယ့် အမှတ်တရများ**

အထွေအထူးတော့ မရှိပေမယ့် ဒီဇင်ဘာလို ဆောင်းတွင်းမှာ မွေးတဲ့သူတစ်ယောက် အနေနဲ့တော့ မိုးတွင်းကို အကြိုက်ဆုံးဖြစ်တာ ဆန်းတာပေါ့နော်။

**ကလေးဘဝတုန်းက မိုးရွာရင် ပျော်စရာအကောင်းဆုံး အမှတ်တရ**

ငယ်ငယ်တုန်းကတော့ မိုးရွာလာပြီ ဆိုတာနဲ့ မိုးရေထွက်ချိုးရင်း ကစားတော့တာပဲ။

**မိုးရာသီကို နှစ်သက်လား။ ဘာကြောင့် နှစ်သက်တာလဲ။**

မိုးရာသီဆိုရင် အများက စိုစွတ်လို့ မနှစ်သက်ကြဘူးပေါ့နော်။ ဖူးစုံကတော့ ဥတုသုံးပါးမှာ နွေတို့ ဆောင်းတို့ထက်စာရင် မိုးကို ပိုကြိုက်တယ်။ စိုစွတ်ပေမယ့် အေးချမ်းတယ်။ နေလို့ကောင်းတယ်။

**မိုးမိပြီး ပြန်လာတဲ့အခါ ဘယ်လို အစားအစာမျိုး စားရတာ နှစ်သက်ပါသလဲ။**

မိုးရွာထဲက ပြန်လာရင် ချမ်းတယ်လေ။ အဲဒီအခါကျရင် ဖူးစုံကတော့ ကော်ဖီပူပူလေးပဲ သောက်ချင်တယ်။

**မိုးရွာတဲ့အခါ ဘာလုပ်နေရတာ ဝါသနာပါလဲ။**

မိုးရွာတဲ့အခါ လွမ်းစရာလေးတွေ ဖြစ်လာတတ်သလို တံခါးတွေ အလုံပိတ်ပြီး သရဲကား ကြည့်နေရတာကိုလည်း အရမ်းကို ဝါသနာပါတယ်။

**မိုးရေစက်လေးတွေနဲ့ အတူ တွဲမြင်နေရတဲ့သူ ရှိခဲ့ရင်**

အဲဒါတော့ မရှိပါဘူး။ (လုံးဝမရှိပါဘူး)



Asian Fame Media Group







**မိုးစက်တွေကိုကြည့်ပြီး တွေးနေမိတဲ့အကြောင်း ..**

လတ်တလောဖြစ်ပေါ်နေတဲ့ အကြောင်းအရာပေါ် မူတည်ပြီး တွေးပါတယ်။ မိုးရွာတာကို ကြည့်ပြီး လွမ်းစရာ ကောင်းတဲ့ feeling မျိုးရှိတဲ့ အကြောင်းအရာတွေကို တွေးမိပါတယ်။

**မိုးမိပြီးပြန်လာတဲ့အခါ အစိုဝင်ချင်ဆုံး ရင်ခွင် ..**

မရှိပါဘူး။

**မိုးရွာတဲ့အခါမှာ လိုအပ်တဲ့အရာရဲ့ အသုံးပြုတဲ့ Brand တံဆိပ်**

Brand တံဆိပ်တော့ မရှိပါဘူး။ အပြင်မှာ ရှိနေတဲ့အချိန် ရုတ်တရက် မိုးရွာတဲ့အခါ ဘေးနားရှိတဲ့ ဆိုင်ထဲဝင်ပြီး တွေ့တဲ့ထီး ဝယ်ဆောင်းလိုက်တာပဲ။

**မိုးရွာနေတဲ့အချိန် အော်ဆိုနေမိတဲ့သီချင်း**

သီချင်း အော်ဆိုရတာထက် ရုပ်ရှင်ကြည့်ရတာကို ပိုပြီးနှစ်သက်ပါတယ်။

**မိုးရေစက်များနဲ့အတူ တွဲမြင်နေရတဲ့ အရောင်နဲ့ အရောင်အပေါ် ခံစားချက်။**

မိုးရွာလာရင် မိုးစက်တွေကြောင့် စိမ်းလန်းသွားတဲ့ ပတ်ဝန်းကျင်ကို မြင်ပါတယ်။ အစိမ်းရောင်ဆိုတာ အေးမြမှုကို ဖော်ဆောင်တယ်လေ။

**မိုးရွာထဲ မဖြစ်မနေ အလုပ်သွားရတဲ့အခါ ဖြစ်ပေါ်လာတဲ့ ခံစားချက်**

မိုးတွင်းကိုတော့ အရမ်းကြိုက်တယ်။ ဒါပေမဲ့ အလုပ်သွားရတဲ့အခါ အရမ်းဒုက္ခရောက်တယ်။ ရှူတင်ရှိတဲ့ရက် မိုးရွာတဲ့အခါ စိတ်ညစ်ရတာပေါ့နော်။ အဲဒီအခါကျရင် တိုက်အိမ်ဆိုရင် အကြောင်းမဟုတ်ဘူး။ ပျဉ်ထောင်အိမ်ဆိုရင် သွပ်နဲ့ မိုးထားတာများတော့ မိုးသံတွေကြောင့် တစ်ရက်လုံး နားလိုက်ရတာမျိုးဆိုတော့ နည်းနည်းတော့ ကသီတာပေါ့နော်။

June **မိုးစက်များနဲ့အတူ ပရိသတ်များနဲ့ ကမ္ဘာသူကမ္ဘာသား အားလုံးအတွက် မိုးဦးနှုတ်ခွန်းဆက်စကားနဲ့ ဆုတောင်း**

ဖူးစုံကိုကြိုက်တဲ့ ပရိသတ်ရော၊ မကြိုက်တဲ့ ပရိသတ်ကိုရော ကမ္ဘာသူကမ္ဘာသား အားလုံးကိုရော June မိုးစက်များနဲ့အတူ မိုးတွင်းကာလ တစ်လျှောက်လုံး အေးချမ်းစွာ ဖြတ်ကျော်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

မိုးသောက်ကြယ်



Asian Fame Media Group

မိုးမိုး

**မိုးရာသီမှာ မမေ့နိုင်ဘဲ ပုံရိပ်အဖြစ် ထင်ကျန်နေခဲ့တဲ့ အမှတ်တရ။**

မိုးရာသီမှာ မွေးတာမဟုတ်တဲ့ ကျွန်တော့်ကို မိုးရာသီအတွက် အင်တာဗျူး လာလုပ်တာဟာ ကျွန်တော့်အတွက်တော့ အသစ်ဆုံး အမှတ်တရပါ။ ကလေးဘဝတုန်းကဆိုရင် မိုးတအားရွာတဲ့အခါ နယ်မှာ ကျောင်းမသွားကြဘူး၊ ရန်ကုန်မှာဆို မိုးရွာလို့ ကျောင်းမသွားဘူးဆိုရင် တစ်နှစ်ပတ်လုံး ကျောင်းမသွားဘဲ နေရတော့မှာပေါ့။ နယ်မှာကျတော့ အဲသလို မဟုတ်ဘူး။ မိုးရွာရင် ကျောင်းမှာ ရေတွေလျှံနေတော့ ကျောင်းပျက်ခွင့် ပါမစ်ရတဲ့ သဘောပေါ့။ အဲဒါက ကလေးဘဝ အမှတ်တရပါ။

၂၀၁၀ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ည မန္တလေးမှာ စတိတ်ရှိုးရှိတယ်။ ပြီးတော့ သီတင်းကျွတ် လပြည့်ကျော် တစ်ရက်နေ့မှာ ရန်ကုန်မှာ ရှိုးပွဲရှိတယ်။ အဲဒီညမှာ မုန်တိုင်းတိုက်တော့ စတိတ်ရှိုးကို လပြည့်ကျော် တစ်ရက် ချိန်းမယ် လုပ်တယ်။ ဒီတော့ တခြားလူတွေကတော့ ရတာပေါ့။ ကျွန်တော်ကတော့ စတိတ်ရှိုး နှစ်ခု တိုက်နေတာပေါ့။ ဒါနဲ့ ရန်ကုန်ရှိုးအတွက် မနက်အစောပိုင်း လေယာဉ်နဲ့ပြန်တယ်။ မုန်တိုင်းဖြစ်စဉ်ရှိတဲ့ အတွက် မနက် ၆ နာရီထွက်ရမယ့် လေယာဉ်က ၉ နာရီကျော်လောက်မှ ထွက်တယ်။ မွန်းလွဲ ၁ နာရီသီချင်းဆိုရမှာ ၁၂ နာရီထိုးမှ ရောက်တယ်။ အဲဒီတော့ ချက်ချင်း အိမ်ရောက်တာနဲ့ ရေချိုး၊ ပြီးတာနဲ့ ချက်ချင်း စတိတ်ရှိုးသွားဆိုတယ်။ ပြီးတာနဲ့ ၃ နာရီ လေယာဉ်နဲ့ မန္တလေးကိုပြန်တယ်။ ရောက်ရောက်ချင်း ပွဲကိုကားနဲ့ သွားတယ်။ အချိန်က နှစ်ပိုင်းဆိုတော့ ကျွန်တော်က ဒုတိယပိုင်းပဲ မီတော့တယ်။ ဒါကတော့ အနုပညာလောကထဲ စဝင်လာတဲ့ အချိန်ကနေ ဒီနေ့ထိ အမှတ်တရပဲပေါ့။

**မိုးရွာရင် ကလေးဘဝတုန်းက ဘာလုပ်ရတာ နှစ်သက်လဲ။**

မိုးရေချိုးချင်တာပေါ့။ ဒါပါပဲ။

**မိုးရာသီကို နှစ်သက်လား။ ဘာကြောင့်လဲ။**

ကျွန်တော်က ဘယ်ရာသီကိုမှ နှစ်သက်တာလည်းမဟုတ်၊ မနှစ်သက်တာလည်း မဟုတ်ပါဘူး။ မနှစ်သက် လည်း ရောက်လာမှာပဲ။ နှစ်သက်ရင်လည်း ကုန်သွားမှာပဲ။ ဒါကြောင့် ဘယ်ရာသီကိုမှ ကြိုက်တယ်လည်း မဟုတ်ဘူး။ ဘာကြောင့်လဲဆိုရင် သဘာဝက ဖြစ်ခြင်းတရားတွေကို မကြိုက်ရင် ကျွန်တော်ပဲ စိတ်ဆင်းရဲရမှာ ပေါ့။

**မိုးရွာပြီး ပြန်လာတဲ့အခါ ဘယ်လို အစားအစာမျိုးစားရတာ နှစ်သက်လဲ။**

အစားစားဖို့ထက် မိုးမိပြီး ပြန်လာတာဆိုတော့ ကျန်းမာရေးအတွက် ခေါင်းကို ခြောက်အောင်သုတ်၊ အဝတ်အစားလဲပြီး အိမ်မှာရှိတာပဲ စားတတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုးရွာနေတော့ အပြင်ထွက်ဝယ်လို့ မလွယ်ဘူးလေ။

**မိုးရွာနေတဲ့အခါ ဘာလုပ်နေရတာ ဝါသနာပါ လဲ။**

အပြင်မှာ မိုးရွာနေလား၊ နှင်းကျနေလား၊ ကျွန်တော်မသိဘူး။ ကျွန်တော်က ကိုယ့်အလုပ်နဲ့ ကိုယ် Studioခန်းမှာ ရှုပ်နေတာ။ မိုးရွာတဲ့အချိန်မှာ လုပ်မယ်ဆိုတာတော့ မရှိဘူး။ ကျွန်တော် အလုပ်လုပ်နေတဲ့ အချိန်မှာသာမိုးရွာတာပါ။ မိုးအရမ်းရွာရင်တော့ အလုပ်တွေ ရပ်ထားတယ်။ မိုးအုန်းအုန်းရွာနေတဲ့အခါ ဘာသံမှ မကြားရဘူးလေ။

**မိုးရေစက်တွေနဲ့အတူ တွဲမြင်နေရသူ ရှိခဲ့ရင်။**

ကျွန်တော့်ကိုယ် ကျွန်တော်ပဲ မြင်တယ်။ အခြားသူ တစ်ယောက် ဆိုရင်တော့ မရှိဘူးလို့ ပြောရမှာပေါ့နော်။

**မိုးစက်တွေကြည့်ပြီး တွေးနေမိတဲ့အကြောင်း။**

ဒါကတော့ မိုးစက်ကိုကြည့်ပြီး တွေးရမယ်ဆိုတော့ တော်တော်အချိန်ယူရမယ့် ကိစ္စကြီးပဲ။ ကျွန်တော့်မှာ ရုပ်ရှင်ကြည့်ဖို့ အချိန်တောင်မရဘူး။ အဲသလို ပြောတော့ "ကိုမိုး" က အရမ်းကြီးကျယ်တယ်။ အလုပ်ရှုပ်ပြတယ် ထင်နေဦးမယ်။ ကျွန်တော့်မှာ သားသမီး နှစ်ယောက်ရပြီ။ သူတို့လေးတွေ အတွက်လည်း တာဝန်ကျေရတယ်။ အငြိမ့်ကဖို့ လုပ်နေတော့လည်း အကောင်းဆုံးဖြစ်ဖို့ အားစိုက်နေရတယ်။ အခွေသွင်းတဲ့အခါမှာလည်း စနစ်ကျဖို့ အချိန်ယူရတယ်။





Asian Fame Media Group



အခုလည်း သီချင်းသွင်းနေတာလေ။ အဲဒီလိုဆိုတော့ ကျွန်တော့်မှာ မိုးစက်တွေကြည့်ပြီး တွေးဖို့အချိန်တောင် မရပါဘူး။

**မိုးမိပြီး ပြန်လာတဲ့အခါ အရိုဝင်ချင်ဆုံးရင်ခွင်။**

မိုးမိပြီး ပြန်လာရင်တော့ အရင်ဆုံး ရေချိုးခန်းဝင်ချင်တယ်။ ရင်ခွင်ဆိုရင်တော့ အမေပဲရှိမှာပါ။ အမေကလွဲရင် ဘာရှိမှာလဲ။ အခြားရင်ခွင်ဆိုရင် ကျွန်တော်တော်တော်နွဲ့တဲ့သူ ဖြစ်သွားမှာပေါ့။ မဟုတ်ဘူးလား (ရယ်လျက်)။

**မိုးရွာတဲ့အခါ အသုံးပြုဖို့ အလိုအပ်ဆုံး အရာတွေကို ဘယ်လို Brand တွေ သုံးတတ်လဲ။**

ကျွန်တော့်ဆီမှာ ထီးလည်းမရှိဘူး။ မိုးကာလည်းမရှိဘူး။ မိုးရွာတုန်းအပြင်ထွက်ဖို့ ပေါ်လာရင် အမိုးအောက်ကနေ ကားဆီကို ပြေးတယ်။ တစ်ယောက်ယောက်က ထီးလာမိုးပေးတယ်။ အဲဒီထီး ဘာတံဆိပ်လည်း ကျွန်တော်မသိဘူး။ ကားထဲမှာလည်း ထီးတစ်ချောင်း ထည့်ထားတယ်။ တံဆိပ်တော့ မသိဘူး။ မိုးကာတော့ လုံးဝမရှိတာ သေချာတယ်။

**မိုးရွာနေစဉ် အော်ဆိုနေမိတဲ့ သီချင်း။**

မိုးရွာတဲ့အချိန် သီချင်းအော်ဆိုဖို့က အသက်ဆယ့်ငါးနှစ်ကနေ နှစ်ဆယ့်ငါးနှစ်ကြားရှိတဲ့ လူငယ်တွေရဲ့ အတွေးအခေါ်ပေါ့နော်။ အဲဒီအခါကျရင် မိုးရေထဲ ဖိနပ်မပါဘဲ လျှောက်သွားပြီး မျက်နှာကို ကောင်းကင်မော့ပြီး ကျလာတဲ့ မိုးရေစက်တွေကို ခံစားတတ်ကြတာပေါ့နော်။ အခု ကျွန်တော်က အဲဒီအရွယ် မဟုတ်တော့ ဒါတွေမေ့ကုန်ပြီ။ ကျွန်တော်က အနုပညာရဲ့ ဂီတသင်္ကေတ ဆိုတာတွေကို အားစိုက်နေရတော့ ဒီလိုမျိုးထက် ကျွန်တော် အခု ဘယ် music ကိုအားစိုက်နေရလဲ၊ ဘယ်လိုစကေးမျိုးကို ကိုင်နေလဲ၊ ဘယ်လိုသီချင်းတွေကိုကြိုက်တတ်လဲလို့မေးရင် ကျွန်တော်ဖြေရမှာ ကွက်တိပဲ။ မိုးရွာနေရင် သီချင်းရေးချင်စိတ်တော့ ရှိတယ် (ရယ်လျက်)။

**မိုးစက်တွေနဲ့ တွဲမြင်နေရတဲ့ အရောင်၊ အရောင်အပေါ် ခံစားချက်။**

မိုးအဲလောက်ရွာနေရင် စိတ်ရှုပ်တယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တည်းက မိုးစက်တွေကို တွေ့ချင်လို့ အပြင်ထွက်တယ်ဆိုတာ မရှိတော့ဘူး။ အဲဒီလိုလည်း လုပ်ခွင့်မရှိဘူး။ဘဝပေးအခြေအနေအရကျွန်တော် အပြင်ထွက်တဲ့အခါ အလုပ်ကိစ္စနဲ့ပဲ ထွက်ရတယ်။ အဲဒီတော့ မိုးရွာနေတဲ့ အခါမျိုးဆိုရင် စိတ်ရှုပ် ချင်တယ်။

**မိုးရေထဲ မဖြစ်မနေ သွားရတဲ့အခါ ဖြစ်ပေါ်လာတဲ့ ခံစားချက်။**

မိုးရွာတဲ့အခါ ရေလျှံတယ်။ လမ်းပိတ်တယ်။ အဲဒီတော့ ကိုယ်သွားချင်တဲ့နေရာ သွားရတာ ကြန့်ကြာတာပေါ့။ အဲဒီအခါကျရင် ကားတံခါး ဖွင့်လိုက်တဲ့အခါ ရေတွေ အိုင်ထွန်းနေတော့ တယ်လီဖုန်းတို့၊ ကားသော့တို့ များ ကျသွားမလား။ စိုးရိမ်နေရတာမျိုးတွေ ရှိတယ်။ ကျွန်တော်က ပရိသတ်တွေကို အနုပညာနဲ့ ဖျော်ဖြေနေပေမယ့် ကျွန်တော်ကျတော့ အနုပညာကို ပြန်ခံစားချိန် မရှိပါဘူး။

**June မိုးရေစက်များနဲ့အတူ ပရိသတ်များနဲ့ ကမ္ဘာသူ ကမ္ဘာသား အားလုံးကို June မိုးစက်များနဲ့အတူ မိုးဦးနှုတ်ခွန်းဆက်စကား။**

မိုးရာသီဆိုရင် ကားလမ်းတွေ ပိတ်တာကို စိတ်မပျက်ကြပါနဲ့။ တန်ဖိုးကြီး ပစ္စည်းတွေကို ရေအိုင်ထဲ ပြုတ်မကျအောင် ဂရုစိုက်ကြပါ။ တန်ဖိုးကြီးဆိုတာ တခြားနိုင်ငံတွေမှာတော့ တန်ဖိုးကြီးချင်မှ ကြီးမယ်။ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ Handphone ကို တန်ဖိုးကြီးတယ်လို့ သတ်မှတ်ထားတယ်။ ကျွန်တော့်ဖုန်းက ၂၅ သိန်းပေးရတာကိုး။ ဒီဖုန်းလေးရှိတော့ အလုပ်လုပ်ရတာ အဆင်ပြေတယ်။ ဒါ့ကြောင့် မိုးရေထဲ သွားရတဲ့ အခါ မပြုတ်ကျအောင် အမြဲဂရုစိုက်တယ်။ မိုးတွင်း stateshow သွားရတဲ့အခါ Instrument ပစ္စည်းတွေ သယ်သွားရတယ်လေ။ အဲဒီပစ္စည်းတွေက မိုးရေနဲ့ဆို လုံးဝရန်သူပဲ။ Note ဆိုရင်လည်း ရေစိုသွားရင် သွားရော။ အဲဒါတွေက ကျွန်တော့်ရဲ့ တန်ဖိုးကြီး ပစ္စည်းတွေပေါ့နော်။ ဒီလိုပဲ မိုးရေထဲ ထွက်တဲ့အခါ တန်ဖိုးကြီး ပစ္စည်းတွေကို သတိရှိစွာ ထိန်းသိမ်းပြီး မိုးရာသီတစ်လျှောက် ကျန်းမာပျော်ရွှင်ပါစေလို့ ပြောချင်ပါတယ်။

**မိုးသောက်ကြယ်**



Asiantime Media Group



# မရေးမကောင်း ရေးမကောင်း

ညီညီညာညာညက်ညက်ညောညော

## ကစားနည်းအသစ်




ညက်ညက်မှာ ညီမလေးနှစ်ယောက်ရှိသပ။ တစ်ယောက်က ဆယ်နှစ်၊ တစ်ယောက်က ဆယ့်လေးနှစ်၊ အပျိုပေါက်၊ အပျိုဖြန်းလေးတွေပေါ့လေ။ တစ်နေ့ ညက်ညက် ရုံးပိတ်ရက်အိမ်မှာရှိနေတုန်း သူတို့နှစ်ယောက်ရဲ့ ကဲချက်၊ သည်းချက်တွေကို မျက်ဝါးထင်ထင်မြင်ရတော့တာပဲ။ သူတို့က ကလေးလည်းမက အပျိုလည်း မကျဆိုတော့ ဘယ်လိုဆော့နေကြတယ်မှတ်သလဲ။ တစ်ယောက်က ကုလားထိုင်ပေါ်တက်ပြီး သီချင်းဆိုတယ်။ တစ်ယောက်က အမေ့ထဘီကို ပုဆိုးလုပ်ဝတ်ပြီး ယောက်ျားပုံစံလုပ်လို့ ဆုချတယ်။ ဆုချတဲ့ သူက သီချင်းဆိုနေတဲ့ သူကို ဘာလုပ်သလဲဆိုတော့ ပါးလေးဖျစ်လိုက် ပခုံးလေးဖက်လိုက်လုပ်တယ်။ သီချင်းဆိုနေတဲ့သူက အမူအရာပိုပိုနဲ့ နွဲ့ပြတယ်။ ညက်ညက်က ပါးစပ်အဟောင်းသားနဲ့ သူတို့ကိုငေးပြီး ဒါဘာကစားနည်းလဲဆိုတော့ စားသောက်ဆိုင်အဆိုတော် ကစားနည်းတဲ့။ မပြီးသေးဘူးနော်။ နောက်တစ်နည်း ထပ်ကစားကြပြန်တယ်။ အဲဒါကတော့ နောက်ဖေးက ဗန်းတွေယူပြီး ကစားကြပြန်တယ်။ တစ်ယောက်က ဗန်းကို ကိုင်ပြီး နွဲ့နွဲ့ နွဲ့နွဲ့နဲ့လျှောက်လာ၊ တစ်နေရာရောက်တော့ ပြုံးစနဲ့လေးနဲ့ ရပ်ပါတယ်။ တစ်ယောက်က ဗန်းထဲကတစ်ခုခု ယူသလိုပုံလုပ်ပြီး တောင်ပြောမြောက်ပြောတွေ ပြောပါတော့တယ်။ ဟဲ့ ဒါ ဘာကစားနည်းလဲဆိုတော့ ဗန်းကိုင်ကစားနည်းတဲ့လေ။ ညက်ညက်လည်း သဘောလည်းကျ ရယ်လည်း ရယ်ချင်ဖြစ်နေတုန်း ဖြုန်းဆို မောင်လေးက အခန်းထဲက ထွက်လာပြီး အောင်မယ် နင်တို့က ဗန်းကိုင်ကစားရအောင် ဗန်းကိုင်ကြေးကဘယ်လောက် ရှိတယ်မှတ်လဲတဲ့။ ဟိုကလေးနှစ်ကောင်က ဘာလဲဆိုပြီး အူကြောင်ကြောင်နဲ့ သူ့အစ်ကိုကို ပြန်ကြည့်နေကြတယ်။ ညက်ညက်လည်း မျက်လုံးကြီးပြူးပြီး ပြန်ကြည့်နေတုန်း မောင်လေးက ဆက်ပြန်တယ်။ အေး ဗန်းကိုင်ဆိုတာ မကိုင်ခင်ကလည်း ဈေးကြီးပေးရတယ်၊ ကိုင်ပြီးတော့လည်း ဈေးကောင်းရပါတယ်တဲ့။ ဘာလဲ . . ဒီစကားက ဘာကြီးလဲ။ ညက်ညက်လေ ဒီစကားက ဘာစကားလဲဆိုတာ စဉ်းစားလို့ကို မရပါဘူး။ အဟုတ် . . အဟုတ်။ ဒီကောင်လေး ဘာတွေပြောနေမှန်းကို မသိပါဘူး။

Asia Frame Media Group




## ကွမ်းစားပြောတာလား

ညောညောတို့သူငယ်ချင်းတွေကြားထဲမှာ လက်တွေ့နဲ့ ဆန့်ကျင်ပြီး ပြောလုံးဆိုလုံးကြီးတဲ့သူဆိုရင် "ကွမ်းစားပြောတာလား၊ အပြောရဲလိုက် တာနော်"လို့ အမြဲနောက်ဖြစ်ပါတယ်။ အခုလည်း စာဖတ်ရင်းနဲ့ ပြောချင်ဆိုချင်လိုက်သမှ တစ်လုံးရယ်မှ တစ်ထွေးကြီးကို ဖြစ်နေတော့တာပါပဲ။ စာရှုသူများလည်း ညောညောလို ခံစားရသလား ၊ ပြီးရင် ညောညောလွန်သလား တွေးကြည့်ပေးကြပါဦး။ ဒီဘက်ခေတ်တွေရဲ့ ခေတ်ဦးကာလ အင်တာနက်တွေ ဖေ့ဘွတ်ခ်တွေရဲ့ အစဦးပိုင်းတွေမှာ လက်ကိုင်ဖုန်းတွေကနေတစ်ဆင့် ပြန့်နှံ့ခဲ့တဲ့ ဗီဒီယိုဖိုင်တစ်ခုရှိဖူးပါတယ်။ ဒီတုန်းကဆို မိန်းကလေးတွေ အလှကုန်ဆိုင်မှာ လိုးရှင်းသွားဝယ်ရင်တောင် ပြုံးစစနဲ့အကြည့်ခံရတဲ့အထိ အခြေအနေဆိုး သွားဖူးပါတယ်။ ဒီလိုလိုးရှင်းလိမ်းတဲ့ပုံနဲ့ နာမည်ကျော်သွားတဲ့ အနုပညာရှင်မမတစ်ယောက်က စာစောင်တစ်ခုမှာ ပြော ထားတာများ ခုခေတ်မိန်းကလေးတွေဝတ်စားဆင်ယင်မှု နဲ့ပတ်သက်ပြီး ညင်သာသိမ်မွေ့စွာ ပြောထားလိုက်ပုံက "မြန်မာ မိန်းကလေးဆိုတာ ယဉ်ကျေးမှုကိုသိရတယ်၊ ဆင်ဆာတွေ ပြောင်းလဲမှုရှိမယ်၊ လျှော့ပေါ့ပေးမှုတွေ ရှိတယ်ဆိုပေမယ့် မြန်မာပီသစွာဝတ်စားဆင်ယင်ရမယ်၊ သမီးကတော့ ဘယ်လိုပဲ ပြောင်းလဲ ပြောင်းလဲအတိုအပြတ်တွေကို ဝတ်ရဲပါဘူး" ဆိုပဲ။ ညြော် အင်း ဟုတ်တာပေါ့လေ. . . လိုးရှင်းလူးရင် အဝတ်အစားမှ မလိုတဲ့ဟာကို ပြောရဲပါပေ့နော်. . . သွပ် သွပ် သွပ်။

# funny photo funny photo




















Asian Frame Media Group
MEDIA GROUP




## မုန်းတယ်တအား

ညာညာလည်း ရယ်လိုက်ရတာ ဖတ်ဖတ်မော ရင်ဘတ်နောက်က ကျောဆိုသလို ဖြစ်ခဲ့ရတာ မနေ့တစ်နေ့ကပါ။ ညာညာ့မှာ ကျောင်း ဆရာမ ဟောင်း အဒေါ် တစ်ဦးရှိပါတယ်။ သူက အသက်ကြီးမှ အိမ်ထောင်ကျွဲသွား ရှာတဲ့သူပါ။ သားတစ်ယောက် သမီးတစ်ယောက်ရှိပြီး လက်ရှိစီးပွားရေး လုပ်ငန်းလုပ်ကိုင် အဆင်ပြေနေသူလို့ပဲ ပြောပါတော့။ အဲဒီနေ့ကတော့ ညာညာတို့အိမ်ကို သူတို့အိမ်က ဖုန်းဝင်လာပြီး သား အမိတွေ ပြဿနာတက်နေကြတယ်ဆိုလို့ ဆွေမျိုးအရင်းတွေဆိုတော့ ပြေးပြေး လွှားလွှားပေါ့။ ဟိုလည်း ရောက်ရော သမီးလုပ်သူကို နားရင်းအုပ်ထားတာ သမီးလေး လည်း နားရင်းကို ရောင်ကိုင်းလို့၊ မျက်ရည်တစမ်းစမ်းနဲ့ပေါ့။ အဒေါ်ကတော့ ရှူးရှဲနဲ့ ဒေါသတွေထွက်လို့ မပြီးသေးပါဘူး။ အကြောင်းရင်းကို ဆန်းစစ်လိုက်တော့ သမီးက ညမအိပ်ဘဲ ကိုရီးယားဇာတ်လမ်းတွဲတွေကို ခိုးကြည့်လို့ ပြဿနာ တက်ကြတယ်ဆိုပဲ။ ခိုးကြည့်တယ်ဆိုရတာကလည်း အဒေါ့်အိမ်မှာ ကိုရီးယား ကားကို တရားဝင်ကြည့်လို့ မရပါဘူး။ ဒါနဲ့ပဲ ညာညာတို့အိမ်ကအဖွဲ့က အဒေါ်တို့ အိမ်ကအဖွဲ့ရဲ့ ပြဿနာကို ဝိုင်းဝန်းဖြေရှင်းကြရတော့တာပေ့ါ။ ဒီမှာတင် အဒေါ် က ဘယ်လိုကြွေးကြော်လိုက်သလဲ ဆိုတော့ 'ဟေ့ ငါ့အသက်သာ အသေခံမယ်၊ ဒီအိမ်မှာကိုရီးယားကား ကြည့်ဖို့လာမပြောနဲ့၊ ဒီကားတွေ မြန်မာပြည်ထဲဝင်လာ၊ ငါတို့လူမျိုးတွေထဲ သူတို့စရိုက် သူတို့အကျင့်တွေနဲ့ တူအောင်မြူဆွယ်လို့ ငါ့ယောက်ျားလည်း သူများနောက်ပါသွားပြီ၊ ငါ့သားကိုလည်း တစ်ခုလပ်မတစ်ယောက်က အတင်းလိုက်ကြိုက်နေလို့ ငါ့သားကလည်း တစ်ခုလပ်မနဲ့ ယူတော့မယ်၊ ငါ့မှာ ဒီသမီးတစ်ယောက်တည်း ကျန်တော့တာ၊ ကြာရင် ဒီကောင်မပါ ဆိုဂျူးသောက်လာတော့မယ်၊ လူမှုရေးဖောက်ပြန်မှုတွေ လုပ်ရဲလာတော့မယ်၊ နင်တို့ ကိုရီးယားကားထဲမှာ ဘာကောင်းတာရှိလဲ၊ အကုန်ဖောက်ပြန်နေကြတာပဲ' တဲ့လေ။ စက်သေနတ်ပစ်သလို တဒက်ဒက်မြည်အောင်ပစ်ပြီး တရစပ်လွှတ်သွားတဲ့ အဒေါ့် တော်ကီတွေကြားထဲမှာ ညာညာတို့လည်း ရယ်ချင်စိတ်တွေကို ကြိတ်မှိတ်မျိုသိပ်ရင်း ပါးစပ်ဆယ်ပေါက်ရှိတောင် အဒေါ့်ရှေ့မှာ မရယ်ရဲခဲ့ပါဘူး။



## ပျော်စရာပွဲလား ဖော်စရာပွဲလား

သင်္ကြန်ပွဲကြီးပြီးသွားပေမယ့် ဖေ့ဘွတ်ခ်ပေါ်မှာ တော့ ဖော်စရာ သင်္ကြန်ပွဲ အဲဟုတ်ပေါင်ပျော်စရာ သင်္ကြန်ပွဲကြီးကတော့ နေ့နေ့ညည မပြီးသေးပါဘူး။ မင်းသမီး တွေတင်မက အရပ်သူလေးများရဲ့ ဇီးရိုးကွာတား ဝတ် အဖော်အချွတ်တွေ၊ ရဲတင်းတဲ့ ဝတ်စားဆင်ယင်မှု တွေ၊ ကိုရီးယားကားထဲကပြောသလို ပြောရမယ်ဆိုရင် အကြင်နာပေးတာကို လူရှေ့သူရှေ့ မရှောင်၊ မူးရူးရဲတင်းစွာ ပေးနေကြတာတွေ ဘာတွေဖြစ်ကုန်ကြပြီလဲလို့တောင် ကုန်းအော်လိုက်ချင်ပါရဲ့၊ ညက်ညက်ကြီးဒေါ်ကြီးကတော့ ညက်ညက်ကြည့်နေတဲ့ ကွန်ပျူတာ ဘေးနား လာစူးစမ်း ကြည့်ရင်း 'မိန်းမကောင်းတွေ မဖြစ်နိုင်ပါဘူးအေ၊ ဘယ် ကဟာတွေ ခေါ်ထားလဲမှမသိတာ' တဲ့။ ညက်ညက်တို့ မီဒီယာသမားတွေကတော့ မြန်မာ့ရိုးရာသင်္ကြန်ပွဲကို ကြားခံထားပြီး ကောင်းတဲ့မိန်းမတွေကပါ မကောင်းတဲ့ မိန်းမတွေလို မူးရူးရမ်းကားနေတတ်ကြပြီဆိုတာကို သိနေမြင်နေခဲ့ရတာမို့ ကြီးဒေါ်ကြီးသိအောင် ဘယ်လို ရှင်းရပါ့။ ညက်ညက်ရှေ့က ကွန်ပျူတာထဲမှာတော့ နာမည်လေးလုံးနဲ့ သရုပ်ဆောင်မမ တစ်ယောက်က အတွင်းခံမပါမှန်းသိသာတဲ့ အင်္ကျီကို သင်္ကြန်ရေ စိုစိုရွှဲ မှာ ရွဲနေအောင်ဝတ်လို့ ကမ္ဘာမှာ မြန်မာဟော့လို့ သိသာ အောင်ပြနေတာ ရင်နာစရာ။ သင်္ကြန်ဆိုတာ တရားဝင် ဒေးကလပ်ဖြစ်လာပြီလား၊ မဟုတ်တာတွေ လုပ်ဖို့အတွက် ခေါင်းစဉ်တစ်ခုဖြစ်နေပြီလား။



Asian Fame Media Group

# funny photo funny photo






## အပွဲပွဲနဲ့ကြလေသောအခါ

အခုတစ်လော ညီညီတို့ဆီမှာလည်း ဟိုက ဒီကပွဲတွေ အုန်းအုန်း ကျွက်ကျွက်သည်းသည်းညံညံ ရှိနေပါတယ်။ အဖွဲ့တွေအဖွဲ့တွေဆိုတာလည်း ဟိုကဖွဲ့လိုက် ဒီကရွေးလိုက်နဲ့ ဟုတ်နေတာပါပဲ။ ညီညီ့အိမ်က အဘွားကတော့ ညီညီ ယူယူလာတဲ့ ဂျာနယ်တွေဖတ်ရင်း သူကလည်း ခေတ်ကာလနဲ့ မျက်ခြည်မပြတ်သူဆိုတော့ သူကလည်း ဒီသတင်းတွေ သိနေပါတယ်။ ပြီးတော့ သွားကြားထဲက လေထွက်တဲ့ အသံလေးနဲ့ "အင်း မအားတဲ့ကြားထဲက လုပ်နိုင်ကြတာပဲ၊ ချီးကျူးတယ် ချီးကျူးတယ်" လို့ရေရွတ်ရှာတယ်။ ဟုတ်တယ်လေ။ အဘွားပြောလည်းပြောစရာ။ ညီညီတို့ အိမ်မှာရှိတဲ့လူအကုန်လုံး မနက်မိုးလင်း မျက်လုံးနှစ်လုံး ပွင့်တာနဲ့ စားဝတ်နေရေးအတွက် တစ်နေကုန်လှုပ်ရှား ရုန်း ကန်နေရတာကို သူမြင်တာကိုး။ ပြီးတော့ သူ့ဝန်းကျင် သူ့ရပ်ကွက်မှာလည်း ဒီပုံစံတွေပဲမြင်နေရတာဆိုတော့ လူတွေ မအားတဲ့ကြားက လှုပ်ရှားရမှာပဲဆိုတာ အဘွားတွေးမိမှာပေ့ါ။ တစ်လောကလေးဆီကလည်း အဖွဲ့တစ်ဖွဲ့အသစ် ပြန်လည်ဖွဲ့စည်းတာကြားလိုက်မိပါရဲ့။ တကယ်ရွေးမယ့်နေ့ကျတော့ လူတွေက သူ့အလုပ်နဲ့သူ မလာနိုင်ကြဘူးဆိုတော့ ကမကထပြုတဲ့သူများခမျာ ဟိုကိုဖုန်းဆက်ခေါ်၊ ဒီဖုန်းဆက်ခေါ်နဲ့ ဖုန်းသံတွေညံ၊ ဇောချွေးတွေ ပြန်သွားတယ်ဆိုပဲ။ အင်း အဘွားစကားအရဆိုရင်တော့ မအားတဲ့ကြားက လုပ်နိုင်ကြတာပဲ၊ တော်ရှာပါတယ် အဖွဲ့တော်ရေ့လို့ ပြောရမှာပါ။



# နှင်း

# သဲမုန်တိုင်းထဲမှာ

အတွေးရသ

ဒီနှစ်အာရပ်နွေဦးက မြူမှုန်တွေ ဝေဆိုင်းဆိုင်း ဖုန်အလူးလူးနဲ့ ရောက်လာပြန်ပါသည်။ ဆောင်းအကုန် နွေအကူးမှာ အရင်နှစ်တွေလို မိုးသည်းသည်းရွာပြီး မြန်မြန်ဆန်ဆန်ပူပူလောင်လောင်ကြီး နွေကိုခုန်ကူးလာတာမျိုးမဟုတ်။

တစ်ပတ် ဆယ်ရက်လုံးလုံး မိုးသားတိမ်လိပ် မည်းမည်းတွေနဲ့ ရှစ်ခွင်တိုင်းမှိုင်းဝေပြီး ကောင်းကင် တစ်ခုလုံး အုံ့ဆိုင်းဆိုင်းရှိနေခဲ့ပါသည်။ ဒါပေမဲ့ လေပြည်လေညင်းတွေက မိုးရိပ်မိုးသားတွေကို တရွေ့ရွေ့ပြန်သယ် ယူသွားပြန်တာမို့ မိုးရယ်လို့ ဆိုနိုင်ရုံ မိုးဖွဲဖွဲသာရွာခဲ့ပါသည်။

ဆောင်းကုန်ပြီးတည်းက မိုးဖွဲဖွဲလေး နှစ်ရက်ဆက်တိုက်သာ ရွာခဲ့ပြီး အသေးစားသဲမုန်တိုင်းလေးတွေကတော့ နေ့စဉ်ရက်ဆက် တဖွဲဖွဲနဲ့ တိုက်ခတ်လို့မစဲနိုင်သေး။ အပူပိုင်းဇုန် အာရပ်မြေမှာတော့ နွေခြောက်လ ဆောင်းခြောက်လ ရာသီစက်ဝန်းက ပုံမှန်လည်ပတ်နေတာမို့ မိုးဆိုတာ ရာသီပြောင်းချိန်ရဲ့ သင်္ကေတသက်သက်။ ဆောင်းအကုန် နွေအကူးမှာ တစ်ကြိမ်၊ နွေအကုန် ဆောင်းအကူးမှာတစ်ကြိမ်၊ တစ်နှစ်ကို နှစ်ကြိမ်လောက်သာ မိုးငွေ့မိုးသက်ကို တွေ့ရ

တတ်ပါသည်။

အရင်နှစ်တွေတုန်းက ဒီလိုလတွေမှာ အပူချိန်ခပ်ပြင်းပြင်းနဲ့ နွေဦးကိုကြိုခဲ့ပေမယ့် ဒီနှစ်မှာတော့ နွေဦးကာလဟာ ပူသင့်သလောက်လည်း မပူခဲ့။

အာရပ်နွေဦးမှာ လေကြောင်းပြောင်းလဲမှုကြောင့် သဲမုန်တိုင်းတွေ တိုက်ခတ်လေ့ရှိပေမယ့် အဲဒီနေ့က တိုက်ခဲ့တဲ့ သဲမုန်တိုင်းကတော့ ထူးထူးခြားခြား ပြင်းထန်ခဲ့ပါသည်။ အဲဒီနေ့ကတော့ မိုးသားတိမ်လိပ်တချို့နဲ့ ကောင်းကင်က လင်းတစ်လှည့် မှောင်တစ်လှည့်။ ဒါပေမဲ့ လျှပ်စီးတော့မလက်။ ညိုညစ်ညစ် အရောင်အဆင်းမရှိတဲ့ တိမ်တွေက လေအဝေ့မှာ ဘယ်တိမ်းလိုက် ညာယိမ်းလိုက်။ လေတစ်ချက် ဝေ့လိုက်တိုင်း လမ်းမပေါ်မှာ သဲမှုန်တွေ အစုလိုက်အဝေးလိုက် ပြေးလွှားနေခဲ့ပါသည်။ မိုးတိမ်လိပ်တွေ တွေ့နေရပေမယ့် မိုးရွာမယ့်အရိပ်အယောင်ရယ်လို့ မမြင်ရ။

ကန္တာရမိုးဆိုတာလည်း ပြောရခက် မှန်းရခက် ကြုံရခက်။ ဒါပေမဲ့ အစိုးမရချင်ရင်တော့လည်း ရေခဲတုံးလေးတွေ အခဲလိုက်ရွာချတတ်လေတော့ ရင်တထိတ်ထိတ်နဲ့ မမျှော်ကောင်းတဲ့ အရာလိုမျိုး မတကောင်းတဲ့ မိုးလိုမျိုး။

လေကြမ်းကြမ်းတစ်ချက် တိုက်လိုက်ချိန်မှာ လေထဲမှာပါလာတဲ့ သဲတွေက မျက်နှာပြင်ကို သိသိသာသာ လာနှုတ်ဆက်ပြန်တာမို့ မျက်စိနား၊ နှာခေါင်း ပါးစပ်တွေထဲကို သဲတွေမဝင်အောင် အတတ်နိုင်ဆုံး လေတိုက်ရာရဲ့ ဆန့်ကျင်ဘက်ကို လှည့်လိုက်ပေမယ့် ဆံပင်တွေကို သပ်လိုက်တဲ့ လက်ထဲမှာ သဲမွမွတွေရဲ့ အထိအတွေ့ကို ခံစားလိုက်ရပြန်ပါသည်။

ရံဖန်ရံခါ ကြုံရတတ်တဲ့ သဲမုန်တိုင်းဆိုပေမယ့် ဒီတစ်ခါတွေ့နေရတဲ့ သဲမုန်တိုင်းက ခါတိုင်းထက်ပိုလို့ ပြင်းထန်ပုံရပါသည်။ ခြောက်သွေ့နေတဲ့ နှုတ်ခမ်းရဲ့အပေါ်နဲ့ အောက်ကို နှုတ်ခမ်းအချင်းချင်း မသိမသာ ဖိကြည့်လိုက်တော့ ပါးစပ်ထဲကို အလိုလိုရောက်လာတဲ့ သဲမှုန်တွေက ပါးစပ်ထဲမှာ တကျိကျိနဲ့ ။ ဝတ်ထားတဲ့ အဝတ်အစားတွေမှာလည်း သဲတွေကအဖွေးသား၊ ရှူးဖိနပ် စီးထားပေမယ့် ဘယ်ကဘယ်လိုဝင်လာမှန်းမသိတဲ့ သဲတွေကို ခြေအိတ်တွေထဲမှာလည်း ရှတတ ခံစားမိလိုက်ပြန်ပါသည်။

မနက်စောစော ရောင်နီမပျိုးခင် အိပ်ရာကနိုးတော့ အိပ်ခန်းရဲ့ မှန်တံခါးမှာ တရှဲရှဲ တဒေါက်ဒေါက်နဲ့ အသံတွေ အဆက်မပြတ် ကြားခဲ့ရတာကို ပြန်သတိရတော့ သဲမုန်တိုင်းပါလားလို့ ဘာလို့ မတွေးမိပါလိမ့်။ လေထဲမှာပါလာတဲ့ သဲမှုန်တွေ၊ အမှိုက်အစအနတွေက အထပ်ခုနစ်ထပ် ရှစ်ထပ်လောက် အမြင့်အထိ မတက်နိုင်ဘူးလို့ လျှော့တွက်မိလိုက်သလားမသိ။

သူငယ်ချင်းတစ်ယောက်က သူ့ဆီဝင်လာတဲ့ သဲမုန်တိုင်း သတင်းတိုလေးကို လာပြတော့ ဘုရားတရင်းဘာရယ်မသိ ကြောက်စိတ်က ဝင်လာမိပြန်ပါသည်။ ဒီနေ့တိုက်တဲ့ သဲမုန်တိုင်းက တော်တော်လေးပြင်းထန်တာမို့ ကျောင်းတချို့ပိတ်ထားတဲ့ သတင်းနဲ့ တတ်နိုင်ရင် အပြင်မထွက်ဘဲ အမိုးအကာအောက်မှာနေဖို့ သတိပေးထားတဲ့ သတင်းတိုလေး။

ဒီလိုဆိုရင် ခက်ပြီလို့ ခပ်ဖွဖွ ရွတ်ရင်း အမိုးအကာအောက်မှာ နေလို့မဖြစ်နိုင်ဘဲ ဂျူတီချိန်မှာ မဖြစ်မနေ အလုပ်လုပ်နေရတဲ့သူတွေ ဘယ်လောက်တောင်ရှိနေလဲလို့ ပြန်တွက်ကြည့်မိပါသည်။ အမှန်တစ်ဝက် အမှားတစ်ဝက် သတင်းတွေလည်း ရှိတတ်တာမို့ ကုန်းတွင်းပိုင်းမှာတိုက်တဲ့ သဲမုန်တိုင်းဟာ လူတွေကို ဘယ်လောက်အထိ ဒုက္ခရောက်စေနိုင်မှာလဲလို့ မမှီတမီဉာဏ်လေးနဲ့ ပြန်တွက်ကြည့်မိပါသည်။

အမိုးအကာအောက်မှာ မနေနိုင်သူတွေအနေနဲ့ လေပြင်းပြင်းတိုက်တာခံရမယ်။ လေထဲမှာပါလာတဲ့ သဲမှုန်တွေနဲ့ တစ်ကိုယ်လုံး စေးကပ်ညစ်ပေနေမယ်။ ဖုန်ထူထူတောလမ်းတွေကို သွားရတဲ့လူတွေလို မျက်လုံးပါးစပ်တွေကို တစ်ခုခု ကာကွယ်ပြီး အလုပ်လုပ်မယ်။ အလွန်ဆုံးဖြစ်လှ တစ်နေ့လုံး သဲတွေကို ဝါးစားရင်း ပါးစပ်ထဲမှာ ယားကျိကျိနဲ့ အလုပ်လုပ်ရမယ်။

ကားလမ်းမတွေပေါ်မှာ ကားမောင်းနေတဲ့သူတွေဆိုရင်လည်း လေကြောင်းနဲ့ပြောင်းပြန် လေကိုဆန်ပြီး ကားကို သတိကြီးကြီးနဲ့ မောင်းရမယ်။ ကားမှန်ကို လာရိုက်တဲ့ သဲမှုန်တွေကို ကားမှန်ရှေ့က ဝိုက်ပါနဲ့ တစ်ချိန်လုံး ရှင်းနေရမယ်။ ကားလမ်းမပေါ်မှာ အရှိန်ပြင်းပြင်းနဲ့ ပြေးလွှားနေတဲ့ သဲမှုန်တွေကိုခံစားနေဖို့အချိန်မရှိဘဲ ကိုယ်မောင်းနေတဲ့ အရှိန်နဲ့ လေကိုဆန်ပြီး ယိမ်းထိုးယိုင်ထိုးနဲ့ တကယ်သွားနေတဲ့ ကားရဲ့ အရှိန်ကိုထိန်းပြီး ရှေ့ကား နောက်ကားတွေကို သတိထားပြီး မောင်းရမယ်။ မြူတွေဆိုင်းသလို ခပ်လှမ်းလှမ်းအထိ လှမ်းကြည့်လို့မမြင်ရတဲ့ အနေအထားမှာဆို ယာဉ်ကြောတစ်ခုလုံးကို သတိကြီးကြီးထားပြီး မောင်းရဦးမယ်။

ဒီလို ရာသီအကူးအပြောင်းမှာ လေကြောင်းပြောင်းလို့ တိုက်တဲ့ မုန်တိုင်းပဲဖြစ်ဖြစ်၊ သာမန်သဲမုန်တိုင်းပဲဖြစ်ဖြစ်၊ ဘယ်လောက်အထိ ခပ်ပြင်းပြင်း တိုက်နိုင်မှာလဲ။ လမ်းပေါ်မှာ ရပ်နေတဲ့ လူတစ်ယောက်လုံး လွင့်သွားစေလောက်အောင် ပြင်းထန်မလား။ ဒါမှမဟုတ် ရပ်ထားတဲ့ ကားတွေ၊ စက်ဘီးတွေ လွင့်စဉ်လောက်အောင်ပဲ ပြင်းထန်ဦးမလား။

အတွေးစတွေ အများကြီးနဲ့ နေ့လယ်စာစားဖို့ စားသောက်ဆိုင်တွေ ရှိရာဘက်ကို ထွက်လာတော့ စားသောက်ဆိုင်တန်းမှာ ခရီးသွားတွေ ပြည့်နှက်နေတာကို တွေ့လိုက်ရပြန်ပါသည်။ သဲမုန်တိုင်းကြောင့် လေယာဉ်အချို့ဆင်းသက်ဖို့ အခက်အခဲရှိတာမို့ ခရီးစဉ်နှောင့်နှေး ကြန့်ကြာမှုတွေ ဖြစ်နေခဲ့ပါသည်။ လေယာဉ်အချို့အချိန်မီ မဆင်းသက်နိုင်သလို ထွက်ခွာရမယ့် လေယာဉ်အချို့ကလည်း အချိန်မီမထွက်ခွာနိုင်ခဲ့။

စားစရာတွေ မှာပြီးချိန်မှာတော့ စားသောက်ဆိုင်တန်းမှာ နေရာတစ်ခုကို ခက်ခက်ခဲခဲရှာဖွေရပြန်ပါသည်။ စားပွဲလွတ်ရယ်လို့ မတွေ့တာမို့ စားပွဲဝိုင်းတစ်ခုမှာ အရင်ရောက်နှင့်နေတဲ့ မိန်းမချောလေးကို ခွင့်တောင်းပြီး ထိုင်လိုက်ရပါသည်။

သူမကိုအလည်လာဖို့ဖိတ်ခေါ်သူ အိမ်ရှင်ကလည်း သူမရဲ့အဆိုအရ သူမရဲ့ အပျော်ရည်းစားတစ်ယောက်။ လေယာဉ်ထွက်ချိန်ကို တောင်မစောင့်ဆိုင်းနိုင်ဘဲ အပြေးအလွှား ဝယ်ယူထားတဲ့ နောက်ဆုံးပေါ် လျှပ်စစ်ပစ္စည်းအသုံးအဆောင်တွေကလည်း လူနဲ့မလိုက်အောင် တစ်ပွေ့တစ်ပိုက်။

Asian Fame Media Group

မနက်အလုပ်လာချိန်မှာ မိလာတဲ့ သဲမုန်တိုင်းကြောင့် ကျွန်မဝတ်ထားတဲ့ ယူနီဖောင်းမှာ သဲမှုန်တွေကပ်ပြီး ကုတ်အင်္ကျီက မာတောင့်တောင့်ဖြစ်နေတာမို့ လူတွေကြားမှာ ထိုင်နေရတာ သက်သောင့်သက်သာမရှိလှ။ ဒါပေမဲ့ ကျွန်မရှေ့မှာ ထိုင်နေတဲ့ ဖြူဖြူသွယ်သွယ် ချစ်စဖွယ် မိန်းမလှလေးကတော့ ကျွန်မရဲ့ယူနီဖောင်းကိုမြင်တာနဲ့ ဝမ်းသာအားရဖြစ်သွားပုံ ရပါသည်။

ကျွန်မ ထမင်းစစားချိန်မှာပဲ မျက်နှာချင်းဆိုင်က မိန်းမချောလေးက မိတ်ဆက်စကားဆိုလာပြီး သူမရဲ့ အခက်အခဲတစ်ခုကို ပြောပြရင်း အကူအညီ တောင်းခံလာခဲ့ပါသည်။ အနီးကပ်ကြည့်မိတော့မှ မျက်လုံးမျက်ဆန်ကောင်းကောင်း နှာတံစင်းစင်းလေးနဲ့ ပါးအိုနီလေးလို ပန်းသွေးရောင်ပြေးနေတဲ့ မျက်နှာလေးက အသက်နှစ်ဆယ် ပတ်ဝန်းကျင်လောက်ပဲရှိတယ်ဆိုတာ ဖော်ပြနေပါသည်။

သူမရဲ့အပြင်အဆင်နဲ့ သူမဝတ်ဆင်ထားတဲ့ ပုံစံခပ်ဆန်းဆန်းရွှေထည်တွေကလည်း သူမရဲ့ကြွယ်ဝမှုကို ဖော်ပြနေပါသည်။ စားပွဲပေါ်မှာတင်ထားတဲ့ ဖုန်းဘူးလေးက လောလောလတ်လတ် ဝယ်လာတဲ့ နောက်ဆုံးပေါ် အိုင်ဖုန်းဆိုတာကို ပြနေသလို သူမဆော့ကစားနေတဲ့ အိုင်ပက်ကလေးကလည်း အသစ်စက်စက်။

သူမက လေဆိပ်ထဲမှာ ဈေးဝယ်ထွက်နေရင်း အချိန်လွန်မှ လေယာဉ်ထွက်ခွာမယ့် ဂိတ်ကို ရောက်သွားတာမို့ လေယာဉ်လွတ်သွားတဲ့အကြောင်းကို ပြောပြလာပါသည်။ သူမထိုင်နေတဲ့ စားပွဲဝိုင်းဘေးမှာချထားတဲ့ ဂျူတီဖရီးစာတမ်းပါ အထုပ်အပိုးတွေကြည့်ရင်း မထူးဆန်းသလို သက်မမောတစ်ခုကို ချလိုက်မိပါသည်။

သူမသွားချင်တဲ့မြို့က နေ့စဉ်လေယာဉ်ခရီးစဉ် မရှိတဲ့မြို့ဖြစ်နေတာမို့ အနီးစပ်ဆုံးလေယာဉ်ကို စဉ်းစားပေးမိပါသည်။ ကျွန်မတို့လေယာဉ်ကွင်းမှာ အနီးဆုံးလေယာဉ်ခရီးစဉ်က နောက်နှစ်ရက်နေမှရှိတာမို့ အခြားလေယာဉ်ကွင်းတစ်ခုကို ပြောင်းစီးဖို့ အကြံပေးမိတော့ သူမရဲ့မျက်နှာက ရုတ်တရက်ညှိုးနွမ်းသွားပါသည်။ သူမလက်ထဲမှာ နိုင်ငံကူးလက်မှတ် မရှိပါ။ နိုင်ငံကူးလက်မှတ် မတော်တဆပျောက်ဆုံးသွားတာမို့ သူမရဲ့သံရုံးက ထုတ်ပေးထားတဲ့ ယာယီခရီးသွားလက်မှတ်တစ်စောင်သာ ပါရှိပါသည်တဲ့။

ဒီလေဆိပ်မှာပဲ နောက်ထပ်နှစ်ရက်စောင့်ဖို့ သူမသဘောတူလိုက်ပေမယ့် လေယာဉ်လက်မှတ်အသစ်ဝယ်ယူဖို့ အခက်အခဲကရှိနေပြန်ပါသည်။ အင်တာနက်က နေတစ်ဆင့် လက်မှတ်ဝယ်ပေးဖို့ ကူညီနေစဉ်မှာ တောင်စဉ်ရေမရပြောလာတဲ့ သူမရဲ့စကားတွေကလည်း ဟိုရောက် သည်ရောက်။

သူမရဲ့ အပျော်ချစ်သူဖိတ်ကြားလို့ ခဏလာလည်တယ်ဆိုတဲ့အထိ သူမစကားတွေကို သတိမထားမိပေမယ့် သူမရဲ့ချစ်သူက ဒေသခံအာရပ်အမျိုးသားတစ်ယောက်လို့ ဆိုလာတော့ သူမရဲ့အိုင်ပက်ပေါ်မှာ လက်မှတ်ဝယ်ဖို့ ကြိုးစားနေတဲ့ လက်တွေ တုန့်ခနဲရပ်သွားပါသည်။

“ဒါဆိုရင်လည်း အဲဒီ တစ်ယောက်ကို ဖုန်းဆက်ပြီး လက်မှတ်ဝယ်ခိုင်းကြည့်ပါလား ပိုအဆင်ပြေမယ်ထင်တယ်”လို့ အကြံပြုသလို ပြောမိတော့ နှင်းဆီငုံနှုတ်ခမ်းဖူးဖူးလေးက ရုတ်တရက် အသံတိတ်သွားပြန်ပါသည်။ သူမရဲ့ မျက်ဝန်းပေါ်မှာ ဝေခွဲရခက်တဲ့ အရိပ်အချို့ ဖြတ်ပြေးသွားတာကို မြင်လိုက်ရပြန်ပါသည်။

သူမရဲ့ လက်ချောင်းသွယ်သွယ်လေးမှာဝတ်ထားတဲ့ စိန်လက်စွပ်တစ်ကွင်းဆီကို အကြည့်ရောက်သွားချိန်မှာ ကျွန်မသူငယ်ချင်းတွေ ပြောပြောနေတဲ့ နိုင်ငံတကာအထက်တန်းစားအပျော်မယ်တွေရဲ့ ဇာတ်လမ်းတွေကို သတိရလိုက်မိပါသည်။ အတွေ့အကြုံများလှတဲ့ သူငယ်ချင်းတွေပြောပြတဲ့ ဇာတ်လမ်းတွေကို ကြားဖူးတယ်ဆိုရုံ သိခွင့်ရခဲ့တာမို့ ကျွန်မရဲ့မျက်စိရှေ့ကို တိုက်တိုက်ဆိုင်ဆိုင်ရောက်လာတဲ့ အလှပဂေးမလေးကို အစပိုင်းတုန်းက သနားစိတ်ပိုမိတာကိုပဲ အလိုလို နောင်တရလိုက်မိပါသည်။

တကယ်ဆို ဒီလိုနေရာမျိုးမှာ ဒီလိုပုံစံတူ ပြဿနာပေါင်းစုံနဲ့ မိန်းမချောတွေကို တွေ့နေကျဆိုတော့ သိပ်ပြီး အံ့ဩစရာမရှိပါ။ သူမရဲ့ ခရီးဆုံးမြို့ကလည်း နိုင်ငံတကာအထက်တန်းစား အပျော်မယ်လေးတွေ အများဆုံး လာလေ့ရှိတဲ့မြို့။ အချို့ဆို စင်းလုံးငှားလေယာဉ်တွေ ဗီအိုင်ပီ ခရီးစဉ်တွေနဲ့တောင် ခမ်းခမ်းနားနားလာလေ့ရှိတဲ့ မြို့ဆိုတော့ သူမရဲ့ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးတဲ့ ကိစ္စကလည်း မဆန်းပါလားလို့ ခပ်ကြမ်းကြမ်းလေး တွေးလိုက်မိပါသည်။

တစ်ပတ် ဆယ်ရက်ဆိုသလို အလည်လာတဲ့ ခရီးစဉ်တစ်ခုမှာ မိဘအုပ်ထိန်းသူမပါ ဆွေမျိုးသားချင်း သူငယ်ချင်းမပါ၊ သူမလိုအသက်နှစ်ဆယ်မပြည့်တပြည့် ကလေးမတစ်ယောက်တည်း။

သူမကိုအလည်လာဖို့ ဖိတ်ခေါ်သူ အိမ်ရှင်ကလည်း သူမရဲ့ အဆိုအရ သူမရဲ့ အပျော်ရည်းစားတစ်ယောက်။ လေယာဉ်ထွက်ချိန်ကိုတောင် မစောင့်ဆိုင်းနိုင်ဘဲ အပြေးအလွှားဝယ်ယူထားတဲ့ နောက်ဆုံးပေါ် လျှပ်စစ်ပစ္စည်းအသုံးအဆောင်တွေကလည်း လူနဲ့မလိုက်အောင် တစ်ပွေ့တစ်ပိုက်။

တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ နေ့စဉ်လိုလို ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေဆိုပေမယ့် ဒီခရီးစဉ်ကို တာဝန်ယူရတဲ့ နေ့တွေမှာ ကျွန်မရဲ့ရင်ကို လှုပ်ခါစေတဲ့ မျက်လုံးအရောင် မှိန်မှိန်လေးတွေကိုမြင်ရတိုင်း ရင်ထဲမှာ စူးခနဲ နာကျင်မိစမြဲ...



Asian Fame Media Group
MEDIA GROUP

အဆိုးဆုံးအချက်က နောက် လေယာဉ်ကိုစောင့်ဖို့ နှစ်ရက်လုံးလုံး လေဆိပ်ထဲမှာ ဒုက္ခခံနေရမယ့် သူမ ကို အာမခံပြီးလာခေါ်ဖို့ မိတ်ဆွေ တစ်ယောက်တလေမျှပင် မရှိ။

နေ့လယ်စာ စားပြီးချိန်မှာ တော့ လေယာဉ်ခရီးစဉ်တစ်ခုကို boarding လုပ်ပေးဖို့ရှိတာမို့ သူမ ကို နှုတ်ဆက်ပြီး Boarding gate တွေရှိရာကို ထွက်လာမိပါသည်။ မှန်တံခါးတွေဆီကနေ အပြင်ကို လှမ်းကြည့်မိတော့ တစ်မနက်လုံး တိုက်နေတဲ့ သဲမုန်တိုင်းက မစဲသေး တာကို တွေ့ရပါသည်။

ကျွန်မတာဝန်ကျတဲ့ နေ့လယ် ခရီးစဉ်က အီသီယိုးပီးယားနိုင်ငံက မြို့တစ်မြို့ကိုသွားတဲ့ ခရီးစဉ်တစ်ခု ဖြစ်ပါသည်။ ခရီးသည်တစ်ယောက် ကို မြင်လိုက်တာနဲ့ သူသွားမယ့်ခရီး စဉ်ကို အတတ်ပြောလို့ရသည်အထိ ထူးခြားမှုရှိတဲ့ ခရီးစဉ်လို့ ပြောလို့ရပါ သည်။ အရောင်အသွေးစုံ ပြောင် ပြောင်လက်လက် အဝတ်အစားတွေ ဝတ်ဆင်ထားသူ အမျိုးသမီး၊ အမျိုး သားအားလုံးလိုလို ထူးထူးဆန်းဆန်း ဆံပင်ပုံတွေကိုလည်း ပိုင်ဆိုင်ထား ကြပါသည်။

ပိုလို့ထူးခြားတာက ရာသီဥတု မရွေးသူတို့ ဝတ်ဆင်ထားလေ့ရှိတဲ့ အနွေးထည်ခပ်ထူထူတွေနဲ့ ရှုပ်ယှက် ခတ်နေအောင် ဝတ်ဆင်ထားတဲ့ဖန်စီ လက်ဝတ်ရတနာ အထူးအဆန်းတွေ ပဲ ဖြစ်ပါသည်။ ဒါပေမဲ့ ခရီးသည်တွေ ရဲ့ သုံးပုံတစ်ပုံလောက်ရှိတဲ့ တစ် ထောက်နား ခရီးသည်တွေကတော့ အခြားအာရပ်နိုင်ငံတွေမှာ အိမ်ဖော် လုပ်နေကြသူတွေပဲ ဖြစ်ပါသည်။ အရောင်တောက်တောက် ခရီးသည် တွေကြားမှာ အနည်းငယ် အရောင် မှိန်နေသူတွေကိုလည်း အလွယ် အကူ ခွဲခြားပြီး တွေ့ရတတ်ပါ သည်။

သဲမုန်တိုင်းကြားမှာ အိမ်ပြန် သူတွေကို boarding pass တွေနဲ့ နိုင်ငံကူးလက်မှတ်တွေကို စစ်ဆေး ပေးနေစဉ်မှာပဲ ကျွန်မရဲ့ရှေ့ကို ရောက်လာသူ အမျိုးသမီးလေး တစ်ယောက်က မွေးကင်းစကလေး နီတာရဲလေးတစ်ယောက်ကို ပိုက် ထွေးထားတာကို တွေ့လိုက်ရပါ သည်။ Boarding pass လူကြီး အတွက် တစ်စောင်၊ ကလေးအတွက် တစ်စောင်ပေးလာတာမို့ သူမကို ကြည့်လိုက်တော့ သူမရဲ့မျက်ဝန်း တွေက အရောင်ခပ်မှိန်မှိန် ဖြစ်နေ တာကို မြင်ဖြစ်အောင် မြင်လိုက်မိပါ သည်။ Boarding Pass တွေနဲ့အတူ သူမပေးလာတာကတော့ နိုင်ငံကူး လက်မှတ်မဟုတ်ဘဲ ယာယီခရီးသွား လက်မှတ်တစ်စောင် ဖြစ်နေခဲ့ပါ သည်။

ရုတ်တရက်ဖြစ်လာတဲ့ သနား စိတ်ကြောင့် သက်မမောကို နာနာချ ရင်း နောက်ထပ် ခရီးသည်တစ် ယောက်ကို လှမ်းကြည့်မိတော့ သူမ လိုပဲမွေးကင်းစကလေးငယ်ကို ပွေ့ ပြီး သူမနောက်မှာ တန်းစီနေတဲ့ နောက်ထပ် အမျိုးသမီးငယ်သုံး ယောက်ကို ထပ်တွေ့လိုက်ရ ပြန်ပါ သည်။

ကျွန်မနဲ့အတူတူ အလုပ်လုပ် နေတဲ့ သူငယ်ချင်းမလေးဆီက 'ဘုရားသခင် ဒီနေ့ များလှချေလား' လို့ တိုးတိုးလေး ရေရွတ်လိုက်သံကို ကြားလိုက်ရပါသည်။

မွေးကင်းစ ကလေးသေးသေး လေးတွေ ထွေးပိုက်ပြီး အိမ်ပြန်ကြတဲ့ အရောင်ခပ်မှိန်မှိန် မျက်လုံးများ ပိုင်ရှင်လေးယောက်၊ လက်ထဲမှာ လည်း နိုင်ငံကူးလက်မှတ်တွေ ပါမ လာခဲ့။ သက်ဆိုင်ရာက ထုတ်ပေး လိုက်တဲ့ တစ်ကြိမ်တစ်ခါသုံး ခရီး သွားခွင့်လက်မှတ်တွေ ကိုင်လို့။ မကြည့်ချင်လည်း ကြည့်၊ မမြင်ချင် ပေမယ့်လည်း မျက်နှာလွှဲလို့မရတဲ့ အရောင်ခပ်မွဲမွဲ မျက်လုံးလေးတွေက သူတို့ခံစားခဲ့ရတဲ့ လောကဒဏ်ကို ဖော်ပြနေသယောင်။

တစ်ရက်လည်း မဟုတ်၊ နှစ် ရက်လည်းမဟုတ်၊ နေ့စဉ်လိုလို ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေ ဆိုပေမယ့် ဒီခရီးစဉ်ကို တာဝန်ယူရ တဲ့ နေ့တွေမှာ ကျွန်မရဲ့ရင်ကိုလှုပ်ခါ စေတဲ့ မျက်လုံးအရောင်မှိန်မှိန်လေး တွေကို မြင်ရတိုင်း ရင်ထဲမှာ စူးခနဲ နာကျင်မိစမြဲ။

ဆင်းရဲနွမ်းပါးတဲ့ အာဖရိကကို စွန့်ခွာပြီး မိသားစုအတွက် အလုပ် လုပ်နေသူ အမျိုးကောင်းသမီးလေး တွေ အချိန်တန်လို့ အိမ်ပြန်ကြတိုင်း အိမ်ပြန်ချိန်တွေ မလှတဲ့ ဘဝတွေ၊ မိသားစုအတွက် နိမ့်ကျတဲ့ ဘဝတွေ အတွက် အရဲစွန့်လို့ သွားစဉ်တုန်းက တစ်ယောက်တည်း။ အိမ်ပြန်ချိန်မှာ တော့ အာရပ်နိုင်ငံတွေရဲ့ ထုံးစံ အတိုင်း အမျိုးသမီးထိန်းသိမ်းရေး ဂေဟာတွေရဲ့ အကူအညီနဲ့ မွေးဖွား ခဲ့ရတဲ့ နီတာရဲကလေးငယ်တွေကို ရင်ခွင်ပိုက်လို့။

လူသားဆန်မှု စာနာတရားဆို တဲ့ ခေါင်းစဉ်တွေ ပျောက်ဆုံးနေတဲ့ အရပ်ဒေသတွေက ကမ္ဘာပေါ်မှာ ဒုနဲ့ဒေး။

နီတာရဲ ကလေးငယ်လေးတွေ ကို ထွေးပွေ့ပြီး အိမ်ပြန်ကြသူတွေလို ပဲ အသိစိတ်ကင်းမဲ့ပြီး စိတ္တဇဝေဒနာ တွေ ခံရသည်အထိ လောကဓံကို ခံစားခဲ့ရသူ မိန်းမပျိုလေးတစ် ယောက်လည်း မကြာခင်လေးကမှ မျက်ဝန်းမှိန်မှိန်လေးနဲ့ အိမ်ပြန် သွားတာကို ပြန်သတိရလိုက်မိပါ သည်။

သွားလမ်းသာလို့ လာလမ်း မဖြောင့်သူတွေ ဘဝမုန်တိုင်းထဲမှာ ဘယ်လောက်တောင် နစ်မွန်းနေ ခဲ့ပြီလဲ မသိ။

အလုပ်ချိန်ပြီးဆုံးလို့ ဖယ်ရီတွေ ရပ်ထားရာ ကားဂိတ်ကို လျှောက် လာချိန်မှာတော့ ခပ်ကြမ်းကြမ်း တိုက်လာတဲ့ လေထဲက သဲတွေက မျက်စိတွေထဲကို တရကြမ်းတိုးဝင် လာခဲ့ပြန်ပါသည်။ ဒီတစ်ကြိမ်မှာ တော့ မျက်စိထဲ ပါးစပ်တွေထဲကို ဝင်လာတဲ့သဲတွေကို အသည်းအသန် ရှောင်တိမ်းဖယ်ရှားဖို့ မကြိုးစားမိ တော့ပါ။

ခပ်တင်းတင်းစေ့ထားတဲ့ နှုတ် ခမ်းပေါ်ကနေတစ်ဆင့် သွေးအလိုလို ရောက်လာတဲ့ သဲမှုန်တွေကလျှာပေါ် မှာရှတတ သွားတွေကြားမှာ ကျလိ ကျလိ။

တဖွဲဖွဲတိုက်လာတဲ့ လေထုထဲ က သဲတွေကြားမှာတော့ နေ့လယ် က တွေ့ခဲ့ရတဲ့ နုနယ်ပျိုမျစ်တဲ့ မိန်းမ ချောလေးနဲ့ ခပ်မှိန်မှိန် မျက်ဝန်းလေး လေးစုံကိုပဲ သဲမုန်တိုင်းကြားမှာ ခပ် ဝါးဝါးမြင်ယောင်ရင်း . . . .

**နှင်း**



Asian Fame Media Group



### သရုပ်ဆောင်လုပ်ရတာ ရင်ခုန်စရာပါလို့ ဆိုပြန်သူ

# တေးသီငှက်လေး တေလာဆွစ်ဖ်

ရဲသစ်

တေလာဆွစ်ဖ်တဲ့။ ဂီတပရိသတ်နဲ့ ရင်းနှီးကျွမ်းဝင်ပြီးသား ညို့အားပြင်း နတ်မိမယ် တစ်ပါးပဲပေါ့။ အခုနှစ်ထဲမှာ ဂရမ်မီဆုရော၊ အမေရိကန်ကျေးလက်ဂီတဆုကိုရော သိမ်းကျုံး ယူငင်နိုင်ခဲ့သူ ပေါ့ပ်စတားမလေးဟာ အသက်အရွယ်နဲ့ နှိုင်းစာရင် ရရှိထားတဲ့ အောင်မြင်မှုပမာဏက အဆမတန်များပြားနေတာမို့ သူမရဲ့ ခြေလှုပ် လက်လှုပ်မှန်သမျှဟာ ပါပရာဇီတွေအတွက် ဖွစရာဖြစ်နေရခြင်းပါပဲ။ ဟောလိဝုဒ်နှင်းဆီခိုင်မင်းသားတွေဖြစ်တဲ့ ဂျိတ်ဂ်လင်ဟော (BrokebackMountain)၊ တေလာလော့တ်နာ (Twilight) တို့နဲ့ တွဲခဲ့ဖူးသူ အလန်းဇယားမလေးဟာ အခုချိန်မှာတော့ အနုပညာခရီးကို တစ်ကိုယ်တော်နှင်နေသူဖြစ်ပြီး စတုတ္ထအယ်ဘမ်သစ် ထုတ်နိုင်ဖို့ မအားနိုင်အောင်ရှိနေတာကို နာမည်ကြီးရိုလင်းစတုန်းမဂ္ဂဇင်းကတခုတ်တရ ဖော်ပြလာပါတယ်။

တေလာအဲလစ်ဆင်ဆွစ်ဖ် (Taylor Alison

Asian Fame Media Group



Swift) လို့ အမည်ရသူ ပင်ဆဲလ်ဗေးနီးရာ သူချောလေးဟာ မွေးရာပါ ဂီတပါရမီရှင်တစ်ဦး လို့ တင်စားညွှန်းဆိုရမယ့်သူတစ်ဦးဖြစ်ပြီး အသက် ၁၀ နှစ်သမီးအရွယ်မှာတင် အဲဒီအချိန် ကာလက ခေတ်စားခဲ့တဲ့ ပေါ့ပ်တေးသွားတွေကို အပီအပြင် သီဆိုနိုင်ခဲ့သူလေးပဲ ဖြစ်ပါတယ်။ တခြားရွယ်တူကလေးငယ်တွေ ပြေးလွှားဆော့ ကစားနေချိန်မှာ ဂစ်တာကို မနိုင်မနင်းနဲ့ တစ်နေ့ ၄ နာရီနီးပါး လေ့ကျင့်တီးခတ်တတ်သူလေးဟာ ဂီတရပ်ဝန်းမှာ အဆိုတော် တစ်ယောက်အဖြစ်နဲ့ ရော၊ တေးရေးတစ်ယောက်အဖြစ်နဲ့ပါ ထည် ထည်ဝါဝါ ရပ်တည်နိုင်ခဲ့တာကတော့ နောက် ပေါက် ငွေကြယ်ပွင့်လေးတွေအတွက်တော့ အတု ယူစရာပဲလို့ ရိုးလင်းစတုန်းက ကောင်းချီးပေး ထားပါတယ်။ ၂၀၀၆ ကာလမှာ Taylar Swift အယ်ဘမ်နဲ့ တစ်ဟုန်ထိုး ဝင်းပထင်ရှား လာ သူဟာ ၂၀၀၈ မှာ Fearless အယ်ဘမ်နဲ့ ထပ် ဆင့်သရဖူဆောင်း နိုင်ခဲ့သလို မဝေးကွာလှသေး တဲ့ ၂၀၁၀ မှာလည်း Speak Now အယ်ဘမ်နဲ့ Cash Queen Of Music အဖြစ် ပွဲလယ်ဝင့်ခဲ့ သူလေးပဲ ဖြစ်ပါတယ်။

ယနေ့အချိန်ကာလအထိ အယ်ဘမ် ၃ ချပ်သာ ထွက်ရှိထားပေမယ့် မယုံကြည်နိုင်ဖွယ် ရာ ဂရမ်မီဆု ၆ဆု၊ AMA Award ၁၀ ဆု၊ CMA Award ၆ ဆုနဲ့ BMI Award ၁၃ ဆု ရရှိထားပြီး ကမ္ဘာတစ်လွှား အယ်ဘမ် အချပ်ရေ ပေါင်း သန်း ၂၀ နီးပါးရောင်းချထားရသူ ချာတိတ်မလေးဟာ ရိုးလင်းစတုန်းနဲ့ တွေ့ဆုံ အင်တာဗျူးရာမှာတော့ ဘာကိုမှဟန်ဆောင် မနေဘဲ ရင်ထဲရှိတာကို ပွင့်ပွင့်လင်းလင်း ပြော ပြသွား တာမို့ ဂီတဝေဖန်ရေးဆရာတွေကလည်း တေးသီ ငှက်ငယ်လေး ဆွစ်ဖ်ကို သဘောတွေ့ နေကြရ ခြင်းပဲပေါ့။ အသက်အငယ်ဆုံး Album of the Year ဆုရှင်ဖြစ်သလို ဆုအများဆုံးရခဲ့တဲ့





အယ်ဘမ်ပိုင်ရှင်အဖြစ် ကမ္ဗည်းမှတ်တမ်းတင် ထားနိုင်သူ ချာတိတ်မလေးဟာ ဂီတဖျော်ဖြေရေး ခရီးစဉ်အနေနဲ့ ၂၀၀၉ မှာ Fearless Tourနဲ့ ၂၀၁၁ မှာ Speak Now World Tour ၂ခုကို အောင်မြင်စွာ ကျင်းပဆင်နွှဲထားနိုင်ခဲ့ပြီး Speak Tour ဟာ ပရိသတ်ပေါင်း ၁.၇ သန်း အား ပေးခဲ့တာမို့ ပွဲကြည့်ပရိသတ်အများဆုံး ဂီတပွဲ တော်တစ်ခုအဖြစ်နဲ့လည်း ထင်ရှားခဲ့ရပါ တယ်လို့ ရိုလင်းစတုန်းကဖွ ပေးထားပါတယ်။ အစဉ် အလာကြီးမားသလို အရှိန်အဝါကြီးမားတဲ့ Billboard ကလည်း သူမကို 2011 Woman of the year အဖြစ်ရွေးချယ်ခဲ့တာကတော့ ပူပူ နွေးနွေးရှိဆဲ ပုံရိပ်တွေပဲလို့ ဆိုရဦးမှာပဲပေါ့။

Forbes မဂ္ဂဇင်းကထုတ်ပြန်တဲ့ အကြွယ်ဝ ဆုံး ဂီတအနုပညာရှင် ၁၀ ဦးစာရင်းမှာ ပါဝင်ခဲ့သူ တေးသီငှက်ငယ်မလေးဟာ သရုပ်ဆောင်ဘဝကို တော့ နာမည်ကြီးရုပ်သံ စီးရီး Crime Scene Investigation 2009 နဲ့စတင်ခဲ့ပြီး သူမပါဝင်ခဲ့ ကာ လူကြိုက်များခဲ့တဲ့ CSI ဇာတ်လမ်းတွဲ အမည် က Turn, Turn ပဲဖြစ်ပါတယ်။ ဇာတ်ကား ကြီးအနေနဲ့ကတော့ Valentine's Day နဲ့ The Lorax တို့မှာ ပါဝင်ခဲ့ဖူးပြီး အခု ၂၀၁၂ မှာ အစွန်းနေးက တင်ဆက်မယ့်အချစ်ဟာသ ဇာတ်မြူး တစ်ပုဒ်မှာ သူမပါဝင်ဖို့ ညှိနှိုင်းနေပြီ လို့လည်း ရိုလင်းစတုန်းက သတင်းစုံပေးလာပါတယ်။ First Cut is The Decpest ဆိုတဲ့ ဆိုရိုးလိုပါပဲ။ ရည်းစားဦးကွဲစတုန်းကတော့ အခံစားရဆုံးပါပဲလို့ ရင်ဖွင့်လာသူ ပေါ့ပ်စတားမလေးဆွစ်ဖ်က သူမရဲ့ အနုပညာ အနာဂတ်နဲ့ပတ်သက်ပြီး အခုလို အသိပေးခဲ့ပါတယ်။ "တေးရေး တေးဆို ဘဝမှာ ပျော်မွေ့သလို ထိပ်တန်းသရုပ်ဆောင်ဘဝကို လည်း ပိုင်ဆိုင်ခွင့်ရချင်ပါတယ်။ ဖြစ်နိုင်ရင် အော်စကာ တစ်ဆုလောက်တော့ ရချင်ပါသေး တယ်။ စင်ပေါ်မှာ သီချင်းဆိုရတာနဲ့ ကင်မရာ ရှေ့မှာ သရုပ်ဆောင်ရတဲ့အရသာက မတူတာ အမှန်ပါပဲ။ လောလောဆယ်မှာ ရင်ခုန်သံတွေ အေးစက်နေဆဲပါ။ boy-friend ရပြီ ဆိုရင်တော့ ပရိသတ်တွေကို အရင်ဦးဆုံး အသိပေးမှာပါ။ တေလာဆွစ်ဖ်ကို အားပေးကြတဲ့ ပရိသတ်ကြီးကို ကျေးဇူးကမ္ဘာပါ"လို့ ရင်ဖွင့်စကားဆိုသွားပါတယ်။

Profile

**အမည်** - တေလာ အဲလစ်ဆင်ဆွစ်ဖ်

**ဇာတိ** - ပင်ဆယ်ဗေးနီးယား

**မွေးသက္ကရာဇ်** - ၁၃. ၁၂. ၁၉၈၉

**အရပ်** - ၅ ပေ ၁၁ လက်မ

**အလုပ်အကိုင်** - တေးဆို၊ တေးရေး၊ သရုပ်ဆောင်

**အိမ်ထောင်** - မရှိ

**အယ်ဘမ်** - ၃ ချပ်

**ရောင်းချ** - ၂၅ သန်း

**ပညာရေး** - Aaron Academy

**ဂရမ်မီ** - ၆ ဆု

**ရဲသစ်**

Asian Fame Media Group



## အခြေအနေ

လက်ညှိုးထိုးသူနဲ့
လက်မထောင်သူတွေကြား
လက်ပိုက်ရပ်ကြည့်ခွင့် မရှိတဲ့ ငါ ... ။
လက်ခုပ်တီးပေးတိုင်း
လိုက်ကရအောင်လည်း
ဘဝက ... လက်လွတ်စပယ် မရှူးသေး။
လောကဓံကို လက်ခမောင်းခတ် စိန်ခေါ်ရအောင်လည်း
ငါကိုယ်တိုင် ... ဘာမှ မဟုတ်။
တွဲခေါ်သလိုလိုနဲ့
ဆွဲချနေတဲ့ လက်တွေ
မီးပိုင်းထဲ ရောက်နေတာတောင်
လက်ပိုက်ပြီး ကြည့်နေနိုင်သူတွေ
လက်ဖျားခါလောက်အောင် လေးစားမိ။
ဘဝရဲ့ ပေးထားချက်က
ခါးသီးတယ် ဆိုပေမယ့်
ရှုံးခဲ့တဲ့ အတိတ်ကို လက်ပြ
ယုံကြည်မှု လက်ဆွဲအိတ်နဲ့ ခရီးဆက်နေတဲ့ ငါ ...
လက်တွေ ဆန့်တဲ့ ဒီဘဝမှာ
ကိုယ့်လက် ကိုယ့်ခြေ
ကိုယ့်ယုံကြည်မှုတွေနဲ့ပဲ ရှင်သန်
အများလက်ခုပ်ထဲက ရေမဖြစ်ဖို့ ကြိုးစားရင်း
အမေ့ရဲ့ နွေးထွေးတဲ့ လက်တစ်စုံကို ဝတ်မှတ်နေမိတယ်။

သျှင်နောင်းညို (တံတားဦး)



## ဖော်မဲ့ကမ္ဘာ

တောစပ်က စိုက်ခင်းထဲမှာ
လေပြည်ဆော့ကစားရင်တောင်
တဖျစ်ဖျစ်မြည်နေတဲ့ တဲအိုတစ်လုံး။
အသက် ၂၀ ကျော်အရွယ်
ရုပ်ခန္ဓာက ပျိုပေမယ့် စိတ်တွေအိုနေတဲ့ လူတစ်ယောက်၊
မလိုချင်ဘဲ အတင်းလာထားသွားတဲ့ ကျေးတစ်ကောင်၊
အတောင်တွေ အညှပ်ခံထားရလို့ ကောင်းကင်ကို မော့ကြည့်ပြီး
စိတ်နဲ့ ပျံသန်းနေရတဲ့ ကျေးတစ်ကောင်ပေါ့။
မျိုးတူငှက်တွေ ကောင်းကင်မှာ ပျံသန်းသွားတဲ့အခါ
ရင်ကွဲမတတ် အော်သံပေးရင်း မြေပေါ်မှာ ယောက်ယက်ခတ်နေရှာတယ်။
နားလည်ပေးပါတယ် ရွှေကျေးရယ်။
အတောင်တွေ ရှည်လာတဲ့တစ်နေ့ မင်းပျံသွားပါ။
ငါကတော့ အထီးကျန်လှောင်အိမ်ထဲမှာ ဘယ်အထိများ နေရဦးမှာလဲ။
မိုးလင်းတာနဲ့ ငါ့ဝမ်းစာအတွက် ငါ့ဘာသာချက်စားပြီး
စိုက်ခင်းထဲမှာ ပေါက်ပြားတစ်လက်နဲ့ ချွေးဒီးဒီးကျတဲ့အထိပေါ့။
မင်းကတော့ တွေ့ ကရာတွေကို နှုတ်သီးနဲ့ ထိုးဆိတ်ရင်း
အထီးကျန် ဝေဒနာကို ဖြေဖျောက်နေတာပေါ့။
မတူညီတဲ့ ဘာသာစကား မတူညီတဲ့ မျိုးနွယ်စုက ဆင်းသက်လာတဲ့
တို့နှစ်ဦးဟာ
တစ်ဦးဝေဒနာကို တစ်ဦးက နှစ်သိမ့်အားပေးလို့ မရနိုင်ကြဘူးလေ။
ငါမင်းကို ကြိုပြီး မှာထားပါရစေ ရွှေကျေးရယ်။
မင်းအတောင်တွေ ရှည်လာလို့ ပျံသန်းထွက်ခွာသွားတဲ့ တစ်နေ့ကျရင်ပေါ့။
တကယ်လို့များ နလုံးသားလှသူတစ်ယောက်ရဲ့ အနီးအပါးကို
မင်းရောက်သွားခဲ့ရင်
ပြောပေးပါ ရွှေကျေးရယ်။
တောစပ်က တဲအိုလေးမှာ
အထီးကျန်ဝေဒနာကို သေလုမြောပါး ခံစားနေရတဲ့ လူတစ်ယောက်
အထီးကျန် လှောင်အိမ်တံခါးကို ချစ်ခြင်းမေတ္တာအပြည့်နဲ့
ဆွဲဖွင့်မယ့် လက်တစ်စုံကို တမ်းတနေတယ် ... လို့ ... ။

နေမင်းညို (ဓေတ္တ-နောင်ပိုအောင်)

af MEDIA GROUP
Asian Fame Media Group



## အခြေအနေတစ်ခု . . .
## စာရွက်နဲ့ဖောင်တိန်တစ်ချောင်းပဲ လိုတယ်

လေတွေတော့ တိုက်ခတ်နေတာပဲ
မွှန်းကျပ်မှုတွေ
ပါဝါကျမသွားဘူး။
တစ်ခါတလေ
တိတ်ဆိတ်လွန်းတော့လည်း
ဆူညံနေပြန်တယ်။
ရသစုံလင် ဘဝတစ်ခုကို
ဘာရယ်လို့ အမည်တပ်မရ
ဖြစ်နေရော။
သဘာဝက မျှတပါတယ်
ဒွန်တွဲမှုတွေ
အချိုးညီညီ ပေးတာလေ။
ကတ္တီပါခင်းနဲ့ ဆူးခင်းတဲ့
အခုထိ . . .
ဆူးထွင်နေရတုန်းပဲ။
စိတ်ဓာတ်တွေကို
လွှတ်ချလိုက်တာ
တော်တော် ပေါ့ပါးသွားတယ်။
ဒါပေမဲ့ . . .
ဘီ(လ်)ဂိတ်ကိုတော့ မနာလိုဖြစ်ရမှာပဲ။
'အပြောင်းအလဲ' ကို
လက်ခံနိုင်တဲ့ သတ္တိ
ဝို့မှာ ရှိထားလိုက်ပြီ။

ရွှေတာရာ



## ကျည်ဆန်က ရင်ဘတ်ဆီရောက်ဖို့
## တဒင်္ဂအလို

ဒီရပ်ကွက်ကို စီးနေကြလို့တော့ ဘယ်ခရီးမှ ရောက်ဖို့မရှိ
ကပ်ထားသမျှ သတိလေးကလည်း အသေအချာ လိုက်ဖမ်းလို့က မမိ
ကြွေးသောလက်များ မဆန့်ခင် တစ်နေ့ဝင်ပြန်ပြီ
ကျည်ဆန်က ရင်ဘတ်ဆီရောက်ဖို့ နောက်တစ်ရက်နီး . . .
အမှုန်အမွှား အသက်ဓာတ်ကလေးကို အရာအားလုံးထက် တွယ်တာကြ
ပြေးကြည့်လည်း မရ
တွေးကြည့်လည်း မရ
အမှောင်ထုရဲ့ ဟိုမှာဘက်က ဘဝ
ဘုရားဟောလား . . . တရားသဘောလား . . . အများပြောလား
အမှန်တရားရဲ့ ရုပ်ပြောင်းရုပ်လွှဲအတွက် ဉာဏ်မမီ
ကျည်ဆန်က ရင်ဘတ်ဆီရောက်ဖို့ နောက်တစ်ရက်နီး . . .
ဖိနပ်နဲ့ရေဘူးကို လိုက်ရှာတုန်း နေ့ကရောက်နှင့်ပြီ
ကိုယ်ပိုင်သင်္ကေတနဲ့ ဦးတည်ရာကို ရွေးထားနှင့်ကြပြီး
ကျည်ဆန်က ရင်ဘတ်ဆီရောက်ဖို့
နောက်တစ်ရက်၊ နောက်တစ်ရက်၊ နောက်တစ်ရက်နီး . . .

လင်းမိုးလက်


af MEDIA GROUP
Asian Fame Media Group



## အင်တာဗျူး

ကင်းဗတ်(စ်)ပေါ် အရောင်တွေမရောက်ရင်
ပန်းချီကားအဖြစ် အသက်မဝင်နိုင်ဘူး
အနုပညာတန်ဖိုးကို ကောက်ချက်ချဖို့
စုတ်ချက်တွေလည်း ခွင့်ပြုရမယ်
ဆေးရောင်တွေလည်း ပေးရမယ်
အရည်အသွေးကို တည်ဆောက်ဖို့
အရည်အချင်းကိုလည်း ပြခွင့်ရရမယ်
မြင်ကွင်းရှေ့က သတင်းတစ်ပုဒ်ကို
အတင်းမဖြစ်ဖို့လည်း ဦးတည်ရမယ်
လမ်းဆုံးရောက်နေသူအတွက်
ရွေးချယ်မှုလမ်းကြောင်း မှန်ကန်ရမယ်
စားပွဲရှေ့က တစ်ဦးတစ်ယောက်ကို လေးစားမှုပေးရင်း
သူ့အတွက်
ဒီနေ့ဆိုတာလည်း
မနက်ဖြန်များရဲ့ အလင်းရောင်ဖြစ်တယ်။ ။

အိမ်စည်စိုးစံ



## ချုံ့ကားထားတဲ့ အလွမ်း

ကျောင်းသင်ခန်းစာတွေ လုပ်ပြီးချိန်မှာ ငါ့စိတ်ကရည်းစား ဆာတယ်
လမ်းပေါ်မှာ လေလွင့်ပြီး အိပ်ချိန်ရောက်တဲ့အခါရည်းစား ဆာတယ်
ပျင်းရိငြီးငွေ့မှုနဲ့ ဦးတည်ရာမဲ့သီချင်းနဲ့ ကိုက်ခဲနေတဲ့အခန်းထဲမှာ ရည်းစား ဆာတယ်
ငါသိပ်ညှိုးဖျင်းခဲ့၊ ငါသိပ်ထူးချွန်ခဲ့၊ အဲဒီအခါမှာလည်း ဆာလောင်မှုဟာ ရောက်လာတာပဲ
လူနဲ့လူချင်း အနိုင်ကျင့်ခံရချိန်၊ ဒုက္ခတွေနဲ့ ပိပြားလေးလံနေတဲ့အချိန်၊
အဲဒီအချိန်မှာလည်း အဆာဓာတ်ဟာ ရှိနေတာပဲ
ပန်းချီဆရာမလေးက သူ့ပန်းချီကားရဲ့ ဆိတ်ကွယ်ရာမှာ၊
ကဗျာဆရာက အနုပညာပျိုးခင်းကို မိုးသွင်းပြီးချိန်၊
ဝန်ကြီးချုပ်ကလည်း အလုပ်သိမ်းလို့ ရုံးဆင်းချိန်၊
သူ့ရည်းစားကို သူဆာလိမ့်မယ်
လူသားဆန်မှုနဲ့ ဝါဒတစ်ခု၊ ဒါမှမဟုတ် ဘာဝါဒမှမရှိတာရဲ့
အချုပ်ပိုဟာ ဒီဆာလောင်မှုပဲ
လူသားအမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုး၊ တံဆိပ်အမျိုးမျိုး
ပြီးရင် ဆာလောင်မှုဟာ လာလိမ့်မယ်
တိုက်ပွဲတွေပြီးရင် ဆာမယ်၊ တိုက်ပွဲတွေ မရှိရင် ဆာမယ်
လူ့ဘဝရဲ့ အဓိပ္ပာယ်အမျိုးမျိုးနဲ့ အသက်ဓာတ်နဲ့ ရှင်သန်ခြင်းဟာ...
အဆာဓာတ်တစ်မျိုးပဲ
အဲဒီအဆာဓာတ်လေးနဲ့ ဘာမှမရှိတဲ့ ရင်ဗလာနဲ့
ငါ ညီမလေးကို ဆာလောင်လွမ်းဆွတ်နေတယ်။ ။

အောင်မျိုးသက်

Asian Prime Media Group
af MEDIA GROUP



## ရှင်သန်ခြင်း သီအိုရီ

လွဲမှားခြင်းရဲ့
အမှားချိုချိုတွေကို
မသိမသာဆိုသလို သိသိသာသာကြီး
အချိန်ရဲ့ ကမ်းပါးအိုထဲ
ငါ့ကိုယ်ငါ မြှုပ်နှံခဲ့တယ် ...
မျှော်လင့်ချက်နဲ့ ဆန္ဒတွေ
အနာဂတ်ထဲ အရောင်ထင်နိုင်ဖို့ကတော့
အဆိပ်ထဲက ပျားရည်စက်ကို
မက်မောမိသလိုမျိုးပေါ့...
အချစ်ဆိုတဲ့ ကဗျာတွေ
ငါ့စိတ်ကူးထဲကို တဖြည်းဖြည်းနဲ့
ဝင်ရောက်လာခဲ့...
ချိုမြတဲ့ ပန်းသီးတစ်လုံးကို မြည်းစမ်းဖို့က
အသိတရားဆိုတဲ့ ဓားထက်ထက်
ငွေအရောင်တွေ ထင်းလင်းနေတဲ့
ပကာသနတွေ လိုအပ်တယ်...
ရည်မှန်းချက်တွေ ဝေဝါးနေသေးတော့
ချစ်သူဆိုတာ မသိသင့်တဲ့
အကြောင်းအရာတစ်ခုလို
အဝေးဆုံးမှာ မေ့ပျောက်ထားတယ်...

Z ဇာပိုင် (Thongwa)



## နှလုံးသား ကောက်ကြောင်း

တိတ်တဆိတ်
အလွမ်းတစ်ချက် ရှိုက်လိုက်တာပါ
နွေဥသြတောင် တေးမဆိုနိုင်ခဲ့ဘူး
အဝေးက တံလျှပ်တွေလို
ပြန်မရနိုင်တော့တဲ့ စာမျက်နှာတွေ
စိတ်အာရုံမှာ အရိပ်ထင်လို့
ဒဏ်ရာက မနေ့ကထက် ပိုနက်တယ်
ဆိုညည်းမိတဲ့ သီချင်းက
စာမျက်နှာ တစ်ဆယ့်ငါး
အိပ်မက်ထဲက ပုံပြင်တွေလည်း
လက်တွေ့မှာ ဖြစ်မလာနိုင်
မရေမရာ အိပ်မက်တွေနဲ့
ရေရာသေချာတဲ့ ဘဝကိုမျှော်မှန်း
နှလုံးသားက
စတေးတဲ့အထဲ ပါသွားတယ်။ ။

ဒွန်သီဟ (ငဖဲ)

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို "ဖူးနံ့သစ်လွင်ကဗျာဥယျာဉ်" ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် **ဖုန်းနံပါတ်**ကို အပြည့်အစုံထည့်ပေးပါရန်။ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

Asian Time Media Group
af MEDIA GROUP




ဝေဖန်ရေးသည် အကောင်းဆုံး ဝန်ဆောင်မှုဖြစ်သည်။

## ဒါရိုက်တာ သားကြီး၏

# အဆုံးမဲ့ရှင်သန်ခြင်း

မောင်အိမ်စံ

ဇာတ်လမ်းမဟူရာ (လွိုင်ကော်)၊ ဇာတ်ညွှန်း မောင်ယုယ၊ ဒါရိုက်တာသားကြီးတို့၏ 'အဆုံးမဲ့ ရှင်သန်ခြင်း' ကို ကြည့်လိုက်ရသောအခါ ဂျာနယ် ကျော်မမလေး၏ နာမည်ကြီးဝတ္ထုဖြစ်သော 'မုန်း၍ မဟူ' ကို ပြန်လည်သတိရလာမိသည်။ ဘိလပ် ယဉ်ကျေးမှုကို အထင်ကြီးပြီး တုပနေထိုင်သူ ခင်ပွန်း သည်နှင့် မြန်မာ့ယဉ်ကျေးမှုကို စံထားလိုက်နာသော ဇနီးသည်တို့၏ ယဉ်ကျေးမှုပဋိပက္ခကို စူးရှစွာ ဖော်ပြထားသော ဝတ္ထုဖြစ်သည်။ မေတ္တာလွန်ကဲမှု (Ultra Love) ၏ ဆိုးကျိုးသက်ရောက်မှု (Negative reaction) ကို ရသမြောက်စွာ ရေးဖွဲ့တင်ပြရာတွင် စံထားလောက်သော ဝတ္ထုတစ်ပုဒ်ဖြစ်ခဲ့ပါသည်။

'မုန်း၍ မဟူ' သည် ဟိုးခေတ်က မှန်နေသလို ယခုခေတ်မှာလည်း မှန်နေမည်။ နောင်လာမည့် ခေတ်တိုင်း ခေတ်တိုင်းတွင်လည်း မှန်နေဦးမည် ဖြစ်သည်။ စေတနာနှင့် ချစ်ခြင်းမေတ္တာအရာတွင် သံသယဝင်စရာ တစ်မှုန်တစ်ဖွဲ့မှ မရှိပါသော်လည်း ဇနီးဖြစ်သူနှင့် အမြင်မတူ၊ လာရာလားရာမတူသဖြင့် အိမ်ထောင်ရေးဘဝ အဆင်မပြေဖြစ်ခဲ့ရသည်။

ယခု မဟူရာ (လွိုင်ကော်) ၏ 'အဆုံးမဲ့ ရှင်သန် ခြင်း' တွင် သင်ဇာဝင့်ကျော် (လဝန်းငယ်) ကို မြင်လျှင် မြင်ချင်း သိပ်ချစ်မိသွားသော စွမ်း (လူခန့် ကျော်) သည် လူကြီးမိဘနှင့် နားဖောက်ကာ လဝန်းငယ်ကို လက်ထပ်ယူသည်။ ချစ်လွန်းသဖြင့် စည်းကမ်းစနစ်တကျ ပြုစုသည်။ အစားအသောက်၊ အနေအထိုင်၊ ဓလေ့စရိုက် မတူညီသဖြင့် ယဉ်ကျေး မှုချင်း တိုးတိုက်မိရာမှ ပဋိပက္ခများ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာသည်။ ထိုပဋိပက္ခ နုနုလေးများဖြင့် တည်ဆောက်ရိုက်ကူး ပြသထားသဖြင့်လည်း ဤ ဇာတ်ကားသည် စိတ်ဝင်စားစရာ ကောင်းနေခြင်း ဖြစ်ပါသည်။

'အဆုံးမဲ့ ရှင်သန်ခြင်း' ကို ဝတ္ထုရေးသူသည် တဖြည်းဖြည်း ကြီးထွားလာသော ပဋိပက္ခများဖြင့် တည်ဆောက်ပြသည်။ လူခန့်ကျော်သည် လဝန်းငယ် ကို ချစ်ပါသည်ဟု မပြောဘဲ မိဘအုပ်ထိန်းသူများထံ ခွင့်ပန်၍ လက်ထပ်သည်။ လဝန်းငယ် ငြင်းသည်။ သို့ရာတွင် ဖခင်မရှိတော့သည့်နောက် လဝန်းငယ်၏ ရှေ့အရေးကို တွေးပူနေသော မိခင်ကြီး၏ သောက ကို နားလည်ခံစားသဖြင့် လက်ထပ်လိုက်သည်။ နံနက်စာ စားရသည်မှစ၍ အရာရာအားလုံးသည် မိမိ၏ ဆန္ဒကို ပစ်ပယ်ရသောအခါ လဝန်းငယ်သည် မိမိအပယ်ခံရပြီဟု နားလည်ခံစားသွားသည်။ သူငယ်ချင်းလည်းဖြစ်၊ အစ်ကို၏ ချစ်သူလည်း ဖြစ် သော နွယ်နွယ်ထံသွားမလည်ရန် တားမြစ်လာသော အခါ လူခန့်ကျော်၏ သူ့အပေါ် ချစ်သောအချစ်ကို သံသယဝင်လာသည်။ ဝတ္ထုရေးသူသည် ထိုပဋိပက္ခ

Asian Fame Media Group
MEDIA GROUP




ကို ဓာတ်ပုံများပြပြီး ပြန်ဖြေပေးသည်။ ဤသို့ပင် ပဋိပက္ခတစ်ခုဖြစ်လာတိုင်း ထိုပဋိပက္ခကို ဝတ္ထုရေးသူသည် လိမ္မာပါးနပ်စွာ လူခန့်ကျော်၏ အချစ်ဖြင့် ပြန်ဖြေပေးသည်။ နမူနာ - လူခန့်ကျော် အပြင်ထွက်ပြီး ပြန်လာသောအခါ လဝန်းငယ် မုန့်ဟင်းခါးဝယ်စားနေသည်ကိုမြင်၍ ပန်းကန်ကိုဆွဲယူပြီး လွှင့်ပစ်လိုက်သည့် အခန်းဖြစ်သည်။ ရုပ်ရှင်ကြည့်ပရိသတ်အဖို့ သူတို့နှစ်ဦး ပြဿနာတက်ပြီဟု ယူဆယုံကြည်နေစဉ်ပင် လဝန်းကိုသိပ်ချစ်သော လူခန့်ကျော်သည် မိမိအိမ်တွင် မုန့်ဟင်းခါးချက်စားရန် ခွင့်ပြုလိုက်သည်။

ပဋိပက္ခတစ်ခု ပြေပျောက်သွားပြီး နောက်တစ်ခုက ပေါ်လာသည်။ လူခန့်ကျော်၏ ရုံးခန်းတွင် ဖုန်းနားထောင်စဉ် စင်ဒီနှင့် လူခန့်ကျော်တို့၏ ပတ်သက်ခဲ့မှုကို စသိပြီး လူခန့်ကျော်မွေးနေ့တွင် စင်ဒီလာပြီး လဝန်းငယ်သည် ဒုတိယလူဖြစ်ကြောင်း ပြောသွားခဲ့သည်။ လဝန်းသည် စင်ဒီစကားကြောင့် သူ့အား ယခုအထိ 'ချစ်သည်' ဟု မပြောသေးသည်ကို ခံစားရပြန်သည်။ ထိုသို့ရှိစဉ် လဝန်းအန်သည်။ အန်ဖတ်က လူခန့်ကျော် ပေါ်သို့ကျရာ အသန့်ကြိုက်သော လူခန့်ကျော် ချက်ချင်းရေသွားချိုးသည်။ လဝန်းဘက်မှ အားလုံးတွေးစရာချည်းဖြစ်လာသည်။

**လူခန့်ကျော်အပြင်ထွက်ပြီး ပြန်လာသောအခါလဝန်းငယ် မုန့်ဟင်းခါးဝယ်စားနေသည်ကို မြင်၍ပန်းကန်ကိုဆွဲယူပြီးလွှင့် ပစ်လိုက်သည့်အခန်းဖြစ်သည်။ ရုပ်ရှင်ကြည့်ပရိသတ်အဖို့ သူတို့နှစ်ဦးပြဿနာတက်ပြီဟု ယူဆယုံကြည်နေစဉ်ပင်.....**

ကျွန်တော် သဘောကျသည်မှာ နွယ်နွယ်ဆီ မသွားရန်ပြောခြင်းနှင့် စင်ဒီ၏ တိုက်ခိုက်မှုကို တုံ့ပြန်ပြောခြင်းဖြစ်သည်။ ဝတ္ထုရေးသူသည် လူ့သဘာဝကို မမေ့။ နွယ်နွယ်သည်လည်းကောင်း၊ စင်ဒီသည်လည်းကောင်း၊ သူတို့နှစ်ဦး၏ ပဋိပက္ခကို ချေဖျက်ပစ်လိုက်မည့် သူများမဟုတ်ကြောင်း လူခန့်ကျော်က ကြိုသိ၍ ထိုသို့ပြောခြင်းဖြစ်သည်။

'အဆုံးမဲ့ ရှင်သန်ခြင်း' သည် လူ့သဘာဝကို ကြိုးစားပြသသည်။ အချစ်ကြီး၍ ဖြစ်ရသော ပဋိပက္ခကို ရိုက်ပြနိုင်သည်။ ဇာတ်လမ်း၏ နိဂုံးပိုင်းသည် ကိုယ်ဝန်ပျက်ကျ၊ လဝန်းက စင်ဒီကြောင့် လူခန့်ကျော်နှင့် ခွဲနေ၊ လူခန့်ကျော်ဆုံးပြီဟု ဖုန်းဆက်သဖြင့် လိုက်လာ၊ လူခန့်ကျော်နှင့် တွေ့၊ တစ်ဦးကို တစ်ဦး ချစ်ကြောင်း ဖွင့်ပြောပြီး အဆုံးသတ်သည်။

ဤဇာတ်ကားသည် လင်နှင့်မယားအကြားတွင် တတိယလူမလိုကြောင်း၊ အဓိကလိုအပ်ချက်မှာ နားလည်မှုပင်ဖြစ်ကြောင်း ကြည့်သူကို သတင်းပေး ရိုက်ကူးပြသထားသည့် ဗီဒီယိုဇာတ်ကားတစ်ကား ဖြစ်ပါသည်။

◆

ရုပ်ရှင်ဇာတ်ကားတစ်ကားသည် ရိုက်ချက်များကို စုစည်းထားသော အနုပညာပစ္စည်းတစ်ခု ဖြစ်သည်။ ထို့ကြောင့်လည်း တည်းဖြတ်မှုသည် အလွန်အရေးကြီး၏။ ထို့အပြင် ဒါရိုက်တာသည် ပရိသတ်မကြည့်လိုသော ရိုက်ချက်များကို ဖယ်ထုတ်ပြီး ပရိသတ်ကြည့်လိုသော ရိုက်ချက်များကိုသာ ဆက်စပ်ပြသရမည် ဖြစ်ပါသည်။ 'အဆုံးမဲ့ရှင်သန်ခြင်း' သည် စဉ်ဆက်ညီညွတ်မှု ရှိသည်။ တည်းဖြတ်မှုကောင်းသည်။ ပရိသတ်စိတ်အာရုံကို ဆွဲဆောင်နိုင်သော ကြည့်စရာ၊ မြင်စရာများကို ရွေးချယ်ပြသနိုင်ခဲ့သည်။

စွမ်းသည် ငွေကြေးပြည့်စုံသူ၊ လဝန်းငယ်ကို မြင်လျှင်မြင်ချင်း စွဲလမ်းသွားသူ၊ လက်ထပ်ပြီး ဇနီးသည်ကို အရိပ်တကြည့်ကြည့်နေသူ လူခန့်ကျော်အဖြစ် သရုပ်ဆောင်ရာတွင် လူခန့်ကျော်ဟု ပရိသတ်စွဲထင်နိုင်လောက်သည်အထိ သရုပ်ဆောင်ပြနိုင်ခဲ့ပါသည်။ သင်ဇာဝင့်ကျော်သည် ခင်ပွန်းသည်ကို အထင်လွဲနေသော ဇနီးသည်၊ ခင်ပွန်းသည်၏ ဂရုစိုက်မှုကြောင့် မနေတတ်မထိုင်တတ် ဖြစ်နေရုံမျှမက အကျဉ်းကျနေသည်ဟူ၍ပင် ထင်မြင်နေသူ၊ ချစ်လျက်နှင့် အချစ်ကို ဖွင့်မပြောဘဲ ချစ်သူက ဖွင့်ပြောလာမှုကို စောင့်မျှော်နေသူ မိန်းမသားတစ်ဦးအဖြစ် သရုပ်ဆောင်ရာတွင် လဝန်းငယ်အဖြစ် ပီပီပြင်ပြင် သရုပ်ဆောင်ပြနိုင်ပါသည်။

ခြုံ၍ဆိုရသော် ဒါရိုက်တာသားကြီး၏ 'အဆုံးမဲ့ရှင်သန်ခြင်း' သည် အိမ်ထောင်ရေးဘဝကို မှတ်သားစရာ ဇာတ်ကွက်ကလေးများဖြင့် ရိုက်ကူးပြသထားသည့် ဇာတ်ကားလေးတစ်ကား ဖြစ်ပါသည်။

**မောင်အိမ်စံ**

**ယခုလအညွှန်း**

၁။ ပဋိပက္ခ
၂။ လောင်ကျွမ်းကြသူများ
၃။ ပစ်မှတ်များတဲ့ နှလုံးသား

Asian Fame Media Group

# ကိုယ်ရေးအကျဉ်း ဂျက်ကွမ်း ဖြကျန်း

အသောအထွေ့



(တစ်)

အဆွေသည် ဘုတ်အုပ်စာပေ အမျိုးမျိုး အထွေထွေကို ဖတ်ရှုသမှု ပြုသည်ဟု ဆိုပါအံ့။ ဘိုင်အိုဂရပ်ဖီဟူသော စကားလုံးကိုဖြင့် ကြားဖူးမည်မှာကား အမှန်ကေန်မုချ မလွဲမသွေ ပင်ဖြစ်ရပေမည်တည်း။ ဟုတ်ကဲ့ ဘိုင်အိုဂရပ်ဖီ။

သိုးဆောင်းလူမျိုးတို့ကမူ Biography ဟူ၍ စာလုံးပေါင်းပါ၏။ မြန်မာတို့ကမူ အတ္ထုပ္ပတ္တိစာပေဟူခေါ်သတည်း။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း အတ္ထုပ္ပတ္တိ။ ဦးသန့်အကြောင်း အတ္ထုပ္ပတ္တိ။

> ''ကျွန်ုပ်၏ ကိုယ်ရေးအကျဉ်းကို မပြည့်မစုံနှင့် ဖော်ပြရသည်ကို ခွင့်လွှတ်စေလိုပေသည်။ အကယ်တန္တု ပြည့်ပြည့်စုံစုံ သိရှိလိုပါက မူရင်းကို မိတ္တူကူးယူ၍ သိမ်းဆည်းနိုင်ပါကြောင်း'' ဟူလို။

ဟိုချီမင်း အကြောင်း အတ္ထုပ္ပတ္တိ။ မဟတ္တမ ဂန္ဒီအကြောင်း အတ္ထုပ္ပတ္တိ။ ချေဂွေဗားရားအကြောင်းအတ္ထုပ္ပတ္တိ။ အေဗရာဟင်လင်ကွန်းအကြောင်း အတ္ထုပ္ပတ္တိ။ မာသာထရီဆာအကြောင်း အတ္ထုပ္ပတ္တိ စသည်များစသည်များ . .။

ဤ၌ မိမိ၏အကြောင်းကို သူတစ်ပါးက ရေးလေသော်မှ ဘိုင်အိုဂရပ်ဖီ (Biography) ဟူ၍မည်၏။ စိတ်ကူးက တစ်ဝက်၊ အမှန်က တစ်ဝက်ရောစွက်၍ မွှေနှောက်ကာ ရေးသားသည်ရှိလေသော် ဆီမီးဘိုင်အိုဂရပ်ဖီ (Semi-biography) ဟူ၏။ တစ်ဝက်တစ်ပျက် အတ္ထုပ္ပတ္တိဟု ဆိုရချေမည်လားမသိ။ ကိုယ့်အကြောင်းကို ကိုယ်တိုင်ပြန်၍ရေးလျှင်မူကား အော်တိုဘိုင်အိုဂရပ်ဖီ (Auto-biography) ဟူချေသတည်း။ ဥပမာ - ကျွန်ုပ်ဆရာကြီး ဂျက်ကွမ်းခြံကုန်းသည် ငယ်စဉ်တောင်ကျေး ကလေးဘဝအရွယ် ကတည်းကပင်လျှင် စာပေဝတ္ထုရတုလင်္ကာအဖြာဖြာတို့၌ လွန်စွာနှံ့စပ်၊ တစ်ဖက်ကမ်းခပ်ကျွမ်းကျင်သည့် အပြင် မိမိရှေ့မှောက်၌ မတရားမှုတစ်ခုခု ပြုနေသည်ကို တွေ့သည်ရှိသော် လက်ပိုက်ကာ ကြည့်နေလေ့မရှိဘဲ မျက်နှာလွှဲ၍ ဘယ်သောကာလတွင်မှ ထွက်ခွာမသွားသည်သာမက အနိုအဓမ္မသမားတို့နှင့် ရင်ဆိုင်ယှဉ်ပြိုင်ရန် လက်မနှေးသူ ပြည်သူ့အနုပညာရှင်တစ်ဦးပါပေတည်း . . . စသည်ဖြင့် မိမိကိုယ်မိမိ ပြန်ရေးပုံပါပေတည်း။

မိမိကိုယ်မိမိ ပြန်ရေးခြင်းကို ကိုယ်ရေးအတ္ထုပ္ပတ္တိဟုလည်း ခေါ်ကြပါ၏။ ယင်း ၎င်းကိုယ်ရေးအတ္ထုပ္ပတ္တိ၌ ကိုယ်ရေးအကျဉ်းသည် အလွန်အင်မတန် တွင်ကျယ်သော အမျိုးအစားဖြစ်ပါ၏။

ဆဲ့မီးနား (Seminar) ခေါ် နှီးနှောဖလှယ်ပွဲများ၊ ဝပ့်ခ်ရှော့ (work shop) ခေါ် အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောသမှုအစုစု ထွေလီကာလီများတို့တွင် ယင်း ၎င်းကိုယ်ရေးအကျဉ်းသည် လွန်စွာမှ ခေတ်စားချေ၏။ အခမ်းအနားစီစဉ်ဆောင်ရွက်သူတို့သည် သက်ဆိုင်ရာ ပုဂ္ဂိုလ်ကိုတွေ့မြင်သည်နှင့် ကိုယ်ရေးအကျဉ်းကလေး ပေးပါခင်ဗျာဟု တောင်းဆိုသမှုပြုမြဲပင် ဖြစ်ပါ၏။ စာရေးဆရာ၊ ကဗျာဆရာတို့သည်ကား ဟောပြောပွဲကျင်းပရာ ရပ်ရွာဒေသတစ်ခုခုသို့ ခြေချလိုက်သည်နှင့် ကိုယ်ရေးအကျဉ်းတောင်းသူတို့နှင့် ရင်ဆိုင်ရစမြဲပါပေ။

(နှစ်)

တစ်နေ့သ၌ ကျွန်ုပ်သည် စာရေးဆရာ ပေါက်စကလေးတစ်ယောက်နှင့်အတူ ခရီးနှင်ခွင့် ရခဲ့ပါ၏။ မြို့ပေါက်စကလေးတစ်မြို့ရှိရာဆီသို့ စာပေဟောကြားသမှုပြုရန်အလို့ငှာ ပါပေတည်း။

''ကိုယ်ရေးအကျဉ်းကလေး တွေပေးပါ ဆရာ''

ဤတွင် စာရေးဆရာကြီး တစ်ဦးက ဘုတ်အုပ်စာပေပေါင်းရာနှင့်ချီ၍ ရေးသားခဲ့ဖူးသည် မှန်ပါလျက် ငါးကြောင်းမျှသာရှိသော ကိုယ်ရေးအကျဉ်းကလေး တိုနံ့နံ့ကို ပေးအပ်လိုက်ပါ၏။ နိုင်ငံရေးသမားကြီးတစ်ဦးကလည်း သုံးလေးကြောင်း မျှသာ။ အနို့သော် သို့သော်ဟု ဆိုကြပါစို့။ ဝတ္ထုတိုတစ်ပုဒ်နှင့် ဆောင်းပါးကလေးတစ်ပုဒ်မျှ ရေးထုတ်ပြီးချေသော ကျွန်ုပ်တို့စာရေးဆရာပေါက်စသည်ကား လျှောက်လွှာစာရွက်နှင့် ဘယ်နှရွက်မှန်းမသိသော ကိုယ်ရေးအကျဉ်းကို လှမ်း၍ပေးလိုက်ဘိချေ၏။ ဩော် . . . ဘယ့်နှာသို့သော အော်တိုဘိုင်အိုဂရပ်ဖီ အကျဉ်းပါလိမ့်မလဲဟုဆိုကာ ကျွန်ုပ်မှာ စိတ်လှုပ်ရှားမိရသည်သာ။

(သုံး)

**ထိုစဉ်က လမင်းသည် ဝင်းထိန်စွာ သာလျက်ရှိ၏။ ကောင်းကင်အဇ္ဈာသည်ကား ကြယ်ပွင့်တို့၏ မျက်တောင်အခတ်၌ ပြိုးပြိုးပြက်ပြက်လက်ပနေသည်သာ။ ထိုလသာည၏ ကြက်ဦးအတွန်ဝယ် မွန်မြတ်သည့် စာရေးဆရာလောင်းလျာ စိုးမိုးအကွာရာကို မွေးဖွားခဲ့ပေ၏။** ကြည့်စမ်း၊ စာရေးဆရာ စိုးမိုးအကွာရာက သူမွေးဖွားခဲ့ပုံကို ကိုယ်ရေး အကျဉ်းအဖြစ် ရေးသားပေးခဲ့ချေရာ အခမ်းအနားမှူးက ပီသကြည်မြစွာ ဖတ်ပြလျက်ရှိပါ၏။

**ဆရာသည် ဆယ်တန်းစာမေးပွဲကို တစ်ကြိမ် ကျရှုံးပြီးသောအခါ တကယ့်ပညာကိုရှာရန် သန္နိဋ္ဌာန်ချလျက် ဘဝနှင့် ရင်ဆိုင်လိုက်ပေသည်။**

ဩော် . . . ဆက်ဖြေနေလည်းမည်သို့မှ မအောင်နိုင်မှန်းကို သိသဖြင့် စိတ်လေကာ ကျောင်းက ထွက်လိုက်သည်ကိုပင် တကယ့်ပညာကို ရှာဖို့တဲ့။ နိပ်ဟ။

**ကေရာဇ်ကြီးလည်း သေတာပါပဲဟူသော ဒဿနဖြင့် ဆရာ့ကို စာပေနယ်က အလေးဂရုပြုလာကြသည်။**

ဟုတ်ပါရဲ့။ လူတိုင်းသေမျိုးဆိုသည်ကို မည်သူကမှ မစဉ်းစားမိကြ။ ဆရာစိုးမိုးအကွာရာက ခက်ခက်ခဲခဲ နက်နက်နဲနဲတွေးဆကာ ဖော်ထုတ်လိုက်၍သာ လူသားတို့ သတိပြုမိသွားကြခြင်း ဖြစ်ပါသည်။ သည်တော့လည်း အလေးဂရုပြုကြလေမပေါ့။

**ဆရာသည် အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံများသို့ လေ့လာရေးသွားခဲ့ပြန်ပါသည်။**

မူဆယ်ကနေ တရုတ်ပြည်ထဲသို့ ခြေလှမ်းဆယ်လှမ်း၊ တမူးကနေ အိန္ဒိယပြည်ထဲသို့ ခြေလှမ်းအလှမ်းနှစ်ဆယ်။ မြဝတီကနေ ထိုင်းနိုင်ငံမဲဆောက်သို့ ခြေလှမ်းတစ်ရာ့နှစ်ဆယ်ခန့် လှမ်းဝင်ဖူးသည်ကိုပင် လေ့လာရေး သွားခဲ့ပြန်လေသတဲ့။ နိပ်ပေစွ။

**ဆရာသည် များများတွေးပြီးမှ နည်းနည်းပဲ ရေးသားတတ်သူဖြစ်ရာ စာဖတ်သူတို့၏ အားမလိုအားမရဖြစ်မှုကို အချိန်ပြည့် ခံနေရရှာသည်။**

ဩော် . . . စာမူအပုဒ်သုံးလေးဆယ်ရေးလို့မှ တစ်ပုဒ်သုံးဖြစ်ရန်မလွယ်သဖြင့် ခေါင်းအခါခံနေရသည်ကိုပင် များများတွေးပြီး နည်းနည်းရေးပြန်သတဲ့။

**ဆရာ့အဘိုး၏ အဘိုးသည် ဂျပန်ဖက်ဆစ်ကို တော်လှန်ကြစဉ်က တော်လှန်ရေး တပ်သားများအား မကြာခဏဆိုသလို မုန့်လုပ်၍ကျွေးခဲ့ရာ ဖက်ဆစ်တို့၏ ငြိုငြင်မှုကို ခံခဲ့ရရှာသည်။**

သို့ကလို ထို့လိုဖြင့် အခမ်းအနားမှူးက ရှည်လျားထွေပြားစွာ ကိုယ်ရေးအကျဉ်းကို ဖတ်၍နေရာ ပရိသတ်အချို့က တော်ပါတော့ဗျို့ ဟူသောအသံကြီးများဖြင့် အားပေးသမှုပြုလာကြပါ၏။

ဆရာစိုးမိုးအကွာရာကား မကျေမနပ် ဖြစ်သည်ထင့်။ စင်ပေါ်သို့ တက်သွားပြီးသည် ရှိလေသော် အောက်ပါအတိုင်း စကားစလေ၏။

"ကျွန်ုပ်၏ ကိုယ်ရေးအကျဉ်းကို မပြည့်မစုံနှင့် ဖော်ပြရသည်ကို ခွင့်လွှတ်စေလိုပေသည်။ အကယ်တန္တု ပြည့်ပြည့်စုံစုံ သိရှိလိုပါက မူရင်းကို မိတ္တူကူးယူ၍ သိမ်းဆည်းနိုင်ပါကြောင်း" ဟူလို။

ဝတ္ထုတိုတစ်ပုဒ်ဖြင့် စာပေသမားလုပ်ပြီး စင်ပေါ်သို့ ဟုပ်ခနဲ တက်လာကာ ဟောပြောပို့ချသူ စာရေးဆရာ၏ ကိုယ်ရေးအကျဉ်းမှာ မိတ္တူဆွဲယူ၍မှ မသက်သာအောင် စာရွက်လေးငါးခြောက်ဆယ် ခုနစ်ဆယ်ရှစ်ဆယ် ကိုးဆယ် တစ်ရာ ဖွယ်ဖွယ်ကလေးရယ်မှ ရာရာပါပေတမို့တကား။ ။

**ဂျက်ကွမ်းခြံကုန်း**

MEDIA GROUP
Asian Fame Media Group

# HOROSCOPE

ဒေါက်တာမြတ်သစ် (မန္တလေး)







## မေထုန်ရာသီ

(မေ ၂၂ မှ ဇွန် ၂၁ ကြား မွေးဖွားသူများ)

သင့်အတွက် အလုပ်အကိုင် ပတ်ဝန်းကျင်သစ်တွင် ကံကောင်းမှု၊ ကံဆိုးမှု ရောပြွမ်းကြုံတွေ့ရတတ်သည်။ လုပ်ငန်းတွင်း တပည့်များ အုပ်စုကွဲ၍ စိတ်ညစ်မည်။ စကားပြော မှားမည်။ အကုန်အကျ များစေတတ်ပေသည်။ အပြောအဆို အစွပ်အစွဲ ခံရတတ်ပေသည်။ ပြောင်းလဲသော အလုပ် ဂရုပြုလုပ်သင့်သည်။ မြေ၊ အိမ်တို့ ရောင်းဝယ်ဖြစ်ထွန်းပေလိမ့်မည်။ ခရီးရှည်သွားခြင်း အကျိုးပေးစေတတ်သည်။ မိခင်ကျန်းမာရေး ဂရုပြုပါ။ ပညာရေး - အောင်မြင်ပါလိမ့်မည်။ အချစ်ရေး - အဖုအထစ်ကြုံမည်။ အိမ်ထောင်ရေး - သာယာမှုနည်း၍ စိတ်ညစ်ရတတ်သည်။

**ယတြာ။ ။ ထီးအဝါ ၃ လက် လှူပါ။**

Asian Fame Media Group

## ကရကဋ်ရာသီ

(ဇွန် ၂၂ မှ ဇူလိုင် ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် အလုပ်အကိုင် အဆင်ပြေစပြုလာမည်။ ငွေကိစ္စ အမြင်ကြည်စပြုလိမ့်မည်။ အထက်လူကြီးနှင့် အဆင်ချော၍ နေရာပေးလာစေမည်။ သားသမီး စိတ်တိုင်းမကျ ဖြစ်စေတတ်သည်။ ကုသိုလ်ရေး ပါဝင် ဆောင်ရွက်ရတတ်ပေသည်။ မောင်နှမ ဆွေမျိုးဒုက္ခပေး တတ်သည်။ ပညာရေး - များစွာ တိုးတက်မှု ရှိစေတတ်ပေသည်။ အချစ်ရေး - စိတ်မဝင်စားလျှင် ကောင်းလိမ့်မည်။ ရာထူးတိုးကိစ္စတို့ ပေါ်စေတတ်ပေသည်။ ကျန်းမာရေး - လေ၊ အစာအိမ် ဒုက္ခပေးလိမ့်မည်။ ကျောင်း အရွှေ့အပြောင်း သတိထားသင့်သည်။

**ယတြာ။ ။ ရေ ကုသိုလ်ပြုပါ။**

## သိဟ်ရာသီ

(ဇူလိုင် ၂၃ မှ ဩဂုတ် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် သတ္တိရှိရှိဆုံးဖြတ်မှု အကျိုးခံစားရတတ်၏။ ရာထူးတိုးမှု ရှိမည်။ အလုပ်အင်တာဗျူး အဆင်ချောမည်။ နေရာကောင်း ရမည်။ ဘဏ်ကိစ္စ၊ ချေးငွေအဆင်ပြေလာမည်။ မြန်မာပြည် မြောက်ပိုင်း အဆင်မချောနိုင်သေးပါ။ သို့သော် ရင်းနှီးမြှုပ်နှံမှု များနေတတ်ပေသည်။ ခရီးရှည်သွားခြင်း သတိပြုပါ။ သွေးထွက်သံယို မြင်ပေသည်။ မပေါ့ဆသင့်ပါ။ လူမှုရေးကိစ္စ တချို့ လက်ရှောင်ပါ။ လျှပ်စစ်မီးသုံးစွဲမှု စည်းကမ်း ရှိသင့်သည်။ ပညာရေး - ကောင်းမွန်မည်။ ဆရာကောင်း တွေ့မည်။ အချစ်ရေး - ပျော်ရွှင်ရတတ်သည်။

**ယတြာ။ ။ အချိုမုန့် ၅ ခု လှူပါ။**

## ကန်ရာသီ

(ဩဂုတ် ၂၃ မှ စက်တင်ဘာ ၂၂ ကြားမွေးဖွားသူများ)

သင့်အတွက် အလုပ်သစ်ထဲ စိတ်ဝင်စားမှု ရှိစေတတ်သည်။ ဝင်ငွေ၊ ထွက်ငွေ မမျှနိုင်သေးပါ။ လိုချင်သောဆန္ဒ တဖြည်းဖြည်း ပြည့်မည်။ ထီပေါက်ခြင်း၊ ဆုရခြင်း၊ လခတိုးခြင်း ကြုံစေနိုင်သည်။ ကုသိုလ်တစ်ခု လုပ်ရတတ်သည်။ ကိုယ့်ကိုယ်ကိုယ် အားမရသေးပါ။ အလုပ် ၂ မျိုးလုပ်မှ စီးပွား အဆင်ပြေစေနိုင်ပေမည်။ လက်အောက်ခံ လခစားဘဝမှ ရုန်းမထွက်နိုင်သေး။ မိဘကျန်းမာရေး - ညှံ့လိမ့်မည်။ အချစ်ရေး နှစ်ဦး တည်း ကျေနပ်ပျော်ရွှင်ရတတ်သည်။ အပျိုကြီး၊ လူပျိုကြီးဘဝမှ ကျွတ်လွတ်ရန် မြင်ပေသည်။ ပြည်ပ အလည်ခရီး သွားရတတ်သည်။ လက်ရှိထက်ပို၍ ဝလာဦးမည်။ ငွေအခက်အခဲ အဆင်ပြေလာမည်။ သင်တန်းတစ်ခု အကျိုးရှိစွာ တက်ရတတ်သည်။

**ယတြာ။ ။ စပါးနံ့ ကုသိုလ်ပြုပါ။**

## တူရာသီ

(စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၂ ကြားမွေးဖွားသူများ)

သင့်အတွက် အလုပ်အကိုင် ပတ်ဝန်းကျင် နေရာသစ် အဆင်ပြေစပြုလာမည်။ ဝင်ငွေ ပိုကောင်းလာမည်။ သို့သော် အခွင့်ထူး မရနိုင်သေးပါ။ ချေးငှားကိစ္စ ရှောင်ပါ။ မင်္ဂလာကိစ္စ အမြန် ဆောင်ရွက်ရတတ်သည်။ ပညာရေး - ကောင်းမွန်စေ လိမ့်မည်။ လုပ်ငန်းတွင်း အတိုက်အခံသတိပြုသင့်ပေသည်။ မိခင်ကျန်းမာရေး သတိပြုပါ။ မြေ၊ အမွေ ရရှိ စေတတ်သည်။ ကားသစ်ဝင်ရန် မြင်သည်။ ကိုယ်တိုင်ကျန်းမာရေး ညှံ့စေတတ်သည်။ ထိထိုးပါ။ အိမ်တွင်းရေး သာယာမှု နည်းနေလိမ့်မည်။ အရောင်းအဝယ် မှားတတ်၍ သတိပြုသင့်သည်။

**ယတြာ။ ။ ထီးအဖြူ ဘုရားလှူပါ။**

## ဗြိစ္ဆာရာသီ

(အောက်တိုဘာ ၂၃ မှ နိုဝင်ဘာ ၂၂ ကြားမွေးဖွားသူများ)

သင့်အတွက် အများနှင့် ပြောဆိုဆက်ဆံ လုပ်ကိုင်ခြင်းတို့ တိုးတက် အောင်မြင်မှု ရှိမည်။ ရှယ်ယာအလုပ်များ ဆက်တိုက် အဆင်ပြေစေမည်။ ဝင်ငွေပိုင်း များစွာ တိုးတက်မှု ရှိစေတတ်သည်။ ကြိုးစားမှု အသီးအပွင့်ကို ခံစားရမည်။ ပညာရေး - ထူးချွန်စေမည်။ ပြည်ပ အလုပ်ကိစ္စတို့ အဆင်ချောပေမည်။ ကျောင်းအပ်သော ကိစ္စ အဆင်ပြေပါလိမ့်မည်။ အချစ်ရေး - အထူးစန်းပွင့်တတ်၍ အနေအထိုင် သတိပြု သင့်ပေသည်။ ပြည်ပပို့ကုန် အကျိုးရှိစေတတ်သည်။ ကျန်းမာရေး ညှံ့မည်။

**ယတြာ။ ။ ဗယာကြော် ၅ ခု လှူပါ။**

## ဓနုရာသီ

(နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၀ ကြားမွေးဖွားသူများ)

သင့်အတွက် အပြောင်းအလဲပြုမှ အဆင်ပြေစေလိမ့်မည်။ ပြိုင်ဆိုင်မှု များသော နေရာတွင် စိတ်ညစ်ရတတ်သည်။ ပညာရေး - ကံကောင်းပါမည်။ စာမေးပွဲ အောင်မြင်စေမည်။ လူမျိုးခြားနှင့် လက်တွဲမှု ထင်သလို မဟုတ်ပါ။ အိမ်ထောင်ရှင်တို့ စိတ်ဖောက်ပြန်မှု ပို၍ပြင်းထန်လာပေမည်။ အချစ်ရေး - အပြိုင်များမည်။ သားသမီးကို သဘောကျ ကျေနပ်နေရ တတ်သည်။ ဝင်ငွေပိုင်း သင့်ရုံသာရှိမည်။ နိုင်ငံခြားသားနှင့် သတိထား ဆက်ဆံသင့်ပေသည်။ ပြည်ပခရီးရှည် အဆင်ပြေမည်။

**ယတြာ။ ။ သံဃာကို ဆွမ်းလောင်းလှူပါ။**



Asian Frame Media Group

## မကာရရာသီ

(ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၂၀ ကြားမွေးဖွားသူများ)

သင့်အတွက် အလုပ်အကိုင် အဆင်ပြေစေမည်။ ငွေဝင် အထူးကောင်းပေလိမ့်မည်။ ရာထူးတိုးစေတတ်သည်။ သည်းခံ မေတ္တာစိတ်ဖြင့် ကြိုးစား လုပ်ကိုင်သင့်ပေသည်။ သင်တန်းတက်ခြင်းတို့ အကျိုးရှိပေမည်။ ကိုယ်ဝန်ဆောင်တို့ သမီးရတနာ မွေးဖွားစေလိမ့်မည်။ အချစ်ရေး - အထူးပင်ကံကောင်း အဆင်ပြေစေလိမ့်မည်။ ရပ်ဝေးခရီး အကျိုးရှိစေတတ်သည်။ အိမ်ထောင်ပြုရေး - အဆင်ပြေမည်။ မိဘ ကျန်းမာရေး - တဖြည်းဖြည်း ကောင်းလာမည်။

**ယတြာ။ ။ ပျားလိမ္မော်သီး လှူပါ။**

## ကုမ်ရာသီ

(ဇန်နဝါရီ ၂၂ မှ ဖေဖော်ဝါရီ ၁၈ ကြားမွေးဖွားသူများ)

သင့်အတွက် အကုန်အကျ များပြားနေတတ်သည်။ သို့သော် မထင်မှတ်သော အလုပ်သစ် တစ်ခု ရရှိလာနိုင်သည်။ စက်ပစ္စည်း အသစ်များ ဝင်စေတတ်ပေသည်။ ခရီးတို၊ ရှည် ဆက်များနေလိမ့်မည်။ သားသမီး ပညာရေး ကောင်းမွန်မည်။ စပ်တူစီးပွားရေး ကောင်းမွန်စပြုလာမည်။ ပညာရေး - ထူးချွန်စွာ အောင်မြင်စေမည်။ အချစ်ရေး - အဆင်ပြေမည်။ ငွေကြေးတချို့ပြန်ရလာပေလိမ့်မည်။ ဝင်သောမြေ၊ အဆောက်အဦး အကျိုးရှိမည်။ အဖွဲ့အစည်းနှင့် စုပေါင်းလုပ်ကိုင်မှု အဆင်ပြေလိမ့်မည်။

**ယတြာ။ ။ ရေတော် ၅ ခွက် ကပ်လှူပါ။**

## မိန်ရာသီ

(ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀ ကြားမွေးဖွားသူများ)

သင့်အတွက် ကြိုးစားရုန်းကန်နေရဆဲ ဘဝသင်ခန်းစာများ ရယူဆဲ ဖြစ်ပေလိမ့်မည်။ အိမ်တွင်းရေး အဆင်ပြေလိုက် မပြေလိုက်ဖြင့် ကြုံမည်။ အတိုက်အခံများမည်။ နာမည်ရလာသလို အလုပ်ကို ပိုမိုကြိုးစားယူရမည်။ သို့သော် လခစားဘဝမှ မလွတ်နိုင်သေး။ ပညာရေး - အခြေအနေ အထူးကောင်းမွန်ပေမည်။ သင်တန်းတစ်ခု တက်ရန် ပျက်တတ်သည်။ ထိထိုးပါ။ အိမ်ထောင်ဘက် ကိုယ်ဝန်ရှိစေတတ်သည်။ အချစ်ရေး - ကံကောင်းစေလိမ့်မည်။

ယတြာ။ ။ မုန့်တီ လှူပါ။

## မိဿရာသီ

(မတ် ၂၀ မှ ဧပြီ ၂၀ ကြားမွေးဖွားသူများ)

သင့်အတွက် တစ်ပါးသူကိစ္စ ဝင်ရောက်ကူညီ လုပ်ဆောင်ရင်း စိတ်ဝမ်းကွဲရတတ်၏။ ရန်များမှုကြုံ၍ စိတ်ညစ်ရတတ်သည်။ စုပေါင်း ခရီးရှည်သွားရခြင်းတို့ အတွက် စိတ်ချမ်းသာမှု ရရှိစေတတ်ပေသည်။ စီးပွားရေး တိုးပွားမှု သိသာသလို အသုံးစရိတ်လည်း ပိုမို၍ ကြီးမားလာစေတတ်ပေသည်။ အိမ်တွင်းလူဦးရေ တိုးပွားမည်။ ထီဆုကြီးပေါက်ရန် ရှိပေသည်။ ပညာရေး - ထူးချွန်စွာဖြင့် အောင်မြင်စေတတ်ပေသည်။ မြေအတွက် အချိန်အနည်းငယ် စောင့်ရတတ်သည်။ အချစ်ရေး - ကံကောင်းစေတတ်ပေသည်။ ကျန်းမာရေး ညံ့မည်။ အလုပ်အရွှေ့အပြောင်း မထင်မှတ်ဘဲ ကြုံမည်။

**ယတြာ။ ။ သစ်သီး လှူပါ။**

## ပြိဿရာသီ

(ဧပြီ ၂၀ မှ မေ ၂၀ ကြားမွေးဖွားသူများ)

သင့်အတွက် အောင်မြင်မှု လမ်းကြောင်းမှန်ပေါ်သို့ ခိုင်ခိုင်မာမာ ရောက်ရှိလာပေသည်။ ဘုန်းကံ အရှိန်အဝါ တောက်ပစေသည်။ အလုပ်အကိုင် အဆင်ပြေစေပြီး ဝင်ငွေ သိသာစွာ တိုးတက် စေတတ်ပေသည်။ စုပေါင်းခံစား အောင်မြင်စေတတ်သော အချိန်တစ်ခုပင် ဖြစ်ပေသည်။ မြေ၊ ယာ၊ စက်ဝယ်ယူမှုတို့ ပြဿနာရှုပ်ထွေးစေတတ်ပေသည်။ အသွားအလာ သတိပြုသင့်သလို ပတ်ဝန်းကျင်မီးဘေး သတိထားသင့်ပေသည်။ ပညာရေး - ထူးချွန်စွာ အောင်မြင်မည်။ ပြည်ပခရီး အဆင်ချောမည်။ လျှို့ဝှက် အချစ်ရေး - ပို၍အဆင်ပြေစေတတ်ပေသည်။

**ယတြာ။ ။ ဆန် လှူပေးပါ။**

(၇) ရက်သားသမီးများ
၂၀၁၂ June လအတွက် ကံစမ်းထီထိုးရန်
အားကောင်းသောဂြိုဟ်များမှာ

ပထမပတ်
တနင်္ဂနွေဂြိုဟ် (၁)၊ စနေဂြိုဟ် (၇)

ဒုတိယပတ်
အင်္ဂါဂြိုဟ် (၃)၊ စနေဂြိုဟ် (၀)

တတိယပတ်
ကြာသပတေးဂြိုဟ် (၅)၊ သောကြာဂြိုဟ် (၆)

စတုတ္ထပတ်
သောကြာဂြိုဟ် (၆)၊ ဗုဒ္ဓဟူးဂြိုဟ် (၄)
တို့ဖြစ်သည်။

**ဒေါက်တာမြတ်သစ် (မန္တလေး)**
**ဖုန်း-၀၂၇၃၇၉၄**



Asian Frame Media Group
af MEDIA GROUP

# မန္တလေးအတွေး မန္တလေးအရေး

ကိုထွန်း(လမ်း-၈၀)



Asian Fame Media Group

ဝမ်းစာ

(၁)

ကဆုန်နယုန် ဆွေ့ဆွေ့ခုန်တဲ့။ အမယ်လေးဗျာ၊ နေပူလိုက်ပုံက တော့ ဆွေ့ဆွေ့ခုန်ရုံတင် မဟုတ် တော့ပါဘူး။ ရှေ့ကျွမ်းနောက်ကျွမ်း တွေနဲ့ ကျွမ်းပစ်လိုက်ရအောင်အထိ ပူပြင်းနေတာ ဖြစ်ပါတယ်။ ဒီအတိုင်း ဆိုရင် ရာသီဥတုက မနိပ်တဲ့ပုံပါပဲ။ အရင့် အရင်နှစ်တွေတုန်းကတော့ သင်္ကြန်ပြီးနောက်နေ့ နှစ်ဆန်းတစ် ရက်နေ့မှာ မိုးလေးနည်းနည်းပါးပါး ရွာချတတ်တယ်။ အဲဒီလို မဟုတ်ရင် လည်း နှစ်ဆန်းလေးငါးရက်လောက် မှာ မိုးတစ်ကြိမ်လောက် ရွာတတ်ပါ တယ်။ အခုတော့ မဟုတ်ဘူး။ သင်္ကြန်တွင်းကလည်း (သင်္ကြန် အကြိုနေ့ ညနေ မိုးနဲ့လေနဲ့ရောပြီး ရွာချတာကလွဲလို့) နေပူရှိန်ပြင်း၊ သင်္ကြန်ပြီးတော့လည်း နေက ပူပြင်း နေလေတော့ အင်း. . . ဒီတစ်နှစ် နွေဇာတ်ထုပ်ကတော့ မလွယ်ပါ ကလားလို့ တွေးမိလိုက်ပါတယ်။

နေ့တိုင်း နေပူလွန်းတော့ မိုး ရွာမယ့်အချိန်ပဲ မျှော်နေရတာပါ။ ဒါပေမဲ့ မျှော်သာမျှော် ကိုရွှေမိုးက ပေါ်မလာ။ သည်အထဲ ပူပြင်းတဲ့ အရပ်ဒေသတွေမှာ နောက် ဆယ် ရက်အထိ နေပူပြင်းမယ်လို့ ကြိုတင် ကြေညာထားတော့ မျှော်လင့်ချက် တွေက လေပြင်းတိုက်ခံရတဲ့ မိုးတိမ် တွေလို လွင့်ပြေးကုန်ပါတော့တယ်။ ဒါပေမဲ့ တစ်ခုတော့ ဖြေသာစရာရှိ လို့ တော်ပါသေးရဲ့။ အဲဒါက လျှပ် စစ်မီး ပုံမှန်လာနေလို့ ဖြစ်ပါတယ်။ နို့ပေမယ့် သူ့ကိုလည်း စိတ်ချလက်ချ မဖြစ်ရဲပြန်ဘူး။ ကျွန်တော်တို့ နိုင်ငံ မှာ ရေအားလျှပ်စစ်ကို အဓိကထား အားကိုးနေရလေသမို့ ဆည်တွေမှာ မိုးမရွာရင် ရေနည်းတော့မှာကိုး၊

အဲဒီတော့ လျှပ်စစ်မီးကလည်း ပုံမှန် ပေးနိုင်ပါတော့မလား။ တစ်ညတုန်းက ဘယ်လိုကြောင့်ရယ် မသိ၊ တစ်နာရီလောက် လျှပ်စစ်မီးပျက်သွားပါတယ်။ အဲသမှာ ခံရချက်မသက်သာ။ လေကလည်း မတိုက်။ တစ်နေကုန် အပူစုပ်ထားတဲ့ တိုက်နံရံတွေက အပူငွေ့တွေ လွှတ်ကုန်လို့ အိပ်မရ ထိုင်မရနဲ့ အိမ်ရှေ့ဝရန်တာထွက်ပြီး ယပ်ခပ်နေရပါတော့တယ်။ ယပ်ခပ်ရင်း ခြေပန်းလက်ပန်းကျတော့မလို ဖြစ်နေချိန်မှာ လျှပ်စစ်မီးလာလို့ဝမ်းသာလိုက်ပုံက စာဖွဲ့လို့တောင် ကုန်မယ်မထင်။ ပန်ကာတွေဖွင့်ပြီး လေအေးကလေးတွေ ဆောင်ကြဉ်းနေသမို့ ဒီလိုမှပဲ ဟန်ကျသတဲ့လို့ ရွှင်မြူးစွာ တွေးလိုက်မိပါတယ်။

နေ့တိုင်း နေပူပြင်းလွန်းလို့ ချွေးတွေ ဒလဟောယိုစီးပြီး လူလည်း နုံးချည့်ချည့်ဖြစ်နေပါတယ်။ အစားအစာ စားရတာလည်း ခံတွင်းမတွေ့၊ ရေကိုပဲ တစွတ်စွတ်သောက်နေရတာကလား။ အဲဒီတော့ အစားပျက် အအိပ်ပျက်နဲ့ ကြာရင် ရောဂါဘယတွေဝင်လာမှာ စိုးရပါတယ်။ ပြီးတော့ အပြင်ထွက်ရင်လည်း အချိန်ကာလကို အမြဲဆင်ခြင်သတိပြုနေမှ ဖြစ်ပါမယ်။ နေ့လယ်ခင်းရောက်ရင် ဘယ်မှ မထွက်တော့ဘဲ အိမ်တွင်း အောင်းနေတာက အကောင်းဆုံးပါ။ ညနေခင်း နေချိုသွားတဲ့အချိန်ရောက်မှ အိမ်အပြင်ထွက်ကြတဲ့သူတွေပဲ များပါတယ်။ အစားမတော် တစ်လုတ်တဲ့၊ အသွားမတော် တစ်လှမ်းတဲ့။ ပူပြင်းတဲ့နွေရာသီမှာ အစားအသောက်မှားရင် ဝမ်းပျက်ဝမ်းလျှော ဖြစ်ရပြန်ပါရော။ ဒါကြောင့်မို့ ကိုထွန်းတစ်ယောက် အစားအသောက်ကို အမြဲသတိထားပြီး ဆင်ခြင်နေမိပါတယ်။ သို့သော်လည်းပေါ့၊ အသွားမတော် တစ်လှမ်းကို ဂရုမစိုက်မိလိုက်ဘူး။ သကြန်အတက်နေ့က ခြေချော်လဲလို့ ခြေမျက်စိနေရာက စူးခနဲ အသည်းခိုက်အောင် နာကျင်ပြီး ခြေဖမိုးကြီး ရောင်ကိုင်းလာပါတယ်။ ချက်ချင်းပုလဲက ဆရာဆီပြေးရတော့တာပေါ့။ ဖြစ်တဲ့နေရာကို ဆေးလိမ်း၊ ပတ်တီးစည်း၊ တစ်ခါတည်းနဲ့ အိပ်ရာထဲလှဲနေရတဲ့ လူမမာကြီး ဖြစ်သွားပါလေရော။ နောက်တစ်ရက်က နှစ်ဆန်း (၁) ရက်နေ့။ ခြေထောက်ဒဏ်ရာ နည်းနည်း သက်သာလာပေမယ့် ကောင်းကောင်း မထောက်နိုင်သေးဘူး။ ဒါကြောင့်မို့ အိမ်ထဲမှာ ဟိုနားဒီနားသွားချင်ရင် ခြေတစ်ပေါင်ကျိုးနဲ့ လှမ်းရပါတော့တယ်။ ငယ်ငယ်တုန်းက အမေတွေနဲ့ လျှပ်ထိုးတမ်းကစားခဲ့ဖူးလို့ အဲဒီထရိန်နင် လေးကအခုမှလာပြီး အထောက်အပံ့ဖြစ်နေစေပါတယ်။ ဟန်ကို ကျလိုက်တာ။ နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ မျှော်လင့်ချက်တွေပွေ့ပိုက်ပြီး ရှေ့ခရီးဆက်လက် လျှောက်လှမ်းမယ်လို့ ကိုထွန်း တစ်ယောက် ကိုယ့်ကိုယ်ကိုယ် မောင်းတင်ထားပါတယ်။ ဒါပေမဲ့ ကြုံလာရတဲ့ အခြေအနေအရ မြန်မာ့နှစ်သစ်ရက်တွေကို ခြေတစ်ပေါင်ကျိုးနဲ့ ခုန်ဝင်ရသမို့၊ ပြော်. . ငါ့နှယ်နော်၊ ဖြစ်ရပုံကလည်းလို့ပဲ စိတ်ပျက်လက်ပျက် တွေးလိုက်မိရတော့တာပေါ့။

ချစ်ချစ်ကတော့ ထစ်ခနဲရှိရင် သူ့ထုံးစံအတိုင်း ပူညံပူညံ။ ခြေချော်လဲကျတော့ ဆူလိုက်ပူလိုက်တာလေ။ ကျွန်တော့်မှာ ဒဏ်ရာက နာကျင်ရတာ တစ်မျိုး၊ နေပူလို့စိတ်တိုရတာက တစ်ဘာသာ။ ချစ်ချစ်ဆူလို့ ဒါပေမဲ့ ဘာတတ်နိုင်မလဲ။ စိတ်နောက်ကိုယ်ပါ လုပ်နိုင်တဲ့ အခြေအနေမဟုတ်လို့ နောက်ဆုံးတော့လည်း ကိုယ့်စိတ်ကို လျှော့ချလိုက်ရပါတော့တယ်။ အဲဒီလို ဖြစ်နေတာကို ချစ်ချစ်က ကျေနပ်အားရစွာနဲ့ ပြုံးပြုံးကြီး ကြည့်နေပါတယ်။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ မှတ်နေတာမျိုးတော့ မဟုတ်ဘူး၊ "ခြေထောက်ချော်လဲလို့ အိမ်ထဲမှာငြိမ်နေရတာလည်း တစ်နည်းအားဖြင့် ကောင်းတာပဲတော့။ ဒီလိုမဟုတ်ရင် လမ်းများတဲ့ တော်ကနေပူလွန်းလို့ အပြင်မထွက်နဲ့ပြောလည်း ရမှာမဟုတ်ဘူး။ အခုတော့ အပြင်ထွက်ချင်ဦးလေ" ဆိုပြီး ခနဲ့လိုက်ပါတယ်။

ဟုတ်ပါတယ်။ ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ ငယ်ငယ်ကတည်းက ခြေထောက်မှာ ဗွေပါလာလေတော့ စားချိန်အိပ်ချိန်ကလွဲလို့ အိမ်ထဲမှာ ကြာကြာမနေတတ်ဘူး။ လူပျိုဘဝတုန်းက အိမ်မကပ်တဲ့ ကျွန်တော့်ကို အမေက ငါ့သား မင်းကို အိမ်စောင့်နတ်က နှင်နေလို့လားတောင် အမေးခံခဲ့ရဖူးပါတယ်။




နားမခံသာဖြစ်ရခြင်းက တစ်နည်း။ သို့ကလို ကြုံတွေ့လိုက်ရလေတော့ ကြမ်းပြင်ပေါ်မှာ ဖင်ချထိုင်ရင်း ကောင်းတဲ့ ခြေထောက်တစ်ဖက်နဲ့ လှမ်းကန်ပစ်ချင်လောက်အောင်အထိ ဒေါသဖြစ်သွားရတာပါ။

အဲသလိုများ ဖြစ်နေသလား မပြောတတ်။ အခုလည်း ခြေထောက်ဒဏ်ရာ နည်းနည်း သက်သာလာတော့ ထော့နဲ့ထော့နဲ့ ဖြစ်နေတာကို ဂရုမစိုက်နိုင်ဘဲ မိတ်ဆွေတစ်ယောက်ရဲ့ မော်တော်ကားနဲ့အတူ အပြင်ထွက်ဖို့ ဟန်ပြင်လိုက်ပါတယ်။ ခြေထောက်အနာက မသက်သာသေးဘဲနဲ့ ဘာဖြစ်လို့ အပြင်ထွက်မှာလဲတဲ့။ ဒီလောက် နေပူပြင်းနေတာကို အရေးတကြီး ဘာကိစ္စရှိလို့ ထွက်ချင်ရတာလဲတဲ့၊ ချစ်ချစ် လက်ခံနိုင်

Asian Fame Media Group



တဲ့အဖြေကို ရှာကြံပေးဖို့ ကဗျာကယာစဉ်းစားလိုက်ပါတယ်။ ရှာလို့မတွေ့၊ ဒီတော့လည်း ထွက်ချင်လို့ထွက်တယ်ကွာလို့ ပွင့်ပွင့်လင်းလင်းပြောလိုက်ရတော့တာပေါ့။ ဆင်ခြေဆင်လက်ပေးစရာ ရှာမတွေ့ဘူးလေ။ ကျွန်တော့် တုံ့ပြန်ချက်ကြောင့် ချစ်ချစ်ဒေါကန်သွားပါတယ်။ အိမ်ပြန်ရောက်လို့ ဘာဖြစ်တယ် ညာဖြစ်တယ်ညည်းရင် အသိပဲလို့ ဒေါပွပွနဲ့ ကြိမ်းဝါးလိုက်ပါတယ်။ ကျွန်တော်လည်း ကိုယ့်ဘက်က အမှားဖြစ်နေသမို့ အသာငြိမ်ကုပ်နေလိုက်ရပါတယ်။ ဒီနေရာမှာ ငါက အိမ်ထောင်ဦးစီးကွလို့ ရင်ကော့နေလို့ မရဘူး။ အိမ်ထောင်ဦးစီးဟာ အိမ်ထောင်ဦးစီးပဲ။ ကိုယ်မှားတာက မှားတာပဲ။ အမှားကို ကျူးလွန်မိရင် အရှိန်အဝါ ဩဇာ အာဏာတွေ၊ ငွေကြေးချမ်းသာမှုတွေနဲ့ တစ်ဖက်စီးနင်း အနိုင်ကျင့်ပြီး ဖုံးကွယ်လို့ မရဘူး၊ သစ္စာတရားဟာ ဘယ်လိုပဲ နှံ့နှံ့၊ မယိုင်မလဲနဲ့ ခိုင်မြဲစွာ ရှိနေစမြဲပါ။ ဟုတ်ဘူးလား။

(၂)

ဒီနေ့တော့ ခြေထောက်ကလည်း တော်တော် သက်သာလာတာနဲ့ ချစ်ချစ်ရဲ့ပါမစ်ယူပြီး၊ ၈၀ × ၈၁ လမ်းကြား ၃၄ လမ်းမှာ ကိုညွန့်မင်း (မိုးနတ်သူမီဒီယာ) ရဲ့ သင်္ကြန်ဝမ်းစာဆိုတဲ့ ဓာတ်ပုံပြပွဲကို သွားခဲ့ပါတယ်။ ကိုညွန့်မင်းဆိုတာ မန္တလေးမှာ နာမည်ကြီးထင်ရှားတဲ့ ဓာတ်ပုံပညာရှင် လူငယ်တစ်ဦးပါ။ မန္တလေးတက္ကသိုလ်မှာ ကျောင်းနေစဉ်ကတည်းက ညွန့်မင်း (မန်းတက္ကသိုလ်) နာမည်နဲ့ ဓာတ်ပုံရိုက်ကူးခဲ့သူ ဖြစ်ပါတယ်။ သူ့ဓာတ်ပုံတွေက လူကြိုက်များတယ်။ နိုင်ငံတကာပြပွဲတွေမှာ ဆုပေါင်း ၇၀ ကျော် ဆွတ်ခူးနိုင်ခဲ့တယ်။ ပြီးတော့ သူက မန္တလေးသွေး မန္တလေးစိတ်ကလည်း ရာနှုန်းပြည့်ရှိတဲ့သူ၊ နှစ်တိုင်း ကျွန်တော်ချစ်သော မန္တလေး ခေါင်းစဉ်အောက်မှာ ပြက္ခဒိန်တွေ ထုတ်တယ်။ ပြပွဲတွေ၊ စာပေဟောပြောပွဲတွေ ကျင်းပလေ့ရှိပါတယ်။ တစ်မိပေါက်တစ်ယောက် ထွန်းတဲ့ မန္တလေးသားလို့ ဆိုရမလားမသိ။ ဒါက အပိုပြောတာ မဟုတ်ပါဘူး။ ကိုညွန့်မင်းမိဘတွေမှာ သမီးမိန်းကလေးတွေချည်း မွေးထားတာကော၊ သားယောကျ်ားလေးဆိုလို့ သူတစ်ယောက်တည်း ပါတာကြောင့်မို့ပါ။ ကျွန်တော်က ကိုညွန့်မင်းရဲ့ အကြောင်း ဂုဏ်တင်ချီးမွမ်းလေတော့ ငါ့လူ လုပ်လှချည်လား၊ တောင်တောရယ် သာလွန်းလှတယ်၊ မြောက်တော အကြောင်းကိုတော့ နှိမ့်ချသလို ဖြစ်မနေဘူးလားလို့ မေးစရာရှိလှပါတယ်။ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ထုံးစံအတိုင်းပေါ့။ အပင့်လာပြီးရင် အအုပ်က တွဲဖက်ပါလာပါတော့မယ်။ ပြီးတော့ ကျွန်တော်တို့က မန္တလေးဆိုတဲ့ ရွာကြီးမှာ တစ်ရွာတည်း နေခဲ့ကြသူတွေကိုးနော။ မန္တလေးသားဆိုတာ တစ်ယောက်နဲ့တစ်ယောက် အူမချေးခါးမကျန် သိနေကြတော့ ဘယ်သူတွေ ဘယ်လောက်နာမည်ကြီးကြီး အချင်းချင်း အထင်ကြီးလေ့မရှိကြဘူး။ ငယ်ကတည်းက လည်ပင်းဖက်ကြီးပြင်းလာကြတဲ့သူတွေမို့ ပြောစရာ ငယ်ကျိုးငယ်နာတွေကလည်း အဆင်သင့်။ ဒါကြောင့်မို့ လက်ဖက်ရည်ဆိုင်မှာ မန္တလေးသား အချင်းချင်းတွေ့ရင် သူ့အကြောင်းကိုယ်ဖော်၊ ကိုယ့်အကြောင်း သူဖော်ရင်း ပွက်ပွက်ကိုညံ့ပြီး တီးကြအုပ်ကြ၊ စကြနောက်ကြတာပါ။ ကိုညွန့်မင်းက ကျွန်တော့်ထက် အသက်တော်တော် ငယ်တယ်။ တစ်ခါတလေမှ ကျွန်တော်တို့ထိုင်တဲ့ လက်ဖက်ရည်ဆိုင်ကို ရောက်လာတတ်တယ်။ ဒါပေမဲ့ ကြာကြာမထိုင်ရဲဘူး။ စကြ၊ နောက်ကြလွန်းလို့လေ။ သူ့ခမျာ ကျွန်တော်တို့ လူကြီးတွေကြား ရောက်နေပြီး အများနဲ့တစ်ယောက်မို့ ကျွန်တော်တို့နောက်သမျှ ရယ်မောရင်း ခေါင်းငုံ့ခံနေရရှာတယ်။ ကျွန်တော်လား၊ ကိုယ့်ညီတစ်ယောက်လိုဖြစ်နေတဲ့ သူ့အကြောင်း (အထူးသဖြင့် ငယ်ကျိုးငယ်နာ) တွေကို မပြောပါဘူး၊ ပြောမယ်ဆိုရင် ပြောစရာတွေ အများကြီး။ သူ မန္တလေးတက္ကသိုလ် ကျောင်းသားဘဝတုန်းက ညွန့်မင်း (မန်းတက္ကသိုလ်) နာမည်နဲ့ ဓာတ်ပုံရိုက်တော့ သူ့အနားမှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတယ်။ အဲဒါကို သူက အဟုတ်ကြီး မှတ်နေရှာတာ၊ ရည်းစားထားမယ် ဆိုရင် ပေါလွန်းလို့ဗျာ၊ ကျွန်တော့် ဝါသနာနဲ့အလုပ်ကိုပဲ အာရုံစိုက်နေရတာပါလို့ ကြွားလုံးထုတ်လိုက်ပါတယ်။ သူ့ပုံစံက လူငယ်လူရွယ်ဘဝမှာ ရည်းစားထားဖို့တောင် စိတ်မကူးနိုင်ဘဲ အလုပ်ထဲနှစ်မြှုပ်နေတာမျိုး၊ အဲသလို ဘယ်ဟုတ်ပါ့မလဲ။ သူ့ အနားဝိုင်းနေတဲ့ ကောင်မလေးတွေက ဓာတ်ပုံ အလကား ရိုက်ချင်လို့ ကပ်နေကြတာလေ။

ဒီအကြောင်းတွေကို ချစ်ချစ်နဲ့တစ်ဂိုဏ်းတည်းဖြစ်နေတဲ့ သူ့ဇနီးကို ပြောပြတော့ "ကျွန်မက အကုန်သိတယ် ဆရာရဲ့၊ ဘယ်သူ့ကိုမှ ကပ်လို့မရတော့လို့ ကျွန်မဆီ ရောက်လာ

Asian Fame Media Group

တာလေ။ ဒါကြောင့်မို့ တစ်ခါတလေ စိတ်ပေါက်ပေါက်နဲ့ သူ့ခေါင်းကို ခဏခဏ ခေါက်မိလွန်းလို့ နဖူး ပြောင်နေတာကိုပဲ ကြည့်တော့" လို့ တဟားဟား ရယ်မောရင်း ပြော လိုက်တာကလား။ ဩော်. . ကျွန်တော်ကလည်း ခက်လိုက်ပါဘိ။ သူ့ အကြောင်း မပြောပါဘူးဆိုနေရဲ့ သားနဲ့ ဘာဖြစ်လို့ လွှတ်ခနဲထွက်သွား လေတယ် မသိ။

အခု ကျွန်တော်လည်း သူ့ရဲ့ ဓာတ်ပုံပြပွဲကို ရောက်နေပါတယ်။ သူ့ရဲ့ပွဲမှာ မတွေ့ဖြစ်ကြတာ ကြာပြီ ဖြစ်တဲ့ ကျွန်တော်တို့မိတ်ဆွေ သူငယ်ချင်းတွေ ဆုံဖြစ်ကြပါတယ်။ စာရေးဆရာတွေ၊ ကဗျာ ဆရာတွေ၊ ဓာတ်ပုံဆရာတွေ၊ စီးပွားရေး လုပ်ငန်းရှင်တွေ စုံလို့ စုံလို့။ မိတ်ဆွေ တော်တော်များများက ဓာတ်ပုံပညာ ကို စိတ်ဝင်စားခြင်း ရှိရှိ မရှိရှိ ကိုယ့် မိတ်ဆွေပွဲဆိုတော့ လာရောက်အား ပေးကြတယ်၊ ဒါက မန္တလေးကိုးနော့။ အားလုံးဆွေမျိုးတွေလို ဖြစ်နေ တာလေ။ ပြီးတော့ အလှူတို့၊ မင်္ဂလာဆောင်တို့ရှိရင် ကိုညွန့်မင်း ဆီကိုပဲ အပူကပ်လေ့ရှိတယ်။ အလုပ်အပ်တာလည်း ကြည့်ဦး၊ တယ်လီဖုန်းနဲ့ လှမ်းဆက်လိုက်တာပဲ ဖြစ်ပါတယ်။ ကိုညွန့်မင်းရဲ့ ရိုက်ကူး ရေးလုပ်ငန်းက တော်တော်အလုပ် ဖြစ်တာပါ။ အဲဒါကြောင့် ရက် တိုက် ဆိုင်နေလို့ အဆင်မပြေဖြစ်ရတာ မျိုးဖြစ်ရင် ခေါင်းရှောင်လို့မရ။ မောင်ညွန့်မင်း ခေါင်းခြောက်ရပါ လေရော။ ဟော့ကောင် ညွန့်မင်း၊ ငါ့သား မင်္ဂလာဆောင်ကွ၊ မင်္ဂလာ ဆောင်ဆိုတာ တစ်သက်မှတစ်ခါပဲ မင်္ဂလာဆောင်ရတာ၊ နှစ်တိုင်း ဆောင်ရတာ မဟုတ်ဘူး။ အဲဒါကို မင်းက မလာနိုင်ဘူးလားတဲ့။ အလှူ ဆိုရင်လည်း ဒီလိုပဲ။ ဆယ့်လေးငါးနှစ် လောက် စုဆောင်းပြီးမှပေးရတဲ့ အလှူကို မင်းကိုယ်တိုင်လာပြီး ဗီဒီယိုရိုက်ပေးတဲ့။ အဲသလို လူရင်း လူနိုင်တွေဖြစ်နေတော့ အလုပ်တွေ ဘယ်လောက်ရှုပ်ရှုပ် ကိုညွန့်မင်း မနေသာတော့ဘူး။ တစ်ခါတလေ တစ်နေ့တည်းနဲ့ သူကိုယ်တိုင် မျက်နှာပြအလုပ်လုပ်ရမယ့် လူရင်းတွေရဲ့ အလှူတွေ၊ မင်္ဂလာဆောင် လေးငါးခု လောက်များရှိနေရင် ကိုညွန့်မင်း ချာလပတ် ရမ်းပါလေရော။ စိတ်ညစ်ညစ်နဲ့ ခေါင်းကုတ်နေရှာပါ တယ်။ မလုပ်ပြန်ရင်လည်း အကောင်းပြောခံရမှာ မဟုတ်ဘူး။ အဲ. . တတ်နိုင်သမျှ လုပ်ပေးလည်း အကောင်းပြောချင်မှ ပြောတာ။ ဒါပေမဲ့ အပြောခံရတဲ့သူကလည်း ဒီအတွက် ဗွေမယူဘူး။ ဒါက မန္တလေး ဖြစ်နေတာကြောင့်ပါ။ မန္တလေးရဲ့ ပင်ကိုဗီဇဟာ တစ်ဦးနဲ့ တစ်ဦး ချစ်ချစ်ခင်ခင် နွေးနွေးထွေး ထွေးရှိတဲ့ မြို့။ ရန်ဖြစ်လိုက်ကြ၊ ပြီးတော့ ပြန်ခေါ်လိုက်ကြ။ တစ်ဦးနဲ့ တစ်ဦး အချိန်ကြာကြာ မသင့်မမြတ် မခေါ်မပြောဘဲ မနေနိုင်ကြဘူး လေ။

အခု ကိုညွန့်မင်းရဲ့ သကြ်န် ဝမ်းစာဓာတ်ပုံပြပွဲကို ကျွန်တော် ရောက်နေပါပြီ။ ကိုယ်နဲ့ ဆိုင်ဆိုင် မဆိုင်ဆိုင်၊ မလာရင်လည်း ကျွန်တော့်ဓာတ်ပုံပြပွဲကို ဘာဖြစ်လို့ ကိုယ်တိုင် လာရောက်အားမပေးတာ တုံးလို့ ကိုညွန့်မင်းဂျီကျမှာစိုးလို့ မတတ်သာဘဲ အပြေးအလွှားရောက် လာရတဲ့ ကိုဘိုလေးက ဒီကောင် သကြ်န်တွင်း အေးအေးဆေးဆေး မနေဘဲ ဓာတ်ပုံရိုက်ပြီး ပြပွဲလုပ်တယ် လို့ ဩဘာပေးလိုက်ပါတယ်။ သီရိ ခန်းမတစ်ခုလုံးမှာ ဓာတ်ပုံကြည့်ရှုကြ သူတွေအချင်းချင်း အခုမှ တွေ့ဆုံလို့ ရယ်မောဝိုင်းဖွဲ့ စကားပြောကြတဲ့ သူတွေနဲ့ စည်ကားနေပါတယ်။ ခေတ်ရဲ့ မြင်ကွင်းတွေ၊ အရောင် အသွေးတွေကို ပုံရိပ်အဖြစ်ဖမ်းယူပြီး ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံတွေဟာ တစ် ချိန်တစ်ခါမှာတော့ အတိတ်ကာလ က ခေတ်အကြောင်းကို စကားလုံး တွေ၊ အသံတွေမပါဘဲ ပွင့်လင်းမြင် သာ ဖော်ပြနေလျက် ရှိပါတယ်။ အဲဒီလိုပဲ လျှပ်တစ်ပြက်ရရှိခဲ့တဲ့ ပုံရိပ်အနုပညာတွေဟာ ကြည့်ရှုသူ တွေရဲ့ရင်ထဲကို နှလုံးသားချင်း ကူး စက် ခံစားသွားစေခဲ့ပါတယ်။ ပြပွဲမှာ ချိတ်ဆွဲထားတဲ့ ဓာတ်ပုံတွေကိုကြည့် ရင်း တစ်နေရာ ရောက်တော့ ကျွန်တော့်ခြေလှမ်းတွေ ရှေ့မဆက် နိုင်တော့ဘဲ နံရံပေါ်က ဓာတ်ပုံတစ်ပုံ ကို ငေးစိုက်ကြည့်နေမိပါတယ်။ ရုတ်တရက်ဆိုရင် ထူးခြားမှုမရှိဘူး လို့ ထင်ပါတယ်။ လူသွားပလက် ဖောင်းပေါ်မှာ မိုးကာစမိုးပြီး နေ ထိုင်နေကြတဲ့ မိသားစုတစ်စုပုံရိပ် ဖြစ်ပါတယ်။ ပြောရရင် ကြီးမားတဲ့

**တစ်ခါက ဂုဏ်ယူရလောက်တဲ့**
**ယဉ်ကျေးတဲ့**
**မန္တလေးသကြ်န်ဆိုတာ**
**ပျောက်သွားပြီ။**
**မန္တလေးသကြ်န်ဆိုတာ**
**တစ်နှစ်တစ်ကြိမ်**
**အအုပ်အထိန်းမရှိ**
**လုပ်ချင်ရာလုပ်ဖို့**
**ခွင့်ပေးနေတာမျိုး**
**ဖြစ်နေပြီ၊**
**ဟီရိသြတ္တပ္ပဆိုတာ မသိကြ၊**
**နားမလည်ကြတော့ဘူးဗျာ လို့**
**မိတ်ဆွေတစ်ယောက်က**
**ရင်ဖွင့်လိုက်ပါတယ်။**

အဆောက်အဦးတစ်ခုကို အောက်ခံ အုတ်ရိုးပေါ်မှာ သံပင်သံတိုင်တွေ စိုက်လို့ ဝင်းခတ်ထားတဲ့ ဝင်းထရံဆီ ကနေ မိုးကာစကိုဆွဲပြီး အမိုးမိုးစရာ အဖြစ် ဖန်တီးလိုက်ကာ အဲဒီမိုးကာစ အောက်မှာ သကြ်န်တွင်း ယာယီနေ ထိုင်စရာ ဖန်တီးနေထိုင်ကြတဲ့ မိသားစုမြင်ကွင်းတစ်ခုပါ။ သကြ်န် တွင်း ကျုံးနံဘေးပတ်ပတ်လည် လမ်းနံဘေးမှာ ဈေးရောင်းချခွင့်မရှိ လို့ ကျုံးနံဘေးရှိလမ်းတွေနဲ့ မလှမ်း မကမ်းနေရာတွေမှာပဲ ဈေးရောင်း ခွင့်ရခဲ့ကြပါတယ်။ အဲဒီတော့ ဓာတ် ပုံထဲက မြင်ကွင်းဟာ သကြ်န်တွင်း ပျော်ပျော်ပါးပါး ရေကစားထွက်ကြ မယ့်သူတွေကို မုန့်ပဲသရေစာရောင်း ပြီး ဝမ်းစာရှာဖွေကြသူများ ဖြစ်ပါ တယ်။ ကျွန်တော် အဲဒီဓာတ်ပုံကို ကြည့်ရင်း အတွေးတွေဆပွားသွားပြီး ရင်ထဲမှာ မွန်းကျပ်လာသလိုလို ဖြစ် မိပါတယ်။ ဒီမိသားစုဟာ သကြ်န် တွင်းဝမ်းစာအတွက် ဘယ်လောက် များ ရှာဖွေနိုင်ကြပါသလဲ။ မိသားစု လိုက် သကြ်န်တွင်းဝမ်းစာလေးရဖို့ အရေး အိုးပစ်အိမ်ပစ် ထွက်လာခဲ့ ကြတာလား။ ဒါမှမဟုတ် အိုးအိမ်ကို မရှိဘဲ ဒီလိုပဲ စီးပွားရှာဖွေလို့ရမယ့် နေရာအရပ်ဒေသမျိုးစုံ လှည့်လည် သွားလာနေကြတဲ့ ၁၂ ပွဲ ဈေးသည် တွေလား။ သကြ်န်တွင်း ဖြစ်ပေမယ့် မန္တလေးမှာ နေတော်တော်ပူပြင်း နေပါပြီ။ အောက်ခံ ပလက်ဖောင်း ကြမ်းပြင်ပေါ်က အပူနဲ့ အပေါ်က နေပူရှိန်နဲ့မို့ အဆင်မသင့်ရင် ကျန်းမာရေး ထိခိုက်တော့မှာပါ။ သက်ရှိလူသားတွေ ဘဝမှာ ကျန်းမာ ရေးထက် အရေးကြီးတာ ဘာများရှိ သေးလို့လဲ။ ဝမ်းစာဆိုတာ အသက် ရှင်ရပ်တည်ဖို့အတွက် စားသောက် ရန် အစာဖြစ်သလို၊ ဦးနှောက်ထဲမှာ ဆင်ခြင် တွေးဆစေနိုင်ခြင်း၊ အကောင်းအဆိုး အကြောင်းအကျိုး နဲ့ အမှားအမှန်ကို ဝေဖန်ပိုင်းခြား ရှိစေတဲ့ အချက်အလက်တွေ၊ အသိ ဉာဏ်တွေ စုဆောင်း သိုမှီးထားခြင်း ကိုလည်း ခေါ်ဆိုပါတယ်။ ဒါက တော့ အသိဝမ်းစာပေါ့။ မရှိတာ ထက် မသိတာခက်တယ်လို့ ဆိုပါ တယ်။ ဦးနှောက်ထဲမှာ အသိပညာ ဝမ်းစာနည်းသွားရင် အဲဒီဝမ်းစာကို မဖြည့်တင်းနိုင်ခဲ့ရင် မရှိမှုဆင်းရဲခြင်း ထဲမှာပဲ သံသရာလည်နေရတော့မှာ



Asian Fame Media Group

ကျတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အဲဒီတော့ ဆင်းရဲနွမ်းပါးမှု လျော့ချချင်သပဆိုရင် ပထမဦးဆုံးဆင်းရဲသူတွေကို စားဝတ်နေရေး အပူအပင်ကြောင့်ကြမှု နည်းပါးအောင် ပထမဦးဆုံးလုပ်ဆောင်ရမယ်လို့ ကျွန်တော်ယူဆပါတယ်။

ဓာတ်ပုံပြပွဲက ထွက်လာပြီး ကျွန်တော်တို့တစ်တွေ လက်ဖက်ရည်ဆိုင်မှာ ခဏတစ်ဖြုတ် ဝိုင်းဖွဲ့ထိုင်လိုက်ကြပါတယ်။ ကိုညွန့်မင်းရဲ့ ဓာတ်ပုံတွေက ကျွန်တော်တို့ရဲ့ ရင်တွေထဲကို ပူးကပ်ငြိပါလာကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ခံစားချက်ချင်း၊ အတွေးအမြင်ချင်း၊ ကြိုက်နှစ်သက်ပုံချင်း မတူညီကြပါဘူး။ ပြီးတော့ ဖန်တီးသူ ကိုညွန့်မင်း



ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဓာတ်ပုံထဲက ပုံရိပ်တွေဟာ ကျန်းမာရေးအသိဝမ်းစာ ချို့ယွင်းအားနည်းလို့ တစ်ဝမ်းတစ်ခါးစီးပွားရှာဖွေဖို့ ကိစ္စမှာ အလေးအနက် သတိမပြုမိခြင်းပဲလား၊ အဲဒီလိုမဟုတ်ဘဲ ကျန်းမာရေးအသိရှိပေမယ့် မိသားစုဘဝ စားသောက်ရေးနဲ့ ရှင်သန်ဖို့က အဓိကအရေးကြီးတာ ဖြစ်နေတာကြောင့် ဘဝဝမ်းစာအရေးကိုပဲ ဦးစားပေးခြင်းလား။ အဲဒီလိုဆိုရင် မရှိတာထက် မသိတာခက်တယ်ဆိုတဲ့ မြန်မာ့ဆိုရိုးစကားမှာ (ဒါကို အတိုချုံးလိုက်ရင် မရှိနဲ့မသိခြင်းမှာ) လတ်တလောကိစ္စက ဘယ်ဟာက ပိုပြီး အရေးကြီးသလဲဆိုတာ စဉ်းစားရမှာ ဖြစ်လာပါရော။ အသိနည်းနည်းရှိပေမယ့် မရှိတဲ့ကိစ္စက ဘဝအတွက် အရေးကြီးနေတာကြောင့် မရှိတာကိုရှိအောင် ဖြေရှင်းရမှာက ပထမဦးစားပေး ဖြေရှင်းရမှာက သဘာဝရဲ့ ခံစားချက်နဲ့ ခံစားသူကျွန်တော်တို့တစ်တွေရဲ့ အတွေးခံစားချက်တွေကလည်း ကိုက်ညီချင်မှ ကိုက်ညီပါလိမ့်မယ်။ အနုပညာရဲ့သဘော သဘာဝဟာ အဲဒီလိုပါပဲ။ ကိုယ်ကြိုက်သလို ခံစားရှုမြင်သုံးသပ်ကြပေါ့။ လက်ဖက်ရည်ဆိုင်မှာ သင်္ကြန်ဝမ်းစာ ဓာတ်ပုံပြပွဲတွေအကြောင်း ပြောရင်းစကားတွေက ဆက်စပ်သွားပြီး ပြီးဆုံးသွားခဲ့တဲ့ မန္တလေးသင်္ကြန်အကြောင်း ရောက်သွားပါတယ်။ ဒီနှစ်မန္တလေးသင်္ကြန်ဟာ မိန်းကလေးတွေ ဝတ်စားဆင်ယင်မှု မလုံ့တလုံနဲ့ ကဲချင်တိုင်းကဲ အရှက်ကင်းမဲ့တဲ့ သင်္ကြန်တဲ့။ စင်ပေါ်မှာလည်း အဆိုတော်တွေက အဝတ်အစားမလုံ့တလုံနဲ့ Sexy အကတွေကလို့ သောင်းကျန်းသတဲ့။ ကျုံးမြို့ရိုးအနောက်ဘက်က မဏ္ဍပ်တစ်ခုမှာ အမျိုးသမီးတစ်ယောက် ဘီယာမူးမူးနဲ့ Sexy အက ကပြီး သောင်းကျန်းနေလို့ ပွဲကြည့်ပရိသတ်က သည်းညည်းမခံနိုင်တဲ့အဆုံး စင်အောက်ကနေ ရေသနပ်ဘူးတွေနဲ့ ဝိုင်းပေါက်ကြလို့ စင်ပေါ်က ဆင်းပြေးရသတဲ့။ ဒီနှစ်မန္တလေးသင်္ကြန်ဟာ အတော်စုတ်ပဲ့ပြီး ရှက်စရာကောင်းလိုက်တာဗျာ၊ တစ်ခါက ဂုဏ်ယူရလောက်တဲ့ ယဉ်ကျေးတဲ့ မန္တလေးသင်္ကြန်ဆိုတာ ပျောက်သွားပြီ။ မန္တလေးသင်္ကြန်ဆိုတာ တစ်နှစ်တစ်ကြိမ် အအုပ်အထိန်းမရှိ လုပ်ချင်ရာလုပ်ဖို့ ခွင့်ပေးနေတာမျိုး ဖြစ်နေပြီ၊ ဟိရိဩတ္တပ္ပဆိုတာ မသိကြ၊ နားမလည်ကြတော့ဘူးဗျာလို့ မိတ်ဆွေတစ်ယောက်က ရင်ဖွင့်လိုက်ပါတယ်။ ကျွန်တော်က သင်္ကြန်တွင်း အိမ်တွင်းအောင်းနေရလို့ မိတ်ဆွေတွေရဲ့ သင်္ကြန်မြင်ကွင်းကို ရင်တုန်ပန်းတုန်နဲ့ ပါးစပ်အဟောင်းသားဖြစ်ပြီး နားထောင်နေမိပါတယ်။ မိတ်ဆွေတစ်ယောက်ကလည်း မန္တလေးသင်္ကြန်လည်း ဆိုးတယ်။ ရန်ကုန်သင်္ကြန်လည်း ထိုနည်းတူပဲ၊ ရုပ်ရှင်မင်းသမီးလေး တစ်ယောက်ရဲ့ ကြည့်ရှုဖို့ မသင့်မလျော်တဲ့ပုံတွေ အင်တာနက်မှာ တက်လာလို့ အားလုံး ပွက်လောရိုက်ကုန်တယ်။ ရှက်စရာကြီးပါဗျာလို့ ပြောလိုက်ပြန်ပါတယ်။ ကဲ. . ကြားကြရတဲ့အတိုင်းပါပဲ။ ဘယ်လို ကောက်ချက်ဆွဲရတော့မလဲ။ သင်္ကြန်တွင်း မလုံ့တလုံအဝတ်အစားတွေနဲ့ ကဲကြရမ်းကြတဲ့ မိန်းမပျိုလေးတွေမှာ ရှက်ရကြောက်ရမှန်းမသိလောက်အောင် အသိစိတ်ဓာတ်ဆိုတဲ့ ဦးနှောက်ထဲက ဝမ်းစာတွေ မရှိတော့တာကြောင့်လား။ သူတို့တစ်တွေဟာ မိမဆုံးမဖမဆုံးမ မို့အခုလို ရှက်ရကြောက်ရမှန်း တောင်မသိဘဲ လူမြင်ကွင်းမှာ ထူးခြားထင်ရှားအောင် လုပ်တာလားလို့ပြောရရင် ကာယကံရှင်တွေရဲ့ မိဘနှစ်ပါးလည်း ထိခိုက်ကုန်ပါတော့မယ်။ ဒါပေမဲ့ မဖြစ်သင့်တာတွေ မဖြစ်အောင် ကျွန်တော်တို့ လူ့အဖွဲ့အစည်းက ဝိုင်းဝန်းထိန်း ကျောင်းပေးကြဖို့ လိုပါတယ်။ အဲဒီလိုမဟုတ်ရင် တစ်ချိန်တစ်ခါမှာ ဂုဏ်ယူစရာကောင်းခဲ့တဲ့ ကျွန်တော်တို့ရဲ့ မြန်မာ့လူနေမှုဓလေ့စရိုက်နဲ့ ယဉ်ကျေးမှုတွေဟာ ပြိုကွဲသွားတော့မှာပါ။ လူငယ်တွေကို အသိဝမ်းစာ ပြည့်ဝအောင် ကျွန်တော်တို့အားလုံး ကူညီဆောင်ရွက် ပေးကြရမှာဖြစ်ပါတယ်။

လက်ဖက်ရည်ဆိုင်က လမ်းခွဲပြန်လာတော့ နေ့လယ်ခင်း ၂ နာရီလောက် ရှိနေပါပြီ။ နေကလည်း ပူပြင်းပါဘိသနဲ့။ နေ့အပူချိန် ၁၀၅၊ ၁၀၆ ဒီဂရီလောက် ရှိမယ်ထင်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း အပူချိန်ပြင်းထန်နေတဲ့အချိန်မှာ ကျန်းမာရေးထိခိုက်မှုမရှိအောင် ဆောင်ရန်ရှောင်ရန် ကိစ္စတွေကို သတိပေး နှိုးဆော်ထားပါတယ်။ မန္တလေးမှာ နေ့လယ် ၁၂ နာရီနောက်ပိုင်း နေပူရှိန်ပြင်းလွန်းလို့ အပြင်ထွက်တဲ့သူ နည်းပါးသွားပါတယ်။ အိမ်အပြန်မှာ မော်တော်ကားပေါ်က နေဝင်းဝင်းတောက်နေတဲ့ လမ်းပေါ်က မြင်ကွင်းကို ကျွန်တော် ငေးကြည့်နေမိပါတယ်။ ဒါပေမဲ့ နေပူချိန် ဒီလောက်ပူပြင်းတာကိုတောင် နေပူရှိန်ကို ဂရုမပြုနိုင်ဘဲ မောင်းနှင်သွားလာနေတဲ့ မော်တော်ဆိုင်ကယ်တွေ ဆိုက်ကားတွေကို တွေ့လိုက်ရပါတယ်။ လူ့သဘာဝအတိုင်း ကိုယ့်အိမ်ထဲမှာပဲ အေးအေးချမ်းချမ်း နေချင်ကြတာပေါ့။ ဒါပေမဲ့ မတတ်သာတော့လည်း နေအပူရှိန်ကိုဂရုမစိုက်နိုင်ဘဲ ထွက်ကြရရှာပါတယ်။ နေပူထဲသွားလာနေကြသူတွေရဲ့ရင်ထဲမှာ ခေါင်းပေါ်ကျရောက်နေတဲ့ ပူပြင်းတဲ့နေရောင်ခြည်ရဲ့ အပူဒဏ်ထက် ရင်ထဲက မိသားစုဝမ်းစာရေးအတွက် သောကရောက်နေရတဲ့အပူမီးက ပိုပြီးပြင်းထန်နေပါလိမ့်မယ်။ ကျွန်တော့်စိတ်အာရုံထဲမှာ ဝမ်းစာဆိုတဲ့ အကြောင်းအရာက စိုးမိုးနေပါတယ်။ အသက်ရှင်သန်ရပ်တည်ဖို့အတွက် ရှာရတဲ့ ဘဝ ဝမ်းစာ၊ အသိဝမ်းစာ။ ဒါတွေကိုနေ့စဉ် ကျွန်တော်တို့ ဖြည့်တင်းနေရပါတယ်။ ဖြည့်သာဖြည့်နေကြရပေမယ့် ပြည့်တယ်လို့ကို မရှိပါဘူး။ ဒီတော့ ကျွန်တော်တို့တစ်တွေ မပြည့်အိုးထဲမှာ ဝမ်းစာတွေ ဖြည့်တင်းရင်းနဲ့ မရှိမှုဆင်းရဲခြင်းထဲမှာ မောလို့ မောမှန်းမသိ၊ ပင်ပန်းလို့ ပင်ပန်းမှန်းမသိ လှုပ်ရှားကူးခပ်နေကြရတယ် ထင်ပါရဲ့။

ကိုထွန်း(လမ်း-၈၀)

# ခိုးမြားမြား ထိုးတိုးဝေဝဲနဲ့ မင်းသုပြီး...

ဝတ္ထုတိုရသ

××× မွန်တို့ဌာနီ ရာမညတိုင်းဆီ ×××× လှမ်းခဲ့ပါ နှလုံးသား ဧည့်သည် ××××××

အဆိုတော် ဗညားဟန်ရဲ့ သီချင်းသံက လွင့်ပျံ့လာတယ်။ ရွာလယ်မဂ်လာမဏ္ဍပ် လော်စပီကာဆီက ဖွင့်နေတာ။ မနက်ဖြန်မှာ ကျုပ်သမီးရဲ့ မင်္ဂလာဆောင်ရှိတယ်လေ။ ကျုပ် စောစောလေးကတင် အဲဒီ မဏ္ဍပ်ဘက်က ပြန်လာတာ။ ငါးခြောက်ထောင်းကြော်လည်း ကြော်ပြီးသွားပြီ။ ပဲတီချဉ်သုပ်ဖို့အတွက် အေးမြနဲ့ မိန်းကလေးတစ်သိုက်က ကြက်သွန် လှီးနေကြတယ်။ ပဲတီချဉ်ကို အရင်တစ်ပတ်ကတည်းက အချဉ်စိမ်ထားပြီးသား။ ကျုပ်သမီး မင်္ဂလာဆောင်မှာ ထမင်းနဲ့ငါးခြောက်ထောင်းကြော်ရယ်၊ ပဲတီချဉ်သုပ်ရယ်၊ ငံပြာရည်ချက်ရယ်၊ မယ်ဇလီဟင်းချိုရယ် ကျွေးမှာ။ စိန်ကြီးခေါင်းဆောင်သွားတဲ့





Asian Fame Media Group
MEDIA GROUP

ထင်းတိုက်အဖွဲ့လည်း ပြန်ရောက်နေကြပြီ။ ထင်းပေါက်လို့ မပြီးသေးဘူး။ ပုလင်းလုနေတဲ့ အသံကြားလိုက်ရလို့ ကျုပ် တစ်ချက်မာန်ခဲ့သေးတယ်။ အသံချဲ့စက်ဆရာကလည်း ကောင်းနေတဲ့ အသံချဲ့စက်ကို လိုက်ချိန်နေတယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေက အသံချဲ့စက်မှာမရှိဘဲ ကောင်မလေးတွေ ကြက်သွန်လှီးတာကို ကြည့်ပြီး အသံချိန်နေလို့၊ သီချင်းတွေ အကြာကြီး မဖွင့်နေနဲ့၊ မနက် မင်္ဂလာဆောင်ကျမှ ဘက်ထရီ အားကုန်နေဦးမယ်လို့ သတိ ပေးခဲ့ရသေးတယ်။

အရီးသိန်းနဲ့ သက်ကြီးပိုင်းတစ်စုက ဟိန်းဝေယံအကြောင်းပြောရင်း ဆန်ပြာနေတာ ပြီးလုပြီးခင်ပဲ။ ကျုပ်နဲ့ ကျုပ်ရဲ့ခမည်းခမက်တွေက ရွာနီးချုပ်စပ်မှာ လူသိများသူတွေဆိုတော့ အနည်းဆုံး ဆန် လေး၊ ငါးတင်းတော့ ကျွေးရမှာ။ ဒါပေမဲ့ ကျုပ် မမှုပါဘူး။ ကျုပ်သမီးလေးရဲ့ မင်္ဂလာပွဲမှာ ကျုပ်လယ်ကထွက်တဲ့ ဆန်နဲ့ကျွေးရတာ။ ဒီထက်မကတောင် ကျွေးနိုင်သေး။ ရွာနီးချုပ်စပ်က လာရလွယ်ဖို့ မင်္ဂလာမဏ္ဍပ်ကိုတောင် ကျုပ်အိမ်ရှေ့မှာ မထိုးဘူး။ ရွာလယ်လမ်းဆုံမှာ သွားထိုးပစ်လိုက်တယ်။

ကျုပ်အိမ်ဝိုင်းက ရွာထိပ်နားမှာ။ ရွာအပြင် နည်းနည်းကျတယ်ပေါ့။ ရွာအပြင်ကျတယ်ဆိုလို့ ရွာထဲမှာ အိမ်ဝိုင်းမဝယ်နိုင်လို့ မဟုတ်ဘူး။ ကျုပ်က ခြံစိုက်ချင်တော့ ရွာအပြင်မှာ မြေကျယ်ကျယ်ဝန်းဝန်းနဲ့ နေချင်လို့ ရွာထိပ်ထွက်နေတာ။ နှစ်ဧကကျော်ကျော် လောက်ရှိမယ်။

နောက်ပြီး ကျုပ်အိမ်ဝိုင်းနဲ့ တစ်တိုင် မရှိတရှိလောက်မှာ ကျုပ်လယ်တွေရှိတော့ လယ်ထဲသွားရတာလည်း နီးတာပေါ့။ လယ်က ကျုပ်စိုက်တာတော့ မဟုတ်ပါဘူး။ သူရင်း




Asian Fame Media Group

ငှားနဲ့ စိုက်တာ။ ကျုပ်လယ်ကထွက်တဲ့ ဆန်ကို ကျုပ်တို့မိသားစု ဝမ်းစာချန်ပြီးရင် ရွာမှာရှိတဲ့ ဘုန်းကြီးကျောင်းလေးကျောင်းကို အရုဏ်ဆွမ်းဆန်အဖြစ် နှစ်တိုင်းလှူတယ်။ ပိုတာကိုမှ ရောင်းတာ။

ကျုပ်ခြံထဲကို ရောက်တဲ့သူတိုင်း ကျုပ်ကို ချီးကျူးကြတယ်။ ပြီးတော့ ခဏခဏလည်း လာချင်ကြတယ်။ လာချင်မှာပေါ့။ ကျုပ်က လာတဲ့သူတိုင်းကို ကျုပ်ခြံထွက်ပစ္စည်းတွေ ချကျွေးတယ်။ ပြန်တော့လည်း အိမ်စားဖို့ အသီးအရွက်ကလေးတွေလည်း ထည့်ပေးတာကိုးဗျ။

ဒါပေမဲ့ ဒီလိုကျွေးလို့၊ ပေးလို့ လာချင်ကြတာ မဟုတ်ဘူး။ ကျုပ်ခြံလေးကိုက စိတ်ကို အေးချမ်းစေတယ်လို့ ကျုပ်ထင်တယ်။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တာ မဟုတ်ဘူး။ လာတဲ့သူတွေကိုယ်၌က ပြောကြတာ။

ကျုပ်ခြံကိုလည်း ကြည့်လိုက်ဦးလေ။ ခြံဝင်းတစ်ခုလုံးကို ကြခတ်ဝါးတွေနဲ့ ခပ်စိပ်စိပ်ကာထားတယ်။ ကြခတ်ဝါးဆိုတာက ကျုပ်တို့ဒေသမှာ လိုချင်တဲ့အချိန် သွားခုတ်ရုံပဲ။ ပိုက်ဆံပေးစရာမလိုဘူး။ နောက်ပြီး ကြခတ်ဝါးနဲ့ကာမှ နွားတို့၊ ဆိတ်တို့ ဝင်လို့မရဘူးလေ။ ကျုပ် ခြံအဝင်ဝကို ကြက်ဟင်းခါးစင်ထိုးပြီး ဝင်ပေါက်ကလေးလုပ်ထားတော့ ဝင်လာတဲ့သူတွေကို အေးမြသွားစေတယ်။ ပြီးတာနဲ့ ခြံအဝင်ဝကနေ ကျုပ် အိမ်ကလေးအထိကို သပြေပင်တန်းနဲ့ လမ်းကလေးလုပ်ထားတယ်။ ဒီသပြေပင်တန်းက သပြေညွန့်ကလေးတွေကို ခူးပြီး ရွာထိပ်က စေတီလေးမှာ ကျုပ်နေ့တိုင်း ဘုရားပန်းကပ်တယ်။ သပြေတန်းရဲ့ ဘယ်ညာ တစ်ဖက်တစ်ချက်မှာ စိုက်ခင်းပေါင်တွေ အစီအရီ တွေ့ရလိမ့်မယ်။ ချဉ်ပေါင်၊ မုန်ညင်း၊ ဟင်းနုနယ်၊ ပန်းဂေါ်ဖီ၊ ဆလတ်၊ မုန်လာ . . . . အို အစုံပဲဗျာ။ ကျုပ်က ကျုပ်ခြံထွက် အသီးအနှံ လတ်လတ်ဆတ်ဆတ်တွေကို စားရမှ နှုတ်မြိန်တာဆိုတော့ ကျုပ်စားချင်တဲ့ အသီးအရွက်ပင်တွေ အကုန်လုံးကို စိုက်ထားတာ။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ ကျုပ်ခြံအနောက်ဘက်ကို လာကြည့်လိုက်ဦး။ ကီလိုမာလကာ၊ သံပရာ၊ ပျားလိမ္မော်တွေကိုလည်း အတန်းလိုက် အတန်းလိုက် စိုက်ထားသေးတယ်။ တောကျောင်းဆရာတော်ဆိုရင် ကျုပ်ခြံက ပျားလိမ္မော်ကို အရမ်းသဘောကျတာ။ ကျုပ်များ ပျားလိမ္မော်သွားကပ်ရင် ဆွမ်းတော်တင်ဖို့ ဖယ်ပြီး ချက်ချင်းကို ဘုဉ်းပေးတော့တာပဲ။

ရွာမှာ ဆွမ်းတော်ကြီးပွဲဆိုရင် သစ်သီးပွဲတစ်ဝက်ကျော်ကျော်က ကျုပ်ခြံက ထွက်တဲ့ သစ်သီးတွေချည်း ဖြစ်နေတာ။ ကျုပ်တို့ရွာမှာ ဒီလိုစိုက်တတ်၊ ပျိုးတတ်တဲ့သူဆိုလို့ ကျုပ်တစ်ယောက်တည်း ရှိတာကိုး။ ကျုပ်တို့ရွာက ခေတ်လည်း အရမ်းနောက်မကျ၊ ခေတ်လည်း မမီ၊ ကြားကန့်လန့် ရွာတစ်ရွာလေ။

ကျုပ်တို့ရွာဆိုတာ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ထဲက ဝင်းကလောဆိုတဲ့ ရွာကလေးပါ။ ကျိုက်ထိုကနေ ကျိုက်ထီးရိုးသွားတဲ့ လမ်းနံဘေးကနေ နှစ်မိုင်လောက်ဝင်ရင် ရောက်တဲ့ရွာဆိုတော့ မြို့နဲ့လည်း မနီးမဝေးပေါ့။ ရွာကနေ လှမ်းကြည့်ရင် စစ်တောင်းတံတားကြီးကို ထီးထီးမြင်ရတယ်။ ကျုပ်အမေရဲ့ ဇာတိချက်မြှုပ်ရွာလေ။

ကျုပ်က ရန်ကုန်မှာ မွေး၊ ရန်ကုန်မှာ ကြီးပြင်းခဲ့ရပေမယ့် အမေ့ထံ ပြန်လာတိုင်း ဒီရွာကလေးမှာ တစ်လကိုးသီတင်း နေခဲ့ရတာဆိုတော့ ကျုပ်လည်း ဒီရွာသားနီးပါး ဖြစ်နေခဲ့ရတာ။ အခု ကျုပ် ဒီရွာမှာ အခြေချနေလာခဲ့တာဆိုရင် ဆယ်နှစ်နီးပါး ရှိနေပြီ။ ဒီရွာကလေးကို သဘောလည်းကျတယ်။ ချစ်လည်း ချစ်တယ်။ တစ်ရွာလုံးကလည်း ကျုပ်နဲ့ အမျိုးနီးပါးတွေဆိုတော့ နေထိုင်ရတာ အခက်အခဲမရှိဘူး။ ပြီးတော့ ကျုပ်ရဲ့ အသက်အရွယ်၊ ကျန်းမာရေးအရလည်း ကျုပ်ဘဝကို အေးအေးချမ်းချမ်းနဲ့ ဒီရွာလေးမှာပဲ ခေါင်းချတော့မယ် ဆုံးဖြတ်ပြီး ပြောင်းလာတာ။

ကျုပ်ဆုံးဖြတ်ချက် မှန်သွားတယ်။ မြို့မှာနေတုန်းက ကျုပ်မှာ နှလုံးရောဂါလိုလို၊ သွေးတိုးလိုလိုနဲ့ ဆေးခန်းသွားလိုက်၊ ဆေးထိုးလိုက်၊ ဆေးသောက်လိုက်နဲ့ လုံးလည်ချာလည်ကို လိုက်နေတာပဲ။ ဟော အခု ဒီရွာကိုရောက်ပြီး တစ်နှစ်လောက်လည်း ကြာရော။ ဘာရောဂါမှလည်း မဖြစ်ဘူး။ ဘာဆေးမှလည်း မသောက်ရတော့ဘူး။ ကျုပ် ဝါသနာပါတဲ့ စိုက်ပျိုးရေးကို အာရုံစိုက်ပြီး လုပ်နေရတာနဲ့ ရောဂါဖြစ်ဖို့တောင် မအားဘူးဖြစ်နေတယ်။ ပြီးတော့ သန့်ရှင်းလတ်ဆတ်တဲ့ သဘာဝလေကိုလည်း အားပါးတရ ရှူရှိုက်ရတယ်။ ကိုယ်နဲ့ ဆက်ဆံပေါင်းသင်းနေရတဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အဘိဇ္ဈာတွေနည်းပါးတဲ့ တောသူ တောင်သားတွေဆိုတော့ စိတ်ချမ်းသာ၍ ကိုယ်ကျန်းမာသည်ဟု ဆိုရမှာပေါ့ဗျာ။

မနက်မိုးလင်းလို့ အိပ်ရာက ထလိုက်တာနဲ့ ကျုပ်ရဲ့စိမ်းလန်းဝေဆာနေတဲ့ စိုက်ခင်းတွေကို မြင်လိုက်ရရင် ကျုပ်ခေါင်းထဲမှာ ပီတိဖြစ်ပြီး ကြည်လင် လန်းဆန်းသွားတယ်။ ဒီအပင်၊



ဒီသီးနှံတွေဟာ ငါလုပ်ခဲ့တာပါလား ဆိုတဲ့ ခွန်အားကို ဖြစ်စေတယ်။ ကျုပ်မိန်းမစီစဉ်ပေးတဲ့ မနက်အဆာပြေထမင်းကိုစားရင်း အေးချမ်းတဲ့ ကိုယ့်ဘဝကလေးကို ပီတိဖြစ်ရတယ်။ မြို့ပြမှာလို ထမင်းတစ်လုတ်အတွက် ပျာယာခတ် ရှာစရာမလိုဘူး။ လူနှင့်လူချင်း မွန်းကျပ်ပိတ်လှောင်စွာ မနေရဘူး။ လောဘ၊ ဒေါသ၊ မောဟတွေကို ဖုံးကွယ်ပြီး ဟန်ဆောင်စကားတွေ ပြောစရာ မလိုဘူး။ ဇိမ်ခံပစ္စည်းတွေ ဝယ်နိုင်ဖို့ ဦးနှောက်အခြောက်ခံစရာ မလိုဘူး။ သားရေးသမီးရေးအတွက် ပူပင်ကြောင့်ကြနေစရာ မလိုဘူး။ ကျုပ်ရယ်၊ ကျုပ်မိန်းမရယ်၊ ကျုပ်သမီးရယ်အတွက် ခြံထွက်သီးနှံတွေရောင်းပြီး အေးအေးချမ်းချမ်း စားလို့ရတယ်။ လယ်ကရတဲ့ ဆန်ကလည်း ကျုပ်တို့မိသားစုစားပြီး လှူပြီးတဲ့အပြင် ရောင်းလို့ပါရသေးတယ်။ နေရေးကလည်း သစ်ပေါတဲ့ တောအရပ်ဆိုတော့ သစ်

**သူသာ**
**နောက်တစ်နာရီ**
**မဖျက်ရင်**
**ကျုပ်ဘဝလေးနောက်**
**တစ်နာရီ**
**စိတ်ချမ်းသာရမယ်။**
**အခုတော့သူက**
**ကျုပ်မလိုချင်တဲ့**
**ဒီဘဝလေးထဲကို**
**အတင်းပြန်သွင်း**
**ပေးလိုက်တယ်ဗျာ...**

Asian Fame Media Group

ကောင်းကောင်းနဲ့ ဆောက်ထားတဲ့ ကျုပ်ရဲ့ လေးပင်သုံးခန်း ပျဉ်ထောင်အိမ်ဟာ နောက်ထပ်မိသားစု လေးစုလောက် နေလို့ရသေးတယ်။ ဒီတော့ ကျုပ်အတွက် ဘာမှ ပူစရာမလိုတော့ဘူးလေ။ မြို့မှာတုန်းက ဒီနေ့သေတော့ မလိုလို ဟိုနေ့သေတော့မလိုလို ဖြစ်နေတဲ့ ကျုပ်။ အခု ဒီလိုပုံစံနဲ့ဆိုရင် အသက် တစ်ရာတောင် သေဖို့ အလားအလာ မရှိတော့ဘူး။

ကျုပ်ရဲ့ တစ်ဦးတည်းသော သမီးလေးကိုလည်း ရွာထဲက ဦးထွန်းခင်သားနဲ့ နေရာချထားပေးလိုက်ပြီ။ ဦးထွန်းခင်က ရွာမှာ ရိုသေလေးစားရတဲ့သူ ဖြစ်တဲ့အပြင် ကျုပ်သမက်လောင်း ထွန်းနိုင်ကလည်း အသောက်အစားကင်း၊ လက်ကြောတင်းတဲ့ ကလေးဖြစ်တော့ ကျုပ်သမီးအတွက် စိတ်ချလို့ ရသွားပြီ။ မနက်လုပ်မယ့် မင်္ဂလာဆောင်မဏ္ဍပ်ကို ကျုပ်သမက်လောင်းကိုယ်တိုင် ဆောက်တာဗျ။

မနက် မင်္ဂလာဆောင်ဆိုလို့ ကျုပ် မြို့ပေါ်က မှာထားတဲ့ မုန့်တွေ သွားယူရဦးမှာပါလား။ မင်္ဂလာဦးဆွမ်းကပ်ပြီးရင် သံဃာတွေ အချိုဘုဉ်းရအောင်လေ။ မိုးမချုပ်ခင် ပြန်ရောက်အောင် ဂွမ်ဒေါင်းနဲ့ သွားရမှာ။ ကျုပ်တို့ရွာမှာ ထော်လာဂျီကို ဂွမ်ဒေါင်းလို့ ခေါ်တယ်။ ပြီးခဲ့တဲ့နှစ်က စပါးဈေးကောင်းတော့ ကျုပ်လည်း ပိုလျှံတဲ့ ပိုက်ဆံနဲ့ ဂွမ်ဒေါင်းလေးတစ်စီး ဆွဲထားလိုက်တာ။ ကျုပ်ရဲ့ ခြံထွက်ပစ္စည်းတွေ မြို့ပေါ်တက်ရောင်းတဲ့အခါ ဒီကောင်နဲ့ဆို ပိုပြီးအဆင်ပြေတယ်။ ပြီးတော့ ရွာရဲ့ သာရေး၊ နာရေးကိစ္စတွေမှာလည်း သုံးလို့ရတယ်။ ဘုန်းကြီးကျောင်းလေးကျောင်းရဲ့ အရုဏ်ဆွမ်းချက်ဖို့ ထင်းတိုက်မယ်ဆိုရင် ကျုပ် ဂွမ်ဒေါင်းကိုပဲ လာခေါ်ကြတာ။

ကျုပ် ဂွမ်ဒေါင်းပေါ်ကို သံပရာသီးတောင်းတွေ အရင်တင်လိုက်တယ်။ ပြီးမှ သံပရာသီးတောင်းပေါ်ကနေ မုန့်ညင်းစည်းတွေစီပြီး တင်တယ်။ သံပရာသီးတွေက ကျိုက်ထိုဈေးထဲကို ဝင်ပို့ရမှာ။ မုန့်ညင်းစည်းတွေက စားသောက်ဆိုင်နှစ်ဆိုင်ကို ဝင်ပို့ရမယ်။ မနက်ဖြန် ကျုပ်သမီးမင်္ဂလာဆောင်ရှိတော့ အခုကတည်းက တစ်ခါတည်း ဝင်ပို့ထားလိုက်တော့မယ်။ အားလုံးပြီးတော့ ကျုပ် ဂွမ်ဒေါင်းကို ဂေါက်နဲ့လှည့်ပြီး စက်နှိုးတယ်။

ဒုန်း. . ဒုန်း. . ဒုန်း. . ဒုန်း. .

စက်သံက ဘယ်လိုအသံကြီးမှန်း မသိဘူး။ ကျုပ် ထပ်နှိုးလိုက်တယ်။

ဒုန်း. . ဒုန်း. . ဒုန်း. . ဒုန်း. .

◆

ဒုန်း. . ဒုန်း. . ဒုန်း. . ဒုန်း. .

"ဟဲ့ ဖိုးအောင်၊ ခုန်ပေါက်မနေနဲ့၊ အောက်မှာ လူတွေရှိတယ်လေ၊ နားမလည်ဘူးလား"

အသံတွေကို ကျုပ်ကြားလိုက်ရတယ်။ ဖိုးအောင်ဆိုတဲ့ နာမည်ပါလာတော့ ကျုပ် စဉ်းစားရခက်သွားတယ်။ ဖိုးအောင်ဆိုတာ ကျုပ် ရန်ကုန်မှာ အိမ်ငှားနေစဉ်က အိမ်အပေါ်ထပ်မှာ နေတဲ့ အိမ်ရှင်ရဲ့ကလေးလေ။ အရမ်းကဲတာ။ အပေါ်ထပ်မှာနေပြီး အမြဲတမ်းခုန်ပေါက်နေတော့ အောက်ထပ်က ကျုပ်တို့အိမ်ငှားတွေမှာ နေ့လယ်နေ့ခင်း မှေးရတယ်ကို မရှိဘူး။ ဒါပေမဲ့ အိမ်ရှင်ရဲ့ ကလေးဆိုတော့ ပြောလို့မရဘူးလေ။

အခု ဒီကလေးက ဘယ်လိုလုပ် ကျုပ်တို့ရွာကို ရောက်နေရတာလဲ။ ကျုပ် မျက်စိဖွင့်ကြည့်လိုက်တော့ အိမ်တံခါးအပြင်ဘက်ကို မြင်ရတယ်။ တံခါးဝနဲ့ ခြံစည်းရိုးက နှစ်ပေလောက်ပဲကွာတယ်။ ခြံစည်းရိုးအပြင် လမ်းမပေါ်မှာ စက်ဘီးဆိုက်ကားတွေ၊ ညနေခင်း အလုပ်ပြန်၊ ဈေးပြန်သူတွေနဲ့ ရှုပ်ယှက်ခတ်နေတယ်။ ပွတ်ကျပ်နေတဲ့ ရပ်ကွက်ထဲက အိမ်လေးတွေမှာလည်း မီးစက်မီး၊ ဘက်ထရီမီးတွေ လင်းနေတယ်။ ဘာတွေဖြစ်ကုန်တာလဲ။ ကျုပ်ရဲ့ စိုက်ခင်းတွေ ဘယ်ရောက်သွားပြီလဲ။ ဒီအိမ်တွေ၊ လူတွေ၊ မီးရောင်တွေက ဘယ်ကရောက်လာရတာလဲ။ ကျုပ်သမီးရဲ့ မင်္ဂလာဆောင်ကရော. . . ။

သြော် ကျုပ် အလုပ်မသွားခင် ထမင်းစားပြီး မှိန်းနေတုန်း ကပ်လျက်အခန်းက ဖွင့်နေတဲ့ ဗညားဟန်သီချင်း နားထောင်ရင်း အိပ်ပျော်သွားတာကိုး။

မိုးချုပ်တော့မယ်။ ကျုပ်လည်း ညစောင့်အလုပ်ဆင်းဖို့ သွားရတော့မယ်။ ခာတ်မီးရယ်၊ အနွေးထည်ရယ် ယူပြီး ကျုပ်ထွက်လာတယ်။ အိမ်ရှေ့မှာ ဖိုးအောင်ဆော့နေတာကို တွေ့ရတယ်။ ဒီကလေးကြောင့် ကျုပ်အိပ်ရေးပျက်ခဲ့တာတွေ မနည်းတော့ဘူး။ မသိနားမလည်တဲ့ ကလေးပဲလေဆိုပြီး ကျုပ် သည်းခံခဲ့တယ်။ ဒါပေမဲ့ ဒီနေ့တော့ ကျုပ် သူ့ကို တော်တော်လေး စိတ်နာသွားပြီ။ သူ့ကြောင့် ကျုပ်လိုချင်နေတဲ့ ဘဝလေး ပျောက်သွားရတယ်။ သူသာ နောက်တစ်နာရီ မဖျက်ရင် ကျုပ်ဘဝလေး နောက်တစ်နာရီ စိတ်ချမ်းသာရမယ်။ အခုတော့ သူက ကျုပ်မလိုချင်တဲ့ ဒီဘဝလေးထဲကို အတင်း ပြန်သွင်းပေးလိုက်တယ်ဗျာ။

မင်းလည်း တစ်နေ့ကျရင် ငါ့လို ခံစားရလိမ့်မယ်လို့ ကျုပ်လည်း ဖိုးအောင်လေးကို စိတ်ထဲက ကြိမ်းဝါးပြီး လမ်းပေါ်ထွက်လာခဲ့တယ်။ လမ်းပေါ်က ရှုပ်ထွေးနေတဲ့ လူတွေကြားထဲမှာ ကျုပ်လည်း တစ်ယောက်အပါအဝင်အဖြစ် လျှောက်သွားလိုက်တော့တယ်။ ကျုပ် ခေါင်းရင်းအိမ်က ဗညားဟန်သီချင်းသံကတော့ လွင့်ပျံ့လာနေဆဲပါ။

××××စစ်တောင်းတံတားကြီး မှန်းမျှော်ကြည့်ကာ ငို ×××××

××××စစ်တောင်းတံတားကြီး မှန်းမျှော်ကြည့်ကာ ငို ×××××

**စိုးမောင်မောင်**

Asian Fame Media Group





ရန်ကုန်မြို့တွင်းရှိ City Mart ၊စိန်ဂေဟာ၊ Media Corner, Ocean ၊ဆင်တောင်ကြီးစာပေနှင့် စာအုပ်အရောင်းဆိုင်များ၊ ကိုယ်စားလှယ်များ – ထွန်းဦး (မန္တလေး)၊ နဂါး (မန္တလေး)၊ သဇင်စာပေ (ပဲခူး)၊ ဝင်းဝင်းစာပေ (ဘားအံ) ကျော်ကျော် (မော်လမြိုင်)၊ ဦးထွန်း (တောင်ငူ)၊ ဦးလှမောင် (တောင်ငူ) တို့တွင်

**အပတ်စဉ်စနေနေ့တိုင်း**

ဝယ်ယူဖတ်ရှုနိုင်ပြီဖြစ်ကြောင်း

သတင်းကောင်းပါးလိုက်ပါတယ်။



ဘာသာပြန်ဝတ္ထု

“ဆိုမာဝါသီ အချိန်ကိုကြည့်ဦး ကောင်မလေး။ ရာဇာရတ ရေဒီယို လိုင်းလည်း ပြီးသွားပြီ။ ကိုကီလိုင် ဘတ်စ်ကားလည်း မသွားသေးဘူး။ ဒီနေ့တစ်ယောက်ယောက်တော့ လွဲနေပြီ။ ရေဒီယိုကပဲ မှားတာလား။ ကားဒရိုင်ဘာပဲ မှားတာလား”

ဦးလေး မန်ဒစ်၏အသံကို ကျက်မိနေသည့် ဆိုမာဝါသီက မှန်ကို တစ်ချက် ပြန်ကြည့်လိုက်ပြီး နာရီကြည့်ရန် ဧည့်ခန်းဆီ လှည့်ထွက်လာခဲ့သည်။ ရေချိုးပြီးပြီဆိုလျှင် ဖြီးသင်ထားသည့် သူမဆံပင်ရှည်က တင်ပါးအထိ ရောက်သည်။ ဆံပင်က ရေစိုနေသဖြင့် တင်ပါးနှင့် နောက်ကျောမှာ ရေစိုနေသည်။ ဦးလေးမန်ဒစ် သတိမပေးခင်လေးကမှ နောက်ဖေးဥယျာဉ်ရှိ အော်ရေးရှင်းပင်နားက ရေတွင်းမှာ ရေချိုးပြီး အိမ်ထဲ ပြန်ဝင်လာခြင်းဖြစ်သည်။ မနက်တိုင်း ရေချိုးတာက ဆိုမာဝါသီ အကျင့်ပင်။

ဦးလေးမန်ဒစ်က အသက် ၇၀ ရှိပြီ။ ဘတ်စ်ကားမှတ်တိုင်မှာ ရောင်းသည့် ကဗျာစာရွက်ကလေးတွေ ဝယ်ဖတ်ခြင်းဖြင့် အချိန်ဖြုန်းလေ့ရှိသည်။ သူ့ရဲ့ တဏှာရာဂစိတ်တွေ မကုန်သေးဟု ဆိုမာဝါသီ တွေးမိသည်။ ဦးလေးမန်ဒစ်ရဲ့ ရာဂစိတ်အလားအလာကို စဉ်းစားရင်း ခန်းမထဲက မဂ္ဂလီယာနာရီကို ကြည့်လိုက်သည်။ သူက ညဘက်ဆိုလျှင် နွားကို ဥယျာဉ်ထဲမှာ ကြိုးချည်ထားသည်။ မနက်စောစော ကြိုးဖြုတ်ပြီး ဆိုမာဝါသီကိုယ်ပေါ်ကို ရေနှစ်ပုံးသုံးပုံးလောက်လောင်းပြီးချိန်မှာ နွားကို ရေတွင်းဆီ ဆွဲလာသည်။

“သောက် . . သောက် . . အကုသိုလ်ကောင်”

ဦးလေးမန်ဒစ်က နွားကို အမြဲပြောသည်။ နွားကိုမေတ္တာထားကြောင်း ပြသည့်အနေဖြင့် ခေါင်းကို ပွတ်သပ်ပေးတတ်တာတွေ၊ နွားက ဦးလေးမန်ဒစ်ရဲ့ စွပ်ကျယ် အင်္ကျီကို လျှာဖြင့် တို့ပြန်လျက်တာတွေကို ဆိုမာဝါသီ သတိရနေသည်။ နွားကို ဘာ့ကြောင့် အကုသိုလ်ကောင်ဟု ခေါ်သလဲဆိုတာကိုတော့ သူမ နားမလည်နိုင်ပေ။ သူမက ရေငင်၍ ရေပုံးထဲဖြည့်ပြီး သောအခါ ခါးဝတ်အစွန်းမှာ ရေအိုးကို ပိုက်ထားလိုက်သည်။ ထို့နောက် နွားက မျက်လုံးကြီးတွေ အပြူးသားနှင့် ရေကို တပျတ်ပျတ်လျက်နေသည်။ ရေပုံးနှုတ်ခမ်းပေါ်မှ ကျော်၍ မျက်လုံးကြီးနှစ်လုံးကို မြင်တွေ့ရသည်မှာ ဆိုမာဝါသီအတွက် ပျော်စရာကောင်းလှသည်။

ဆိုမာဝါသီ ရေချိုးပြီးမှသာလျှင် နွားကို ကြိုးလျှော့ပေးလိုက်သည်။ ထိုအချိန်ထိ သူက ကြိုးကိုကိုင်ထားပြီး ရေတွင်းနောက်ဘက်နားက ချုံတောထဲမှာ ဒါမှမဟုတ် စမ်းချောင်းအနီး အလေ့ကျပေါက်နေသည့် စပါးပင်တွေကြားမှာ နွားကို အစာကျွေးသည်။ ရေချိုးပြီး သူမပြန်ချိန်ကျမှသာ နွားကို ကြိုးလျှော့ပေးပြီး ဦးလေးမန်ဒစ်ရဲ့ အရိပ်လိုပင် နွားက သူမနောက်မှ လိုက်လာသည်။ သူမ အိမ်ထဲဝင်သွားသောအခါ နွားက အပြင်ဘက်ဥယျာဉ်ထဲမှာ ရပ်ကျန်ခဲ့ပြီး သနားဖွယ်ကောင်းစွာ အိမ်ဘက်ဆီသို့ မျှော်ကြည့်နေသည်။ ရေပုံးကို မီးဖိုကြမ်းပြင်ပေါ် ချလိုက်သည့်အသံကို ကြားမှသာလျှင် နွားက သတိရပြီး လမ်းကလေးအတိုင်း ခြံဝဆီသို့ ထွက်သွားတော့သည်။

ထို့နောက် ဆိုမာဝါသီက အဝတ်စိုတွေကို ကြိုးတန်းပေါ်မှာ လှန်းသည်။ အိမ်ထဲ ပြန်ဝင်လာပြီး ပြတင်းပေါက်ဆီ တန်းသွားကာ ထိုနေရာမှာ ထားသည့် ဘီးဖြင့် ဆံပင်ကို သုံးလေးခါလောက် ဖြီးလိုက်သည်။ သူမက ဆံပင်ပေါ်မှ ရေစက်တွေကို ဆတ်ခနဲ သပ်ချပြီး ရေဒီယိုဖွင့် နားထောင်လိုက်သည်။ သူမ ဆံပင်ဖြီးသင်ပြီးချိန်မှာ ရာဇာရတ ရေဒီယိုလိုင်းက ရပ်သွားပြီး ကိုလံဘိုလိုင်းက စတင်အသံလွှင့်နေပြီ။

ခဏအကြာမှာ ဦးလေးမန်ဒစ်ရဲ့ အသံကို ထပ်ကြားရသည်။ သူ့အသံက ဆိုမာဝါသီ သူ့ထံ ပစ်လွှတ်သည့် ညို့ဓာတ်ပါသည့် စကားသံတွေကို ဖြိုခွဲဖို့ ကြိုးစားနေသလိုပင်။

“ဆိုမာဝါသီ အချိန်ကိုလည်း ကြည့်ဦး မိန်းကလေး”

ဦးလေးမန်ဒစ်က ဈေးသွားရန် အသင့်အနေအထားဖြင့် အိတ်တစ်လုံးကို ကိုင်လျက် အုန်းပင်အနီးမှာ ရပ်စောင့်နေသည်။ ဆိုမာဝါသီက အချိန်

Asian Fame Media Group



ကို ပြောပြလျက် စျေးမှာစရာပစ္စည်းတွေကို မှာကြားရင်း သူ့လက်ထဲသို့ ရှုပီး ၁၅ ကျပ် ၂၀ လောက် ထည့်ပေးလိုက်သည်။

ဆိုမာဝါသီ ဤအိမ်သစ်ကြီးမှာ နေဖို့ ရောက်လာတာ နှစ်လတောင် မကျော်သေးပေ။ မင်္ဂလာခြံကြီးမှာ ၆၇ ဧက ကျယ်သည့် အုန်းခြံကြီးဖြစ်သည်။ ပတ္တလမ်-အနုရာဓပူရလမ်းမကြီးကို မျက်နှာမူထားသည်။ ခြံ၏ အထက်ပိုင်း ဧက ၄၀ ကို သူဌေးကရုဏာက ပိုင်ပြီး ကျန် ၂၇ ဧကကို သူ့ယောက်ဖ မဓုရာဆင်ဂီက ပိုင်သည်။ မဓုရာဆင်ဂီမှာ အိုင်းနာတွေ အထူးကုသည့် အာယုဗ္ဗေဒ သမားတော်တစ်ယောက်လည်း ဖြစ်သည်။ ဆိုမာဝါသီမိဘတွေနှင့် မောင်ငယ်က ခြံအထက်ပိုင်းရှိ တစ်ထပ်အိမ်ဟောင်းလေးမှာ နေသည်။ ဆိုမာဝါသီ့အဖေမှာ ခြံတစ်ခုလုံးကို ကြီးကြပ်စောင့်ရှောက်ရသူဖြစ်သည်။

ဤခြံအနီးရှိ အခြားခြံငယ်မှာ ကြီးကြပ်အုပ်ချုပ်သူတွေ ရှိသော်လည်း မင်္ဂလာခြံကြီးမှာမူ ကြီးကြပ်အုပ်ချုပ်သူတစ်ယောက်မျှမရှိပေ။ မင်္ဂလာခြံပိုင်သူဌေးမှာ ကပ်စေးနှဲသူတစ်ယောက်ဟု တချို့က ပြောကြသည်။ နွားချေးချခြင်း၊ ရေနုတ်မြောင်းတူးခြင်း၊ လောင်းရိပ်အပင်တွေ ခုတ်ခြင်းနှင့် အခြားကိစ္စအဝဝအတွက် ကိုယ်စားလှယ်မစ္စတာ ဆာသီဂါလာကို လွှဲအပ်ထားသည်။ သူက ခြံထဲသို့ တစ်လလျှင် နှစ်ကြိမ်လောက် မောရစ်မိုင်နာကားလေးဖြင့် ရောက်လာတတ်သည်။ မစ္စတာ ဆာသီဂါလာ အသုံးပြုဖို့ အိမ်ကလေးတစ်လုံးကို သူဌေးကရုဏာက ဆောက်ပေးလိမ့်မည်ဟု လူအများက ယုံကြည်ကြသည်။ ဒါပေမဲ့ အိမ်ဆောက်ပြီးပြီးချင်းမှာပင် ဆိုမာဝါသီ လာရောက်နေထိုင်သဖြင့် အားလုံး အံ့အားတသင့်ဖြစ်ကုန်ကြသည်။

လွန်ခဲ့သော သုံးလေးနှစ်က ဆိုမာဝါသီသည် အာနန်မဒူဝါမှ ကားဒရိုင်ဘာတစ်ယောက်နှင့် အိမ်ထောင်ကျခဲ့သည်။ ဒါပေမဲ့ သူတို့အိမ်ထောင်သက်တမ်းမှာ တစ်နှစ်ပင် မရှိပေ။ သူမ မုဆိုးမအဖြစ် ပြန်ရောက်လာပြီး မိဘတွေရဲ့ တစ်ထပ်အိမ်ဟောင်းလေးမှာ ခဏလောက်နေခဲ့ရသေးသည်။ သူဌေးကရုဏာရဲ့ နှလုံးသားကို ပိုင်ဆိုင်ရနိုင်ခြင်းက ဤခြံသို့ရောက်ပြီး သူမရဲ့ ပထမဦးဆုံး အောင်ပွဲပင်။ ကြွေပြားကပ် အိမ်အသစ်တစ်လုံး ပိုင်ဆိုင်ရရှိခြင်းက ဒုတိယအောင်ပွဲ။

လုပ်ငန်းရှင်သူဌေးက တစ်လ၏ နောက်ဆုံးပတ် သောကြာနေ့တွင် ခြံသို့ လာလေ့ရှိသည်။ ခြံအလုပ်သမားတို့၏ လစာကို နောက်ဆုံးပတ်တနင်္ဂနွေနေ့မှာ ထုတ်ပေးသည်။ လစာတွေ ထုတ်ပေးပြီးပြီးချင်း သူ့ခြံမှ ပြန်သွားသည်။ သောကြာနေ့မှ တနင်္ဂနွေနေ့အထိ သူ့ကို ပြုစုပေးရသူ၊ စားစရာသောက်စရာတွေ စီစဉ်ချက်ပြုတ်ပေးရသူ၊ ဝတ်စရာအဝတ်တွေကို စီစဉ်ပေးရသူမှာ ဆိုမာဝါသီပင်။

အိမ်အသစ်မှာ လာရောက်နေထိုင်ပြီးနောက်ပိုင်း ဆိုမာဝါသီ၏ အမူအရာတွေ လုံးဝပြောင်းလဲသွားသည်။ အဝတ်အစားအသစ်တွေ မကြာခဏ ဝတ်သည်။ ဥယျာဉ်နှင့်အိမ်ပတ်ဝန်းကျင်ကို သန့်ရှင်းရေး လုပ်သည်။ လှည်းတစ်စီးကို ငှားပြီး ဗတ္တကန္ဒာရွာရှိ ဆွေမျိုးတွေဆီ မကြာခဏ အလည်သွားသည်။ မီးအိုယာချောင်းကလေးက ဗတ္တကန္ဒာရွာကို ဖြတ်သန်းစီးဆင်းနေသည်။

အိုယာချောင်းကမ်းနံဘေးမှာ သူမအဒေါ် ပိုင်သည့် လယ်ကွက်တစ်ကွက် ရှိသည်။ ဆိုမာဝါသီက ချောင်းရေ၊ မြစ်ရေချိုးရတာကို အလွန်သဘောကျ၍ မီးအိုယာချောင်းထဲမှာ ရေချိုးရန် ရည်ရွယ်ချက်ဖြင့် အဒေါ့်ဆီ အလည်လာခြင်း ဖြစ်သည်။ ဆိုမာဝါသီလိုပင် အမျိုးသားအမျိုးသမီးများစွာတို့ မီးအိုယာချောင်းမှာ ရေချိုးရန် အဝေးမှ ရောက်လာတတ်ကြသည်။

အော်ရေးရှားပင် အနီးက ရေတွင်းမှာ မနက်တိုင်း ရေချိုးခြင်း၊ မီအိုယာချောင်းထဲမှာ တစ်လတစ်ကြိမ်နှစ်ကြိမ်လောက် ရေချိုးခြင်းတို့က သူမရဲ့ ဘဝတစ်စိတ်တစ်ပိုင်း ဖြစ်လာသည်။ သူမအတွက် ဤအရာတွေထက် ပျော်စရာကောင်းတာ မရှိတော့ပေ။

ဦးလေးမန်ဒစ်ရဲ့ အပြုအမူတွေက သူမရင်ထဲမှာ မသိမသာ ပျော်စရာဖြစ်လာသည်။ သူမ ရေချိုးစဉ် ဦးလေးမန်ဒစ် သူမကို စောင့်ကြည့်နေတတ်တာတွေကို သူမသိသည်။ ဒါကိုလည်း

MEDIA GROUP
Asian Fame Media Group

သူမက ဝမ်းသာကျေနပ်နေသည်။ သူ့အပြုအမူက သူမရေချိုးရတာ အရမ်းနှစ်သက် သဘောကျသည်ကို လေးစားချီးကျူးသည့် အမူအရာမျိုးနှင့်တူသည်ဟု ခံစားမိသည်။ ရေတွင်းထဲက အေးမြသောရေလိုပင် ဦးလေးမန်ဒစ်နှင့် ရေပုံးထဲက ရေကို သောက်နေသည့် နွားတို့၏ အမူအရာတွေက သူမဘဝထဲမှ ရေထွေးရက်ယှက်နေပေသည်။ နေ့တိုင်း အချိန်မေးတတ်သည့် ဦးလေးမန်ဒစ်ကိုလည်း သူမက ဝမ်းသာပျော်ရွှင်စွာ အချိန်ကို ပြောပြသည်။ ထိုအချိန်မျိုးမှာ သူမက အိမ်ကြီးရှင်သခင်မ၊ ဦးလေးမန်ဒစ်က အစေခံလိုမျိုး သူမခံစားနေရသည်။

တစ်နာရီလောက်အကြာမှာ ဦးလေးမန်ဒစ် ဈေးဝယ်ပြီး ပြန်ရောက်လာသည်။

"အိန္ဒိယနိုင်ငံ ကိုချင်က ဈေးလာရောင်းတဲ့သူဟာ အမြတ်ကြီးစားဈေးသည်ပဲ။ သူက ဆံထိုးတစ်ထုပ်ကို ၄ ရူပီးတောင် ယူလိုက်တယ်"

သူက ဆံထိုးထုပ်နှင့် စားနပ်ရိက္ခာတွေ အပြည့်ဝယ်လာသည့် အိတ်ကို ဆိုမာဝါသီထံ လှမ်းပေးရင်း ပြောလိုက်သည်။

ဆိုမာဝါသီအိတ်ကိုဆွဲ၍ အိမ်ထဲဝင်သွားသည်ကို စောင့်ကြည့်ရင်း သူက ပြောလိုက်သည်။

"ငါ့ ဆေးလိပ်တစ်ထုပ် နှင့်အိတ်ထဲ ပါသွားတယ်နော်"

သူမက တံခါးပေါက်ဝမှာ ရပ်ပြီး ပြန်ကြည့်လိုက်သည်။

"ကျွန်မ ဆေးလိပ်မသောက်ပါဘူး၊ သူဌေးလည်း မသောက်ပါဘူး" ဟု ဆိုမာဝါသီက ပြုံးလျက်ပြောလိုက်သည်။

"အို . . . ဟုတ်ပါရဲ့၊ ဒီနေ့ သောကြာနေ့ပဲ။ သူဌေး ဘာလို့ မလာသေးပါလိမ့်။ စာပို့ ဘတ်စ်ကားတောင် သွားပြီ"

ဦးလေးမန်ဒစ်က ဥယျာဉ်ခြံဝနှင့် လမ်းမဆီ လှမ်းကြည့်ရင်း ပြောလိုက်သည်။

လမ်းမပေါ်မှာ လူသူကင်းမဲ့နေသည်။ ငှက်ပြာလေးတစ်ကောင်က ခြံဝကျောက်တိုင်ရှိ ခြသေ့်ခေါင်းပေါ်မှာ နားနေသည်။ အုန်းပင်ပေါ်မှ အုန်းလက်ခြောက်တစ်ခု ပြုတ်ကျသံက ဥယျာဉ်၏ ငြိမ်းချမ်းတိတ်ဆိတ်မှုကို ဖျက်ဆီးသွားသည်။

"သူဌေးသားရဲ့ မင်္ဂလာဆောင် ရှိတယ်လေ၊ ခုရက် သူတို့ အလုပ်ရှုပ်နေမှာပေါ့" ဆိုမာဝါသီက ပြောသည်။

"ခုရက်အတွင်း မင်္ဂလာဆောင် မရှိနိုင်သေးဘူး မိန်းကလေးရဲ့။ ငှက်ပျောသီးတွေကို မရောင်းသေးဘဲနဲ့ ခုတ်ပြီး မှည့်အောင်လုပ်ထားဖို့ ငါ့ကို မှာထားတယ်။ မင်္ဂလာဆောင်ရက်နီးရင် ငှက်ပျောသီးတွေ ထုတ်လိုက်မှာပေါ့"

ဦးလေးမန်ဒစ်ပြောစကားကြောင့် ဆိုမာဝါသီကိုယ်ကို ကျုံ့သွားသည်။ စားနပ်ရိက္ခာအိတ်ကို ဆွဲပြီး အိမ်ထဲဝင်သွားသည်။

"သူဌေးနေမကောင်းလို့ ဖြစ်မှာပေါ့" သူမက အိတ်အလွတ်ကို ဦးလေးမန်ဒစ်လက်ထဲ ပြန်ထည့်ပေးရင်း ထင်မြင်ချက်ပေးလိုက်သည်။

"ဟုတ်တယ် ဟုတ်တယ်၊ သူဌေး နှာစေးချောင်းဆိုး ဖြစ်နေတယ်"

သူမ လမ်းမဆီ ကြည့်လိုက်သည်။ ထိုအချိန်မှာလည်း လမ်းက ခြောက်ကပ်နေသည်။ ခပ်ဝေးဝေးက လော်ရီကားတစ်စင်း၏ အသံကို မသဲမကွဲကြားရသည်။ ဦးလေးမန်ဒစ်ရဲ့ နွားက ခြံဝမှာ ငေးကြည့်နေသည်။ ဆိုမာဝါသီအဖို့ အထီးကျန်ဖြစ်နေသည်။ ဦးလေးမန်ဒစ်လည်း ထွက်သွားပြီ။ စာဝတီးလေးနှစ်ကောင်က ဥယျာဉ်ထဲ ဖြတ်ပျံသွားပြီး ခြံစည်းရိုးပေါ် နားလိုက်သည်။

ဆိုမာဝါသီက အိမ်ဆီပြန်လာပြီး ရေဒီယိုဖွင့်လိုက်သည်။ ကြော်ငြာတွေ တစ်ခုပြီးတစ်ခု လာနေသည်။ ရေဒီယိုကို ပြန်ပိတ်ပြီး နောက်ဘက် ဥယျာဉ်ဆီ သွားသည်။ နေ့လယ်စာချက်ရမှာ သူမ ပျင်းနေသည်။ ထို့ကြောင့် လမ်းဆုံက မာတရာစားသောက်ဆိုင်မှာ နေ့လယ်စာတစ်ထုပ်လောက် သွားဝယ်မည်ဟု သူမ တွေးနေမိသည်။ ဤဆိုင်မှာ စားစရာတွေက အရသာရှိသည်။ ၂ ရူပီးလောက် ထပ်ပေးလိုက်လျှင် တီလားဗီးယားငါးကြော်တောင် ပို့ပေးဦးမည်ဖြစ်သည်။

ညရောက်သည်အထိ သူမ သူဌေးအလာကို စောင့်မျှော်နေမိသည်။ ညနေခင်းသတင်းကြေညာပြီးသောအခါ အိမ်ထဲမှာ မီးအိမ်ထွန်းခဲ့ပြီး ခြံဝင်းဆီ လမ်းလျှောက်ထွက်လာသည်။ ဂျက်ဖနာဘတ်စ်ကား သုံးစီး ရှေ့ဆင့်နောက်ဆင့် အတော်အသင့် အရှိန်မြန်စွာ ဖြတ်ကျော်မောင်းနှင်သွားသည်။ မကြာမီမှာပင် အမှောင်ထုက လမ်းမတစ်ခုလုံးကို ဖုံးလွှမ်းသွားတော့သည်။

ခပ်ဝေးဝေးမှ ဗုံတီးသံကို သူမ ကြားရသည်။ ခဏ နားစိုက်ထောင်ပြီးနောက် ဤအသံသည် နာလာဒါရန်ကတ္တျူဝါရှိ အလိုင်ယာနာယာကီ ဘုရားကျောင်းမှ ဗုံသံဖြစ်သည်ကို သူမ သဘောပေါက်သွားသည်။ ဤဘုရားကျောင်း ပတ်ပတ်လည်မှာ လယ်ကွင်းတွေ ရှိသည်။ ယခင် ဘုရားကျောင်းဂေါပကအဖွဲ့၏ လျစ်လျူရှုမှုကြောင့် လယ်ကွင်းတွေကို စွန့်လွှတ်ရတော့မည်ဟု တချို့က ပြောကြသည်။ ဂေါပကလူကြီးအသစ်က သူဌေး၏ ရွာမှ ဖြစ်သည်။ ယခုတော့ ဘုရားကျောင်းမှာ ဖွံ့ဖြိုးတိုးတက်နေပေပြီ။ လယ်ကွင်းပြင်အများစုမှာ စပါးတွေ စိုက်ပျိုးထားသောကြောင့် ဘုရားကျောင်းဝန်းကျင်က ပို၍လှပနေပေပြီ။

နောက်တစ်နေ့မှာလည်း သူဌေး ခြံသို့ ရောက်မလာပေ။ ဆိုမာဝါသီမှာ အထီးကျန်ငြီးငွေ့ လွှမ်းနေသည်။ မနက်စောစော ရေချိုးပြီး ပြန်လာသောအခါ ဆံပင်စိုစိုတွေကိုတောင် မဖြီးဘဲ အိပ်ရာထဲမှာ လှဲနေသည်။ ခဏအတွင်းမှာပင် ခေါင်းအုံးနှင့် ဖျာတွေ ရွှဲရွှဲစိုကုန်တော့သည်။ ဦးလေးမန်ဒစ်ရဲ့ နွားလည်ပင်းမှ ချူသံကို ဥယျာဉ်ခြံဘက်ဆီမှ သူမ ကြားနေရသည်။

တနင်္ဂနွေ အရုဏ်တက်ပြီ။ သည်နေ့က ခြံထဲမှာ လစာထုတ်ပေးရက်ပင်။ ဆယ်နာရီ ဆယ့်တစ်နာရီလောက်မှာ လစာထုတ်ဖို့လာစောင့်နေသည့် အလုပ်သမားတွေ ခြံဝင်းနေရာအနှံ့မှာ မျှော်လင့်ချက်ဖြင့် ဆောင့်ကြောင့်ထိုင်နေကြသည်။ သူဌေး ရောက်မလာသေးသောကြောင့် သူတို့ မျက်နှာတွေ စိတ်ပျက်လက်ပျက်ဖြစ်နေကြသည်။ ဒေါသမီးငွေ့တွေကို တစ်ယောက်နှစ်ယောက် မျက်လုံးမှာ မြင်တွေ့နေရသည်။

ဆိုမာဝါသီက တံခါးပေါက်ဆီ မကြာခဏသွားပြီး ဥယျာဉ်ထဲက လူတွေကို ကြည့်သည်။ သူမ တံခါးဝဆီ တစ်ခေါက်ရောက်လာသည့်အချိန်မှာ ခြံထဲမှာ ယာထွန်အလုပ်လုပ်သည့် ရက်တနီက သူ့လည်ချောင်းကို ရှင်းလိုက်သည်။ ဆိုမာဝါသီက သူနှင့် ပြိုင်တူပြုံးလိုက်သည်။ နောက်တစ်ခေါက် သူမတံခါးဝဆီရောက်ချိန်မှာလည်း ရက်တနီက ဤသို့ပင် ထပ်မံပြုလုပ်ပြန်သည်။ ဒါကို သူမ ကျေနပ်သဘောကျသွားသည်။ သူမ မျက်နှာတစ်ခုလုံး အပြုံးဖြင့် ဖုံးလွှမ်းနေတော့သည်။ သူ့မျက်နှာသွင်ပြင်က သူမကို ဆွဲဆောင်နေသည်။ ထိုနေ့က ရက်တနီမှာ အနီရောင်ဆာရွန်ကို ဝတ်ဆင်ထားပြီး သူ့ပခုံးပြင်ကျယ်ကျယ်မှာ လေးထောင့်ကွက် ရှပ်အင်္ကျီကို ဝတ်ထားသည်။ သူ့လက်ကောက်ဝတ်မှာ ကြိုးလိမ်ကြေးဝါလက်ကောက်တစ်ကွင်းနှင့် လက်ချောင်းမှာ စတီးလက်စွပ်တစ်ကွင်း ဝတ်ဆင်ထားသည်ကို သူမ မြင်ရသည်။ သူမရင်ထဲကို မပျော်ရွှင်မချမ်းမြေ့သည့် စိတ်က ဝင်ရောက်လာသည်။

ယခုအချိန်ထိ ဆိုမာဝါသီက သူမဆံပင်တွေကို နောက်ကျောမှာ ဖြန့်ချထားဆဲဖြစ်သည်။ သူမ မှန်ရှေ့ပြန်သွားပြီး ကျစ်ဆံမြီးနှစ်ဖက်ခွဲ၍ ကျစ်လိုက်သည်။ သည့်နောက်တော့ သူမရဲ့ ဆွဲဆောင်မှုအပြည့်ရှိသည့် နဖူးပြင်က လခြမ်းပုံသဏ္ဌာန် သိသိသာသာ ပေါ်လွင်သွားသည်။ သူမ တံခါးပေါက်ဆီ နောက်တစ်ခေါက်ရောက်ချိန်မှာ ရက်တနီက ဝရန်တာအုတ်ခုံလေးပေါ်မှာ ထိုင်နေသည်။ ဆိုမာဝါသီ အပြောင်းအလဲ ပုံသဏ္ဌာန်ကို မြင်သောအခါ သူဝမ်းသာပျော်ရွှင်စွာ ပြုံးလိုက်သည်။ သူ့အစွမ်းကုန် ပြုံးပြသည်။ သူ့အပြုံးက နှစ်သက်ဖွယ်ကောင်း သည်ဟု သူမတွေးမိသည်။

"အစ်မကြီး ဆိုမာ၊ ကျွန်တော့်ကို ရေတစ်ခွက်လောက် ပေးပါလား"

သူမ မျက်နှာကို တစ်လှည့်၊ သူမ ရွှေရင်အုံကို တစ်လှည့်ကြည့်ရင်း သူက တောင်းဆိုသည်။ ဒီလို တောင်းဆိုမှုကြောင့် သူမ အရမ်းပျော်ရွှင်ချမ်းမြေ့သွားသည်။

သူမ မီးဖိုချောင်ထဲဝင်သွားပြီး အိုးထဲမှ ရေတစ်ဖန်ခွက်ခပ်ကာ ရက်တနီဆီ ယူလာပေးသည်။ သူက ဖန်ခွက်ကို သတိကြီးစွာထားလျက် လှမ်းယူသည်။

"ရေက အရသာရှိလိုက်တာဗျာ။ ဒါ အော်ရေးရှားပင်နားက ရေတွင်းက မဟုတ်လား"

သူက ဖန်ခွက်အလွတ်ကို ဆိုမာဝါသီထံ ကမ်းပေးရင်း ပြောလိုက်သည်။

"ရှင် ဘယ်လိုလုပ် သိတာလဲ"

Asian Fame Media Group

သူမက အံ့ဩစွာ မေးလိုက်သည်။

"ဘာလို့ ကျွန်တော် မသိရမှာလဲ"

သူက ဥယျာဉ်ခြံထဲရောက်နေသည့် ဦးလေးမန်ဒစ်ကို ကျီစယ်ဟန်အကြည့်ဖြင့် ကြည့်ကာ ရယ်လျက်ပြောလိုက်သည်။ သူ ဘာကြောင့် ရယ်သည်ကို သူမ ချက်ချင်းသဘောပေါက်သွားသည်။

ခြံဝင်းထဲမှာ ရေတွင်းလေးခု ရှိသည်။ အိမ်နှင့် အနီးဆုံးရေတွင်းက ခြံဝက အခိုင်အမာရေတွင်းပင်။ ယာထွန်သမားက ခြံဝင်းမြောက်ဘက်ပိုင်းက ရေတွင်းကိုသာ အသုံးပြုသည်။ ထိုကြောင့် သူမ အိမ်ထဲဝင်သွားရင်း အော်ရေးရှားပင်အနားက ရေတွင်းမှ ရေကို ယူသည်ဆိုတာ သူဘာ့ကြောင့် သိရသလဲဟု သူမ သိချင်နေမိသည်။ သူမ ရင်တွေ တဒိုင်းဒိုင်းခုန်လာသည်။ ဒီရက်တွေမှာ စောင့်ထိန်းလာခဲ့သည့် လျှို့ဝှက်ချက်တစ်ခု ပေါက်ကြားသွားသလို သူမ ခံစားလိုက်ရသည်။

ဆယ့်နှစ်နာရီလောက်မှာ မစ္စတာ ဆာသီဂါလာ၏ ကားလေးက ခြံဝင်းထဲ ဝင်လာသည်။ အားလုံး အံ့အားသင့်လျက် ကားလာရာဘက်သို့ ကြည့်နေကြသည်။

"မစ္စတာ ဆာသီဂါလာက လုပ်စရာရှိတာတွေ လုပ်ပေးလိမ့်မယ်" ဟု အားလုံးကြားအောင် ရက်တနီက ပြောလိုက်သည်။

မစ္စတာ ဆာသီဂါလာကားပေါ်မှ ဆင်းလာပြီး ခြံထဲမှာ စုဝေးနေသည့် လူတွေကို ကြည့်လိုက်သည်။ သူ့အကြည့်က ရန်လိုသော မောက်မာခက်ထန်သော အကြည့်မျိုး။

"ကုလားထိုင်နဲ့ စားပွဲယူခဲ့ပါ"

အိမ်ထဲအဝင် ခြေသုတ်ဖုံမှာ သုတ်ရင်း ဆိုမာဝါသီကိုကြည့်၍ ပြောလိုက်သည်။

ရက်တနီက အိမ်ထဲအမြန်ဝင်သွားပြီး စားပွဲနှင့် ကုလားထိုင်ကို ဝရန်တာနားသို့ ထုတ်ယူလာသည်။ မစ္စတာ ဆာသီဂါလာက ဖိုင်တွဲအချို့ကို စားပွဲပေါ် တင်ပြီး ကုလားထိုင်မှာ ထိုင်လိုက်သည်။

"သူဌေး နေမကောင်းဘူး။ သူ့ကို ကိုလံဘိုမှာ ဆေးရုံတင်ထားရတယ်"

တံခါးဝနားက ဆိုမာဝါသီကို ကြည့်လျက် သူက ပြောလိုက်သည်။ ထို့နောက် လစာပေးရန် အသင့်ဖြစ်နေသည်။

"ခင်ဗျားတို့ တံဆိပ်ခေါင်းတွေ ပါရဲ့လား"

သူက ဥယျာဉ်ထဲက လူတွေကို အထင်သေးအမြင်သေးပုံစံဖြင့် ကြည့်လျက် မေးလိုက်သည်။

"အရင်တုန်းက သူဌေးက တံဆိပ်ခေါင်းတွေ ယူလာခဲ့တယ် ခင်ဗျာ"

ရက်တနီက ပြန်ပြောသည်။

"ငါ့မှာ တံဆိပ်ခေါင်းဝယ်ဖို့ပြီးသား ပါမလာဘူး"

မစ္စတာ ဆာသီဂါလာက ဒေါသသံဖြင့် ပြောသည်။ သူက ကုလားထိုင်မှ ထရပ်ပြီး ဘောင်းဘီအိတ်ထဲက ရူပီး ၅၀ တန် တစ်ရွက် ထုတ်ယူလိုက်သည်။

"တံဆိပ်ခေါင်း နှစ်ဆယ်" သူက ဆိုမာဝါသီထံ ပိုက်ဆံပေးရင်း ပြောလိုက်သည်။

ရက်တနီက သူမလက်ထဲမှ ပိုက်ဆံကိုယူပြီး စက်ဘီးဖြင့် လမ်းဆုံဆီ ထွက်သွားသည်။

"သူဌေးလာရင်တော့ လစာအမှန်အတိုင်းပေးလိမ့်မယ်၊ ကျုပ်ကတော့ ဒီနေ့လူတိုင်းကို လစာအတူတူပဲ ပေးမယ်။ ပိုရထားတဲ့ သူတွေကို နောက်လ လစာထုတ်ရင် ဖြတ်ယူမယ်။ လျော့ပြီးရထားတဲ့ သူတွေကို နောက်လကျရင် ထပ်ဖြည့်ပေးမယ်။ နားလည်ရဲ့လား"

မစ္စတာ ဆာသီဂါလာက မေးသည်။ ထိုနေ့က လူတိုင်းတစ်ယောက် ၂၀၀ နှုန်း လစာရကြသည်။ ဆိုမာဝါသီတစ်ယောက်သာ ပိုက်ဆံတစ်ပြားမျှ မရပေ။

လစာထုတ်လာသူတွေနှင့် မစ္စတာဆာသီဂါလာတို့ ပြန်သွားသောအခါ ဆိုမာဝါသီ အလွန်အထီးကျန်ခံစားနေရသည်။ ရက်တနီရဲ့ အပြုံးမျက်လုံးတွေကတော့ သူမရင်ထဲ မမေ့နိုင်အောင် စွဲကျန်ခဲ့သည်။ သူဌေး မလာတော့ဘူးဆိုသော အတွေးက သူမရဲ့ စိတ်ရောကိုယ်မှာပါ ပျံ့နှံ့ပြေးလွှားနေသည်။ သူမကို တုပ်နှောင်ထားသည့် သံကြိုးတွေ ရုတ်တရက် ပြုတ်ထွက်သွားသလို ခံစားလိုက်ရသည်။ သူဌေး အတော်ကြာကြာ လာနိုင်မှာ မဟုတ်ဟု သူမတွေးမိသည်။

သူမအိတ်အသစ်တစ်လုံးကို ယူကာ ဈေးဝယ်စရာတွေ စဉ်းစားရင်း ဈေးဘက်သို့ ထွက်လာခဲ့သည်။ ဘာတွေ စွန့်ပစ်ထားသလဲ ကြည့်ရန် ခြံဝအနီးရှိ ကျောက်ကမူစွန်းမှ ငုံ့ကြည့်လိုက်သည်။ သံချေးတက်နေသည့် လော်ရီကားဟောင်း အစအနတွေ၊ ဘူးခွံအလွတ်တွေနှင့် သတ္တုဖြတ်စ ညှပ်စတွေနှင့် ပြည့်နေသည်။ ပြီးခဲ့သည့် ပွဲတော်ရက်အတွင်းက လမ်းဆုံမှာ တည်ဆောက်ခဲ့သည့်မဏ္ဍပ်မှ စွန့်ပစ်ပစ္စည်းတွေကို သူမ ရုတ်တရက် တွေ့လိုက်ရသည်။ မဏ္ဍပ်ဆောက်ခဲ့သူမှာ ရက်တနီဖြစ်သည်ကို သူမ သတိရလိုက်သည်။ ကွမ်းသီးပင်တိုင်တွေ၊ ဒိုင်းမြားတွေ၊ အခြားပစ္စည်းတွေကို ဤနေရာမှာ စုပုံထားရသည်မှာ မဏ္ဍပ်တည်ဆောက်ရေးအတွက် ငွေကြေးစိုက်ထုတ်မတည်ရသူမှာ လုပ်ငန်းရှင် သူဌေးဖြစ်သောကြောင့်ဟု ဆိုမာဝါသီ တွေးမိသည်။ သည်လို တွေးမိတာက သူဌေးကို ဝေဖန်နေမိတာလားဟု ဒုတိယအတွေး ဝင်ရောက်လာပြန်သည်။

လမ်းဆုံရှိ ဆိုမာဆရီ၏ ဖက်ရှင်စတိုးဆိုင်မှ ရုပ်ရှင်သတင်းတွေ ဦးစားပေးဖော်ပြသည့် သတင်းစာတစ်စောင်နှင့် အမွှေးတိုင်တစ်ထုပ် ဝယ်သည်။ ထို့နောက် ဆိုင်ကထွက်လာပြီး စာတိုက်ဘက်ဆီနှင့် အသစ်တည်ဆောက်ပြီးစ ဆိုင်ခန်းတွေဘက်ဆီ ကြည့်လိုက်သည်။ ဒီအနီးအနားတစ်ဝိုက်မှာ ရက်တနီရှိတတ်သည်ကို သူမ သိသည်။

ဆိုမာဝါသီ လမ်းအစွန်ဘက်မှ အိန္ဒိယ ကိုချင်မြို့သားသူဌေး၏ ဆိုင်ဘက်သို့ လျှောက်လာသည်။ ဆိုင်ထဲက သေတ္တာပုံးလေးတွေနှင့် တူသည့် အခန်းငယ်လေးတွေမှာ ဂျင်း၊ မုန်ညင်းစေ့၊ ပဲတီစိမ်း၊ ပဲလွန်းတို့ အပြည့်ရှိသည်။ သူမက ဂျင်းလက်တစ်ဆုပ်စာ ကောက်ကိုင်လိုက်ပြီး ပြန်ချထားလိုက်သည်။ ထို့နောက် သူမ ဘာဘူကြီး၏ အထည်ဆိုင်သို့ သွားသည်။ အဝတ်အစားဝယ်ဖို့ သူမမှာ ပိုက်ဆံအလုံအလောက် မပါပေ။ ဒါပေမဲ့ ဘာဘူနှင့်စကားပြောရင်း ဗီရိုထဲက အထည်ထုပ်တွေကို ချခိုင်းကာ အတော်ကြာကြာ ကိုင်ကြည့်နေသည်။

သူမ ခြံထဲပြန်ရောက်ချိန်မှာ မှောင်စပြုပြီ။ ရက်တနီကို မတွေ့ရသည့်အတွက် မကျေမနပ်ဖြစ်နေမိသည်။ ဒါပေမဲ့ သူဌေးရောက်လာမှာ မဟုတ်ဆိုသည့်အတွေးက သူမ နှလုံးသားကို ထူးထူးခြားခြား အပျော်တွေနှင့် ပြည့်နှက်စေသည်။ သူမ အိမ်ဆီသို့ ဖြည်းဖြည်းလျှောက်လာသည်။

သူမ ခပ်နွေးနွေးလျှောက်လာတာကို သဘောမကျသည့် ပုံစံဖြင့် ဦးလေးမန်ဒစ်က ဥယျာဉ်ထဲမှာ စောင့်ကြည့်နေသည်။ မော်တော်ဆိုင်ကယ်တစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ သိချင်စိတ်ဖြင့် ခြေလှမ်းတွေကို ခပ်သွက်သွက်လှမ်းလိုက်သည်။

"သူဌေးသား မစ္စတာပါစီ ရောက်နေတယ်"

ဦးလေးမန်ဒစ်က ရှေ့သို့ အလျင်အမြန် ထွက်လာပြီး ပြောသည်။

ဆိုမာဝါသီက ကြောက်စိတ် စိုးရိမ်စိတ်တို့ဖြင့် အိမ်ထဲဝင်သွားသည်။ ဒီလိုမျိုး တစ်ခါမျှ မဖြစ်ခဲ့ဖူးသည်ကို သူမ သိနေသည်။

"နက်ဖြန်ခါ ခြံထဲက အုန်းသီးတွေ ခူးမယ်"

ထူးထူးထွေထွေ ဘာမျှမဖြစ်သည့် ပုံစံဖြင့် ဦးလေးမန်ဒစ်က အပြင်မှ လှမ်းပြောလိုက်သည်။

ဆိုမာဝါသီက ဝရန်တာမှာရပ်ပြီး ရုံးခန်းဆီသို့ ကြည့်လိုက်သည်။ အထဲမှာ ဘယ်သူမျှ မရှိမှန်းသိ၍ သူမ ချောင်းကြည့်လိုက်သည်။ တစ်ခန်းလုံး မှောင်နေသည်။ ရှပ်အင်္ကျီအဖြူ လက်တိုတစ်ထည်ကို ချိတ်မှာ ချိတ်ထားသည်။ တိတ်ဆိတ်နေသည့် ကြားထဲမှာ အော်ရေးရှားပင်အနီးက ရေတွင်းမှာ တစ်စုံတစ်ယောက် ရေချိုးနေသံကို သူမ ကြားနေရသည်။ သူမ ဧည့်ခန်းထဲ အမြန်ဝင်သွားပြီး မီးအိမ်ကို ထွန်းညှိလိုက်သည်။ မီးအိမ်ကို အခန်းထဲယူလာပြီး လက်ဖက်ရည်စားပွဲခုံပေါ် တင်ထားလိုက်သည်။ တစ်ခန်းလုံးက မီးတွေကို ချက်ချင်း ထွန်းညှိလိုက်သည်။ အခန်းထဲမှာ ချိတ်ဆွဲထားသည့် မှန်ကိုကြည့်ရင်း မစ္စတာပါစီ၏ ချောမောခန့်ညားသော အသွင်သဏ္ဌာန်ကို မြင်ယောင်နေမိတော့သည်။

**သစ်ဦးဇင်**

သီရိလင်္ကာနိုင်ငံ စာရေးဆရာ ERIC ILLAYAPPARACHCHI ၏ THE PRISON MANSION ကို ပြန်ဆိုပါသည်။

Asian Fame Media Group

# မြွေတစ်ကောင်ရဲ့ ဂါထာသီချင်း

နန္ဒာခိုင်၊ အမြဲချင်း၊

ဝတ္ထုတိုရသ



Asian Fame Media Group

af MEDIA GROUP



(၁)

"ခင်မေတစ်ယောက် ဆုံးသွားရှာပြီ" ဆိုတဲ့ သတင်းကိုကြားကြားချင်း ကျွန်တော့်မျက်လုံးထဲမှာ အရင်ဆုံး ပြေးမြင်လိုက်မိတာကတော့ သူ့ယောကျ်ား 'သံလုံး' ရဲ့ မျက်နှာပဲ။ မျက်လုံးထဲပေါ်လာတဲ့ သံလုံးရဲ့ မျက်နှာက မိန်းမသေလို့ ပူဆွေးသောကရောက်နေတဲ့ မျက်နှာမျိုးတော့ မဟုတ်ဘူး။ ဘာခံစားမှုမှမရှိတဲ့ သူလို ငါလိုနေရိုးနေစဉ် သာမန်မျက်နှာထား မျိုးကြီးပဲ မြင်လာမိတာ။ နားထဲမှာလည်း သူတို့လင်မယားရန်ဖြစ်ကြတိုင်း သည် ကောင်မူးမူးနဲ့ ပြောလေ့ရှိတဲ့ စကားသံကို ချက်ချင်းကြားယောင် လာမိရဲ့။

"ဟဲ့. . အမျိုးယုတ်မ၊ နင်နဲ့ပေါင်းနေရတာ ငါ့မှာ နေ့စဉ် ငရဲကြီးနေရတာပဲ။ နင်သေသေ ငါသေသေ တစ်ယောက်ယောက်တော့ ကိစ္စတုံးကြမှ အေးမယ်" ဆိုတဲ့ စကားလေ။

အဲဒါ သံလုံးရဲ့ လက်သုံးစကားပေါ့။ ခုတော့ သူပြောသလိုပဲ ခင်မေတစ်ယောက်ကတော့ တကယ်ကိစ္စတုံးသွားရှာပြီ။ အဲဒီမှာ တကယ်သေသွားခဲ့တာက ခင်မေနော်။ ဒါပေမဲ့ တစ်ရပ်ကွက်လုံးက ဘယ်လိုများ ညီညီ ညာညာ မှတ်ချက်ချကြတယ် ထင်လဲ။ ကိုယ့်ဆရာ အံ့ဩသွားမယ်။

"အင်း သံလုံးတစ်ယောက်တော့ အခုမှပဲ ဝဋ်ကျွတ်သွားပေတော့တယ်" တဲ့ ခင်ဗျ။ တကယ့်ကို ပြောင်းပြန်ကြီး။

(၂)

ကိုယ့်ဆရာက နည်းနည်းအလှမ်းဝေးတဲ့ ရပ်ကွက်မှာနေတဲ့သူဆိုတော့ ကျွန်တော်တို့ရပ်ကွက်က ပြောင်းပြန် မှတ်ချက်ချစကားအတွက် စိတ်ထဲမှာ ထူးဆန်းကောင်း ထူးဆန်းနေမလားပဲ။ ဟုတ်တယ်မဟုတ်လား။ ကျွန်တော်တို့လို တစ်ရပ်ကွက်တည်းနေ အတွင်းသိ အစင်းသိတွေအဖို့တော့ ဒီမှတ်ချက်စကားဟာ ဘာမှမဆန်းဘူးဗျ။ ကျွန်တော်ကိုယ်တိုင်လည်း ခင်မေဆုံးသွားတာဟာ သံလုံးအဖို့ ဝဋ်ကျွတ်တာပဲလို့ အောက်မေ့မိတာပဲ။ အဲဒါကို ကျွန်တော် ပြောပြဦးမယ်။

ဒီမှာ. . ။ကျွန်တော်တို့ မြန်မာမှာ စကားပုံရှိပါရောလား။ "နှုတ်ချိုလျှိုတစ်ပါး" တဲ့။ ပြီးတော့ ဆုံးမစာတန်းကလေးတွေလည်း တွေ့ဖူးမှာပေါ့။ "ကိုယ့်နှုတ်မူရာ . . . ယဉ်ကျေးပါ" ဆိုတာမျိုးလေ။ အဲ. . ၊ ခင်မေကတော့ အဲဒါတွေနဲ့ လုံးဝဆန့်ကျင်ဘက်ထဲကပဲ။ ဟုတ်တယ်။ ကျွန်တော်တို့ရပ်ကွက်ထဲမှာ ခင်မေလောက် နှုတ်ကြမ်းလျှာကြမ်းအာကြမ်းတဲ့ မိန်းမဆိုတာ မရှိတော့ဘူး။ တကယ့် နိုးတူး၊ နှစ်ယောက်မရှိဘူးဆိုတာမျိုး။ မအေနှမအတူတူကြားလို့မှ မသင့်တဲ့ ပိုးစိုးပက်စက် မိုက်မိုက်ရိုင်းရိုင်း စကားလုံးဟူသမျှ သူက ပုတ်ပြတ်ကန်ထရိုက်ဆွဲထားသလားထင်ရတယ်။ သူ့ပါးစပ်က မထွက်ဝံ့တဲ့ အညစ်အညမ်းစကားလုံး ရယ်လို့ ရှာမတွေ့ဘူး။

ပြီးတော့ သူ့ပါးစပ်ကမှ ထွက်လိုက်ပြီလားဆိုရင်လည်း ဘယ်တော့မှ တိုးတိုးသက်သာမဟုတ်ဘူး။ တကယ့်ကို ခုနစ်သံချီ. . . ။ ခင်မေတို့ အာကြမ်းတိုက်ပလားဆိုရင် အဲဒီဝန်းကျင်က ပျို့ပျို့ရွယ်ရွယ်မိန်းကလေးတွေကတော့ တစ်ခါတည်း ကိုယ့်အိမ်ခေါင်းထဲကိုယ် အသော့ဝင်ပြေးကြတော့တာပဲ။ အိမ်အပြင်မှာ မျက်နှာပြောင်နဲ့ ဘယ်သူမှ ခပ်တည်တည်ထိုင်နားမထောင်ဝံ့ကြတော့ဘူးလေ။ နောက်ဆုံးပြောရရင် ကျွန်တော်တို့လို အိမ်ထောင်ရှင်ကလေးအဖေ ယောကျ်ားတွေတောင်မှ ဘေးကကြားရုံနဲ့ မျက်နှာတွေ ထူပူရှိန်းဖိန်းသွားလောက်တဲ့ နားရှက်စရာစကားလုံးတွေကို စက်သေနတ်ဆွဲလိုက်သလို ခုနစ်သံချီပစ်တတ်တာမျိုးဗျ။ "ငါးစိမ်းသည်" ဆိုတာ ဘာဟုတ်သေးလို့လဲ။ ခင်မေနဲ့တွေ့ရင် ငါးစိမ်းသည်လည်း ထိုင်ရှိုးသွားရမယ်သာ မှတ်။

အဲ. . . ။ သူ့ယောကျ်ားသံလုံးကျတော့ တကယ့်ကို ရေခဲတုံး။ စကားဟဟပြောရမှာကိုတောင် ဝန်လေးတတ်တဲ့သူမျိုး။ ညနေပိုင်းရောက်

Asian Fame Media Group

လာလို့ နည်းနည်းထွေလာမှ၊ စိတ်လိုလက်ရရှိလှမှ သီချင်းလေးဘာလေး ခပ်တိုးတိုး ညည်းတတ်တဲ့ကောင်မျိုး။ သူတို့လင်မယား ရန်ဖြစ်ကြပလားဆိုရင် သံလုံးအသံက ဘာမှမကြားရဘူး။ ခင်မေရဲ့ အညစ်ပတ်ဆုံး၊ အမိုက်ရိုင်းဆုံး အယုတ္တအနတ္တစကားလုံးတွေကတော့ တစ်ရပ်ကွက်လုံး နားမခံသာအောင် လွှမ်းရော။ သံလုံးဒေါသထွက်လွန်းလာလို့ မခံနိုင်လွန်းတော့တဲ့အချိန်ကို ရောက်လာပြီဆိုရင်တော့ စောစောက ပြောခဲ့တဲ့ "ဟဲ့ အမျိုးယုတ်မ" အစချီလက်သုံးစကားကို ပြောလာတော့တာပဲ။ ဒါလည်း အော်ကြီးဟစ်ကျယ်မဟုတ်ပါဘူး။ အသံကလေး နည်းနည်းပိုကျယ်လာတယ် ဆိုရုံလောက်ပါပဲ။

ဒါပေမဲ့ အဲဒီစကားကိုလည်း ရှေ့လျှောက်ပြီး ကြားကြရတော့မှာ မဟုတ်ပါဘူးလေ။ အများညီညီညာညာ ကောက်ချက်ချကြသလို သံလုံး တစ်ယောက် ဝဋ်ကျွတ်သွားပြီ မဟုတ်လား။

(၃)

အမှန်ကတော့ သေတဲ့လူကို ရှေ့ထားပြီး အသက်ရှင်ကျန်ရစ်ခဲ့သူကို ဝဋ်ကျွတ်တယ်ပြောရတာ နည်းနည်းတော့ ရက်စက်ရာကျနေမလားပဲ။ ရက်စက်တယ်ပြောခါမှ ပြောရော။ တစ်ရပ်ကွက်လုံးကတော့ ဒီလိုပဲ ညီညီညာညာတစ်သံတည်း ထွက်လာကြတော့တာ အမှန်ပါ။ သူတို့ရန်ဖြစ်ကြတိုင်း နားမခံသာအောင် ထွက်လာတတ်တဲ့ ခင်မေရဲ့ ညစ်ညစ်စုတ်စုတ်ယုတ်ယုတ်ညမ်းညမ်း စကားသံတွေကို ဒီကနေ ရှေ့လျှောက်ပြီး ကြားကြရတော့မှာ မဟုတ်ဘူးဟ၊ နားအေးရော ဆိုတာမျိုးက လူတိုင်းတွေးမိလောက်တဲ့ အတွေးမျိုးကိုး။

ဟုတ်တော့လည်း ဟုတ်တယ်။ သူတို့လင်မယား ရန်ဖြစ်ပုံကလည်း "ဘာဖြစ်သလဲ မမေးနဲ့" လို့ ပြောရမယ့်ကိန်း။ တစ်ရက်ခြားတစ်ခါ၊ နှစ်ရက်ခြား တစ်ခါလောက်ကတော့ ပုံမှန်ပဲ။ တစ်ခါတစ်ရံများ ညကြီးသန်းခေါင်ရောက်ခါမှ လူတွေအိပ်လို့ကောင်းချိန်ကြီး ထဝုန်းဒိုင်းကြဲ ဆူတာပူတာမျိုးကလည်း ရှိသေးတယ်။ မနေသာ မကြားသာတော့လို့ အနီးဝန်းကျင်က လူကြီးတချို့က သွားပြီးတားကြတဲ့အခါကျတော့လည်း လင်တော်မောင် ရှင်းတမ်းကို ညစ်ညစ်ညမ်းညမ်း တုတ်ထိုးအိုးပေါက် ဖွင့်ချပြတော့တာ။ ဒီတော့ မကြားဝံ့ မနာသာလို့ သွားတားမိတဲ့လူကြီးတွေလည်း မျက်နှာတွေ ဘာတွေ ထူပူရှိန်းဖိန်းပြီး တစ်ချီးတည်းပြန်လစ်ပြေးရတာပေါ့ဗျ။ ဆက်နေမိ၊ ဆက်တားမိလို့ ခင်မေက ပိုအရှိန်မြှင့်ပွဲကြမ်းလာရင် မခက်ပေဘူးလား။ တစ်ခါကလည်း သူတို့ရဲ့ တောင်ဘက်အိမ်က ကြီးဒေါ်သိန်းက သွားပြောသတဲ့။

"ဟဲ့ ခင်မေ၊ ယောကျ်ားဆိုတာ အချော့သာကြိုက်တာ၊ ညည်းက ကက်ကက်လန် အော်ကြီးဟစ်ကျယ်ဆိုတော့ ကိုယ့်လင်ကိုယ် အရှက်ခွဲသလို ဖြစ်မနေဘူးလား။ ရှက်တော့ လင်က ရှက်ရမ်းရမ်းရော။ ဒီတော့ ကိုယ်ပဲ နစ်နာရော မဟုတ်ဘူးလား။ ပြီးတော့ နင့်ယောကျ်ားသံလုံးက မီးခဲလည်း မဟုတ်ပါဘူးဟယ်၊ ရေခဲတုံးပါ။ ရေမြွေမှ တကယ့်ရေမြွေလို အစားပါ။ ချော့ချော့မော့မော့နဲ့ ကိုယ့်ဘက်ပါအောင် သိမ်းသွင်းရင် ရလွန်းလို့ ဆယ်ဘူတာတောင် လွန်သေး"

ဒီတော့ လာဖျောင်းဖျတဲ့ ကြီးဒေါ်သိန်းကို ခင်မေက ဘာပြန်ပြောတယ်မှတ်လဲ။

"အဲဒီလို သင်းရေမြွေလိုဖြစ်နေလို့ ကျွန်မမှာ ခက်နေတာပေါ့ ကြီးဒေါ်သိန်းရဲ့၊ မိန်းမဆိုတာ ယောကျ်ားယူထားမှတော့ အားကိုးချင်တာပေါ့၊ ကိုယ့်လင်ကိုယ် ဆိုးကာမှဆိုးရော၊ မြွေချင်းတူရင် မြွေပွေးလိုကို စွမ်းစေချင်တာပေါ့။ ခုတော့ သင်းက ရေမြွေကျင့် ရေမြွေကြံ့ အကောင်စားမို့ ကျွန်မမှာ ဆူပူအော်ဟစ်ပြီး ငါးပါးမှောက်နေရတာပေါ့" လို့ ပြောသတဲ့။

ကြီးဒေါ်သိန်းလည်း အဲဒီကတည်းက ပတ်တောပိတ်။ ဆူချင်ဆူ၊ ပူချင်ပူ၊ နားမပါသလိုဘဲ နေလိုက်ရတော့တာပေါ့။ ကြာတော့ ပတ်ဝန်းကျင်က မတားရဲကြတော့ဘူးပေါ့ဗျာ။ ဖြစ်ကြပလားဆိုရင် နားခံသာသည်ရှိစေ၊ မခံသာသည် ရှိစေ၊ ကြိတ်မှိတ်အောင့် အည်းသည်းခံနေကြရတော့တာပဲပေါ့။ ခင်မေကို ရပ်ကွက်က အော့ကြောလန်ကြသလောက် သံလုံးကိုတော့ မယားကြောက်လိုက်ရတဲ့ အကောင်၊ မယားက နိုင်သမျှ ဆူသမျှမျက်နှာအောက်ကျို့နဲ့ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတဲ့ကောင်ဆိုပြီး ဝိုင်းဝန်းသနားကြ၊ ကရုဏာသက်ကြတာပေါ့ဗျာ။ အဲဒီလို ဝိုင်းသနားမိသူတွေ၊ သံလုံးဘက်က မခံချင်ဖြစ်ကြသူတွေထဲမှာ ကျွန်တော်လည်း တစ်ယောက်အပါအဝင် ပြောပါတော့လေ။

(၄)

တစ်နေ့သားတော့ ကျွန်တော်နဲ့ သံလုံးနဲ့ လမ်းထိပ်က ကိုမြင့်ရဲ့ ဆံသဆိုင်မှာ တွေ့ကြတယ်ဗျ။ ကျွန်တော်က ဆံပင်ညှပ်နေတုန်းပေါ့။ ဆိုင်ထဲဝင်လာတဲ့သံလုံးရဲ့ ပုံစံက ကျိုးကန်းတောင်းမှောက်နဲ့။ ကုပ်ချောင်းချောင်းကလေးဝင်လာတာ။ ဒါနဲ့ ဆံသဆရာ ကိုမြင့်က "ဟော့ကောင်၊ ဘာဖြစ်လာတာလဲ၊ ပြုံးပြုံးပျာပျာနဲ့" လို့မေးတော့



သံလုံးက နောက်ကျောမလုံသလို ဟိုဟိုဒီဒီ လှမ်းကြည့်ရင်းနဲ့ ဖြေတယ်။

"ပြောချင်ပါဘူးဗျာ၊ ဈေးလယ်ကောင်ကြီး ခင်မေလိုက်လာပြီး ပွဲကြမ်းနေလို့ လစ်ပြေးလာတာ" တဲ့။

"အင်း ဈေးလယ်ကောင် လူပုံအလယ်မှာ သောက်ရှက်ကွဲခဲ့ပြန်ပြီပေါ့လေ၊ မင်းဟာကလည်း ကြားလိုက်ရရင် မသက်မသာချည်းပဲ၊ ဒီလောက်ရှိတဲ့ မိန်းမ၊ လိုမ့်ပိမ့်ကန်ပစ်လိုက်ပါတော့လား"

ကိုမြင့်က နှုတ်ခမ်းမွေးကြီးတွေ ထောင်ထလာရင်း မျက်နှာကြီးနီနီနဲ့ ပြောတယ်။ သူကလည်း "မိန်းမ၏

Asian Fame Media Group

အနိုင်ခံရသော ယောက်ျားထုကြီးများနှင့်ပတ်သက်၍ ဆန့်ကျင်ပယ်ဖျက်ရေး" ဆိုတဲ့အထဲက အဖွဲ့ဝင်တစ်ယောက်ကိုး။ အဲဒီမှာတင် ကျွန်တော်လည်း မနေနိုင်မထိုင်နိုင်နဲ့ သူတို့စကားတွေထဲ ဝင်အာချောင်ဖြစ်သွားတယ်ဆိုပါတော့။

"နေစမ်းပါဦး သံလုံးရာ၊ မင်းမှာလုပ်ကိုင်လည်း ကျွေးရသေးရဲ့၊ အချိန်တန်တော့ မင်းပဲပိုးစိုးပက်စက်လိုမ့်ခံနေရတာပါပဲလား၊ လူကြားလို့မကောင်းဘူး၊ မင်းကရော ရှာလို့ဖွေလို့ရတာလေးတွေ မှန်မှန်မှအပ်ရဲ့လား"

ကျွန်တော်မေးမိတော့ သံလုံးကခေါင်းကို သွက်သွက်ကြီး ညိတ်ပြတယ်။

"မအပ်ဘဲ ရှိပ့ါမလားအစ်ကိုရာ၊ အပ်ရပါသော်ကော၊ တစ်နေကုန်အလုပ်လုပ်လို့ ရသမျှ ညနေတိုင်းပေးတာပါပဲ၊ တစ်ခုတော့ ရှိသပေါ့။ ကျွန်တော့်ဖို့ ညနေစာကလေးတော့ ချန်ထားတာပေ့ါဗျာ၊ စဉ်းစားကြည့်ကြဦးလေ၊ ကျွန်တော့်မှာ မနက်မိုးလင်းကနေ ဈေးကွဲချိန် ညနေအထိ ဈေးထဲမှာ ပင်ပင်ပန်းပန်းလုပ်ရတာ၊ အဲဒါ ညနေစောင်းကလေးတော့ အိပ်ကောင်းစားကောင်းရုံကလေး သောက်ချင်တာပေ့ါ။ အဲဒီအဖြူတစ်ပိုင်းဖိုးငွေ နှစ်ရာချန်ထားတာကိုပဲ သူက မကြည်ဖြူနိုင်တာဆိုတော့ ခက်နေတော့တာပေါ့"

ဒါက သံလုံးရဲ့စကား။ ဘယ်လိုပဲဖြစ်ဖြစ် သံလုံးကို ကျွန်တော်အပြစ်မြင်လို့ မရပြန်ဘူး။ သူ့အလုပ်က ဈေးထဲမှာ ကုန်ထမ်းတာဆိုတော့ ပြောရရင် ပင်ပန်းတဲ့ ကာယအလုပ်မျိုး။ သည်တော့ ညနေတိုင်ရင် အပန်းပြေပြောပြော၊ ဆေးဖြစ်ဝါးဖြစ်ဆိုဆို၊ သူကြိုက်တဲ့အရက်ဖြူကလေးတော့ မှီဝဲချင်မှာပဲပေ့ါလို့ စာနာတွေးမိတယ်။ သံလုံးကသာ အဲလိုပြောနေတာ။ အရပ်ထဲမှာ ခင်မေလွှင့်ထားတဲ့လေသံကတော့ တစ်မျိုးဗျ။ ဒါ သူတို့မိန်းမချင်းတွေက တစ်ဆင့်ပြန်ပြောကြလို့ သိရတာပေ့ါ။

ခင်မေ့အပြောက သံလုံးကရသမျှ ပိုက်ဆံ သူ့ကိုမပေးဘဲ အရက်ချည်း သောက်ပစ်နေတာတဲ့။ ခင်မေနဲ့ သားသမီး ၄ ယောက်မှာ စားရမဲ့သောက်ရမဲ့ပါတဲ့။ သံလုံးတစ်ကိုယ်ကောင်းဆန်လို့ သူကိုယ်တိုင်ထွက်ရှာပြီး ကလေးတွေ တာဝန်ယူသမျှ သူတစ်ယောက်တည်း ဒိုင်ခံဖြည့်ဆည်း ဖြေရှင်းပေးနေရတာမို့ တွေးမိတိုင်း၊ မကျေနပ်တိုင်း ထထ ဆူမိနေရတာပေ့ါတဲ့ဗျ။ ဒါက ခင်မေ့ဆီက ထွက်လာတဲ့အသံ။

ဘယ်သူကမှန်ပြီး ဘယ်သူကမှားနေမှန်းမသိပေမယ့် ခင်မေတစ်ဖက်တစ်လမ်းက ဝင်ငွေထွက်ရှာရတာကတော့ အမှန်ပါပဲ။ တစ်ခါတလေ လမ်းထိပ်မှာ ဘိန်းမုန့်ဆိုင်ကလေး ထွက်တယ်။ မနက်စောစောမှာ မုန့်ပျားသလက် ထိုးရောင်းတယ်။ နေ့ခင်းဘက် အရပ်ထဲက အိမ်တွေမှာ အဝတ်လည်လျှော်တယ်။ ညနေတိုင်ရင် အကြော်စုံဖောက်သည်ယူပြီး လည်ရောင်းတာလည်းရှိရဲ့။ နောက်ပိုင်းတော့ အရင်းပြုတ်သွားလေသလား မပြောတတ်ဘူး။ သူကိုယ်တိုင်က ဘာမုန့်ဆိုင်မှ မထွက်နိုင်တော့ဘဲ မိုးလင်းကမိုးချုပ် အကြော်စုံလည်ရောင်းတာပဲ တွေ့ကြရတော့တယ်။

အခု ခင်မေသေသွားပုံကလည်း မြန်တယ်။ နေပူထဲမှာ အကြော်လည်ရောင်းရင်းက မိုးရွာချတော့ မိုးမိ၊ နောက် ခဏချင်းမှာပဲ နေက ပြန်ပွင့်လာဆိုတဲ့ နေပူလိုက်၊ မိုးရွာလိုက် ရာသီဥတုကြားထဲမှာ သွားလာလှုပ်ရှားရင်း အပူလျှပ်အဖျားဝင်ပြီး သေခဲ့ရတာ။ ဖြစ်ချင်တော့ အကောင်းကြီးအတိုင်းကနေ ၃ ရက်အတွင်း အပြင်းအထန်ဖျားပြီး မေ့မြောသွားရာကနေ သတိပြန်မလည်လာတော့တာလို့ ဆိုတယ်။ စားဖို့မှ အနိုင်နိုင်ဆိုတော့ ဆေးဖိုးဝါးခ ခက်ခဲပြီး ဆရာဝန်မပင့်နိုင်တာလည်း တစ်ကြောင်းဖြစ်မှာပေ့ါလေ။ အိမ်နီးနားချင်းတွေကလည်း ခင်မေ အဲဒီလောက် အသည်းအသန်ကြီး ဖြစ်နေခဲ့မှန်း သိကိုမသိခဲ့ကြသလို ထင်လည်း ထင်မထားခဲ့ကြလေတော့ အမူမဲ့ အမှတ်မဲ့ပဲ နေခဲ့မိကြသတဲ့။ သူတို့က ရိုးရိုးအာဂန္တုအဖျားလောက်ပဲ ထင်မိခဲ့ကြတာဆိုကိုး။

ဘယ်လိုပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ရပ်ကွက်အနေနဲ့ကတော့ သံလုံးအနေနဲ့ ကျန်ရစ်ခဲ့တဲ့ သားသမီးလေးတွေကို သူစွမ်းနိုင်သမျှတော့ ရှာဖွေလုပ်ကိုင်ကျွေးမွေးသွားလိမ့်မယ်လို့ ယုံကြည်ခဲ့ကြတာပါပဲ။ အစကတည်းက သံလုံးအပေါ် ကရုဏာသက်ကြပြီးသားဆိုတော့ ခင်မေ့အသုဘကိုလည်း သံလုံးရဲ့ မျက်နှာနဲ့ ဝိုင်းကြဝန်းကြပါတယ်။ အဲဒီအသုဘပို့ ခါနီးအချိန်တုန်းကမှ ကျွန်တော့်အထင်ဘယ်လောက်မှန်တယ်ဆိုတာ သိသာတာဗျ။ တစ်ခါတစ်ခါ အလောင်းပြင်ထားတဲ့ ခင်မေ့ရုပ်ကြွင်း ကို ငူငူငိုင်ငိုင်ငေး ကြည့်တတ်တာကလွဲရင် သံလုံးဟာ ဣန္ဒြေပျက်လှတယ် မရှိဘူး။ ကျွန်တော့် မျက်လုံးထဲမှာ ပြေးမြင်ယောင်လာ မိတုန်းကလို ဘာခံစား မှုမှမရှိတဲ့ သာမန်မျက်နှာထားမျိုးနဲ့ပဲ တည် တည်ငြိမ်ငြိမ်ဧည့်ခံနေခဲ့တာပဲ။ အသုဘပို့ချိန်မှာလည်း ပုံမှန်ပဲ။ သံလုံးက ပုံမှန်အနေအထားဆိုပေမယ့် ကလေးတွေကတော့ ငိုလိုက်ကြတာ ကျွက်ကျွက်ညံလို့ပေ့ါဗျာ။

ဒီလိုနဲ့ ကျွန်တော်တို့ရပ်ကွက်မှာ အဆိုးရွားဆုံး၊ မကြားဝံ့မနာသာ အော်သံဟစ်သံတွေလည်း ခင်မေနဲ့အတူ ဆိတ်သုဉ်းသွားတယ်ဆိုပါတော့။ သူမရှိလေကတည်းက ပတ်ဝန်းကျင်မှာ အင်မတန်အေးချမ်းသွားသလို ဖြစ်သွားခဲ့တာမို့ ရက်စက်တယ်ပဲပြောပြော (သေတဲ့လူကလည်း သေပြီးတဲ့နောက်တော့) ဒါလည်းတစ်မျိုးအေးတာပါပဲလို့ မှတ်ချက်ချကြတယ်။ သံလုံးကိုလည်း တစ်ခါတစ်ခါ သူ့မိန်းမကို ပြန်သတိရတတ်တာကလွဲလို့ ဟိုတုန်းကလိုထက်တော့ စိတ်ချမ်းသာနိုင်မှာပဲလို့ ကျွန်တော်ထင်မိတယ်။ သူ့ကို ရှက်စရာကောင်းလောက်အောင် ပက်ပက်စက်စက် ဆူပုယ်ဆဲပုယ် လုပ်မယ့်သူမှ မရှိတော့တာကိုး။ မဟုတ်ဘူးလား။

အောင်မယ်၊ "ဟုတ်တာပေ့ါ" လို့ အရမ်းသဘောတူ ခေါင်းမညိတ်လိုက်နဲ့ဦး ကိုယ့်ဆရာရေ။ အဲဒီ ကျွန်တော့်အထင်က တက်တက်စင်လွဲနေခဲ့တော့တာပဲခင်ဗျ။ ဒါကလည်း ခင်မေသေပြီးလို့ တစ်ပတ်လောက်ကြာမှ သိခွင့်ရခဲ့တာကလား။ ဘယ်သူက ပြောပြတယ်ထင်သလဲ။ ဟုတ်တယ်။ သံလုံးပေ့ါ။ ကာယကံရှင်သံလုံးကိုယ်တိုင်က ပြောပြတာမှ ကျွန်တော့်နားနဲ့ ဆတ်ဆတ်ကြား. . .။

(၅)

အဲဒီနေ့က. . .၊ အဲ. . . ညပိုင်းပေ့ါဗျာ။ ညပိုင်းရှစ်နာရီလောက်မှာ သံလုံးကျွန်တော့်အိမ်ကို ပေါက်ချလာ

■

"အဲဒီလို သင်း...ရေမြွေလိုဖြစ်နေလို့ ကျွန်မမှာခက်နေတာပေ့ါကြီးဒေါ်သိန်းရဲ့၊ မိန်းမဆိုတာ ယောကျ်ားယူထားမှတော့ အားကိုးချင်တာပေ့ါ၊ ကိုယ့်လင်ကိုယ်ဆိုးကာမှဆိုးရော၊ မြွေချင်းတူရင်မြွေပွေးလိုကိုစွမ်းစေချင်တာပေ့ါ။ ခုတော့သင်းကရေမြွေကျင့် ရေမြွေကြံအကောင်စားမို့ ကျွန်မမှာ.....

■



Asian Fame Media Group
MEDIA GROUP

**ကျွန်တော်လည်း သိတော့သိပါတယ်အစ်ကိုရာ။ ဒါပေမဲ့ အဲဒီပါးစပ်ပေါက်လေးပေါက်ရဲ့ တာဝန်အတွက် ကျွန်တော် ဘာလုပ်ရမလဲ၊ ခင်မေကလည်းမရှိတော့ဘူး၊ သူမရှိတော့တဲ့နောက်မှာ.....**

တယ်ဗျ။ လူကလည်း ဒယီးဒယိုင်နဲ့ . . . ။ သိလိုက်ပါတယ်။ ဒီကောင်တော်တော်ထွေလာပြီလို့။ အိမ်အပြင်ကနေ ကျွန်တော့်နာမည်ကို ခပ်တိုးတိုးလှမ်းခေါ်နေတာနဲ့ တံခါးထဖွင့်ပေးလိုက်ရတယ်။ အိမ်ထဲရောက်လာတော့ ဟိုဟိုဒီဒီဝေ့ကြည့်ပြီး မေးတယ်။ "အစ်မနဲ့ ကလေးတွေရော" တဲ့။

"မရှိကြဘူးကွ၊ လမ်းထဲက ဗီဒီယိုရုံကို သွားကြလေရဲ့၊ ငါက အိမ်စောင့်၊ ဒါနဲ့ မလာစဖူး မင်းက ဘာကိစ္စ"

ဒီတော့ သံလုံးက အသာဝင်ထိုင်ပြီး. . .

"အစ်ကို့ဆီ အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ"

"ဘာများပါလိမ့်. . ၊ ပြောဗျာ၊ ကျုပ်က ဘာကူညီရမှာတုံး"

"ဒီလိုပါ အစ်ကို၊ ဖြစ်ပုံက ဒီနေ့ ကျွန်တော်အလုပ်ကလည်း အဆင်မပြေခဲ့ဘူးဗျာ၊ အိမ်မှာကလည်း ကလေးတွေက ကျွန်တော်ပြန်လာမှ ညစာထမင်းချက်ကြရမှာ၊ အဲဒီအတွက် ကျွန်တော့်ကို ဆန်တစ်ပြည်လောက် ပေးပါလား အစ်ကိုရာ၊ ဖြစ်နိုင်ရင် ကူညီပါ"

ထင်မထားတဲ့ကိစ္စဆိုတော့ ကျွန်တော်လည်း မျက်မှောင်ကြုတ်သွားတာပေါ့။ ဒါပေမဲ့ ဆန်းကြယ်တဲ့ ကိစ္စမျိုးတော့လည်း မဟုတ်ပါဘူးလေ။ အဆင်မပြေ၊ ထင်တိုင်းမပေါက်တာမျိုးက လူတိုင်းတစ်ခါမဟုတ် တစ်ခါ ကြုံကြရတတ်တာပဲဟာ၊ ဒါနဲ့ ကျွန်တော်က ထပ်မေးတယ်။

"နေပါဦး၊ အဲဒီဆန်တစ်ပြည်ကို ငါက ပေးရမှာလား၊ ချေးရမှာလား၊ ရှင်းအောင်တော့ ပြောကွာ"

"ချေးတာ မဟုတ်ဘူးအစ်ကို၊ ပေးရမှာ။ ကျွန်တော် တစ်သက်မှာ တစ်ခါဆိုသလိုပဲ အစ်ကို့ဆီ တောင်းတာပါဗျာ၊ နောက်နောင် ဘယ်တော့မှ ဒီလိုမျိုး အကူအညီ မတောင်းပါဘူး။။ ခုဟာက လောလောဆယ်ကြီး အကျပ်အတည်းနဲ့ တွေ့နေလို့ပါ။ ရှင်းပြရရင် အခုညအပြန်ကို ဆန် ၄ လုံး၊ မနက်ဖြန်မနက် ကျွန်တော်စျေးကို အလုပ်မသွားခင် ၄ လုံး ချက်ထားပေးခဲ့နိုင်အောင်လို့ တစ်ပြည်တောင်းရတာပါ၊ ဒီတစ်ခါတော့ ကူညီပါဗျာ"

သူ့ကို လှမ်းကြည့်လိုက်တော့ မျက်နှာငယ်ကလေးနဲ့ အသနားခံနေတဲ့ပုံ။ ပြီးတော့ သူ့ကလေးတွေခမျာလည်း ဆာဆာလောင်လောင်နဲ့ သူပြန်အလာကို မျှော်နေကြရှာမှာပဲဆိုတဲ့ အတွေးက ဝင်လာပြန်တယ်။ ဒီတော့လည်း သားသမီးချင်း ကိုယ်ချင်းစာမိပြန်တယ်ဗျာ။ အရက်ဆိုတာကတော့ တစ်ရက်တလေ ငွေအဆင်မပြေလည်း သူသောက်နေကျဆိုင်က တစ်ပိုင်းတစ်လုံး အကြွေးပေးလို့ သောက်ခဲ့ရဟန်တူပါရဲ့လို့လည်း တွေးမိပြန်တယ်။ ဒါနဲ့ပဲ "အေး ရမယ်ကွာ၊ ယူသွား" ဆိုပြီး ခပ်လွယ်လွယ်ပဲ ဆန်တစ်ပြည် ချင့်ထည့်ပေးလိုက်တယ်။ "အာဟာရဒါန" ဆိုတာလည်း ပြုကောင်းတဲ့ ဒါနပဲမဟုတ်လား။ ပြီးတော့ နှမြောတွန့်တိုရလောက်အောင် တန်ဖိုးကြီးတဲ့ အကောင်းဆုံးဆန်အမျိုးအစားလည်း မဟုတ်ဘူးလေ။ ကျွန်တော်တို့မိသားစုလည်း သာမန်အခြေခံလူတန်းစားထဲကဆိုတော့ သူလိုငါလို အလယ်အလတ်စား ဆန်ကိုပဲ ချက်နိုင်စားနိုင်တာပဲဟာ။ ဒီကောင့်မျက်နှာလည်း အဲဒီတော့မှ လန်းလာပေတော့တယ်။ "ကျေးဇူးတင်ပါတယ် အစ်ကိုရာ" တဲ့။ တုန်တုန်ယင်ယင်နဲ့ ပြောနေလို့ "မလိုပါဘူးကွာ၊ အဆင်မပြေတဲ့အခါ ဒီလိုပဲပေါ့" လို့ နှစ်သိမ့်ရသေးတယ်။


အဲဒီအချိန်မှာပဲ ကျွန်တော့်အိမ်နဲ့ ၃ အိမ်ကျော်လောက်က ကျွန်တော့်ရောင်းရင်းကြီး ကိုရွှေလှတစ်ယောက် အိမ်ထဲကို လှမ်းဝင်လာတယ်။ ကိုရွှေလှနဲ့ ကျွန်တော်တို့က စာဖတ်ဝါသနာအိုးတွေဆိုတော့ ညတိုင်းလောက်ပဲ ရေနွေးကြမ်းတစ်အိုးနဲ့ လက်ဖက်ပဲကြော်သုပ်အမြည်းကလေးနဲ့ သောက်ရင်းစားရင်း စာအကြောင်း၊ ပေအကြောင်း၊ ဖတ်မိတဲ့မဂ္ဂဇင်းဝတ္ထုတွေ၊ ကဗျာအကြောင်းတွေ လေပစ်နေကျကိုး။ ခုလည်း အချိန်ကျလို့ ပေါက်ချလာတာပေါ့။ လက်ထဲမှာလည်း ပဲခြမ်းကြော်သုပ်ပန်းကန်ကြီးနဲ့။ ကျွန်တော်နှပ်ထားတဲ့ ရေနွေးကြမ်းကလည်း ကျနေပြီဆိုတော့ အိုကေပဲ။ နှစ်ယောက်သား လေကန်ကြရုံပေါ့လေ။

"လာ ကိုယ့်လူ၊ ကျုပ်လည်း ခင်ဗျားကို စောင့်နေတာ"

ကျွန်တော့်စကားကို ခေါင်းညိတ်ပြရင်း လက်ထဲက ပဲခြမ်းကြော်သုပ်ပန်းကန်ကို စားပွဲပေါ် ချလိုက်ပြီး ကိုရွှေလှက သံလုံးကို တစ်ချက်စောင်းငဲ့ကြည့်တယ်။ သံလုံးလက်ထဲက ပုဆိုးပိုင်းနဲ့ ထုပ်ထားတဲ့ ဆန်ထုပ်ကလေးကိုလည်း မြင်ရော၊ ကိုရွှေလှက မျက်မှောင်ကြုတ်ပြီး "ဟေ့ကောင်၊ မင်း ဆန်လာတောင်းတာမှ ဟုတ်ရဲ့လား" တဲ့။ သံလုံးက မော့ကြည့်ပြီး ဘာမှပြန်မပြောဘူး။ သူကမဖြေတော့ ကျွန်တော့်ကို ထပ်မေးပြန်တယ်။ စောစောက မေးခွန်းပါပဲ။ ကျွန်တော်က ရှင်းပြလိုက်တော့ ကိုရွှေလှက ခေါင်းတဆတ်ဆတ်ညိတ်ရင်း မျက်နှာကြီးနီလာတယ်။ ပြီးတော့ သံလုံးကို မျက်စောင်းထိုးကြည့်ပြီး

"ဟေ့ကောင် သံလုံး၊ မင်းအရက်မူးဖို့ကျတော့ ပိုက်ဆံက ဘယ်က ထွက်လာသလဲကွ၊ သားသမီးကလေးတွေကျွေးဖို့ကျတော့ မင်းမှာ အမြဲတမ်းခါလီပါလား၊ မင်း ဒီလိုလုပ်နေတာ ဘယ်နှရက်ရှိပလဲ"တဲ့။

သံလုံးက မဖြေဘူး။ ငြိမ်လို့၊ ကျွန်တော်လည်း ရုတ်တရက်တော့ မျက်စိလည်သွားတယ်။ ဒီလူဘာတွေ လျှောက်ပြောနေတာတုံးဟလို့ကို အောက်မေ့မိတာ။ "ဘာဖြစ်လို့လဲဗျ" လို့ ချက်ချင်းပြန်မေးမိတယ်။ ကိုရွှေလှ ရှင်းပြပါလေတော့မှပဲ အကြောင်းစုံကို သိခွင့်ရပေတော့တယ် ဆိုပါတော့ဗျာ။ ဖြစ်ပုံက သံလုံးက သူ့မိန်းမခင်မေ သေပြီးလေကတည်းက ဒီလိုပဲ မနက်စာ၊ နေ့လယ်စာ၊ ညစာတွေကို "စားစရာမရှိလို့ပါ၊ အလုပ်အဆင်မပြေခဲ့လို့ပါ၊ ဒီတစ်ခါပဲ ကူညီပါ" ဆိုပြီး လိုက်တောင်းနေခဲ့တာဆိုပဲ။ ကိုရွှေလှအိမ်ကိုလည်း အဲလိုနည်းနဲ့ လာတောင်း





Asian Fame Media Group

လို့ ဆန်တစ်ပြည်ပေးလိုက်ရသေးသတဲ့။

သူတောင်းပုံကလည်း ပိုင်တော့အပိုင်သား။ မနက်စာကို ကိုတင်ထွန်းအိမ်က၊ နေ့လယ်စာကျတော့ ကိုမြရွှေအိမ်က၊ ညစာကို ဒေါ်အေးမြတို့ အိမ်က စသဖြင့် အိမ်မထပ်ရအောင် လှည့်ပတ်တောင်းတာတဲ့။ အားလုံးကလည်း ကရုဏာရှိထားခဲ့ကြတဲ့အပြင် သူကလည်း ဒီတစ်ခါတည်းကူညီပါ။ နောက်မတောင်းပါဘူး ဆိုတာမျိုး ပြောပြန်ဆိုတော့ သူလာတောင်းသမျှအိမ်တွေက ပေးလိုက်ကြတာချည်းပဲတဲ့။ အဲ သူအလုပ်လုပ်လို့ရတဲ့ ငွေကိုကျတော့ စိတ်ညစ်တယ်အကြောင်းပြပြီး အကုန်လုံး အရက်ချည်းသောက်ပစ်သတဲ့။ အစက သနားကရုဏာရှိကြပေမယ့် တစ်ရက်ကနှစ်ရက်၊ နှစ်ရက်ကနေသုံးရက်ဖြစ်လာ၊ ပေးလိုက်ကြရတဲ့ အိမ်တွေချင်းကလည်း စကားစပ်မိလာကြဆိုတော့ သံလုံးလုပ်ပုံကိုင်ပုံအချိုး မကျတော့တာက ထင်းထင်းကြီးပေါ် လာတော့တာပေါ့။ အဲလိုဆိုတော့ သူ့ကို စေတနာ၊ ကရုဏာတွေနဲ့ ပေးခဲ့ ကြသမျှတွေက အလဟဿဖြစ်ကုန်ပြီး အဆိပ်ပင်ကို ရေဝိုင်းလောင်းမိကြတဲ့ ကိန်းကို တည့်တည့်ကြီးဆိုက်ကြပါလေရော။

"မင်း မယုံရင် ကြည့်ထားပါ။ အခု မင်းဆီကရတဲ့ဆန်ကို အိမ်ကျတော့ချက်ပြီး သူ့ကလေးတွေကို ဆားဖြူးပြီးကျွေးပါလိမ့်မယ်။ နောက်တစ်နေ့ကျတော့ အရပ်ထဲက သူမတောင်းရသေးတဲ့ အိမ်တစ်အိမ်ကို ဒီလိုပဲ ဆန်သွားတောင်းလိမ့်ဦးမယ်"

ကိုရွှေလှက သူ့စကားကို လက်စသတ်ပြီး ရေနွေးကြမ်းတစ်ခွက်ကို သောက်တယ်။ အဲဒီအချိန်မှာ သံလုံးကတော့ ခေါင်းငိုက်စိုက်နဲ့ မလှုပ်မယှက်ကြီး ထိုင်နေဆဲပါပဲ။ ကိုရွှေလှက သူ့ကိုတစ်ချက်လှမ်းကြည့်ပြီး မေးတယ်။

"ဟေ့ကောင်၊ တစ်ရပ်ကွက်လုံးအိမ်ပေါက်စေ့အောင်တောင်းပြီးတဲ့ အခါကျရင် မင်းဘာဆက်လုပ်မလဲ၊ ဒီလိုပဲ မင်းကလေးတွေကို ပစ်ထားပြီး မင်းရသမျှ အရက်ဖိုးချည်းလုပ်နေမှာလား"

သံလုံး တဖြည်းဖြည်းခေါင်းမော့လာပြီး ကျွန်တော်တို့ကို ညှိုးညှိုးငယ်



ငယ်နဲ့ ကြည့်တယ်။ သူ့မျက်လုံးတွေမှာလည်း မျက်ရည်တွေဝဲလို့။ ကျွန်တော်သက်ပြင်းချလိုက်မိတယ်။ ပြီးတော့ တရားချလိုက်မိပြန်တယ်။

"ဒီမှာ သံလုံး၊ လူဆိုတာ ကိုယ့်တာဝန်ကိုယ်ယူရမှာပေါ့ကွာ၊ မင်းသားသမီးကလေးတွေကို မင်းကမှ လုပ်ကိုင်ရှာဖွေမကျွေးရင် ဘယ်သူက ကျွေးမှာတဲ့လဲ၊ တစ်နေ့ကိစ္စမှ မဟုတ်တာ၊ ခင်မေရှိခဲ့တုန်းကတောင်မှ ဒီလိုသူများဆီက လက်ဖြန့်ပြီး မကျွေးခဲ့ဖူးဘူးကွ၊ မင်းက ယောကျ်ားပဲဟာ၊ မင်းနဲ့ကျမှပဲ မင်းကလေးတွေ သူများပေးစာကမ်းစာနဲ့ အသက်ဆက်ကြရမယ်ဆိုရင် မင်းဘယ်လိုလုပ် ကောင်းနိုင်ဦးမှာလဲ၊ မင်းက အိပ်ရာထဲ ဗုန်းဗုန်းလဲနေတာဆိုရင်လည်း ထားဦး၊ ခုတော့ ကျန်းကျန်းမာမာ လှုပ်လှုပ်ရှားရှားရှိနေတာပဲဟာ"

ကျွန်တော့်စကားကို နားထောင်ရင်း သံလုံးပါးတွေပေါ်မှာ မျက်ရည်တွေ စီးကျလာတယ်။ ပြီးတော့ တစ်ချက် နှစ်ချက်ကျိတ်ရှိုက်လိုက်ပြီး တိုးတိုး ကလေးပြန်ပြောတယ်။ ဘာပြန်ပြောတယ်မှတ်လဲ။ ကိုယ့် ဆရာကြားရရင် ဖျားရုံတင်မကဘူး။ နေရာမှာတင် ရင်ထုမနာနဲ့ လဲသေချင်စိတ်ပေါက်သွားမယ်။ ကိုယ်တော်မြတ်က ပြောသလေ။

"ကျွန်တော်လည်း သိတော့သိပါတယ် အစ်ကိုရာ။ ဒါပေမဲ့ အဲဒီပါးစပ်ပေါက်လေးပေါက်ရဲ့ တာဝန်အတွက် ကျွန်တော်ဘာလုပ်ရမလဲ၊ ခင်မေကလည်း မရှိတော့ဘူး၊ သူမရှိတော့တဲ့နောက်မှာ ကျွန်တော် ဘယ်သူ့ကို အားကိုးရမလဲ၊ ဘယ်သူ့ကိုယုံလို့ ဘယ်သူ့ကို ပုံရတော့မလဲဗျာ" တဲ့ခင်ဗျ။

"ဟေ" ဆိုပြီး ကျွန်တော်က သူ့မျက်နှာကို တအံ့တဩကြီးငေးကြည့်နေမိတုန်းမှာပဲ ထစ်ခနဲရှိစိတ်တိုတတ်တဲ့ ဖိုးရွှေလှဆီက ကြိတ်မနိုင်ခဲမရလေသံကြီးနဲ့ စကားသံထွက်လာတယ်။

"အောင်မယ်လေးဗျနော်၊ အဲဒါမိုးကြိုးပစ် ဘုရားစူးရပါစေရဲ့ ယောကျ်ားတဲ့။ ဟေ့ကောင်၊ ငါ ဒီ့ထက်စိတ်မတိုခင် မြန်မြန်သွားရင် ကောင်းမယ်၊ သွား စမ်းပါကွာ မြန်မြန်"တဲ့။

သံလုံးလည်း ဆန်ထုပ်ကလေးပိုက်ပြီး တစ်ချိုးတည်း ထလစ်တော့တာပါပဲ။ ကျွန်တော့်မှာလည်း ကြုံလိုက်ရတဲ့ အဖြစ်၊ ကြားလိုက်ရတဲ့ စကားအတွက် ဒေါသာရီလိုလို၊ ပုံပြင်လိုလို၊ အိပ်မက်လိုလိုနဲ့ မအီမလည်ကြီးကျန်ရစ်နေခဲ့ရတော့တာပဲပေါ့။ ကဲ. .၊ ကြုံလာရပုံကို ကိုယ့်ဆရာပဲ စဉ်းစားကြည့်ဦးတော့လေ။

(၆)

အင်း. . .၊ ခုတော့လည်း တစ်ရပ်ကွက်လုံးက အော့ကြောလန်ခဲ့ကြတဲ့ ခင်မေဟာ တမလွန်ကနေပြီး "ကဲ တော်တို့လူအကြောင်း သိကြပြီလား တော်တို့ရေ" ဆိုတဲ့ သရော်ပြုံးမျိုးနဲ့ တစ်ရပ်ကွက်လုံးကို ပြုံးကြည့်နေလေရော့မလားလို့ ကျွန်တော့်မှာ တွေးမိတိုင်း မလုံမလဲဖြစ်နေမိရပေတော့ရဲ့။ "ဒီကောင်က ရေမြွေလိုအကောင်စား" လို့ သံလုံးကို တံဆိပ်ကပ်ခဲ့တဲ့ ခင်မေ့စကားသံကိုလည်း ပြန်ကြားယောင်ရင်း ရင်နာမိနေရပြန်တော့သဗျ။

ဒီတစ်ခါ သံလုံးနဲ့များ ဆုံမိရင်တော့ ကျွန်တော်က ပြောကြည့်လိုက်ချင်သေးတယ်။ တခြားမဟုတ်ပါဘူး။ ရေမြွေဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးနိုင်တဲ့ အဆိပ်မဲ့မြွေတစ်ကောင်မို့ သူ့ကို လူတွေက အန္တရာယ်မပေးကြတာလည်း မှန်ရဲ့။ သတ်မယ့်ဖြတ်မယ့်သူတွေ တွေ့ရင်တောင် "မလုပ်ကြပါနဲ့ကွာ၊ ရေမြွေကလေးပါ" လို့ ကရုဏာသက်ကြတာလည်း မှန်ရဲ့။ ဒါပေမဲ့ အဲဒီအဆိပ်မဲ့မှုကြောင့်ကိုပဲ သူ့ကို ဘယ်သူကမှ မလေးစားတတ်ကြဘူး။ လောကအလယ်မှာ ရေမြွေဟာ ဘယ်သောအခါမှ ခံ့ညားတဲ့နေရာတစ်ခု ကို မပိုင်ဆိုင်နိုင်ဘူးဆိုတဲ့ အကြောင်းကလေးပါပဲ။ မြွေမှန်ရင် အဆိပ်ကလေးတော့ ရှိနေဦးမှကိုး။ သူ့အဆိပ်အားပြင်းထန်လေလေ၊ သူ့ကို အားလုံးက ဂရုတစိုက် ရှိကြရလေလေကိုး။ ကဲလေ . . .၊ ကိုယ့်ဆရာပဲ စဉ်းစားကြည့်။

"သူ့ကို မထိနဲ့၊ ထိရင် တုံးခနဲဖြစ်သွားမယ်" ဆိုတဲ့ မြွေပွေးဟာ ကြောက်စရာကောင်းမှန်း လူတိုင်းသိကြတာပဲ။ ဒါပေမဲ့ ပြင်းထန်တဲ့ သူ့အဆိပ်စွမ်းရည်အတွက် သူ့ကိုတော့ တလေးတစား နေရာပေးထားကြရ၊ အသိအမှတ်ပြုထားကြရတယ် မဟုတ်လား။ "မြွေပွေးခါးပိုက် ပိုက်" ဆိုတဲ့ စကားတောင် ရှိသေးရဲ့။ "ရေမြွေခါးပိုက် ပိုက်" ရယ်လို့ ဘယ်မှာကြားဖူးခဲ့လို့လဲဗျာ။ မြွေတစ်ကောင်ရဲ့ သိက္ခာတရားဟာ သူပိုင်ဆိုင်တဲ့အဆိပ်ဖြစ်ခဲ့ရင် လူတစ်ယောက်ရဲ့ သိက္ခာတရားကကော။ ဘာဖြစ်နိုင်မယ်လို့ ကိုယ့်ဆရာထင်သလဲ။

ဘယ်လိုပဲ ဖြစ်ဖြစ်လေ။ လောကသဘာဝကိုက ပြင်းတာပျော့တာ နောက်ထား. . .။ မြွေမှန်ရင် အဆိပ်ကလေးတော့ ရှိနေမှ. . .၊ ဒီလိုပဲပေါ့။ ပြင်းတာပျော့တာ နောက်ထား. . .၊ လူမှန်ရင်လည်း . . . . .။

**နန္ဒာစိုး (ဆင်ဖြူကျွန်း)**

Asian Fame Media Group



— ဝတ္ထုတိုရသ —

"အနောက်တောအစပ်မှာ . . အလောင်း တစ်လောင်း တွေ့လို့တဲ့ . . တော်ရေ့ . . မိုးတွေနဲ့ စိုပြီး ပုပ်ပွနေတာများ ရစရာမကောင်းဘူးတဲ့"

မနက်ခင်းမို့ နေမင်းလေးထွက်မယ်မှ မပြင် ရသေးဘူး။ အနံ့ထောင်းထောင်းနဲ့ သတင်းကြီးက အမင်္ဂလာတွေ အမြိုင့်သားခြုံပြီး ထွက်လာခဲ့ပြီ။ ကိုထွန်းရှင် ဖတ်လက်စ ဉာဏပရိညာစာအုပ်လေးကို အသာချပြီး သတင်းစတွေလွင့်ကျလာရာ လမ်းမ ထက်ဆီ အာရုံတွေကို တွန်းပို့လိုက်ရတယ်။

"ဟဲ့ စောလန်းရဲ့ ဟုတ်သတဲ့လား၊ နင် ဘယ် က ကြားလာတာတုံး"

"ဟုတ်တယ်တဲ့ ကိုကြီးထွန်းရှင်ရဲ့၊ ရွှေမိုးတို့ အုပ်စု ထင်းတောတက်မလို့ ထွက်သွားရင်း အရင်စ တွေ့ခဲ့တာတဲ့။ အို လူတစ်ယောက်လုံးကို ငါးဆား နယ် တစ်သလို ခုတ်ထစ်ထားလိုက်တာများ ရက် ရက်စက်စက်ကြီးတဲ့"

တစ်ရပ်ကွက်လုံးရဲ့ ငြိမ်သက်ခြင်းကို မစော လန်းရဲ့ 'တဲ့' တွေလွှမ်းတဲ့ အသံစာစာနဲ့ပဲ အုတ်အုတ် ကျက်ကျက် မနက်ခင်းလေး အထိတ်တလန့် ထခုန် မိလျက်သား ဖြစ်နေရတော့တယ်။

"ဒီလိုဖြင့် ဘယ်သူဘယ်ဝါရယ်လို့ကော သဲ ကွဲပြီလား"

"ဟာ မြင်မကောင်းအောင် ပျက်စီးနေ တာကြီးဆိုတော့ လူကြီးတွေလည်း မေးကြမြန်းကြနဲ့ စုံစမ်းတုန်းပဲဆိုလား၊ ကိုကြီးထွန်း ရှင်သွားကြည့်လေ၊ စောလန်းတော့ ကြောက်တယ်၊ သွားမကြည့်ရဲ ဘူး"

"အေး အေး ငါသွားကြည့်လိုက်ဦးမယ်"

လူတစ်ယောက် သေဆုံးသွားရတယ်ဆိုတာ ဘာမှအဆန်းတကြယ် မနိုင်လှတော့ပါဘူး။ ဘဝ ခန္ဓာတစ်ခု တစ်ဇာတ်သိမ်းလို့ ချုပ်ငြိမ်းသွားရတာ လေးပါလို့ ကိုထွန်းရှင် ရိုးစင်းလေးပဲ တွေးဖြစ် လိုက်တယ်။ မွေးဖွားလာတယ်ဆိုကတည်းက အမြဲတစေကပ် ပါလာနေတဲ့ ဒီသေဆုံးခြင်းဆိုတာကို တအံ့တသြဖြစ်နေစရာ မလိုပါဘူးလို့လည်း ဆင်ခြင် နေမိတယ်။

Asian Fame Media Group




Asian Fame Media Group

အခင်းဖြစ်ထားရာရောက်တဲ့ အထိ ကိုထွန်းရှင်အတွေးစတွေက တတွဲလောင်းလောင်းခိုတုန်း၊ လူနေအိမ်တချို့နဲ့ ဈေးဆိုင်တွေမှာ ကပ်ထားတတ်ကြတဲ့ 'လာခြင်းကောင်းသလို ပြန်ခြင်းကောင်းပါစေ' ဆိုတဲ့ စာတန်းလေးကို ဖျတ်ခနဲ သတိရလိုက်မိတယ်။ ဟုတ်တာပေါ့။ ရခဲလှပါတယ်ဆိုတဲ့ လူ့ဘဝထဲကိုတော့ ကောင်းသောလာခြင်းမျိုးနဲ့ ရောက်ခဲ့ရပါပြီ။ အပြန်လှဖို့လည်း အရေးကြီးတယ်နော့လို့ သတိပေး ဆုတောင်းမျိုးလေးမို့ ဘယ်လောက်နှစ်လိုဖွယ် ကောင်းလိုက်ပါသလဲ။

ဒီပုံအတိုင်းဆိုရင်တော့ အခု ကိုထွန်းရှင်ရှေ့မှာ မြင်တွေ့နေရတဲ့ ကိုရွှေပုဂ္ဂိုလ်ရဲ့ ခန္ဓာဟာ ကောင်းသော ပြန်ခြင်းမျိုးနဲ့ ပြန်ရတာမဟုတ်တော့ဘူးပေါ့။

"ရက်စက်လိုက်တာဟယ်၊ လူလူချင်း ဒါလောက်ကြီး လုပ်ရက်တာတော့ လွန်လွန်းပါတယ်"

"ဟုတ်ပအေ၊ ကျွတ်. . ကျွတ် . . ကျွတ်. . လူ့အသက် တစ်ချောင်းများ မသေမချင်းကို စိမ်ပြေနပြေလုပ်သတ်ထားလိုက်တာ. . ကြည့်ပါဦး"

ကိုထွန်းရှင်ရဲ့ အတွေးမီးခိုးလေးတွေ အညွန့်တလူလူ အရှိန်ကောင်းနေတုန်း၊ မိန်းမတချို့ရဲ့ စကားသံမိုးရေစက်တွေကြောင့် ပျက်ငြိမ်းရပါလေရော၊ ဟုတ်တော့လည်း ဟုတ်နေတာပဲ၊ ကိုထွန်းရှင် မြင်နေရတဲ့ အနေအထားကိုက ပြတ်ရှဒဏ်ရာလို တစ်ချက်တည်းနဲ့ အသက်ထွက်သွားရတာမျိုး မဟုတ်နိုင်ဘူး။ အသွားထက်ထက် လက်နက်တွေနဲ့ အသက်ဇီဝိန်မကြွေမချင်း အတင်းရောအဓမ္မပါ ရက်စက်သွားခဲ့ကြပုံပဲ။

လက်ယဉ်နိုင်ရှာပါပေ့လို့ အတွေးဆက်တွေ ခေါင်းထက်မှာ ပွားလာရင်း အပုပ်ကောင်ဆီက ထောင်းခနဲထလာတဲ့ အနံ့ဆိုးကို နှာခေါင်းမြို့ရိုးခံတပ်ပြိုကျလုနီးပြီမို့ ကိုထွန်းရှင် လှည့်ပြန်လာခဲ့ရတော့တယ်။

♦

"ပေါ်ပြီတဲ့ ကိုကြီးထွန်းရှင်ရေ၊ ပေါ်ပြီတဲ့တော်"

"ဘာတွေ ပေါ်တာတုန်း၊ ဟဲ့ ကောင်မလေးရဲ့၊ မရှင်းမရှုပ် မလုပ်စမ်းပါနဲ့"

ညနေစာ စားပြီးလို့ ရေနွေးကြမ်းသောက်နေတုန်း မစောလန်းက အစတုံးအဆုံးမဲ့စကားတွေ ဖြန့်ခင်းရင်း ကိုထွန်းရှင်ရှေ့ ဝင်ထိုင်လာတာမို့ ဇာတ်ရည်လည်အောင် ပြန်မေးကြည့်နေရတယ်။

"ဟိုနေ့က ကိစ္စလေ၊ အလောင်းက ရုပ်ပျက်နေတာဆိုတော့ ရုတ်တရက် ဘယ်သူဘယ်ဝါလို့ မကွဲပြားဘူးပေါ့၊ အဲဒါ ဆိုင်ရာက မရမနေစုံစမ်းတော့မှ ကျော်ခင်ဖြစ်နေတာတဲ့"

"ဟင် ကျော်ခင် ဟုတ်လား"

"ဟုတ်တယ်လေ၊ ကိုကြီးထွန်းရှင်ကလည်း ညနေလေးစောင်းလာရင် အရက်လေးတမြမြနဲ့ ဓားကြိမ်းကြိမ်းနေတဲ့ ကျော်ခင်ပေါ့"

ကောင်းကြရော၊ ကိုထွန်းရှင် ကျော်ခင်ကို ကောင်းကောင်းသိတာပေါ့၊ တစ်ရွာတစ်ကျေးကနေ စွန့်စားပြီး ကြီးပွားလေမလားဆိုတဲ့ စိတ်ကူးယဉ်နဲ့ တောင်ပေါ်မြို့လေးကို တက်လာတဲ့ ကောင်လေးပဲဟာ၊ အဲဒီတုန်းက ကိုထွန်းရှင်အတွေးထဲမှာတောင် ဒီလို အရက်ကို အလုပ်လုပ်ပြီး အချိန်ဖြုန်းနေရုံများဖြင့် ရွာဖျားရွာနားက ခွာလာစရာမလိုပါဘူးလို့ ကျော်ခင့်ကိုနှာခေါင်းရှုံ့နေမိသေးတယ်။ အခု ဘယ်လိုဖြစ်ပြီး ဘာဂတိတွေနဲ့ ပိသေတယ် မပြောတတ်ပါဘူး။

"ဇာတ်လမ်းလေးက စိတ်ဝင်စားစရာကောင်းတယ် ကိုကြီးထွန်းရှင်ရဲ့"

"အေး လုပ်စမ်းပါဦးဟ"

ကိုထွန်းရှင်မိန်းမကလည်း မနေနိုင်တော့ဘူး။

"နေဦးဟေ့ စောလန်းရေ၊ ငါလာပြီ၊ ငါလာမှ ပြော" ဆိုပြီး စားပြီးသားပန်းကန်တွေ လက်စသိမ်းလို့ အပြေးတစ်ပိုင်းနဲ့ ဝင်ထိုင်လာပြန်တယ်။

"ဒီလိုလေ ကျော်ခင်က ကိုအောင်တင့်တို့အိမ်မှာ တွင်းသားအဖြစ်နဲ့နေရင်း ကိုအောင်တင့်မိန်းမ နန်းနှင်းသီနဲ့ ငြိကြတာတဲ့"

အလိုလေးလို့ ဘုရားတလိုက်မိတယ်။ နန်းနှင်းသီဆိုတာ မိန်းမတို့ ဣန္ဒြေတစ်လှေကြီးနဲ့ အချောအလှနေရာမှာ တစ်ထီးနန်းလို ဟန်ရေးပိုခဲ့တာ အားလုံးသိကြတာပဲ။ အရွယ်ကလည်း လေးဆယ်နားကပ်နေပြီဆိုပေမယ့် အပုပ်ခန္ဓာကို မွှမ်းမံနိုင်၊

> **တစပြင်သုသာန်လို့**
> **သတ်မှတ်ထားတဲ့**
> **မြေကြီးထဲမှာ**
> **ရုပ်ကလာပ်ခန္ဓာ**
> **အိုဟောင်းကြီးတစ်ခု**
> **လဲလျောင်းဝပ်စင်းသွား**
> **ခဲ့ရပေမယ့် အဲဒီခန္ဓာရဲ့**
> **ရှင်သန်နေတုန်း ပြုမူ**
> **ခဲ့သမျှ တန်ဖိုးနဲ့အညီ**
> **ကောင်းဆိုးနှစ်တန်**
> **ပဲ့တင်သံတွေကတော့**
> **လောကနံရံဆီမှာ**
> **ထင်ကျန်နေခဲ့ဦးမယ်ဆိုတာ**
> **ကိုထွန်းရှင်နလုံးသွင်းရင်း. . .**

ထုံးဖွဲ့တတ်ဆိုတော့ ကြော့ရှင်းပါပေ့ဖော့ယမင်းပမာတွေနဲ့ လှချင်ယောင်ဆောင်နေခွင့်ကို ပိုင်ဆိုင်ထားတုန်းကိုး၊ ကျော်ခင့်အသက်က ရှိလှမှ အစိတ်ထက် ပိုမယ်မထင်ဘူး။

"ဒါတွေကို လူရိုးလူဖြောင့်ကြီးကို အောင်တင့် သိသွားတော့ နှစ်ယောက်စလုံးကို သူ့ရှေ့ခေါ်ပြီး မေးတယ်တဲ့။ ငါ ကွာရှင်းပေးမယ်။ မင်းတို့ ပေါင်းကြမလားပေါ့"

"တကယ့်ကို သဘောထားပြည့်ရှာတာပဲနော်၊ ကိုထွန်းရှင်တို့နဲ့တော့ ကွာပ့ါ"

"အသာ နားထောင်စမ်းပါဟာ"

ဇာတ်ရှိန်တက်နေတာကို စကားထောက်ဝင်လုပ်ပေးရှာတဲ့ မိန်းမဘက်ကိုထွန်းရှင် လှည့်မာန်လိုက်တာ၊ သူ့မိန်းမလည်း ဇက်လေးပုပြီး ငုံ့ထည့်နေတဲ့ ပန်းကန်ထဲ ရေနွေးကြမ်းတွေ လျှံကျလာတာကို မထိန်းလိုက်နိုင်ဘူး။

"အဲဒါပြောတာပေါ့၊ ပြည့်တာကျေနပ်နိုင်ပေမယ့် လျှံလာရင် မကောင်းတော့ဘူးလို့၊ အဲ အဲ ဆက်စမ်းပါဦး စောလန်းရဲ့ နင့်ဇာတ်လမ်းကို"

"အံမယ် စောလန်းဇာတ်လမ်းဟုတ်ပါဘူးနော်၊ သူများ ဇာတ်ထုပ် ကို အငှားခင်းပြနေတာ ဝါသနာမို့ အဲလို မင်းတို့ တကယ်ပေါင်းကြမှာလား လို့ ကိုအောင်တင့်ကြီးကမေးတော့ ကျော်ခင်က ဘယ်လိုဖြေတယ်မှတ်လဲ"

"ဘယ်သိမှာလဲဟ၊ ငါတို့ ချောင်းနားထောင်နေတာမှ မဟုတ်တာ"

"ကျွန်တော် လုံးဝမပေါင်းနိုင်ပါဘူးတဲ့ တော်ရေ့၊ အဲဒီမှာတင် နန်းနှင်းသီစိတ်ထဲ အနာကြီး နာသွားတော့တာပေါ့။ ကိုအောင်တင့်ကလည်း ဒီကောင် ငါ့မိန်းမကို ကြောရရုံကြံတာပဲလို့ သိသွားရော၊ တစ်ညမှာ နန်းနှင်းသီရဲ့ မာယာနဲ့မျှားခေါ်ပြီး ကျော်ခင့်ကို လင်မယားနှစ်ယောက် စလုံးက အစတုံးလုပ်ပစ်လိုက်ကြတာတဲ့"

"အေးပေါ့ကွာ၊ စိတ်ဆိုးအောင်ပဲ လုပ်ချင် လုပ်မိပါစေ၊ စိတ်နာအောင် မလုပ်ရဘူးဆိုတာ လူကြီးတွေက အပျင်းပြေရွတ်သွားတာမှ မဟုတ်ဘဲကိုး"

ဒဏ်ရာတွေ ဗရပွနဲ့ ခံရသူဘက်ကိုသာ အရင်မြင်တတ်ကြပြီး လုပ်ရက်ပါပေ့လို့ စုတ်တသပ်သပ် ထိုးနိုင်ပေမယ့် ဘာကြောင့်ခံရပါလိမ့်ဆိုတာ တစ်ဖက်ကိုလှန်ကြည့်လို့ အဖြေသိ လိုက်ရရင် ကြည်လင်ရှင်းပြတ်သွားရ စမြဲပါပဲ။ ဩော် လို့သာ မြည်တမ်းရင်း လင်းနေတဲ့အမှန်တွေ အောက်မှာ အမြင်အသိတွေ ထင်းခနဲ ဖြစ်သွားရတာကို အလိုလိုဆင်ခြင်မိလျက်သား ဖြစ်ရတော့တယ်။

♦

"အဖေ ကျော်ခင်တို့အမှုတွေ ရှင်းသွားပြီပေါ့၊ ကိုအောင်တင့်ကြီးတို့ လင်မယားလည်း သက်သာမှာမဟုတ်ဘူးနော်၊ ဩော် လူတွေများ ဇာတာထဲက အလိုအရနေကြရရင်တောင် အသက်လေးမှ တစ်ရာ့နှစ်ဆယ်။ ဘယ်ခါမှ မသေတော့မယ့်အတိုင်း ဖြစ်နေလိုက်ကြတာ"

"အေးပေါ့ သမီးရာ၊ အသက်တစ်ရာမနေရ၊ အမှုတစ်ရာ ပွေရလို့ ဆိုထားပြီ မဟုတ်လား၊ အခု ဘွားလေးစိန်လိုပေါ့"

"အဲဒီ့ ဘွားလေးစိန်လည်း အိုကံမကောင်းရှာဘူးနော် အဖေ"

"ဘာကို ပြောချင်တာတုံး သမီးရဲ့"

"ဩော် သူ့ခမျာ သမီးနှစ်ယောက်နဲ့ သားယောကျ်ားတွေ အပြိုင်းပြိုင်း



Asian Fame Media Group

မွေးထားရပေမယ့် ဘယ်သားသမီးကမှ ပြန်လှည့်မကြည့်ကြဘူး။ အခုနောက်ဆုံးအချိန်တောင် ကြည့်ပါလား၊ သူ့သမီးငယ်အိမ်မှာ ချို့ချို့တဲ့တဲ့နဲ့ သမက်ရဲ့ အငြိုအငြင်တွေ ကြားကပဲ သေသွားရတာ”

ဘွားလေးစိန် အသုဘသင်္ဂြိုဟ်မှာကို လိုက်ပို့ဖို့ အကျီလဲနေတုန်း သမီးကြီးက စကားတွေစလာတာနဲ့ ကိုထွန်းရှင် ခဏပြန်ထိုင်နေလိုက်ရတယ်။ သမီးကြီးရဲ့ တွေးခေါ်မြော်မြင်တတ်ပုံတွေကိုလည်း ကျေနပ်အားရစရာကောင်းအောင်ထိ ကိုထွန်းရှင် ယုံကြည်ပြီးသား။

“ဒါကတော့ သမီးရာ၊ ကိုယ်တိုင်က သားကောင်းသမီးကောင်း မဖြစ်ခဲ့ရင် ကိုယ့်အလှည့်မှာလည်း သားကောင်းသမီးကောင်း မရနိုင်ဘူးတဲ့၊ ဆောင်းပါးတစ်ပုဒ်မှာ အဖေဖတ်ဖူးတယ်။ အဲဒါ အမှန်ပဲ သမီးရဲ့”

“ဘာဖြစ်လို့လဲ အဖေ၊ ဘွားလေးစိန်က သမီးကောင်း မဖြစ်ခဲ့လို့လား”

“အဲဒါတော့ အဖေ မသိဘူး၊ မိခင်ကောင်းတစ်ယောက် မဖြစ်ခဲ့ဘူးဆိုတာတော့ သေချာတယ်၊ တော်ပါပြီကွာ၊ မရှိရှာတော့တဲ့ သူ့ရဲ့ အဆိုးတွေကို မကြားနိုင်တော့တဲ့အချိန်မှာ ပြောနေရတာ မကောင်းလှပါဘူး၊ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်တဲ့၊ အဖေ လိုက်ပို့လိုက်ဦးမယ်၊ အဲဒီအဓိပ္ပာယ် သမီးသိရဲ့လား”

“ဒါလေးများ သိတာပေါ့ အဖေကလည်း၊ မီးတို့မြို့လေးရဲ့ သုသာန်က အဝေးကြီးမို့လား၊ အဲဒီနှုန်းနဲ့ ဘုန်းကြီးကျောင်းသွားမယ်ဆိုရင် ဆယ်ခေါက်စာ ရှိတယ်လို့ ပြောတာ”

“ခွေးမလေး အကောင်းပြောမယ် မှတ်တာ၊ ကဲ ကဲ အဖေ သွားလိုက်ဦးမယ်”

ကိစ္စဖြစ်တဲ့အိမ် ရောက်တော့ သင်္ဂြိုဟ်သွားဖို့ရာ ပြင်ဆင်နေကြပြီ။ ကိုထွန်းရှင်လည်း ဘယ်သူနဲ့ ဘယ်ကားပေါ် လိုက်ရမယ်မသိဘူး။ လူတွေခက်နေတာကလည်း သေတဲ့လူက သေရပြီ။ သူတို့ခမျာ ပရိုးမီးယားလိဂ်ကွင်းတွေထဲ မမီမကမ်းနဲ့ လှမ်းကန်တဲ့သူက ကန်ကောင်းတုန်း၊ နိုင်ငံတကာစစ်ပွဲတွေကြားမှာ လေပုံးသီးတွေနဲ့ ဝှန်းဒိုင်းကြပြီး ဆော်ကြတုန်း။ ကိုယ်လည်း မဲပေးခွင့်ရှိတာ မဟုတ်ဘဲနဲ့။

သူများဆီက သမ္မတကို ရွေးလိုရွေး၊ သူတော်ချင်း သတင်းလွှေ့လွှေ့နဲ့ပဲ တူရာနွယ်ကြောင်း အုပ်စုကောင်းတွေဖွဲ့လို့ ဘယ်အသုဘကမ္ဘဋ္ဌာန်းမှုလည်း စီးဖြန်းနိုင်မယ် မထင်ပါဘူး။

“ကိုထွန်းရှင် လာ လာ နောက်ကျနေပြီ၊ ဒီကားပေါ်ကပဲ လိုက်ခဲ့တော့”

ကိုယ့်အတွေးပေါင်းစုံနဲ့ ဖောင်းပွလို့ကောင်းနေတုန်း လှမ်းခေါ်သံကြားလို့ ကြည့်လိုက်တော့ ကမ္ဘာလုံးကြီးကို ခါးပိုက်ထဲထည့်ထားတဲ့ အင်တာနက်ကြီး ကိုမြသီးပါလား။ မုဆိုးမဘီးစိပ်ထဲမှာ သန်း ဘယ်နှကောင်မိပြီ ပြောနိုင်တာ ဘာဟုတ်သေးမှာလဲ၊ မိကျောင်းမင်းတောင် ခြေဆင်းငိုချင်အောင် အိမ်မြှောင်လို စုတ်ထိုးခိုင်းတတ်တဲ့ လူမျိုးပဲဟာ။ သူ သိချင်တာရဖို့ လက်ဖက်ရည်ဖိုးလည်း မနှမြောဘူး။ အရက်ဖိုးဆိုလည်း ပက်ခနဲပဲ။

“မိန်းမကြီးက တော်တော်ရှုပ်ခဲ့တာဗျ”

“ဘာလဲ အဲဒီရှုပ်တဲ့ထဲမှာ ခင်ဗျား မပါရလို့ လွမ်းနေတာပေါ့”

“မလုပ်ပါနဲ့ဗျာ၊ သူ အရွယ်ရှိနေတုန်းကလည်း ကလေးတွေ တိုးလိုးတွဲလောင်းနဲ့ ပစ်ထားခဲ့ပြီး တခြားတစ်ယောက်နဲ့ ထွက်ပြေး။ အရွယ်လွန်တဲ့အထိလည်း စီခနဲဆိုလိုက်ပြေးနဲ့။ မွေးထားတဲ့ ကလေးတွေမျက်နှာကိုမှ မထောက်။ တစ်ယောက်ပြီး တစ်ယောက်ပဲ။ ခန်းနေရော မကျန်ဖိုးသူတော်လည်း မနေရ၊ လှလှပပ ရှင်းအောင်ကို ရှုပ်သွားခဲ့တာကလား”

“အေးလေဗျာ သူ့ပါရမီနဲ့သူပဲဟာ၊ ဒါကို ခင်ဗျား တန်းစီချိန်မရလိုက်လို့ မနာလိုနေတာမို့လား”

“မလုပ်နဲ့ မလုပ်နဲ့ ဆရာရေ့၊ သူ့သား အလတ်ကောင်နဲ့မှ ကျုပ်က ရွယ်တူလောက်ရှိတာ၊ စိတ်နဲ့တောင် မပြစ်မှားရဲပါဘူးဗျာ”

“အင်းပေါ့လေ၊ ဝစီကံဖြစ်ပြီး ကာယကံမြောက်သွားအောင်လည်း အဲဒီစိတ်ကပဲ အရင်းခံတာ မဟုတ်ဘူးလား ကိုမြသီးရာ”

ကိုထွန်းရှင်မျက်နှာက ရယ်နေလိုက်ရပေမယ့် စီနေတဲ့ အတွေးတွေကတော့ ဖမ်းနိုင်လို့ မပြီး၊ တားဆီးဖို့ မလွယ် ဖြစ်နေရတာပါပဲ။

“အများအမြင်မှာတော့ တစ်ကိုယ်လောက်ရှိတဲ့ သားသမီးတွေက ဒီအမေအိုကြီး တစ်ယောက်တည်းကိုတောင် လှည့်မကြည့်ကြဘူးလို့ ထင်စရာရှိပေမယ့် ကိုထွန်းရှင်ရာ၊ တကယ်တမ်း သူ့ဇာစ်မြစ်ကို သိလိုက်ရင်တော့ မိခင်တစ်ယောက်ရဲ့ စရိုက်မှ မပီပြင်ခဲ့ဘဲကိုးဗျ”

“အေးပေါ့ဗျာ၊ ဒီကိစ္စမျိုးတွေက ပြောရခက်ပါတယ်။ ဝဋ်ကြွေးတွေမှာ အတုံ့အလှည့် တော်တော်များများက နောက်ဘဝအထိ စောင့်မနေတတ်ဘူးဗျ။ လူ့ဘဝဟာ ခဏလေးလို့ဆိုပေမယ့် ရှည်ချင်တဲ့နေရာမှာလည်း အကြာကြီးပဲနော၊ တစ်ခုလက်ခံရမှာက ဆိုးဝါးတဲ့ အကြံအစည် လုပ်ရပ်မျိုးတိုင်းဟာ ကောင်းတဲ့ကံ ဖြစ်မလာနိုင်ဘူးဆိုတာကိုတော့ ရဲရဲကြီးသာ ယုံထားလိုက် ကိုမြသီးရေ”

တစပြင်သုသာန်လို့ သတ်မှတ်ထားတဲ့ မြေကြီးထဲမှာ ရုပ်ကလာပ်ခန္ဓာ အိုဟောင်းကြီးတစ်ခု လဲလျောင်းဝပ်စင်းသွားခဲ့ရပေမယ့် အဲဒီခန္ဓာရဲ့ ရှင်သန်နေတုန်း ပြုမူခဲ့သမျှ တန်ဖိုးနဲ့ အညီ ကောင်းဆိုးနှစ်တန် ပဲ့တင်သံတွေကတော့ လောကနံရံဆီမှာ ထင်ကျန်နေခဲ့ဦးမယ်ဆိုတာ ကိုထွန်းရှင်နှလုံးသွင်းရင်း မြေပုံမို့လျောတွေ၊ ရေညှိစွဲ အုတ်ဂူတွေနဲ့ ဝေဆာနေတဲ့ သချိုင်းဝင်းကို ကျောခိုင်းထွက်ခွာ လာခဲ့ရတော့တယ်။

♦

လောကီဘုံသားဆိုတာများ လျှို့ဝှက်ချက်တွေရဲ့ နက်နဲတာကို တူးဖော်လှန်လှော ကြည့်လိုက်ချင်ရတာက ပုထုဇဉ်တို့ရဲ့ ဉာဉ်ဆိုးပဲ ထင်ပါရဲ့။

ကိုထွန်းရှင်တို့ ရပ်ကွက်ရဲ့ အစွန်လေးမှာ သက်ငယ် တဲပိစိကွေးနဲ့နေပြီး မုန့်ညင်းချဉ်လေး၊ ပဲပင်ပေါက်လေး ရောင်းစားနေရာက နန်းတော်ကြီးလား မှတ်ထင်ရအောင် အိမ်ကြီးရခိုင် ထဆောက်ပစ်နိုင်တာကို မြင်တဲ့သူတိုင်း ချီးကျူးမိကြတယ်။ ဒါပေမဲ့ ကိုမြသီးတစ်ယောက်တော့ လက်ခံချင်ဟန် မတူဘူး။

“သက်ငယ်တဲလေးနဲ့ တစ်သက်လုံးနေလာပြီး တိုက်ကြီးထဆောက်ပစ်လိုက်တာကို ခင်ဗျား မအံ့ဩလေနဲ့ ကိုထွန်းရှင်၊ ဒီထက်ပိုပြီး အံ့ဩစရာတွေက လာဦးမယ်”

ဆယ်လူလာကြီး ကိုမြသီးက ရေ



Asian Fame Media Group
MEDIA GROUP

နွေးကြမ်းကို ငွပ်ခနဲနေအောင် မျိုချပြီး သူ့စကားလမ်းကြောင်းကို ချိန်ဆနေတယ်။ ဘွားလေးစိန် အသုဘလိုက်ပို့တဲ့ နေ့ကတည်းက နောက်ရက်မှ ခင်ဗျားဆီ အေးအေးဆေးဆေး လာလည်ဦးမယ်ဗျာလို့ စကားစရန်တွေ သတ်ခဲ့ပြီးသား။ ဒေးဗစ်ကော်ပါဖီး ထက် စွမ်းတဲ့ မျက်လှည့်ပွဲ တစ်ခု အကြောင်း ပြောပြချင်လို့ ဆိုတာက အတွန့်တက် သွားသေး။

"ရှာက ကျုပ်ညီမရဲ့ အလှူကို မသွားဖြစ်ရင်လည်း ဒီအကြောင်း သိရမှာ မဟုတ်ဘူးဗျ။ ဟိုရောက်တော့မှ အဲဒီရွာသားတစ်ယောက်က ကျုပ်ကို လာနှုတ်ဆက်တာ၊ ဒီမြို့လေးမှာ တော်တော်ကြာကြာ နေခဲ့ဖူးတယ်တဲ့။ အခု တိုက်ကြီးဟိန်းအောင် ဆောက်ထားပါတယ်ဆိုတဲ့ ကိုဝှမ်တို့အိမ်မှာ တွင်းသားအဖြစ်နဲ့ နေရတာဆိုပဲ"

"ဩော် ဩော် မုန်ညင်းနဲ့ ဂေါ်ရခါးသီးကို ရင်းနှီးခွင့်ရသွားတဲ့ မိတ်ဟောင်း ဆွေဟောင်းကို ပြန်ဆုံခဲ့ရတယ်ပေါ့လေ"

"အေးဗျ နွားကုန်းသားတစ်ယောက်နဲ့အတူ သူရော အဲဒီမှာနေတုန်းက သက်ငယ်တဲလေးလို့ ပြောတယ်။ အခု တိုက်ကြီးဆောက်ထားပြီလို့ကျုပ်ကပြောတော့ သူ မအံ့သြတော့ဘူး၊ ဆောက်နိုင်ပြီပေါ့ဗျာတဲ့၊ သူတို့နှစ်ယောက်နဲ့ အိမ်ရှင် ကိုဝှမ်ရယ် သုံးယောက်တည်း တောင်ပေါ်မှာ မျောတိုက်တုန်းက ရလာတဲ့ နီလာကြီးဟာ ကတ္တီပါရည် အပုံစားကြီးဆိုပဲဗျ"

"အား. . လား. . လား၊ ဟုတ်တော့နေပါပြီ၊ လုပ်စမ်းပါဦး"

"အဲဒါ သူတို့နှစ်ယောက်ကို အသိမပေးဘဲ အိမ်ရှင်ကိုဝှမ် တစ်ယောက်တည်း သွားရောင်းပစ် လိုက်တာ ဘယ်လောက်ရလို့ ရမှန်း မသိရတော့ဘူးတဲ့ဗျာ။ သူတို့ကိုကျ မျိုးမအောင်တဲ့ နီလာခြောက်ကြီးကို အစားထိုးပေးပြီး မင်းတို့ပြချင်တဲ့လူရှိရင် သွားပြကြလို့ ပြောသတဲ့။ ကြိုက်တဲ့နေရာ သွားရောင်းကြပေါ့လေ။ ကိုဝှမ်က ကျောက်ချင်း လဲယူထားပြီးပြီကိုး။ အဲဒီနောက် သူတို့နှစ်ယောက် စလုံးကို စရိတ်သာသာလေးပဲ ပေးပြီး ရွာပြန်လွှတ်လိုက်တော့ နွားကုန်းက ကောင်လေးဆို ငိုမလို ရယ်မလိုနဲ့ သတ်ပါမယ် တကဲကဲလုပ်နေလို့ မနည်းကြီးဖျောင်းဖျ ခေါ်ခဲ့ရတယ်တဲ့ဗျာ"

ကိုထွန်းရှင် ကျိုက်ချလိုက်တာ ရေနွေးကြမ်းတွေပေမယ့် နွားကုန်းသားလေးရဲ့ မျက်ရည်တွေများ ရောပါသွားသလား ခံစားမိလိုက်တယ်။

တစ်ပါးသူရဲ့ ဘဝကို တိုင်ထူ။ မျှော်လင့်ချက်တွေကို ရိုက်ချိုးပြီး အိမ်အမိုးလုပ်၊ သူများမျက်ရည်တွေနဲ့ သုတ်လိမ်းဆေးခြယ်လို့ ထည်ဝါနေတဲ့ ကိုဝှမ်တို့တိုက်ကြီးကိုလည်း ကိုထွန်းရှင် မျက်စိထဲမှာ ကွက်ကွက်ကွင်းကွင်းကြီး ပေါ်လာတယ်။

စိတ်ကြေမွစရာ အတွေးမျှင်တွေနဲ့ အုံ့ဖွဲ့နေတုန်း သူတို့စကားဝိုင်းဘေးက စားပွဲပေါ်မှာ ဗလာစာအုပ်ကိုဖြန့်ပြီး စာရေးနေတဲ့ သူငယ်တန်းကျောင်းသား အငယ်ကောင်ကို လှမ်းကြည့်မိတော့ ကိုထွန်းရှင် ရယ်ချင်မိသွားတယ်။

"သားလေး သားစာအုပ်က ဇောက်ထိုးကြီးလေ"

"သား သိတယ် အဖေရဲ့ ဆရာမက မနက်ဖြန်အိမ်စာကို ယပက်လက်ရေးခဲ့ရမယ်ဆိုလို့ သားက စာအုပ်ကို ဇောက်ထိုးလုပ်ပြီး ကကြီးရေးနေတာ ယပက်လက်ရေးနေရတာ ကြာတယ်လေ"

စည်းစနစ်ဆိုတာကို သုံးသပ်လိုက်နာနိုင်စွမ်း မရှိသေးလေတဲ့ သားတော်မောင်ရဲ့ ရွှေဉာဏ်တော် ကွန့်မြူးနိုင်ပုံကိုတော့ ကောင်းကောင်းကြီး ပြုံးဖြစ်လိုက်တယ်။

ဒါနဲ့ တစ်ဆက်တည်းလည်း ဟောဒီ လူ့ဘဝဆိုတာကြီးများ တစ်လျှောက်လုံးက ပက်လက်လှန်ထားသမျှ အချိန်တွေမှာ 'ယပက်လက်' ပါလို့ ပညတ်ပြီး တညီတညွတ်တည်း လက်ခံထားခဲ့ကြပေမယ့် မှောက်လိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီ 'ယပက်လက်' ဆိုတာပျောက်ပြီး 'ကကြီး' အဖြစ်နဲ့ တွင်ကျယ်သွားရတာကို တော့ ကိုထွန်းရှင်လို ဉာဏ်ပဲ့လေးတစ်ထွာ တစ်မိုက်နဲ့ လိုက်မမီနိုင်တော့ပါဘူး လောကကြီးရေလို့ပဲ အသံတိတ် ဟားတိုက်ပစ်လိုက်မိတော့တယ်။

**ပန်းရေကျိုး(မိုးကုတ်)**





ASIAN FAME MEDIA GROUP

Living Fashion Magazine

- ကျန်းမာရေးကောင်းမွန်မှုနဲ့ စိတ်လှုပ်ရှားမှုကို ယှဉ်တွဲခံစားစေနိုင်တဲ့ Bowling ကစားနည်း
- အကယ်ဒမီမေသန်းနုကိုယ်တိုင်ကြော်တဲ့မြိတ်ကတ်ကြေးကိုက်
- အမေရိကန်ဘာတ်စကက်ဘောကစားသမား "မိုက်ကယ်ဂျော်ဒန်" ရဲ့ခန်းနားလှပတဲ့ စံအိမ်
- ချစ်ခြင်းမေတ္တာ တိုးပွားရယူလိုသူတွေအတွက် အဆောင်ကောင်း
- မိုင်များစွာဝေးကွာနေတဲ့ချစ်သူတွေအတွက် မရှိမဖြစ် Handset
- ခံ့ညားထည်ဝါမှုအရှိဆုံး၊သမိုင်းကြောင်းအထင်ရှားဆုံးနဲ့ ပဒ္ဒလက်ဆန်တဲ့အေသင်မြို့တော်

Living Fashion Magazine အား လစဉ်ပုံမှန်ဝယ်ယူဖတ်ရှုလိုသော ပရိသတ်များအတွက် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

ဆက်သွယ်ရန် - Living Fashion Magazine အမှတ်(၁၅၀၊၁၆၀)၊(၃၅)လမ်း(အလယ်)၊ကျောက်တံတား၊ရန်ကုန်။ ဖုန်း - ၀၁ - ၃၇၃၉၃၁၊၂၄၉၁၆၅ ။



Asian Fame Media Group



— ဝတ္ထုတိုရသ —

"ယောဂီတွေ မနက်စာသုံးဆောင်လို့ ရပါပြီ"

မုံလယ်ဓမ္မရိပ်သာရဲ့ ဆရာလေး ဒေါ်ဉာဏစာရီက အသံပြုလိုက်မှ ကျွန်မလည်း တရားမှတ်နေရာက ထလိုက်ပါတယ်။ ပုံမှန်တရားစခန်းဝင်တဲ့ ကျွန်မအဖို့တော့ ဒီတရားစခန်းနဲ့ ရင်းနှီးပြီးသားလေ။ ကျွန်မဆိုတာက ခင်သူဇာဆိုတဲ့ အသက် ၃၀ အရွယ် ယောဂီမလေးပါ။ ဒီတရားစခန်းမှာ ကျွန်မထက် အသက်ကြီးသူတွေများပါတယ်။ စွဲစွဲမြဲမြဲ တရားစခန်းဝင်လာတာ ၃ နှစ်ကျော်လာပါပြီ။ တစ်သက်လုံး တရားဓမ္မနဲ့ မွေ့လျော်တော့မယ်လို့ ကျွန်မ ဆုံးဖြတ်ထားပြီးပါပြီ။ ဒီစခန်းမှာ ယောဂီဆောင်တို့ ကုဋီတို့ ရေသန့်စက်တို့ကိုလည်း ကျွန်မ လှူဒါန်းထားပါတယ်။ လှူဒါန်းနိုင်တဲ့ ဓနအင်အားလည်း ကျွန်မမှာ ရှိတာယ်လေ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ချမ်းသာတဲ့ ယောဂီမလေးတစ်ယောက်ပေါ့။ ဒီလို လှူနိုင်တန်းနိုင်အောင် ကျွန်မခင်ပွန်းက အမွေတွေ တစ်ပုံတစ်ပင်ပေးခဲ့တာပါ။ ကျွန်မဘဝမှာ စည်းစိမ်ဥစ္စာတွေ လိုလေသေးမရှိ သူထားရစ်ခဲ့ပါတယ်။ သူဆိုတဲ့ ကျွန်မ ခင်ပွန်း ဦးနေစိုးကတော့ ဘယ်ဆီကိုရောက်နေမှန်း မသိတော့ပါဘူး။ ကျွန်မဆီ တစ်နေ့ပြန်လာမလားဆိုတဲ့အတွေးကို မေ့ဖျောက်ပစ်ဖို့ ဆုံးဖြတ်ထားလိုက်ပါပြီ။ ဟုတ်ပါတယ်။ ဦးနေစိုးတဲ့။ ကျွန်မ ခင်ပွန်းဟာ ကျွန်မဆီ ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်တော့ပါဘူးရှင်။ သူ ကျွန်မကို သိပ်နာကြည်းသွားခဲ့ပြီလေ။ သူနာကြည်းသွားခဲ့တဲ့ အကြောင်း

Asian Fame Media Group

က ဒီလိုပါရှင်။

ကျွန်မတို့မြို့က ဂန့်ဂေါလို့ ခေါ်ပါတယ်။ ပုံတောင်ပုံညာတောင်တန်းကြီးတွေနဲ့ ချင်းတောင်တန်းကြီးကြားမှာ စီးဆင်းတဲ့ မြစ်သာမြစ်ကမ်းနံဘေးမှာ မေးတင်ထားတဲ့ မြို့လေးပါ။ ရာသီဥတုသာယာပြီး သိပ်လှတဲ့မြို့လေးပေါ့။ ဒေသခံ ယောသူယောသားတွေက ရိုးသားပြီး စိတ်ထားဖြူစင်ကြပါတယ်။ ဒီမှာမွေး ဒီမှာကြီးပေါ့။ ဒီမြို့မှာပဲ ကျွန်မဆယ်တန်းအောင်တာလေ။ ကျွန်မမှာ သူငယ်ချင်းနှစ်ယောက်ရှိတယ်။ သန်းဇော်နဲ့ စံပယ်အေးတဲ့။ သန်းဇော်ဆိုတဲ့ ကောင်လေးက ယောကျ်ားပီပီသသ ချောပါတယ်။ ကျွန်မနဲ့ စံပယ်အေးကတော့ ဒီမြို့မှာ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်ပါပဲ။ နာမည်ကြီး အချောအလှတွေပေါ့။ တက္ကသိုလ်ရောက်တော့ ကျောင်းက လုပ်တဲ့လှယဉ်ကျေးမယ် ပြိုင်ပွဲမှာ ကျွန်မက ပထမ၊ စံပယ်အေးက ဒုတိယရတယ်။ ကျွန်မက အနောက်တိုင်းဆန်ဆန်လှပြီး စံပယ်က မြန်မာဆန်ဆန် ချောတယ်။ ကျွန်မတို့နှစ်ယောက်က ညီအစ်မရင်းတွေလို ချစ်ကြတယ်လေ။ အတန်းထဲမှာ အမြဲပဲ တပူးတွဲတွဲနေတယ်။ သန်းဇော်ကတော့ ကျွန်မတို့ရဲ့ ခိုင်းဖတ်ပေါ့။ သူကလည်း ကျွန်မတို့ကို အနွံတာခံပြီး ပေါင်းတယ်။ ဘာလို့လဲဆိုတော့ သူက နှစ်ယောက်စလုံးကို ဘယ်သူ့ရရကြိုက်နေတာကိုး။ ကျွန်မကိုလည်း ချစ်တယ်ပြောတယ်။ စံပယ်ကိုလည်း ချစ်တယ်ပြောတယ်။

နောက်တစ်ခါ ထပ်ပြောရင် သူငယ်ချင်းအဖြစ်က အပြတ်ပဲလို့ ပြောလိုက်တော့ "ဟုတ်ပါပြီ မပြောတော့ပါဘူး" ဆိုပြီး သူငယ်ချင်းပေါင်းပဲ ပေါင်းတော့တယ်။ ဟုတ်တယ်လေ တက္ကသိုလ်ကျောင်းသူ ဆိုပေမယ့် ကျွန်မတို့က ဟိုဟိုဒီဒီစိတ်တွေ မရှိသေးဘူး။ ပျော်မယ်ပါးမယ်၊ လျှောက်လည်မယ်၊ မုန့်စားမယ်၊ စာကျက်မယ်၊ ဒါပဲပေါ့။ ရည်းစားသနာထားချင်တဲ့ စိတ် ဘယ်လိုမှ မဖြစ်သေးဘူး။ နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးတော့ ဂန့်ဂေါကို ပြန်လာကြတယ်။ စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားတာနဲ့ ကျွန်မတို့သူငယ်ချင်း ၃ ယောက် မြစ်သာမြစ်ကို ဖြတ်ကူးတဲ့ ကြိုးတံတားကြီးရဲ့ဘေးမှာ အကြော်သွားစားကြတယ်။ ကိုယ့်မြို့ကို ပြန်ရောက်တော့ ပျော်နေတာပေါ့။ အကြော်တွေ တစ်ပွဲပြီး တစ်ပွဲစားနေတုန်း စံပယ်ကတစ်ဖက်ကို လှမ်းကြည့်ပြီး

"ဟော့. . . မိသူ ဟိုဘက်ဘေးမှာ ထိုင် ပန်းချီဆွဲနေတဲ့လူကြီးက တို့ဘက်ကို လှည့်ကြည့်လှည့်ကြည့် လုပ်နေတာ ခဏခဏပဲ ဘာလဲမသိဘူး"

"ဘယ်မှာလဲ. . ဘယ်မှာလဲ. . သြော်. . ဟိုတစ်ယောက်လား"

ကျွန်မတို့နဲ့ ခပ်လှမ်းလှမ်းမှာ လင်းရိုဘာကားအနက်ကြီးတစ်စီးကို ဘေးမှာရပ်ပြီး ပန်းချီဆွဲနေတဲ့ လူကြီးတစ်ယောက်ကို စံပယ်ပြမှပဲ ကျွန်မ သတိထားမိတယ်။ သူက ပန်းချီဆွဲတဲ့ Stand ပေါ်က ပိတ်စကို ကျကျနန တင်ပြီး ဆွဲနေတာ တွေ့ရတယ်။ စံပယ်ပြောသလိုပဲ ကျွန်မတို့ဘက်ကိုပဲ ခဏခဏ လှည့်ကြည့်နေပါတယ်။ သန်းဇော်က

"ဟုတ်တယ်ဟ၊ တို့ပုံကိုများ ပန်းချီဆွဲနေတာလား၊ တို့နောက်က ကြိုးတံတားကြီးပုံကို ဆွဲနေတာလား မသိဘူး" ပန်းချီဆွဲနေတဲ့လူကြီးက တော်တော် သားသားနားနားပုံပါပဲ။ ကျွန်မက စားလက်စအကြော်ကို လက်စသတ်လိုက်ရင်း

"ဒို့ အဲဒီလူကြီးနားသွားပြီး စပ်စုရအောင်"

"ဟာ ဘာသွားလုပ်မှာလဲ" ဝေါက်လွတ်ရင် ဘယ်လိုလုပ်မလဲ"

"သူ ဘာပုံဆွဲနေလဲ ဘာညာပေါ့ဟာ၊ ဝင်ရောမှာပေါ့၊ လူကြီးကြည့်ရတာ သဘောကောင်းမယ့်ပုံပါ၊ တို့မြို့ကလည်း ဟုတ်ဟန်မတူဘူးဟဲ့"

ပြောပြောဆိုဆို ကျွန်မက ရဲရဲတင်းတင်းပဲ အဲဒီပန်းချီဆရာကြီးနား ကပ်သွားလိုက်တယ်။ သန်းဇော်နဲ့ စံပယ်လည်း ကျွန်မနောက်က ပါလာကြတယ်။ ပန်းချီဆရာကြီးကတော့ ရှေ့မှာ ပန်းချီဆွဲနေတော့ ရုတ်တရက် ကျွန်မတို့ရောက်နေတာ သတိထားမိဟန် မတူဘူး။ သူ ဆွဲနေတဲ့ပုံကို ကျွန်မနောက်ကနေ ကြည့်လိုက်တော့ အရမ်း အံ့သြသွားတယ်။

"ဘုရားရေ ငါ့ပုံ ငါ့ပုံလေးဟဲ့"

ကျွန်မအော်လိုက်မိတယ်။ ဟုတ်ပါတယ်၊ ပန်းချီထဲမှာ မြစ်သာမြစ်ကူးကြိုးတံတားကို နောက်ခံထားပြီး

**<u>ဒီလိုနဲ့ ဒီမြို့မှာ နာမည်ကြီးတဲ့</u>**
**<u>ရှာစားကြီးစိန်တင်သောင်းရဲ့</u>**
**<u>မင်္ဂလာဆိုင်းဝိုင်းကြီးရော</u>**
**<u>ပရီးမီးယားခေတ်ပေါ်</u>**
**<u>တီးဝိုင်းရောထည့်ပြီး</u>**
**<u>မြို့ရဲ့အထင်ကရ</u>**
**<u>သာသနာ့ဗိမာန်ကြီးမှာ</u>**
**<u>ခမ်းနားကြီးကျယ်စွာ</u>**
**<u>မင်္ဂလာဆောင်ဖြစ်</u>**
**<u>တော့တာပေါ့...</u>**

ကျွန်မထိုင်နေတဲ့ပုံ ဖြစ်နေပါတယ်။ ပန်းချီကားထဲက ကျွန်မဟာ အပြင်ကထက် အဆမတန် ချောမောလှပလို့ နေပါတယ်။

"သြော်. . . ကလေးတို့ ရောက်လာတာလား၊ ကလေးပုံကို ခွင့်မတောင်းဘဲ ဆွဲမိလို့ ဦးကိုခွင့်လွှတ်ပါ၊ ကဲ ကဲ ဒီပုံ သမီးကိုလက်ဆောင်ပေးပါတယ်"

ကျွန်မ အရမ်းအံ့သြဝမ်းသာသွားတယ်။ ပန်းချီကားထဲက ကျွန်မပုံကို ကြည့်ပြီး ဖော်မပြလောက်အောင် ကျေနပ်နေမိတယ်။ အဲဒီဦးလေးကြီးကိုလည်း ကျေးဇူးလည်းတင် ချီးလည်းချီးကျူးမိပါတယ်။ အဲဒါဟာ ကျွန်မဘဝရဲ့ အလှည့်အပြောင်းတစ်ခု ဖြစ်လာလိမ့်မယ်လို့ ကျွန်မ ဘယ်ကြိုသိပါ့မလဲ။ ပန်းချီဆရာဦးလေးကြီးက သူ့နာမည် ဦးနေစိုးဖြစ်ကြောင်းနဲ့ မြို့ထိပ်ကအိမ်ကြီးမှာ နေကြောင်း အလည် လာနိုင်ပါကြောင်းပြောပြီး ပန်းချီကားကို ပေးလို့ ကားမောင်းထွက်သွားပါတယ်။

"နင်တော့ ထီပေါက်တာပဲ၊ ဒီပန်းချီကားကို နင်တို့အိမ်ဧည့်ခန်းမှာ သားသားနားနား ချိတ်ပေါ့" လို့ စံပယ်ကပြောပါတယ်။ သန်းဇော်ကတော့ တစ်ခါမှ မသိတဲ့ လူကြီးပေးတာကို ယူလို့ဆိုပြီး ဗျစ်တောက်ဗျစ်တောက်နဲ့ မနာလို တိုရှည်ပြောနေလေရဲ့။ ကျွန်မက

"ဟဲ့ သန်းဇော် နင်က သူ့လိုအဖြစ်ရှိလို့လား၊ ဘိုင်အိုထဲက အကောင်ပုံတွေတောင် ငါတို့လောက်လှအောင်ဆွဲတတ်တာ မဟုတ်ဘဲနဲ့" လို့ ရှေ့နေလိုက်ပေးမိနေပါတယ်။ အဲဒီနေ့ သူငယ်ချင်းတွေနဲ့ လမ်းခွဲပြီး အိမ်ပြန်ရောက်တော့ အမေ့ကို အဲဒီ ပန်းချီပြလိုက်တယ်။ အမေက

"ဟယ် လှလိုက်တာ၊ ငါ့သမီးပုံ ဘယ်သူဆွဲပေးလိုက်တာလဲ"

"ဦးနေစိုးတဲ့ အမေ၊ မြို့ထိပ်က နှစ်ထပ်အိမ်ကြီးကတဲ့"

"သြော် ဟုတ်လား၊ သူ့အိမ်ဘေးက ထွန်းခင်တို့ လင်မယားပြောတာတော့ ဒီလူကြီးက အငြိမ်းစားညွှန်ကြားရေးမှူးတဲ့၊ အရမ်းချမ်းသာတယ်တဲ့၊ ဦးသန်းထွန်းတို့ပွဲရုံမှာရော ခင်မောင်သိန်းတို့ ကားလုပ်ငန်းနဲ့ ဆီစက်ဆန်စက်လုပ်ငန်းတွေမှာရော ရှယ်ယာတွေ အများကြီးထည့်ထားတယ်တဲ့၊ ပန်းချီဆွဲချင်လို့ အလုပ်ကနေ ငယ်ငယ်ရွယ်ရွယ်နဲ့ ထွက်လာခဲ့တာတဲ့၊ လူပျိုကြီးဆိုလားပဲ၊ အဲဒီမြို့ထိပ်က အိမ်ကြီးကို ဝယ်လိုက်တာ မကြာသေးဘူး"

"အမေက တော်တော်သိနေပါလား"

"အေးလေ ထွန်းခင်တို့အိမ်က သူ့ဆီကို ထမင်းချိုင့်အမြဲပို့ရတော့ သိနေမှာပေါ့"

အဲဒီဦးထွန်းခင်ဆိုတာက ကျွန်မအမေရဲ့ မောင်ဝမ်းကွဲတော်ပါတယ်။ စားသောက်ဆိုင် ဖွင့်ထားတာပါ။ ဒီမြို့က သေးသေးလေးဆိုတော့ သတင်း တစ်ခုဆိုရင် အကုန်သိလွယ်ကြတယ်။ ပန်းချီကားကို အိမ်ရှေ့ဧည့်ခန်းမှာချိတ်ပြီး သေသေချာချာ ကြည့်လိုက်တော့ တစ်ခုခုလိုနေသလိုပဲလို့ တွေးမိတယ်။

"ဟုတ်တာပဲ ပန်းချီဆရာရဲ့ လက်မှတ်လည်း မပါဘူး"

ဒီလိုနဲ့ နောက်၃ ရက်လောက်ကြာတော့ ကျွန်မတို့အိမ်ရှေ့ကို လင်းရိုဘာကား အနက်ရောင်ကြီး ဆိုက်လာတယ်။ ကားပေါ်က ဆင်းလာတဲ့ ဦးနေစိုးက ဆွယ်တာအဖြူလက်ရှည်နဲ့ ဘောင်းဘီ အညိုဖျော့နဲ့ အောစတားရှုးနဲ့ တော်တော်လေး ကြည့်ကောင်းပါတယ်။ အိမ်ပေါက်ဝမှာပဲ ကျွန်မနဲ့ တန်းတွေ့တယ်။ သူက

"သြော် သမီးနဲ့တန်းတွေ့ရတော့ တာကိုး၊ ကိုထွန်းခင်တို့ပြောလို့ သမီးတို့အိမ် ကို သိရတာ၊ ဟိုလေ ပန်းချီကားမှာ ဦးရဲ့လက်မှတ်ထိုးဖို့ မေ့သွားလို့ပါ"



Asian Fame Media Group

သူက ဆော့ပင်အပြာရောင်လေးကိုင်ပြီး ပြောနေတာဟာ ကျွန်မစိတ်ထဲမှာ ရုပ်ရှင်မင်းသားတစ်ယောက်ကို တွေ့နေရသလိုပါပဲ။

"ဘယ်သူလဲ သမီးရေ၊ အိမ်ထဲကို ခေါ်လိုက်လေ"

"ဩော် ဟုတ်ကဲ့မေမေ ဩော် ဦး အိမ်ထဲကို ကြွပါနော်"

နောက် ဧည့်ခန်းမှာချိတ်ထားတဲ့ ကျွန်မရဲ့ပုံကို သူက (နေစိုး) ဆိုပြီး လှလှပပလေး လက်မှတ်ထိုးပါတယ်။

"ကဲ မောင်နေစိုးရေ သမီးကတော့ မင်းဆွဲတဲ့ပုံကို ကြည့်မဝရှုမဝ ဖြစ်နေတော့တာလေ ပန်းချီထဲကပုံက အပြင်က သူ့ရုပ်ထက် ပိုလှနေတယ် ဆိုပြီးတော့ပေါ့၊ ရော့ရော့ ကော်ဖီ သောက်လိုက်ဦး"

"ဟုတ်ကဲ့ပါ ဒေါ်လေး ဟိုအမှန်ကတော့ ကျွန်တော့်ပန်းချီပညာ က ဒီထက်လှအောင် မဆွဲတတ်လို့ပါ။ သမီးက ကျွန်တော်ဆွဲနိုင်တဲ့ အတိုင်းအတာထက် ပိုလှပါတယ်"

ကျွန်မကို ရှေ့မှာထားပြီး ကျွန်မချောကြောင်းပြောနေတဲ့ ဒီဦးလေးကြီးရှေ့မှာ ကျွန်မ မနေတတ်တော့သလို ဖြစ်လာတာနဲ့ အိမ်နောက်ထဲ ပြေးဝင်သွားမိပါတယ်။

"ဟဲ့ ဟဲ့ မိသူ၊ ဒါဘယ်လဲ၊ ကဲ အဲဒါသာ ကြည့်ပေတော့ မောင်နေစိုးရေ သမီးက သိပ်ရှက်တတ်တာ"

အဲဒီနောက်ပိုင်း ကျွန်မတို့အိမ်ကို ဦးနေစိုးက အဝင်အထွက်ရှိလာပါတော့တယ်။ သူ့အသက်က ၄၂ နှစ်၊ တစ်ဦးတည်းသော သား၊ မိဘအမွေအနှစ်များစွာကို ရထားသူ၊ ပန်းချီဆွဲရမှာကို အလွန်ရူးသွပ်သူ၊ အစိုးရအလုပ်မှ ရှေ့တက်လမ်း အများကြီး ရှိသော်လည်း ပန်းချီကိုသာ စိုက်လိုက်မတ်တတ် ဆွဲတော့မယ်လို့ ဆုံးဖြတ်ပြီး အလုပ်ထွက်ခဲ့သူ၊ ရာသီဥတုသာယာပြီး တောတောင်ရေမြေ သဘာဝအလှတရားတွေနဲ့ ပြည့်စုံတဲ့ဂန့်ဂေါမြို့ကို ရွေးချယ်အခြေချခဲ့သူ၊ လူဦးရေကျဲပါးပြီး ရိုးသားသူတွေပေါတဲ့ ဒီဒေသမှာ ရာသက်ပန်နေဖို့ စိတ်ကူးတဲ့သူ စတဲ့ အချက်အလက်တွေ သိလာရပါတယ်။ နောက်ဆုံးနှစ် စာမေးပွဲအောင်စာရင်းထွက်တော့ ကျွန်မတို့ သူငယ်ချင်း သုံးယောက်လုံး အောင်ကြပါတယ်။ စံပယ်က ဆရာမ လုပ်မယ်တဲ့။ သန်းဇော်ကတော့ ဒုရဲအုပ် စာမေးပွဲသွားဖြေတယ်။ မဖြေခင် သူက

"နင်တို့အိမ်ကို ဟိုပန်းချီဆရာ အဝင်အထွက် စိပ်နေတယ်ဆို"

"အဲဒါ နင်နဲ့ဘာဆိုင်လဲ"

"အသက်က ၂ ဆလောက် ကွာတယ်နော် မိသူ၊ ငါတော့ ဒီလူကြီး မရိုးသားဘူးလို့ထင်တယ်"

"အမယ်လေး သန်းဇော်ရယ်၊ ဒုရဲအုပ်စာမေးပွဲက မဖြေရသေးဘူး၊ နင်က တရားခံစစ် စစ်ချင်နေပြီ၊ ဦးက ရိုးရိုးခင်တာပါဟဲ့"



"ဩော် ဩော် ဦးတွေ ဘာတွေ ဖြစ်နေပြီပေါ့လေ"

ခိုးရာလူမိသလို ဖြစ်သွားတဲ့ ကျွန်မဟာ သန်းဇော်ကို အော်ငေါက်ပြီး မောင်းထုတ်မိပါတယ်။ ကျွန်မ ဦးနေစိုးကို စိတ်ဝင်စားနေပြီလားလို့လည်း ကိုယ့်ကိုယ်ကိုယ် မေးမိတယ်။ မကြာပါဘူး၊ ကျွန်မတို့ရပ်ကွက်က မိုးကောင်းဘုရားပွဲနေ့ကိုရောက်တော့ ကျွန်မတို့အိမ်မှာ ဘုရားပွဲလာသူတွေကို ကျွေးမွေးဧည့်ခံရပါတယ်။ ဒီရပ်ကွက်ကဘုရားပွဲဆို ဒီရပ်ကွက်က ဘယ်ဧည့်သည်မဆို ရိုးရာမုန့်မျိုးစုံလုပ်ပြီး ကျွေးရတာလေ။ ယောခလေ့ပေါ့။ အဲဒီနေ့က ဦးနေစိုးလည်း လာစားတယ်။ ညဥ့်နက်ပိုင်းရောက်တော့ သူများတွေက ပွဲသွားပေမယ့် ကျွန်မက ဘုရားရင်ပြင်တော်ပေါ် တက်ပြီး ဘုရားကန်တော့နေတုန်း ဦးနေစိုး ရောက်လာတယ်။ သူက ကျွန်မကို အမေတို့ခေါ်သလိုပဲ 'မိသူ' လို့ ခေါ်ပါတယ်။ သူက ချစ်နေတဲ့အကြောင်း လူကြီးစုံရာနဲ့ စေ့စပ်ကြောင်းလမ်း လက်ထပ်လို့ရပေမယ့် မိသူဆန္ဒကို သိလိုတဲ့အတွက် ကြိုတင်မေးရတဲ့ အကြောင်း၊ ဒီအသက်အရွယ်ရှိလာပေမယ့် ချစ်ရတဲ့သူ မရှိခဲ့ဖူးကြောင်း၊ မိသူကသာ ကြည်ဖြူမယ်ဆိုရင် လက်ထပ်လိုကြောင်း ဖြည်းဖြည်းချင်းပြောပါတယ်။ ကျွန်မ ခေါင်းပဲ တွင်တွင်ငုံ့ထားမိပါတယ်။ သူ့ဆီက အသံတိတ်သွားတော့မှ

"အမေ့ကို ပြောလေ"

လို့ပြောပြီး ကျွန်မ ဘုရားပေါ်က ခပ်သုတ်သုတ် ဆင်းလာခဲ့မိတယ်။ သူဝမ်းသာပြီး ကျန်ခဲ့မယ်ဆိုတာ ကျွန်မ လှည့်မကြည့်ဘဲ သိပါတယ်။ အမေ့ကို သူက အပိုင်ပေါင်းပြီးသားလေ။ အမေကလည်း အားတိုင်း ကျွန်မကို လှော်နေတာ အသိသာကြီး။ မောင်နေစိုးလေး သဘောကောင်းကြောင်း၊ ချမ်းသာကြောင်း၊ အသက်သာ ၄၀ ကျော်တယ်၊ အလွန်နုပျိုကြောင်းတွေပေါ့။

ဒီလိုနဲ့ ဒီမြို့မှာ နာမည်ကြီးတဲ့ ရွာစားကြီးစိန်တင်သောင်းရဲ့ မင်္ဂလာဆိုင်းဝိုင်းကြီးရော ပရီးမီးယားခေတ်ပေါ် တီးဝိုင်းရောထည့်ပြီး မြို့ရဲ့အထင်ကရ သာသနာ့ဗိမာန်ကြီးမှာ ခမ်းနားကြီးကျယ်စွာ မင်္ဂလာဆောင်ဖြစ်တော့တာပေါ့။ ကျွန်မရဲ့မင်္ဂလာပွဲကို ဒုရဲအုပ် သင်တန်းသွားတက်တဲ့ သန်းဇော်ရော၊ T.T.C တက်နေတဲ့ သူငယ်ချင်း စံပယ်ရော မလာနိုင်ကြဘူး။ လက်ထပ်ပြီးတော့ ကျွန်မတို့ ဦးရဲ့ကားနဲ့ မြန်မာပြည်အနှံ့ လျှောက်လည်ကြပါတယ်။ ရောက်တဲ့နေရာမှာ ဦးဟာ ရှုခင်းလှလှ တွေတွေ့ရင် ကားရပ်ပြီး ပန်းချီဆွဲတာ ကလွဲလို့ ကျန်တာ အလွန်ပျော်စရာ ကောင်းပါတယ်။ ကျွန်မတို့ အိမ်ထောင်သက် ၁ နှစ်ရှိတဲ့အခါမှာ စံပယ်ကလည်း ဂန့်ဂေါနားက ပြည့်ဝဆိုတဲ့ရွာမှာ ကျောင်းဆရာမအလုပ်ရပြီး သန်းဇော်ကလည်း ဒုရဲအုပ်ရာထူးနဲ့ ဂန့်ဂေါမြို့မ ရဲစခန်းမှာ တာဝန်ကျတယ်။ စံပယ်ဟာ နေ့စဉ် ဂန့်ဂေါကနေ ပြည့်ဝကို ဆိုင် ကယ်နဲ့ ကျောင်းတက်ပါတယ်။ နာရီဝက်ခရီးပဲလေ။ သူတို့ကလည်း သူတို့ အလုပ်နဲ့ သူတို့၊ ကျွန်မကလည်း ကိုယ့်အိမ်ထောင်နဲ့ကိုယ်ဆိုတော့ ခါတိုင်းလိုတော့ သိပ်မတွဲဖြစ် တော့ပေမယ့် စံပယ်အေးကတော့ ခဏခဏ လာပါတယ်။ တစ်ခါတလေ သူလာရင် ကျွန်မခင်ပွန်းဦးနေစိုးက ဧည့်ခံစကားပြောတတ်ပါတယ်။ စံပယ်အေးသောက်ဖို့ ကော်ဖီသွားဖျော် နေတုန်း ဦးနေစိုးနဲ့စံပယ်အေးတို့ ဧည့်ခန်းထဲမှာ ရယ်လားမောလား စကားပြောနေကြရင် ကျွန်မ သဝန်တို တတ်မိပါတယ်။ ဟုတ်တယ်လေ၊ စံပယ်ကလည်း သိပ်ချောတဲ့ မိန်းမတစ်ယောက်လေ။ ကျွန်မအိမ်ထောင် ကျသွားတော့ စံပယ်နဲ့သန်းဇော်ကို ပိုပြီး နီးစပ်သွားစေချင်နေမိပါတယ်။ ကျွန်မ စံပယ်ကိုမေးကြည့်တော့

"သူက ငါ့ကို ကြိုက်နေတာ သိပါတယ်၊ ဒါပေမဲ့ ငါက မိဘတွေကို တစ်နှစ်၊ နှစ်နှစ်လုပ်ကျွေးဦးမယ်လို့ ပြောထားလို့ အဲဒီကောင် ရှေ့မတိုးရဲဘူး" လို့ ပြောပါတယ်။

အိမ်ထောင်ကျလို့ တစ်နှစ်သာ ကျော်လာတယ်။ ဦးဟာ ပန်းချီဆွဲမပျက်ဘူး။ သူဆွဲတဲ့ ပန်းချီတွေက အောက်ဒိုးတွေများပြီး ရှုမျှော်ခင်းနောက်ခံမှာ လှပတဲ့မိန်းကလေး တစ်ယောက်ပုံ ပါတတ်လေ့ရှိတာ ကျွန်မ သတိထားမိတယ်။ ထူးခြားတာ တစ်ခုကတော့ ကျွန်မနဲ့တွေ့တုန်းက စဆွဲပေးထားတဲ့ ကျွန်မရဲ့ပုံကို စိတ်ကူးနဲ့မှန်းပြီး ဝတ်လစ်စလစ်ပုံဖြစ်သွားအောင် တစ်ပုံထပ်ဆွဲထားတာပါပဲ။ ဒါ့အပြင် တခြားမပေါ်တပေါ်ပုံတွေကိုလည်း သူရေးဆွဲတတ်ပါတယ်။ အဲဒီပုံတွေကို ဘယ်သူ့မှမပြဘဲ သိမ်းထားတတ်ပါတယ်။ ဆွဲပြီးတဲ့ပုံတွေကို မန္တလေးမှာရှိတဲ့ သူ့သူငယ်ချင်းရဲ့ ပန်းချီပြခန်းမှာ တင်တတ်သလို၊ သူ သိပ်ကြိုက်တဲ့ပုံဆိုရင်တော့ အိမ်ရဲ့ သက်သက်ထားတဲ့ စတိုခန်းထဲမှာ သိမ်းထားပါတယ်။ အိမ်ထောင်ကျပြီး မကြာခင်ပဲ ဦးက ကျွန်မကို ဈေးလေး ဘာလေးသွားဖို့ ဆလွန်းကားငယ် တစ်စီးဝယ်ပြီး ကားမောင်းလည်း သူကိုယ်တိုင် သင်ပေးပါတယ်။ အော်တိုဂီယာနဲ့ဆိုတော့ လေယာဉ်ကွင်းအဟောင်းမှာ သင်လိုက်တာ သုံးလေးရက်နဲ့ မောင်းတတ်သွားပါတယ်။ သူ့



Asian Female Media Group

ရဲ့ လင်းရိုဘာ ကားကြီးကတော့ သူ့အောက်ဒိုးထွက် ပန်းချီဆွဲရင် ယူယူသွားပါတယ်။ ညအိပ်ညနေတော့ မသွားပါဘူး။ နေ့ချင်းပြန်တွေပဲ သွားတာပါ။ တစ်ခါတလေ ကျွန်မ လိုက်တတ်ပြီး အမြဲတမ်းတော့ မလိုက်ဖြစ်ပါဘူး။ သူနဲ့ အနေကြာလာတာနဲ့အမျှ သူဟာ အလှအပကြိုက်တတ်တယ်၊ အလှအပကို ခံစားတတ်လွယ်သူ ဖြစ်တယ်ဆိုတာ သိလာရပါတယ်။ ထမင်းပွဲ ဟင်းပွဲပြင်တာကအစ သူက

"ထမင်းစားတယ်ဆိုတာ ပါးစပ်ကပဲ စားတာမဟုတ်ဘူး၊ မျက်စိကလည်း စားတယ်၊ ဒီငရုတ်သီးတောင့်လေး တွေကို ဒီလိုတန်းစီ၊ သခွားသီးကို ဒီလိုလှီး" ဆိုပြီး ဆရာလုပ်တတ်ပါတယ်။ ကျွန်မကလည်း မယားဝတ္တရားဆိုတာ ဒါပဲလေဆိုပြီး အစကတော့ ကျေကျေနပ်နပ်လုပ်ပေးပါတယ်။ ကြာတော့လည်း ဒီလူကြီး ဒီလိုဇီဇာကြောင်လို့ မိန်းမစောစောမရတာလို့ တွေးမိလာပါတယ်။ အထူးသဖြင့် အလှအပကြိုက်လွန်းပြီး ပန်းချီကို ရူးသွပ်မှုက အံ့ဖွယ် တစ်ပါးပါပဲရှင်။ တစ်နေ့ နယ်မှာနေတဲ့ ကျွန်မတူမ ဝမ်းကွဲလေးတစ်ယောက် လာတယ်။ သူ့နာမည်က မိစန်းတဲ့။ မိစန်းက အသက် ၁၃ နှစ်ပဲရှိသေးပေ မယ့် အပျိုကြီးတစ်ယောက်လို ဖွံ့ထွားပါတယ်။ ချောလည်း အရမ်းချောတယ်။ သူက ရွာကပါလာတဲ့ ဘူးသီး ခရမ်းသီးတွေ ချနေတုန်း အပြင်က ပြန်လာတဲ့ ကျွန်မခင်ပွန်းက

"ဟင် ဒီကလေးက ဘယ်သူလေးလဲ"

"သြော် ဒါ ကျွန်မတူမ မိစန်းတဲ့ ဇဟောဆိုတဲ့ ရွာမှာနေတာလေ၊ မြစ်သာမြစ်အနောက်ဘက်ကလေ"

"ဟယ် လှလိုက်တာ ကြည့်စမ်း၊ ကဲ ကဲ ကုလားထိုင်ပေါ်မှာ ထိုင်စမ်းပါဦး၊ ဦး ပုံတစ်ပုံဆွဲပေးမယ်၊ ကြည့်စမ်းပါဦး၊ ပါးလေးတွေကို ရဲနေတာပဲ"

ပြောပြောဆိုဆို မိစန်းပါးကို ခြေသွက်လက်သွက်နဲ့ သွားညှစ်နေပါတယ်။ ဟိုကောင်မလေးကလည်း အလိုက်ကမ်းဆိုး မသိဘူး။ ဆပ်စလူးကို စိန်နေပါတယ်။

"ဟေး တို့ကို ဦးလေးကြီးက ပန်းချီတစ်ပုံ ဆွဲပေးမယ်တဲ့ ပျော်လိုက်တာ"

လို့ဆိုပြီး ကုလားထိုင်ပေါ်မှာ ဒီလိုလား ဒီလိုလားဆိုပြီး post အမျိုးမျိုး ပေးနေပါတော့တယ်။ ကျွန်မကတော့ မြင်ပြင်းကတ်တာနဲ့ အိမ်နောက်ထဲဝင်ပြီး ချက်ပြုတ်ရေးတွေ လုပ်နေလိုက်တယ်။ အိမ်ရှေ့မှာတော့ နှစ်ယောက်သား တဟီးဟီးတဟားဟားနဲ့ ပျော်ရွှင်စွာ ပန်းချီဆွဲနေကြလေသတည်းပေ့ါ။ မိစန်းက ၁၃ နှစ်လို့သာ ပြောတယ်။ တကယ့် အပျိုကြီးဖားဖားဖြစ်နေပြီ။ ဘယ်က ကလေးရမှာလဲ။ ကျွန်မတုန်းကလည်း ကလေးကလေးဆိုပြီး သူပဲ ပန်းချီခိုးဆွဲလို့ နောက်ဆုံး ယူတဲ့အထိ ဖြစ်တာမို့လား။ ကျွန်မကဖြင့် ကျွန်မယောကျ်ားကို မနာလိုအူတိုဖြစ်ပြီး စိတ်ဆင်းရဲနေမိပါတယ်။ အဲဒီနေ့က မိစန်းပြန်သွားတဲ့အထိ သူ့မှာ ပန်းချီကားကို အချောသတ်လို့ မပြီးနိုင်ပါဘူး။ ဘယ်အချိန် ထမင်းစားမလဲ မသိဘူး။ ကျွန်မလည်း သူ့ကို မစောင့်ဘဲ အိပ်ပျော်သွားပါတယ်။ မနက် အိပ်ရာကနိုးတော့ ကျွန်မဘေးမှာ အိပ်မောကျနေတဲ့ သူ့ကိုတွေ့ရတယ်။ အိမ်ရှေ့မှာတော့ မိစန်းရဲ့ ပန်းချီကားက stand ပေါ်မှာ အခန့်သားပေ့ါ။ မိစန်းကလည်း ချောတာမှ ရက်ရက်စက်စက်ကို ချောတာ။ သူ့ရဲ့ ပန်းချီပညာနဲ့ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်ကို ကွက်ကွက်ကွင်းကွင်း ရေးဆွဲထားတာ မနာလိုစရာကြီးပါ။ ပန်းချီကို စိုက်ကြည့်နေမိတဲ့ ကျွန်မနောက်ကို သူရောက်လာပြီး

"ဘယ်လိုလဲ လှတယ်မို့လား၊ ကဲ အဲဒီပန်းချီမိစန်းကို လက်ဆောင်ပေးလိုက်တော့"

"ပေးလိုက်ပါမယ်၊ ပန်းချီဆရာရဲ့ လက်မှတ်လေး ထိုးလိုက်ပါဦး၊ တော်ကြာ လက်မှတ်ထိုးဖို့ မေ့သွားလို့ပါဆိုပြီး မိစန်းတို့အိမ်လိုက်သွားပြီး ဇာတ်လမ်းဖြစ်နေမှာစိုးလို့ နောက်ပြီး ရိုးရိုးပုံကနေ ဝတ်လစ်စားလစ်ဖြစ်သွားမှာစိုးလို့" ဆိုပြီး ကျွန်မက ခနဲ့လိုက်ပါတယ်။

"မိန်းမကလည်းကွာ ကလေးလေး ရှိသေးတာကို"

"သိသိနိုင်ဘူးလေ၊ ကလေးလေး ကလေးလေးနဲ့"

"တော်စမ်းပါကွာ"

အနာပေါ် တုတ်ကျသွားလို့ ထင်တယ်။ အဲဒီနေ့က သူအပြင်သွားပြီး မိုးချုပ်မှ ပြန်လာတယ်။ တစ်ပတ်လောက်နေတော့ ပုံမှန်တည့်တည့်ရှုရှု ပြန်ဖြစ်သွားပါတယ်။

မြို့လေးက
သေးသေးလေး။
ကျွန်မဘယ်လို
ခေါင်းဖော်ရပ့ါမလဲ။
စံပယ်အေးကိုသူ
ကျိတ်ကြိုက်နေတာ
ခုမှပေါ်တော့တယ်။
အလှအပကလည်း
ကြိုက်တတ်ရန်ကော။
ကျွန်မကိုလှတယ်ဆိုပြီး
ယူတာနှစ်ကြာတော့
အီသွားပြီပေ့ါ...

ဒီလိုနဲ့ တစ်နေ့ပြည်ဝရွာဘက်ကို ပန်းချီဆွဲဖို့ သွားဦးမယ်ဆိုပြီး နေ့တိုင်းသွားတာ ၃ ရက်လောက်ရှိပြီ။ မိုးချုပ်မှ ပြန်လာတယ်။ ပြည်ဝရွာဆိုတာက ကျွန်မသူငယ်ချင်း စံပယ် ကျောင်းဆရာမလုပ်တဲ့ရွာလေ။ စတုတ္ထမြောက်နေ့မှာတော့ မိုးချုပ်တဲ့အထိ သူပြန်မလာဘူး။ ကျွန်မ စိတ်ပူတာပေ့ါ။ တံခါးခေါက်လို့ ဖွင့်လိုက်တော့ ရဲယူနီဖောင်းနဲ့ သန်းဇော်ဖြစ်နေတယ်။

"ကဲ မိသူ စိတ်တော့မကောင်းဘူးဟာ၊ ငါတို့ ဦးနေစိုးကို ဖမ်းထားတယ်"

"ဘာ ငါ့ယောကျ်ားကို ဘာလို့ ဖမ်းတာလဲ"

"နင် စိတ်ခိုင်ခိုင်ထားနော်၊ စံပယ်အေး သေပြီ"

"ဘာ စံပယ်သေပြီ ဟုတ်လား၊ အဲဒါနဲ့ ငါ့ယောကျ်ားနဲ့က"

"ဟုတ်တယ် စံပယ်အေးက ပြည်ဝရွာကျောင်းကိုအသွား လမ်းကတောစပ်ထဲမှာ အဓမ္မအကျင့်ခံရပြီးမှ လည်ပင်းညှစ်သတ်ထားတာ။ နွားကျောင်းသားတွေက ဦးနေစိုးနဲ့တွေ့"

"တော်ပြီ သန်းဇော် ငါမကြားချင်တော့ဘူး"

တကယ်လည်း ကျွန်မ မကြားနိုင်တော့ပါဘူး။ အိမ်ပေါ် ပြေးတက်ပြီး ဘုရားစင်ရှေ့မှာ မှောက်ငိုနေမိပါတယ်။ သန်းဇော်လည်း ပြန်သွားပြီ။ ကျွန်မဘယ်လိုမှ မမျှော်လင့်သော အဖြစ်အပျက်ပါ။ ဒီလောက်ထိ ရက်စက်လိမ့်မယ်လို့ ကျွန်မမထင်ခဲ့ဘူး။ သန်းဇော်ထားသွားတဲ့ ဦးနေစိုးရဲ့ ပစ္စည်းတွေထဲမှာ ပြည်ဝရွာအနားက "မဲနတ်တောင်" နောက်ခံနှင့် စံပယ်အေးရဲ့ အလှပန်းချီကား၊ ပန်းချီက အပြည့်အဝအချော မသတ်ထားသေးဘူး။ ဒီလူကြီး စံပယ်အေးကို ပန်းချီခိုးဆွဲပြီး နောက်ဆုံး အဓမ္မကျင့်သတ်ပစ်ခဲ့တာပဲပေ့ါ။ မြို့မှာမျက်နှာဘယ်လိုပြရပ့ါ။ ဘီလူးခေါင်းဆောင်းထားတဲ့ မင်းသား၊ ကျွန်မတူမလေးကိုလည်း သူ ပရောပရည်လုပ်ခဲ့သေးတာ မကြာသေးဘူး။ ဒါပေမဲ့ ကျွန်မစိတ်တင်းလိုက်ပါတယ်။ အမှန်တရားအတိုင်း ကျွန်မ ဖြစ်စေချင်တယ်။ ကျွန်မယောကျ်ားဆိုပြီး လျော့လျော့ပေ့ါပေ့ါ ဖြစ်စေဖို့ စိတ်မကူးဘူး။ သေသူက ကျွန်မအချစ်ဆုံး သူငယ်ချင်း၊ ကျွန်မက အိမ်ထောင်ကျသွားတော့ ဒီမြို့မှာ သူအချောဆုံး ဖြစ်ကျန်ခဲ့သူ၊ ရက်စက်လိုက်ပါပေ့၊ အချောအလှကိုမှ ကြိုက်တတ်တဲ့ ကျွန်မ ယောကျ်ား၊ တစ်မြို့လုံး အုန်းအုန်း ကျွက်ကျွက်ဖြစ်ကုန်ကြပါတယ်။ သူ့ကို တရားရုံးထုတ်တဲ့နေ့က ကျွန်မခပ်တည်တည်နဲ့ သွားနားထောင်ပါတယ်။ သူ့ကို ကျွန်မ သွားမတွေ့ပါဘူး။ နာကြည်းစိတ်ကုန်လွန်းလို့ပါ။ စားစရာ သောက်စရာတွေကို အခြားသူတွေနဲ့ ပေးခိုင်းလိုက်ပါတယ်။ ကျွန်မနဲ့ တွေ့ ချင်တယ်၊ ရှင်းပြချင်တယ်တဲ့။ ကျွန်မ ကို ရှင်းပြလို့ အလကားပဲ။ တရားရုံးမှာသာ ရှင်းပေတော့လို့ ပြောမိပါတယ်။ သူနဲ့ မျက်နှာချင်းမဆိုင်ချင်ဘူး။ သိပ် ရှက်မိပါတယ်။ မြို့လေးက သေးသေးလေး။ ကျွန်မ ဘယ်လိုခေါင်းဖော်ရပ့ါမလဲ။ စံပယ်အေးကို သူကျိတ်ကြိုက်နေတာ ခုမှပေါ်တော့တယ်။ အလှအပကလည်း ကြိုက်တတ်ရန်ကော။ ကျွန်မကိုလှတယ်ဆိုပြီးယူတာ နှစ်ကြာတော့ အီသွားပြီပေ့ါ။ ဒါကြောင့် စံပယ်အေးဘက် လှည့်တာဖြစ်မှာပါ။ ဟိုကလက်မခံတော့ သတ်ပစ်လိုက်မှာပေ့ါ။ မျက်မြင်သက်သေရှိလို့ ဖမ်းမိတာ၊ သက်သေမရှိရင် ဘယ်သူတရားခံမှန်းသိမှာ မဟုတ်ဘူး။ ဒီလူယုတ်မာကြီးကို တရားခံမှန်းမသိဘဲ ကျွန်မက

Asian Fame Media Group

ဆက်ပေါင်းနေမိတော့မယ်။ ရုံးထုတ်တဲ့နေ့က တရားသူကြီးကမေးတော့ သူက

"ကျွန်တော် ဆရာမစံပယ်အေးပုံ ပန်းချီဆွဲနေတာ ၃ ရက်ရှိပါပြီ။ ဒီပုံဆွဲနေတာ သူမသိပါဘူး။ နောက်ခံက မဲနက်တောင်ကြီး ဘက်ဂရောင်းနဲ့ ဆွဲတာပါ။ သူလာမယ့် အချိန်စောင့်နေရင်း ဆိုင်ကယ်သံကြားသလိုလိုဖြစ်ပြီး တောစပ်မှာ ရပ်သွားသံကြားရပါတယ်။ ဒါပေမဲ့ သူပေါ်မလာပါဘူး။ ၁ နာရီလောက်ကြာတော့ ကျွန်တော်လည်း ပန်းချီဆွဲတာရပ်ပြီး ဆိုင်ကယ်သံ ရပ်သွားတဲ့ဘက်သွားကြည့်တော့ ဆိုင်ကယ်က လဲနေပါတယ်။ ဒါနဲ့ ချုံစပ်ကိုဝင်ကြည့်တော့ စံပယ်အေးလဲနေတာ တွေ့ရပါတယ်။ လုံချည်တွေလည်း ကျွတ်နေပါတယ်။ ကျွန်တော်လည်း လုံချည်တွေပြန်ဝတ်ပေးပြီး လည်ပင်းကို သွေးခုန်နှုန်းစမ်းကြည့်တော့ သေနေပါပြီ။ ရင်ဘတ်ကိုဖိပါးစပ်က လေမှုတ်လုပ်ပေမယ့် နှလုံးမခုန်ပါဘူး။ အဲဒီအချိန်မှာ နွားကျောင်းသားလေးတွေရောက်လာပြီး ပြေးသွားကြပါတယ်။ အဲဒီမှာ ကျွန်တော် အဖမ်းခံရတာပါပဲ"

သူပြောတာကတော့ သူဘာမှ မလုပ်ဘူးတဲ့။ နွားကျောင်းသားတွေကတော့ သူအဓမ္မကျင့်နေတာ တွေ့ရတာရယ်၊ လည်ပင်းညှစ်သတ်နေတာတွေကို တွေ့တယ်လို့ တိတိကျကျ ထွက်ဆိုပါတယ်။ သက်သေအနေနဲ့ကလည်း စံပယ်အေးပုံပန်းချီကားကြီးက ရှိနေတယ်လေ။ သူ စံပယ်အေးကို စောင့်နေတယ်ဆိုတာ ပေါ်လွင်တယ်။ ဆရာဝန်ရဲ့ စစ်ချက်အရ စံပယ်အေးဟာ အဓမ္မကျင့်ခံခဲ့ရပြီးမှ လည်ပင်းညှစ်သတ်ခံရတာ ဖြစ်တယ်တဲ့။ မျက်မြင်သက်သေ နွားကျောင်းသားတွေရဲ့ ထွက်ဆိုချက်က တော်တော်တိကျတယ်။ စံပယ်အေးရဲ့ အသုဘကို ကျွန်မလိုက်ပို့ပါတယ်။ သူ့မိဘတွေက ကျွန်မကို ဖက်ငိုကြတယ်။ သန်းဇော်ကဆိုရင် တောက်တခေါက်ခေါက်နဲ့ပေါ့။ ဒီလူကြီးကို ကြိုးစင်တင်မယ်လို့ ကြိမ်းဝါးနေပါတယ်။ ဖြစ်သင့်ပါတယ်။ ကျွန်မကိုယ်တိုင် သတ်ပစ်ချင်နေမိပါတယ်။ ဒီလောက် ယုတ်မာရက်စက်တဲ့ လူကိုမှ ယူမိတဲ့ ကျွန်မဘဝပါရှင်၊ ကျွန်မကို တရားရုံးက ထွက်ဆိုချက်ပေးဖို့ ဆင့်ခေါ်ပါတယ်။ ကျွန်မက ကျွန်မသိသလောက် သူ့အကြောင်းတွေ ပြောပြပါတယ်။ တရားသူကြီးက မေးပါတယ်။

"တရားခံဦးနေစိုးနဲ့ ပတ်သက်လို့ ထူးထူးခြားခြားသိတာ ရှိရင်ပြောပါ"

"ဦးနေစိုးဟာ ကျွန်မခင်ပွန်းပါ"

သူနဲ့လက်ထပ်တဲ့နေ့ အပါအဝင် သူဟာ အလှအပကြိုက်တတ်ကြောင်း အခင်းမဖြစ်မီ ၁၀ ရက်ခန့်က ကျွန်မတူမမိစန်းကို ထိပ်ပုတ်ခေါင်းပုတ်လုပ်ပြီး ပန်းချီဆွဲသေးကြောင်း ကျွန်မပုံကိုလည်း စိတ်ကူးနဲ့မှန်းပြီး ဝတ်လစ်စားလစ်ပုံ ရေးဆွဲထားကြောင်းကအစ မခြွင်းမချန် ပြောမိပါတယ်။ အဲဒီအချိန်မှာ ဦးနေစိုးဟာ ကျွန်မကို အံ့သြတဲ့အကြည့်နဲ့ ကြည့်နေပါတယ်။ တရားရုံးမှာ လာနားထောင်တဲ့ လူတွေက တစ်ယောက်တစ်ပေါက်နဲ့ ဒီလူယုတ်မာကြီးကို သေဒဏ် ပေးသင့်တယ်လို့ ဝိုင်းအော်နေကြပါတယ်။ ပြီးတော့ သူ ခေါင်းငိုက်စိုက်ချသွားပါတယ်။ ဒီလိုနဲ့ စီရင်ချက်ချမယ့်နေ့ကို နီးလာပါပြီ။ ဒါပေမဲ့ သူက ဝန်မခံသေးပါဘူး။ ငြင်းကွယ်ဆဲပါ။ ကျွန်မ အမေက ပြောပါတယ်။

"သမီးရယ် ကိုယ့်ယောကျ်ားပဲ၊ တစ်ခါလောက်တော့ ထောင်ဝင်စာ သွားတွေ့လိုက်ပါ၊ ပြစ်ဒဏ်မစီရင်ခင် သူမှာစရာရှိတာ မှာရအောင်လို့"

အမေတိုက်တွန်းလို့ ကျွန်မ အချုပ်ခန်းကို တစ်ကြိမ်သွားပါတယ်။ သူက

"မိသူ ဦး ဒီကိစ္စကို ကျူးလွန်တယ်လို့ သမီးထင်လား"

"........."

ကျွန်မ ဘာမှမဖြေပါဘူး။

"အင်းပါလေ သမီးစိတ်ချမ်းသာမယ်ဆိုရင် ဦးဝန်ခံလိုက်ပါတော့မယ်"

စီရင်ချက်ချမယ့်နေ့ကို ရောက်ပါပြီ။ ကျွန်မလည်း တရားရုံးဘက်ကို စိတ်တင်းတင်းထားပြီး လမ်းလျှောက်လာခဲ့လိုက်တယ်။ သူငယ်ချင်းအတွက် လက်စားချေရတော့မှာပါ။ တရားရုံးမရောက်ခင် ရဲစခန်းရှေ့ရောက်တော့ ဒုရဲအုပ်သန်းဇော်က အူယားဖားယား ပြေးလာပြီး

"မိသူ တို့မှားတော့မလို့ တရားခံအစစ်ကို ဖမ်းမိပြီ၊ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာတဲ့ ရာဇဝင်လူဆိုး ခင်မောင်တင်တဲ့၊ စံပယ်ရဲ့ဆွဲကြိုးကို ကလေးမြို့မှာ သွားရောင်းတော့ သူ့ပါးမှာ လက်သည်းကုတ်ရာတွေ တွေ့လို့ ရွှေဆိုင်က မသင်္ကာဖြစ်ပြီး ရဲကို အကြောင်းကြားပေးတဲ့အတွက် ဖမ်းမိတာ။ သူက စံပယ်ကို အဓမ္မကျင့်သတ်ခဲ့တာကိုလည်း ဝန်ခံသွားတယ်"

"ဟင် ဦး. . ဦးကို စီရင်ချက်ချတော့မယ်"

ကျွန်မလည်း တရားရုံးထဲကို အပြေးအလွှား လှမ်းဝင်လိုက်ပါတယ်။ တရားရုံးထဲမှာတော့ တရားသူကြီးက

"တရားခံဦးနေစိုး ဖြောင့်ချက်ပေးပါ"

"ဟုတ်ကဲ့ ကျွန်တော်ဦးနေစိုးဟာ အဲဒီနေ့က ဆရာမစံပယ်အေးကို သူလာတဲ့လမ်းက စောင့်နေပါတယ်။ အဓမ္မကျင့်ခဲ့ပါတယ်။ သူက ရုန်းကန်နေတဲ့အတွက် လည်ပင်းကို ဒီလက်နှစ်ဖက်နဲ့ ဟောဒီလို ဟောဒီလို ရက်ရက်စက်စက် ညှစ်သတ်ခဲ့ပါတယ်"

"မဟုတ်ဘူး. . . မဟုတ်ဘူး. . သူညာနေတာ သူမဟုတ်ဘူး"

ကျွန်မ တအားအော်လိုက်မိပါတယ်။ တရားရုံးကလူတွေအပါအဝင် ဦးနေစိုးဟာ ကျွန်မကို လှည့်ကြည့်နေပါတယ်။ အဲဒီအချိန်မှာပဲ ရဲအရာရှိ သန်းဇော်က တရားသူကြီးဆီကိုသွားပြီး တိုးတိုးလေး ကပ်ပြောလိုက်ပါတယ်။ တရားသူကြီးက စားပွဲခုံခေါက်တဲ့ တူလေးကို မြှောက်ပြီး

"တရားခံအစစ်အမှန်ကို ကလေးမြို့မှာ ဖမ်းမိပြီဖြစ်တဲ့အတွက် ဦးနေစိုးအား တရားသေလွှတ်လိုက်သည်"

"ဒုန်း"

တူ ထုလိုက်ပါတယ်။ ဦးနေစိုးရဲ့ လက်မှာခတ်ထားတဲ့ လက်ထိပ်ကို သန်းဇော်က ဖြုတ်ပေးပြီး အပြင်ထွက်သွားပါတယ်။ တရားသူကြီးအပါအဝင် လူတွေအားလုံးလည်း ပြန်ကုန်ကြပါပြီ။ ကျွန်မနဲ့ဦးနေစိုး နှစ်ယောက်တည်း ကျန်ပါတော့တယ်။ ကျွန်မ ဘာပြောရမှန်းမသိအောင် ဖြစ်နေမိပါတယ်။ အတော်ကြာ တိတ်ဆိတ်နေပြီးမှ ကျွန်မဟာ ဦးနေစိုးနားကပ်သွားလိုက်ပြီး

"ဦး. . . ကျွန်မတောင်းပန်"

"နေဦး ကလေး. . . ဘာမှ မပြောပါနဲ့၊ အိမ်အရင် ပြန်ကြရအောင်"

ပြောပြောဆိုဆို အိမ်ပြန်လာကြပါတယ်။ အိမ်ကို ရောက်တော့ ဘာမှ မပြောဘဲ ပန်းချီကားတွေသိမ်းထားတဲ့ စတိုခန်းကို တက်သွားပြီး သူစုဆောင်းထားတဲ့ ပန်းချီကားအချို့ကို လင့်ရိုဘာကားကြီးပေါ် တင်လိုက်ပါတယ်။ နောက် ပန်းချီဆွဲကိရိယာမျိုးစုံနဲ့ လက်ဆွဲအိတ်လည်း တင်ပြီးရော ကျွန်မကို စာရွက်တစ်ရွက်ပေးပါတယ်။ သူ လုပ်နေတာတွေကို နားမလည်သလို ရပ်ကြည့်နေမိတဲ့ ကျွန်မကို

"ကဲ. . မိသူ. . ကလေး. . ဒါ ကွာရှင်းစာချုပ်ပါ၊ ဒီအိမ်ကြီးအပါအဝင် ဦးပိုင်ဆိုင်သမျှ ရှယ်ယာတွေရော မီးခံသေတ္တာထဲက လက်ဝတ်လက်စားအားလုံး၊ ဘဏ်ကငွေအားလုံး သမီးစီးတဲ့ ဆလွန်းကားကအစ အားလုံးလွှဲပေးထားပါတယ်။ ဦးက ဒီလင့်ရိုဘာကားနဲ့ ပန်းချီကားအချို့၊ ငွေအချို့ပဲ ယူသွားမှာပါ။ သမီးနဲ့ဦးက ရေရှည် သံသယကြီးနဲ့သွားနေလို့ မဖြစ်ဘူး။ ဦးက အလှအပကို ခံစားတတ်တာဟာ ပန်းချီမျက်စိသက်သက်နဲ့ ကြည့်တာပဲဖြစ်တယ်။ တဏှာရာဂစိတ် ဦးမှာ မရှိဘူး။ ဒီတော့ သမီးနဲ့ဝေးရာ ဒီမြို့က ဦး ထွက်သွားပါတော့မယ်၊ သမီးကိုလည်း ခွင့်လွှတ်ပါတယ်။ ကဲ ကဲ ဦးကို သွားခွင့်ပြုပါဦး" သူက ရှည်လျားဆို့နစ်စွာ ရှင်းပြနေပါတယ်။ ကျွန်မဟာ သူ့ကို မျက်ရည်လည်ရွဲနဲ့ ခြေသလုံးဖက်ပြီး အကြိမ်ကြိမ်ရှိုးတောင်းပန်ပေမယ့် သူဟာ ကျွန်မကို နာကြည်းကျောခိုင်း သွားခဲ့ပါတော့တယ်။

"ယောဂီတွေ ညနေပိုင်း တရားမှတ်ချိန်ရောက်ပြီ"

မုံလည်တောရကျောင်းက ဆရာလေး ဒေါ်ဉာဏစာရီရဲ့ နှိုးဆော်တဲ့ အသံကြားရပါပြီ၊ ကျွန်မ တရားမှတ်လိုက်ပါဦးမယ်၊ ဒါမှလည်း ကျွန်မ ခင်ပွန်း သူတော်ကောင်းကြီးကို မေ့နိုင်မှာမို့လို့လေ၊ "သံသယဆိုတာ" ဘယ်တော့မှ ကောင်းတဲ့အရာ မဟုတ်ပါဘူး။ မှားမှန်းသိတဲ့အချိန်မှာ သိပ်နောက်ကျသွားခဲ့ပါပြီ။ ကမ္ဘာမြေရဲ့ တစ်နေရာမှာ ရောက်နေပြီး ရိုးသားစွာ ပန်းချီတွေဆွဲနေမယ့် ကျွန်မခင်ပွန်း ဦးနေစိုးကို မေ့ပျောက်နိုင်အောင် ကြိုးစားရင်းနဲ့ ......။

**ဆွေ-လေးဝတီ**

Asian Fame Media Group

# သံချိုနှောလို့ ပြောခဲ့ပါ

# စိုးလှိုင်တင့်

— ဝတ္ထုတိုရသ —

(၁)

'ရှင်မတောင် တောင်စွယ်' နေကွယ်သွားပြီ။ တောင်မကြီးရဲ့အထက်တစ်ခို တိမ်နီတွေ တောက်နေတာက မီးတောင်ပေါက်ကွဲနေသလို ပတ္တမြားသွေးရောင် ရဲရဲတောက်နေတယ်။ ချင်းတွင်းမြစ်ပြင် တစ်ကြောအောက်ဘက်ဆီ မျက်စိမြင်ကွင်းတစ်ဆုံး၊ ကျွန်တော်စူးစူးရဲရဲ ငေးစိုက်ရှာဖွေကြည့်နေမိတယ်။ ကူးတို့လှေ၊ ထင်းဆယ်လှေတို့နဲ့ သစ်ဖောင်၊ ဝါးဖောင်တွေလည်းမရှိ၊ စိမ်းဝါဝါမြစ်ပြင်မှာ လှိုင်းအိတွေကလွဲလို့ မမြင်တွေ့ရ။ ကျွန်တော့်မျှော်လင့်ချက်တွေဟာ ဆုတ်လျော့သွားတဲ့နေရောင်ခြည်လို ချည့်နဲ့အားပျော့နေပါပြီ။ ကမ်းပါးစပ်၊ ထန်းတောနားက ဦးတုတ်ရဲ့နွားငေါက်သံနဲ့ နွားခလောက်သံတွေ ကြားနေရပြီဆိုတော့ 'နွားရိုင်းသွင်းချိန်' တောင် ရောက်ပြီလေ။

ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် ဒီလိုအဖြစ်မျိုး၊ မကြုံခဲ့ရဖူးလေတော့ ဘယ်လိုဖြေရှင်းရမှန်း မသိတော့ပါ။ ခေါင်းငိုက်စိုက်ချကာ အိမ်ပြန်ခဲ့ရပြီ။ ကျွန်တော့်အိမ်ဝင်းတံခါးရှေ့ ရောက်တော့ မှောင်ရီသန်းကာ လူလုံးမကွဲအောင် မှောင်စပြုတဲ့ 'ညီအစ်ကိုမသိတသိအချိန်'။ ဒီလိုအခြေအနေအချိန်အခါမှာ အဖေသာရှိနေရင်တော့ တကယ့် မလွယ်ကြောပါပဲ။ ဒီအကြောင်းတွေ အမေ့ကို ဘယ်လိုပြောရပ့်။ ဘယ်လိုရှင်းပြရပ့်။

သာလိကာလို စကားသွက်တဲ့ ကျွန်တော်၊ တစ်ဖက်သားရဲ့ စကားတွေကို တစ်ခွန်းမကျန် ခွန်းတုံ့ပြန်တတ်တဲ့ ကျွန်တော်၊ အခုတော့ ကျွန်တော့် ဗီဇတွေ ပျက်ယွင်းသွားပြီလား။ ကြောက်ရွံ့တုန်လှုပ်ဖွယ်အဖြစ်ကြောင့် ကျွန်တော့်နှုတ်ဟာ ဆွံ့အသွားပြီထင်ရဲ့။ အိမ်မြောက်ဘက်က မီးဖိုချောင်မှာ ထမင်းတစ်ဝိုင်းနဲ့ မီးခွက်ထွန်းစောင့်နေရှာတဲ့ အမေ၊ ကျွန်တော့်ကိုယ်ရောင် 'ရိပ်ခနဲ' မြင်တာနဲ့ အမေ့နှုတ်ဖျားက မေးခွန်းတွေဟာ စက်သေနတ်ပစ်သလို တရစပ် ထွက်လာပါတယ်။

"ဟဲ့ ငစိုး၊ တစ်နေကုန် ဘယ်သဝေထိုးနေတာလဲ၊ ငတိုးရော၊ နင်နဲ့ အတူပါသွားတာ မဟုတ်လား၊ အခု ငတိုးက ဘယ်မှာကျန်ခဲ့လဲ၊ ပြောစမ်းပါ ငစိုးရဲ့. . ."

ရှောင်လွှဲမရအောင် ချောင်ပိတ်မေးနေတဲ့ အမေ့ရဲ့မေးခွန်းတွေက အဖြေရခက်နေလို့ ကျွန်တော့်စကား တွေ တုံ့ဆိုင်းထစ်အ၊ အသံက မှုမှန်ဖြစ်မနေပါ။





Asian Fame Media Group
MEDIA GROUP

"အမေ၊ ငတိုးတစ်ယောက် မြစ်လယ်ရေကူးရင်း၊ အောက်ဘက် မျောပါသွားတာ၊ အဲဒါ ကျွန်တော်လည်း လိုက်မဆယ်ရဲလို့"

"အမလေး ငါ့သားလေး ကိုယ်ကျိုးနည်းပြီထင်ပါရဲ့၊ ဘယ်လိုဖြစ်ရတာလဲဟဲ့၊ မြန်မြန်ပြောစမ်း ငစိုး၊ ငါ့ရင်တွေ တုန်လိုက်တာဟယ်"

(၂)

အမေက သိချင်ဇောနဲ့ ဇွတ်အတင်းမေးနေတော့ ကျွန်တော်က တုန်တုန်ခိုက်ခိုက်ဖြေရင်း အမေ့အကြောင်းတွေ၊ ညနေကအဖြစ်တွေကို 'တဖျပ်ဖျပ်' တွေးနေမိတယ်။ အမေ့ကို ကျွန်တော်တို့ညီအစ်ကို သုံးယောက်လုံးက ချစ်ကြသလို၊ နွဲ့ဆိုးလည်း ဆိုးတတ်ကြတယ်။ အမေဟာ သားတစ်ယောက်က တစ်ချက်ခေါင်းခွဲ့တာနဲ့ ပျော့ပြီးသား၊ လျှော့ပြီးသား။ သားတွေအလိုကို လိုက်ပြီးသားပါ။ အဲဒီအထဲမှာ အစ်ကိုကြီးက အမေလိုပဲ စိတ်ထားနူးညံ့ပြီး အနစ်နာခံတတ်သူလေ။ အစ်ကိုကြီး ၆ တန်းအောင်တဲ့ နှစ်ကပေါ့။ ၇ တန်းတက်ဖို့ ကျောင်းဝင်ကြေးတို့၊ စာအုပ်ဖိုးတို့ ကျောင်းဝတ်စုံဖိုးတို့ အမေ့လက်ထဲမှာ ဗလာနတ္ထိ။ ဒီလို ကျောင်းဖွင့်ချိန်ခါ၊ နယုန်လတွေဟာ အဖေ့အလုပ် ပါးရှားတတ်တာ၊ ဝင်ငွေ နည်းလို့ စားလောက်ရုံလေးရတာ ဆို တော့ အမေ့မှာ မျက်ရည်တစမ်းစမ်း၊ စိတ်မကောင်းဖြစ်တာက လွဲလို့ မကြံတတ်၊ မဖန်တတ်၊ မထွေးနိုင် မအန်နိုင် အခြေအနေပါ။

"အမေ၊ ဘာမှပူမနေနဲ့တော့ ကျွန်တော်အဖေနဲ့ အလုပ်ထွက်လုပ်မယ်ဗျာ"

အသက် ၁၅ နှစ်၊ လူပေါက်သန်သန်၊ ခွင်ခွကောင်းကောင်း၊ အစ်ကိုကြီးဟာ အမေစိတ်ချမ်းသာရေး၊ ယိုင်နဲ့နဲ့အိမ်စီးပွားရေးကို အဖေနဲ့အတူ ကျားကန်ပေးခဲ့တဲ့ သူပါ။

အဖေကတော့ အမေနဲ့လုံးဝမတူဘူး၊ အပူနဲ့အအေးလိုပါပဲ။ မျက်နှာထားတည်တည်တင်းတင်းပေါ်မှာ ထူထဲတဲ့မျက်ခုံးတွေအောက်က စူးရှရှ ဝါရင့်ရင့်မျက်ဝန်းက လူတွေရဲ့စိတ် ကို ထွင်းဖောက်ကြည့်နေသလား အောက်မေ့ရတယ်။ သူ့သားအားလုံးကို မျက်နှာသာမပေး၊ စကားနည်းတဲ့ အဖေ့ရဲ့ အကြည့်ဟာ စကားတွေ များ

Asian Fame Media Group
MEDIA GROUP

များပြော နေသလို အဓိပ္ပာယ်ဖော်ဆောင်နေ တတ်လို့ ကျွန်တော် တို့ဟာ အဖေ့ကို ချစ်တာထက် ကြောက်တာက ပိုနေပါတယ်။ အဲအဖေ တစ်နယ်တစ်ကျေး ရပ်ဝေးသွား အလုပ်လုပ်နေရင် ကြောင် မရှိတဲ့အိမ်က ကြွက်များလို ကျွန်တော် တို့ ညီအစ်ကို နှစ်ယောက်ဟာ လွတ် လွတ်လပ်လပ် ဆော့ကစားတယ်။ စိတ်ထင်ရာ၊ ခြေဦးတည့်ရာ သွားလာ နေတတ်ကြတာပါ။ အိမ် တာဝန်အနေ နဲ့ မြစ်ဆိပ်သွား၊ သောက်ရေခပ်တာ၊ ထင်းရှာတာလောက်ပဲ လုပ်ပေးရတာ ဆိုတော့ ကျွန်တော်တို့မှာ အချိန်တွေက အလျှံပယ် ပေါနေတတ်တာကိုး။ သောက်ရေခပ်၊ ထင်းရှာပေးတာကိုပဲ အမေက ကျေနပ်နေပါပြီ။ ကျွန်တော်တို့ ဆော့တာ၊ လည်ပတ်တာတွေကို အမေက မဟန့်တားပါ။

အမေစာသင်ခဲ့ပုံတွေ ပြောပြဖူးတယ်။ အမေငယ်ငယ်က ရွာဦးကျောင်းက ဆရာတော်ဦးကောကျောင်းမှာ စာသင်ခဲ့ရတာတဲ့။ သင်ပုန်းကြီးသင်ပေးတာက 'င' ဟာထိုး၊ 'ဝ' ဆွဲ၊ 'က' သတ်၊ 'ငွက်' ထိ ရောက်ခဲ့တာတဲ့။ 'အမေရယ်' 'ငွက်' ဆိုတာ မြန်မာစာမှာ အသုံးမရှိပါဘူးလို့၊ ကျွန်တော်ကပြောတော့ ဘုန်းကြီးဦးကောရဲ့ သင်ပုန်းကြီးမှာတော့ 'ငွက်' ဆိုတာရှိတယ်သားရဲ့လို့ အမေက ပြန်ပြောတယ်။ တကယ်တော့ အမေဟာ 'သေစာ၊ ရှင်စာ' တောင် မဖတ်နိုင်ရှာပါ။ 'မတွေး' လို့ အမေ့အမည်ပဲ ရေးတတ်တာကလွဲပြီး စာရေး၊ စာဖတ် မလုပ်နိုင်ခဲ့ပါ။

အဖေကလည်း ဘုန်းကြီးကျောင်းထွက်ပါပဲ။ ဒါပေမဲ့ ခေသူတော့မဟုတ်ပါ။ ပရိတ်ကြီး၊ ၁၀ စောင်တွဲ၊ ဓမ္မပဒအပြင် မြန်မာရှေးရိုးသင်္ချာတွက်နည်းဖြစ်တဲ့ 'ကိုးကြောင်း' သင်္ချာတတ်ခဲ့သူပါ။ နောဇကော၊ နော (ကိုးတစ်လီကိုး) နဝဒွေးကုတ် (ကိုးထဲက နှစ်နုတ်) ဆိုတဲ့ လင်္ကာတွေနဲ့ သင်္ချာတွက်နိုင်သလို မူလတန်းဂဏန်းသင်္ချာ ပေါင်း၊ နုတ်၊ မြှောက်စားအပြင် စိတ်တွက်၊ ဈေးတွက်တွေပါ ကျွမ်းကျင်လို့ လှေထောင်၊ ဝါးထောင်၊ ပွဲစားနဲ့ အခုလက်သမားဆရာလုပ်တဲ့အခါ အဖေ့ရဲ့အတွက်အချက်ကို လိုက်နိုင်သူ မရှိကြပါ။

အဖေဟာ ကျွန်တော်တို့တစ်တွေကို ပညာတတ်တွေ သိပ်ဖြစ်စေချင်တာ၊ သူ့လို ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းနဲ့ သားတွေကို လုပ်မစားစေချင်လို့ပါ။ အခွင့်ကြုံတုန်း အဖေပြောတတ်တယ်။

"မင်းတို့အစ်ကိုတောင် မလွဲသာလို့ အလုပ်ကြမ်းလုပ်ခိုင်းရတာ၊ မင်းတို့နှစ်ယောက် အနည်းဆုံး ၁၀ တန်းအောင်အောင် ကြိုးစားကြ။ ၁၀ တန်းအောင်ရင် မင်းတို့ထမင်းစားလက်မှတ်ရပြီပေါ့ကွာ"

ဒီနှစ် ကျွန်တော်က ၈ တန်း၊ ညီငတိုးက ၅ တန်းတက်ရမှာ။ ကျောင်းဖွင့်ဖို့က နှစ်ပတ်လောက်ပဲလိုတော့တာ။ အဖေနဲ့အစ်ကိုကြီးက ကျွန်တော်တို့မြို့လေးရဲ့ တောင်ဘက် ၅ မိုင်ကွာလောက်က သမ္မလဘို့ရွာသွားပြီး အိမ်ဆောက်လက်သမားလုပ်နေကြတာဆိုပေမယ့် အလုပ်က ခပ်ပါးပါးတဲ့။ အိမ်မှာ ချဉ်ပေါင်ရွက်ချဉ်ဟင်းနဲ့ ငါးပိချက်ပဲ အမေချက်ကျွေးနေတာဆိုတော့ ကျွန်တော်တို့ကျောင်းစရိတ်အတွက် ရင်လေးနေမိတယ်။ ကျွန်တော်တို့ဆန္ဒက ကျောင်းပဲဆက်တက်ချင်တာပါ။ ဒီတော့ အဖေနဲ့ အစ်ကိုကြီး အလုပ်ကောင်းပါစေလို့ပဲ ဆုတောင်းနေရတာပေါ့။

"ဖြစ်သလိုပဲပေါ့ သားရယ်"

အဲဒါက အမေ့လက်သုံးစကားပါ။ အမေ့ရဲ့ ဖြစ်သလိုပေါ့စကားကို ကျွန်တော်လန့်တယ်။ အစ်ကိုကြိုင် ကျောင်းထွက်လိုက်ရတယ်လေ။ ခပ်အေးအေးနေတတ်သလို၊ အမေဟာ ရှေးရိုးဆန်ဆန် အယူအစွဲကြီးတတ်တာလည်း ရှိသေးတယ်။ ကျွန်တော်တို့တစ်တွေကို စိတ်လိုလက်ရပြောပြတဲ့ အမေ့ရဲ့ ကြားဖူးနားဝပုံပြင်တွေဟာ နားထောင်လို့ကောင်းပေမယ့် ယုံကြည်စရာယုတ္တိကင်းနေတာတွေက များပါတယ်။ အမေပြောခဲ့ဖူးတယ်။ မြစ်ကမ်းစပ်၊ သဲရေစပ်၊ ညမှောင်ချိန်၊ လမိုက်ရက်တွေမှာ ကမ်းစပ်မေးတင်၊ ခေါင်းထိုးအိပ်တတ်တဲ့ ငါးတွေကို ရှာဖွေစားသောက်တဲ့ 'ငေါင်း' သတ္တဝါတွေ ရှိတယ်တဲ့။ လူ့ခန္ဓာကိုယ်နဲ့တူပြီး ခြေတစ်ချောင်းသာ ပါတာတဲ့။ တံငါတွေ၊ လူတွေနဲ့တိုးရင် ရှေ့ကနေ ခုန်ဆွ၊ ခုန်ဆွပြေးပြီး "ငေါင်း ငေါင်း ခြေတစ်ချောင်းမို့ မစားကောင်း" လို့အော်ပြီး ပြေးတာတဲ့။ ငေါင်းကို ဖမ်းတဲ့နည်း

> **ကျွန်တော်ကငါးဖမ်းနည်းမျိုးစုံ**
> **ကျွမ်းပေမယ့်ညီငတိုးလောက်**
> **ရေကူးမသန်ပါဘူး။ ငတိုးက**
> **လူပလံလေးဆိုပေမယ့်**
> **ဆောင်းတွင်းမြစ်ရေနည်းချိန်၊**
> **မြစ်ကြောင်းကျဉ်းချိန်တွေမှာ**
> **ဒီဘက်ကမ်း၊ ဟိုဘက်ကမ်း၊**
> **ဖြတ်ကူးနိုင်၊ ပြန်နိုင်တဲ့ကောင်ပါ...**

■ ■ ■ ■ ■

က ကမ်းစပ်မှာ ငှက်ပျောရွက်တွေ ဖြန့်ခင်းထားရတာတဲ့။ ငေါင်းက ငှက်ပျောဖက်ပေါ် နင်းတော့ ခြေချော်လဲကျ၊ ပြန်ထမရတော့ ဖမ်းလို့ရတာပေါ့တဲ့။ ယုံစရာမရှိပါ။ ဒါပေမဲ့ နားထောင်လို့တော့ အကောင်းသား။

နောက်ပြီး ချင်းတွင်းမြစ်ကမ်းရိုးက ရေလုပ်ငန်းနဲ့ အသက်မွေးတဲ့ တံငါတွေလိုက်နာရတဲ့ စည်းကမ်း (အယူ) ရှိတယ်တဲ့။ ငါးဖမ်းတဲ့ တံငါရဲ့ အသက်၊ ဒါမှမဟုတ် လူတစ်ယောက် ခန္ဓာကိုယ်အလေးချိန်ပိဿာထက် ပိုကြီးတဲ့ ငါးမိရင်၊ ရေထဲပြန်လွှတ်ရတာလို့လည်း အမေပြောဖူးသေးတယ်။ အမေ့စကားမို့သာ နားထောင်နေတာ ကျွန်တော်တို့ ညီအစ်ကိုကတော့ သိပ်မယုံချင်ပါ။

(၃)

ကျွန်တော်တို့အိမ်နီးချင်းထဲမှာ ဦးလေးရွှေကို အထင်ကြီးအားကျမိတယ်။ ဦးလေးရွှေက အသက် ၅၀ နှစ်ကျော်လောက်ပြီး အရပ်ထောင်ထောင် မောင်းမောင်း၊ ဗလတောင့်တောင့်၊ ခေါင်းတုံး ဆံတောက်ဘိုကေနဲ့ဆိုတော့ "ဗန်ဒိန်း" နဲ့ တူတယ်လို့ ဆိုရမယ်။ သူထမင်းစားပြီး မွန်းတည့် ၁၂ နာရီ ထိုးရင် တကယ့်နေပူကျဲကျဲမှာ ဖိနပ်ဗလာနဲ့ ဖြည်းဖြည်းမှန်မှန်ပဲ မြစ်ဆိပ်ကမ်းဘက်ဆီ နေ့တိုင်းသွားနေကျ။ ဆိပ်ကမ်းရောက်ရင် ကမ်းပါးခြေကစပြီး မြစ်တောင်ဘက်ဆီ ငုပ်ဆင်းသွားလိုက်တာ ၂ မိုင်ကျော်လောက်ဝေးတဲ့ ပေါက်တောရွာ ကမ်းခြေရောက်မှ ခေါင်းဖော်တယ်။ နှစ်ကြိမ်လောက် ရေငုပ်ငါးရှာလိုက်ရင် သူ့ရဲ့ခါးပိုက်ထဲမှာ ပုစွန်ထုပ်၊ ငါးမြွေထိုး၊ ငါးမျိုးစုံတွေ့ရတယ်။ ရေအောက်ကျောက်ဆောင်ရဲ့ ကျောက်ကျင်းချိုင့်တွေထဲက နှိုက်ထုတ်ဖမ်းယူနိုင်တာပါ။ ရေတစ်ခါငုပ်ရင် တစ်နာရီကျော်နှစ်နာရီလောက်ကြာတတ်ပါတယ်။ ကျွန်တော်တို့ မြို့လေးရဲ့ ရေငုပ်ချန်ပီယံဆိုရင်လည်း မမှားလောက်ပါ။

ဦးလေးရွှေရဲ့ ထူးခြားချက်က သူ့တစ်သက်တာလုံး ဖိနပ်မစီးခဲ့တာဆိုတော့ သူ့ခြေဖဝါးနှစ်ဖက်က အသားမာချပ်ပြားကြီး ဖြစ်နေတယ်။ သူ့ခြေဖဝါး အသားမာချပ်ပြားထူကြီးက သူ့ရဲ့အမြဲဝတ်ဖိနပ်ဖြစ်နေတာပါ။ နွေမိုးဆောင်း ဥတုသုံးပါးလုံး ပူမှန်းအေးမှန်းမသိတတ်တဲ့ ဦးလေးရွှေပါ။ တစ်နေ့မြစ်ထဲ ရေဆင်းငုပ်ရင်း ရေထဲက ပုလင်းကွဲက ဦးလေးရွှေရဲ့ ညာခြေဖဝါးအလယ်ကို ထိုးခွဲလိုက်တယ်။ အသားမာပါ ခွဲခံရတဲ့ဒဏ်ရာဖြစ်လို့ အနာတော်တော်နဲ့ မကျက်နိုင်ဘူး။ ဦးလေးရွှေ ရေငုပ်ပြီး ပုစွန်တွေ၊ ငါးတွေ မရှာနိုင်တော့ဘူး။

တစ်နေ့က မြစ်ရေချိုးဆိပ်မှာ ကျွန်တော်ရေဆင်းကူးရင်း ရေချိုးဆိပ်အောက်ဘက်ခပ်လှမ်းလှမ်း ကျောက်ကမ်းပါးစွန်းပေါ် ထိုင်နေတဲ့ ဦးလေးရွှေကိုမြင်လိုက်မိတယ်။ ကျွန်တော် ရေချိုးပြီး အဝတ်အစားလဲကာ ဦးလေးရှိရာ သွားလိုက်တယ်။ ဦးလေးရွှေကတော့ ကျောက်ဆင်းတု အရုပ်တစ်ရုပ်လို မတုန်မလှုပ် ငုတ်တုတ်ပါပဲ။

"ဦးလေးရွှေ. . . ဘာလုပ်နေတာလဲဗျ"

"မောင်စိုးပါလား. . . ငါ လက်ထွန့်ပစ်နေတာကွ"

ဦးလေးရွှေက လက်ထွန့်ပစ်ငါးမျှားနည်းအဆင့်ဆင့်၊ လက်တွေ့ပြသပေးသလို၊ ငါးက ငါးစာဟပ်ခဲ့ရင် ကြိုးကို လိုတိုးပိုလျှော့ အလိုက်သင့်လုပ်ရပုံတွေပါ ပြောပြပေးပါတယ်။

"လက်ထွန့်ပစ်တာက ငါးမရရင် အရှုံးကွ၊ အဲ့ ငါးမိရင် ၂ ပိဿာ ငါးက အသေးဆုံးပဲ။ စိတ်ရှည်ရှည်ထားဖို့ ဇွဲရှိဖို့တော့ လိုတယ်ကွ"

ဦးလေးရွှေပြောတာ ဟုတ်မှာပါ။ ကျွန်တော် သူ့ဘေးက နှစ်နာရီလောက်ထိုင်ကြည့်နေတာ ငါးရဲ့အရိပ်အယောင်လည်း မမြင်ရ၊ ဦးလေးရွှေရဲ့ ငါးစာကို ငါးတွပ်တာတောင် မတွေ့ရပါ။ အတော်ပျင်းစရာကောင်းတဲ့ ငါးမျှားနည်းပါပဲ။



Asian Fame Media Group

**ငါးရှေးကြီးက လူရိပ်မြင်လို့ ထင်ပါတယ်။ သူ့ခေါင်းကို ရေထဲထိုးစိုက်ဆင်းရုန်း လိုက်တော့သုံးလွှန်းတင် ချည်ကြိုးက ကျွန်တော်တို့ လက်တွေကိုညှစ်ဆွဲ သလိုဖြစ်ပြီးလက်တွေ ပေါက်ပြဲကုန်ပါတယ်...**



ညနေ နေဝင်ချိန်နီးလာလို့ ကျွန်တော်ပြန်ဖို့ပြင်လိုက်တယ်။ အဲဒီအချိန်မှာ သူ့ငါးမျှားချိတ်က ငါးစား၊ ငါးဟပ်တယ်။ ဦးလေးရွှေရဲ့ ကျွမ်းကျင်ပိုင်နိုင်တဲ့ ကြိုးတွေလျှော့၊ အတင်းလုပ်လိုက်တာနဲ့ နှစ်ပိဿာကျော်လောက် အချိန်စီးတဲ့ ငါးပတ်ရှည်မျောမျော တစ်ကောင် ဖမ်းရမိပါတယ်။ ဦးလေးရွှေရဲ့ လက်ထွန့်ပစ်ငါးမျှားနည်းကို ကျွန်တော် သဘောကျမိသွားတယ်။

(၄)

"ငတိုး ငါလက်ထွန့်ပစ်သွားမလို့ မင်း လိုက်ဦးမလား"

အိမ်မှာ ဟင်းကောင်းမစားရတာ ကြာပြီ၊ ဒီလိုရေပြောပေါက်ချိန်၊ ရေဦးတက်စ အချိန်ဟာ ငါးကြီးများဖို့ကောင်းတဲ့ အချိန်ပါပဲ။ ငါးကြီးကြီးမိခဲ့ရင် ကျွန်တော်တစ်ယောက်တည်း မနိုင်မနင်းဖြစ်နိုင်လို့ ညီငယ်ငတိုးကို အဖော်စပ်နေတာပါ။ ငတိုးကို နှစ်ခါမခေါ်ရပါ။

"အေး. . . လိုက်မယ်လေ"

ကျွန်တော့်မြို့လေးဟာ ချင်းတွင်းမြစ်အနောက်ဘက် ကမ်းနဖူးမှာ တောင်မြောက်ရှည်ရှည်လျားလျား မြို့တည်နေတာပါ။ ကမ်းစပ်အနီးတစ်ဝိုက် နေကြသူများရဲ့ လက်တန်းဆိုရိုးစကားကြားဖူးတယ်။ 'ဒူးကို ရေဆွတ်၊ ဟင်းစား မလွတ်' တဲ့။ ကျွန်တော်တို့ အိမ်က မြစ်ကမ်းနဲ့တစ်ခေါ်လောက် သာဝေးတော့ တံငါတွေရဲ့ အလုပ်ကို မြင်နေကျ။ အတုမြင်အတတ်သင်မို့ ကျွန်တော်တို့ညီအစ်ကိုဟာ ရေကူးရေငုပ် ရေမျောထင်းဆယ်၊ လှေလှော်၊ ရွက်တိုက်၊ ဖားရှာ၊ ငါးရှာနည်းတွေ တတ်ကျွမ်းကြပါတယ်။

ကျွန်တော်တို့ငယ်ငယ်က အဖေဟာ လွှထောင်၊ ဝါးထောင် ကုန်သည်လုပ်ခဲ့ဖူးတော့ အစ်ကိုကြီးနဲ့အတူ သစ်ဖောင်၊ ဝါးဖောင်ညစောင့်အိပ်ရင်း ငါးမျှားနည်း၊ ငါးဖမ်းနည်းတွေ ကျွန်တော်တို့တစ်တွေ တတ်ခဲ့ကြတာပါ။ ဝါးဖောင်ရဲ့ ဝါးခေါင်းတုံးထိပ်မှာ ဒိုင်းဝန်းပိုက်ဝိုင်းလေး စွပ်ထားပြီး ဝါးခေါင်းတုံးထိပ်မှာ တစ်ယောက်က တဝုန်းဝုန်း ခြေဆောင့်ခုန်ပေးလိုက်ရင် ထွက်လာသမျှ ငါးတွေ ဒိုင်းဝန်းပိုက်မှာ မိပါတယ်။

နေ့ခင်းနေ့လယ် နေပူပူဆိုရင် ကမ်းနားတစ်လျှောက် ရေဒူးဆစ်မြုပ်ရေနက်နေရာမှာ မန်ကျည်းခက်တွေကို ကြိုးချည်၊ ငုတ်ရိုက်ကြိုးတွဲထားလိုက်ပြီး မန်ကျည်းခက်မှာ နေရိပ်ခိုတဲ့ ငါး၊ ပုစွန်တွေကို ဒိုင်းဝန်းနဲ့ ကော်ဖမ်းဖူးခဲ့တယ်။ ညဖောင်စောင့်ရင်း၊ ကမ်းနားမှာ ကြိုးတန်းချ၊ ငါးရှင်စာကို ငါးမျှားချိတ်မှာ တပ်ပြီးချထား၊ ၃ နာရီ တစ်ကြိမ်လောက်ဖော်ရင် အစိတ်သား၊ ၃၀ ကျပ်သားလောက် ငါးတွေရတတ်တာပါ။ သစ်ဖောင်၊ ဝါးခေါင်းတုံးတွေကြားမှာ ငါးမျှားချိတ်သေးသေးလေးနဲ့ နှစ် တောင်လောက် ငါးမျှားကြိုးတိုလေး ကိုင်ကာ အထက်အောက် တလှုပ်လှုပ်လုပ်ပေးပြီး ပုစွန်တုပ်အောက်ဖမ်းနည်းနဲ့လည်း ပုစွန်တုပ်တွေ စားရတတ်ပါတယ်။

ကျွန်တော်က ငါးဖမ်းနည်းမျိုးစုံကျွမ်းပေမယ့် ညီငတိုးလောက် ရေကူးမသန်ပါဘူး။ ငတိုးက လူဖလံလေး ဆိုပေမယ့် ဆောင်းတွင်းမြစ်ရေနည်းချိန်၊ မြစ်ကြောင်းကျဉ်းချိန်တွေမှာ ဒီဘက်ကမ်း၊ ဟိုဘက်ကမ်း၊ ဖြတ်ကူးနိုင်၊ ပြန်နိုင်တဲ့ ကောင်ပါ။ ကျွန်တော်က ရေကူးတတ်ပေမယ့် ငတိုးလောက် သက်လုံမကောင်းသလို သတ္တိကလည်း နည်းပါတယ်။ ရေလယ်ရောက်မှ လက်ပန်းကျတာမျိုး၊ ခြေသလုံးက ကြွက်တက်တာမျိုးဖြစ်ရင် ရေကူးရင်း ရေနစ်သေတတ်တာလည်း ကြားဖူးတော့ မြစ်ပြင်ကျယ်ရေကူးရမှာ ကျွန်တော် ကြောက်တယ်လေ။ ဒီကောင်ငတိုးကတော့ ရေငုပ်၊ ရေကူးတာ ရဲမှရဲပဲ။

(၅)

ကလေးပုခက်ချိတ်လောက်နီးပါးရှိတဲ့ ငါးမျှားချိတ်ကြီး နှစ်ချိတ်၊ သုံးပင်လိမ်၊ သုံးမူးလုံးပတ်ရှိတဲ့ ချည်ကြိုးနှစ်ခွေနဲ့ ကြက်အူတွဲက လေးတွဲ၊ ဘူးခါးသီးခြောက်က နှစ်လုံး၊ ပစ္စည်းစုံသယ်ကာ ကျွန်တော်တို့အိမ်ကထွက်တော့ ဈေးဝယ်သွားနေတဲ့ အမေက မသိလိုက်ပါ။ သစ်စက်တောင်ဘက်ဘေးက ကပ်လျှောက်ကာ သစ်လုံးထားတဲ့ သစ်ကွင်းကို ဖြတ်ကျော်တော့ ကမ်းစပ်ထိပ်ကို ရောက်ပြီပေ့ါ။ သစ်ဆိပ်မှာ ကျွဲလှည်းတွေက သစ်နဖားကို သံကြိုးခတ်ချည်၊ သစ်ဆွဲမြေလမ်းစွတ်ကြောင်းအတိုင်း ကျွဲလှည်းနှစ်ရှဉ်းစီနဲ့ သစ်ဆွဲတင်နေကြတာက 'တရုန်းရုန်း'။ ဝါးခေါင်းတုံးတွေက ဝါးတွေဖြုတ်ကာ နွားလှည်းနဲ့တင်နိုင်ဖို့ ကမ်းပါးထိပ်ထိ ဝါးထိုးနေကြလို့ ဝါးသံတွေက တဖြုန်းဖြုန်းပါ။ သူတို့နဲ့ဝေးရာ မြစ်ကမ်းအောက်ဘက် ဆက်လျှောက်ကြရတယ်။

ဝဲစွယ်၊ ကျောက်ကမ်းပါးအငူနေရာလေးဟာ လက်ထွန့်ပစ်ဖို့ နေရာကောင်းပါ။ ဦးလေးရွှေရဲ့ လက်ထွန့်ပစ်နည်းအတိုင်း၊ ကျွန်တော်ပြင်ဆင်လိုက်တာ၊ လက်ထွန့်ငါးမျှားကြိုးနှစ်ချောင်းဟာ ရေစီးမှာ မြုပ်မျောမျောလို ငါးမျှားတာ အသင့်ဖြစ်နေပါပြီ။ မြစ်ကမ်းစပ်အတိုင်း မျောလာတဲ့ အမှိုက်၊ ဒိုက်သရောနဲ့ ဗေဒါအုံတွေ မျောနေပုံအရ ဝဲစွယ်က ရေစီးကြောင်းဟာ မြစ်လယ်ဆီ ဦးတည်ခွဲထွက်သွားတာ တွေ့ရပါတယ်။ လက်ထွန့်ကြိုး အဆုံးနားမှာ ဘူးခါးသီးခြောက်တွေ ချည်ထားတာက ဖော့အဖြစ်နဲ့ပါ။ ငါးဆွဲလို့ ကြိုးလွှတ်လိုက်ရင် ရေပြင်မှာ ပေါ်လောမျောတဲ့ ဘူးခါးသီးခြောက်ကြည့်ပြီး လိုက်နိုင်အောင် ကြိုတင်စီစဉ်ရတာပါ။ ကြိုးအဆုံးကိုတော့ ကျောက်တုံးကြီးမှာ အသေချည်ထားလိုက်ပါတယ်။ ပိုနေတဲ့ကြိုးကို အခွေလိုက် တစ်ပတ်ရွှေ့ ခေါက်တုံ့ ထုံးထားလိုက်တယ်။ လိုအပ်ရင် လွယ်လွယ်ဖြေလို့ ကြိုးလျှော့နိုင်ဖို့ ဖြစ်ပါတယ်။

ကျွန်တော်လုပ်သမျှ ငတိုးက အငေးသား ကြည့်နေတာပါ။

"ငါးမျှားချိတ်က အကြီးဆုံးတွေဆိုတော့ ငါးကြီးတွေပဲ မိမှာကွ"

သူ စိတ်ပါလာအောင် ကျွန်တော် ပြောပြပေမယ့် ငတိုးက ယုံကြည်အားကိုးတတ်ပုံ မပေါ်ပါ။

ငတိုးမယုံတာလည်း အပြစ်မဆိုသာပါ။ မနက် ၁၀ နာရီလောက်ကစပြီး လက်ထွန့်ပစ်နေတာ အခုညနေ ၃ နာရီလောက်ထိ ငါးက တစ်ချက်လေးတောင် မတွပ်ဘူးလေ။

"အစ်ကို ငါပျင်းတယ်ကွာ၊ ရေဆင်းချိုးရင်း ရေမျောထင်းဆယ်လိုက်ဦးမယ်၊ မင်း ငါးမရလည်း အိမ်အတွက် ထင်းရတာပေ့ါ"

"ဟေ့ကောင် ငတိုး၊ မင်းပါးစပ်ပုပ်ကြီးနဲ့ မရဘူး၊ မရဘူးလို့ စကားဦးမသန်းနဲ့ကွာ လာဘ်တိတ်တယ်"

ဒီကောင်ငတိုး ပြောပြောဆိုဆို အထက်ဖောင်ဆိပ်မှာ ဘောင်းဘီတိုလေးနဲ့ ရေဆင်းကူးနေပြီး ဒိုက်တွေ၊ ဗေဒါတွေကြားက သစ်တိုသစ်စ၊ ဝါးအတိုတွေ ဆယ်စုနေတယ်။ ထင်းတစ်စီးစာရတော့ ငတိုးကမ်းပေါ်တက်ကာ သူ့ဘောင်းဘီတိုရေစိုကို ကျောက်တုံးပေါ် နေလှမ်းလိုက်တယ်။

ညနေ ၅ နာရီထိုးပြီ၊ ငါးက မတွပ်သေး။ ကျွန်တော်တောင် အားပျော့လို့ လက်လျှော့ချင်လာပြီ။ "၂ ပိဿာအထက် ငါးကြီးမိတတ်တယ်" ဆိုတဲ့ ဦးလေးရွှေပြောခဲ့တဲ့ စကားမျှော်လင့်ချက်သာမရှိရင် အိမ်တောင်ပြန်လောက်ပြီပေ့ါ။

ဟောပြောရင်းဆိုရင်း လက်ထွန့်ကြိုးက ရေထဲရုတ်တရက်စိုက်ဆင်းသွားပြီ။ ကပျာကယာကြိုးကို ကိုင်လိုက်တော့ ကြိုးက တင်းတင်းရင်းရင်းကြီး တဒုတ်ဒုတ်လက်ထဲ လာတိုးနေတယ်။

"ဟေ့ကောင် ငတိုး၊ ငါးဆွဲပြီဟ၊ လာစမ်းပါဦး၊ ကျောက်တုံးနားက ခေါက်တုံ့ကြိုးခွေ ဖြေချစမ်း၊ ငတိုး ကြိုးလျှော့ရပ်တော့"

ငါးရဲ့ ရုန်းအားတွေ့ရပြီး ငတိုး မျက်လုံးတွေ အရောင်လက်တောက်လာတယ်။

Asian Family Media Group



"မင်း ကြိုက်သလောက် ဆွဲပြေးစမ်း ငါးကြီးရေ"

ငတိုးက ငါးကြီးကို စိန်ခေါ်အော်ပြောနေသေးတယ်။ ငတိုးကြိုးလျှော့ရပ်ပြီး ကြိုးကို ကျွန်တော်တို့နှစ်ယောက်လက်မှာရစ်ပတ်ကိုင်ကာ တောင့်ထားလိုက်တယ်။ လှေ့ကြီးတင်းခနဲဖြစ်ပြီး စိမ်းပြာပြာရေ ဂယက်ပွက်ထသွားတယ်။ ဂယက်နေရာမှာ ငါးခေါင်းမည်းမည်းကြီးက ပါးစပ်ဟလို့ လျှပ်တစ်ပြက်ပေါ်လာတယ်။

"ဟာ ငါးရွှေခေါင်းကြီးကွ၊ လူကြီးခေါင်းလောက်ကြီး"

ငါးရွှေကြီးက လူရိပ်မြင်လို့ ထင်ပါတယ်။ သူ့ခေါင်းကို ရေထဲထိုးစိုက်ဆင်းရုန်းလိုက်တော့ သုံးလွန်းတင်ချည်ကြိုးက ကျွန်တော်တို့လက်တွေကို ညှစ်ဆွဲသလိုဖြစ်ပြီး လက်တွေပေါက်ပြဲကုန်ပါတယ်။ လက်တွေမှာ သွေးတွေစို့လာတယ်။ နောက် သွေးစက်စက်ကျလာတယ်။

"အား လက်တွေ နာလိုက်တာ၊ ငါးရွှေကြီးကွ သေချာတယ်"

ကျွန်တော်တို့ သံပြိုင်အော်ညည်းပေမယ့် ကြိုးကိုတော့ လက်ကမလွှတ်ပါ။ ငါးခေါင်းကြီး ရေထဲစိုက်ဆင်းပြီး ခဏလေးတင် ရေပန်းရေမှုန်တွေ 'ဖွားခနဲ' ထွက်လာပြီး ငွေရောင်တလက်လက်ထနေတဲ့ ငါးမြီးနှစ်ခွကရုတ်ခနဲပေါ်လာတယ်။ ငါးက အတင်းရေနက်ထဲ စိုက်ဆင်းကာ မြစ်ပြင်လယ်မြစ်ကြောင်းဆီ ဆွဲပြေးပါတယ်။

"ငတိုး ကြိုးအကုန်လျှော့လိုက်တော့ဟေ့"

ငတိုးက ခပ်သွက်သွက် ပြေးပြေးလွှားလွှား လုပ်လိုက်တယ်။ လျှော့ကြိုးကုန်သွားပြီး ငါးရွှေကြီးက အတင်းရုန်းကူးပြေးနေတာ၊ မြစ်ရေပေါ် ခပ်ရှုပ်ရှုပ်တောင့်တင်းနေတဲ့ ကြိုးဟာ ငုပ်ချည်ပေါ်ချည် ဖြစ်နေတယ်။ ကြိုးအဆုံးချည်ထားတဲ့ ကျောက်တုံးခြေကကြိုးစဟာ 'ထောက်ခနဲ' ပြတ်ထွက်သွားပြီး ကြိုးအဆုံးနားချည်ထားတဲ့ ဘူးခါးသီးခြောက်က တလိမ့်ခေါက်ကွေး ရေစပ်ကို လိမ့်ဆင်းသွားတယ်။

"သွားပြီကွာ၊ ကြိုးပြတ်သွားပြီကွ"

ကျွန်တော် တော်တော်စိတ်ပျက်သွားတယ်။ ခဲလေသမျှ သဲရေကျပြီပေါ့။ ဘူးခါးသီးခြောက်ဟာ ရေစပ်ပေါ်ပေါ်လောမျောပါကာ မြစ်လယ်ဘက်တရွေ့ရွေ့ ဦးတည်သွားလေရဲ့။

"အစ်ကို့ . . ငါလိုက်ဆယ်မယ်ကွာ"

ငတိုးက ပြောပြောဆိုဆို မြစ်လယ်ဘက်တရိပ်ရိပ်သွားတဲ့ ဘူးခါးသီးခြောက်နောက် လက်ပစ်ကူးလိုက်တယ်။ ဆည်းဆာရောင်ခြည်ဖျော့လာချိန်၊ ငါးကြီးက မြစ်ကြောင်းဘက်အတင်းပြေးနေတော့ ငတိုးတစ်ယောက် ဘူးခါးသီးခြောက်ကို လိုက်မမီနိုင်သေး။ ဝါးတစ်ရိုက်လောက်ကွာ နေသေးတယ်။ ဘူးခါးသီးခြောက်ဖြူဖျော့ဖျော့လေးနဲ့ ငတိုးရဲ့ဆံပင်ဝါကြောင်ကြောင်လေးဟာ နီးလိုက်၊ ဝေးလိုက်နဲ့ မြစ်ကြောင်းရေစီးတစ်လျှောက် မြစ်အောက်ဘက် မျောပါသွားပါတယ်။ မြစ်လယ်ရောက်တော့ ငတိုးဟာ ဘူးခါးသီးခြောက်ကို လက်လှမ်းမီလိုက်တယ်။ ဒါပေမဲ့ မြစ်ပြင်ကျယ်ရေစီးအားနဲ့ ငတိုးဒီဘက်ကမ်းပြန်ကူးနိုင်ပါ့မလား။ ကျွန်တော် ကမ်းပါးစပ်တစ်လျှောက် ပြေးလိုက်လို့ စိတ်ပူနေရပြီ။

နှစ်တိုင်ကျော်လောက်ဝေးတဲ့ ပေါက်တောရွာကွေ့မှာ ငတိုးခေါင်းလေးကို မမြင်ရတော့ပါ။ ဆည်းဆာရောင်ညိုလို့ မှုန်ဝါးဝါးမို့ မျက်ရည်ပြည့်နေတဲ့ ကျွန်တော့်မျက်စိတွေဟာ ငတိုးကို မျက်ခြည်ပြတ်သွားပါတယ်။ အိမ်ပြန်ရင် အမေ့ကို ဘယ်လိုပြောရပါ့။

(၆)

"ကျွန်တော် ငတိုးနောက်လိုက်သွားရင်လည်း လမ်းတစ်ဝက်တင်ရေနစ်မှာဗျ။ အဲဒါကြောင့် . . "

အမေက ကျွန်တော့်ကို ဆူလည်းမဆူ၊ အပြစ်လည်း မပြောတော့ပါ။ ရှိုက်ကြီးတငင်သာ ငိုနေတာပါ။ အမေရယ်၊ ကျွန်တော့်ကို စိတ်ရှိလက်ရှိ ရိုက်ပစ်၊ ဆဲပစ်စမ်းပါဗျာ။ အမေ့ရဲ့ ငိုရှိုက်သံက ကျွန်တော့်ရင်ကို 'ငါးဖယ်တော' တေနေသလို ခံစားနေရလို့ပါဗျာ။ အမေ့ငိုသံကလွဲလို့ တိတ်ဆိတ် ငြိမ်သက်လို့ပါ။

ရပ်ကွက်မီးကင်းတဲက သံချောင်းရှစ်ချက်ခေါက်သံ ကြားရတယ်။ တအီအီလှည်းဝင်ရိုးသံ၊ နွားခေါက်သံနဲ့အတူ အိမ်ရှေ့က ခပ်ကျယ်ကျယ်ခေါ်သံကြားလိုက်တယ်။

"ဒေါ်တွေး၊ ဗျို့ ဒေါ်တွေး"

ကျွန်တော်ဟာ အမေ့ဘေးနားက ရေနံဆီမီးခွက်ကို ကိုင်ပြီး အိမ်ရှေ့ ပြေးထွက်ကြည့်လိုက်တယ်။ သမ္ဗလဘိုရွာက ဦးမောင်ကံပါလား။ လှည်းပေါ်က ရှည်မျောမျောက ဘာကြီးပါလိမ့်။ ငတိုးများလား။

"အမေ၊ အစ်ကိုစိုး ကျွန်တော်ပြန်လာပြီဗျ"

လှည်းဦးက ဦးမောင်ကံဘေးမှာ ငတိုးရဲ့ကျယ်လောင်လောင် အသံ။ အမေဟာ မျက်ရည်စက်လက်၊ ဆံပင်တွေ ဖွဲ့ရိုးဖားရားနဲ့ ငတိုးဆီပြေးသွားပါတယ်။

"နင်တော့လား၊ မသေကောင်းမပျောက်ကောင်း"

"အရှေ့ဘက်ကမ်းမှာ ကျောက်ကမ်းပါးဝဲစွန်းကလည်း ရေမှုတ်ထုတ်နေတော့ အနောက်ကမ်းဘက် ရေစီးကြောင်းအတိုင်း မျောနေတုန်း၊ ကျွန်းတုံးတစ်တုံးနဲ့တိုးလို့ ဖက်လိုက်ပြီး မျောလိုက်သွားတာ၊ သမ္ဗလဘိုရွာကမ်းစပ်နားမှာ ခြေထောက်မိတယ်။ ငါးရွှေကြီးကိုလည်း ကြိုးနဲ့ကမ်းစပ်ဆွဲတင်တော့ ဒီကောင်ကြီး အမောဆို့နေတာရော၊ အစ်ကို့ငါးမျှားချိတ်ကြီးက အတွင်းအာခေါင်မှာ ထိထိမိမိကြီး ချိတ်မိနေတာဗျ။ သောင်ပြင်ပေါ် ငါးကြီးဆွဲတင်မိတော့ ငါးရွှေကြီးမလှုပ်နိုင်တော့ဘူး။ ဒါနဲ့ အနားကတွေ့တဲ့ ကျောက်တုံးကြီးနဲ့ ငါးရွှေငါးကြီး ခေါင်းထိပ်တည့်တည့် ရိုက်ခွဲပစ်လိုက်တာ၊ ငါးရွှေကြီး ကိစ္စချောသွားတာပဲ။ ငါး ရွှေကြီးက ပိဿာချိန် ၃၀ ကျော်လောက် ရှိတယ်လို့ ဦးကြီးကံက မှန်းတာပဲဗျာ"

ငတိုးက သူ့အတွေ့အကြုံကို အားပါးတရပြောအပြီး အမေက ငတိုးဘက်လှည့်ပြီး စကားတစ်ခွန်းပြောပါတယ်။

"ငတိုးရယ်၊ ဒါလောက်ကြီးတဲ့ ငါးရွှေကြီးကို ရေထဲပြန်လွှတ်လိုက်ရောပေါ့။ 'ကုန်းမှာ မြွေပွေး၊ ရေမှာ ငါးရွှေ' တဲ့၊ အန္တရာယ်များလိုက်တာဟယ်"

"အမေက လည်းဗျာ၊ ကျွန်တော် မရအရဖမ်းခဲ့ရတာကို အမေ ငါးကြီးကို ပြန်လွှတ်လိုက်လည်း ရေထဲရောက် သေမှာပဲဗျ။ ကဲ. . ဦးကြီးကံရေ ပို့မယ့် ပို့ ငါးဒိုင် ဒေါ်လုံမအိမ် ဆက်ပို့ပေးပါဗျ။ အစ်ကို လာသွားစို့၊ ငါးရွှေကြီး သွားရောင်းကြရအောင်"

ငတိုး သေကံမရောက်ပြန်ရောက်လာလို့ အမေဝမ်းသာနေသလို ငါးကြီးပါရလာလို့ ငတိုးကို ကျွန်တော်က တတွတ်တွတ်ချီးကျူးနေမိတယ်။

စိန်ပန်းနီတွေ၊ ငုစပ်၊ ငုချယ်ရီတွေ ကျွန်တော်တို့မြို့လေးမှာ ပင်လုံးကျွတ်အပွင့်တွေ ဝေနေပြီလေ။ ကျောင်းတွေဖွင့်တော့မယ်။ ကျောင်းဖွင့်ရက်အမီ ငါးရွှေကြီးရလိုက်လို့ ကျွန်တော်တို့ အပြုံးအပျော်တွေဟာ ရေနံဆီမီးခွက်ကလေးရဲ့ အလင်းရောင်ထက် ကိုးဆယ်ဆ မကသာအောင် လင်းလက်နေမယ် ထင်ပါတယ်။

မြစ်ကမ်းအနောက်ဘက်က သုခဝတီရပ်ကွက် ဆင်ခြေဖုံးအလှူအိမ်က ဖွင့်နေတဲ့ အသံချဲ့စက်ရဲ့ သီချင်းသံတွေ စီစီဝေဝေကြားလိုက်ရတယ်။

"မောင်စာ. . . ဘယ်နှဝါသင်မှာ တုန်းလို့၊ မွေးမေလေးကို . . . သံချိုနှောလို့. . ပြော. . . ပြော. . . ပြောခဲ့ပါဦး"

ကျွန်တော်တို့ ညီအစ်ကိုကတော့ ဒီတစ်နှစ်၊ တစ်ဝါတော့ ကျောင်းဆက်တက်နိုင်ပြီပေါ့။ ။

**ညီငယ်သို့ အမှတ်တရ**
**စိုးလှိုင်တင့်**



# အဆောင်ကျောက်တစ်ပွင့်၏ အတ္ထုပ္ပတ္တိ

သိန်းပိုင်(M.Engg.Geol.)

လူမျိုးတိုင်း၊ ဘာသာတိုင်းတွင် သူ့လူမျိုးနှင့် သူ၊ ဆိုင်ရာဆိုင်ရာ ယဉ်ကျေးမှုများ၊ ကိုးကွယ်ယုံ ကြည်မှုများရှိရာ ယင်းတို့သည် သမိုင်းမတိုင်မီ ခေတ်မှစ၍ ခေတ်အဆက်ဆက်မှသည် ယနေ့သိပ္ပံနှင့်နည်းပညာများ တိုးတက်ထွန်းကားလှပါသည်ဆိုသော အိုင်တီခေတ်၊ အင်တာနက်ခေတ်ကြီးမှာပင် ဂမ္ဘီရဆန်ဆန် ကိုးကွယ်ယုံကြည်မှုများသည် နေရာအနှံ့အပြားတွင် ဆက်လက်တည်ရှိနေဆဲပင် ဖြစ်ပါသည်။ အချို့သော အကြောင်းအရာကိစ္စရပ်များသည် ခေတ်သစ်သိပ္ပံပညာနည်းစနစ်များဖြင့် စမ်းသပ်တိုင်းတာ၍မရ၊ ရှာဖွေဖော်ထုတ်၍မရသော အဖြစ်အပျက်အကြောင်းအရာတို့သည် ကမ္ဘာအရပ်ရပ်တွင် ယနေ့တိုင်ရှိနေဆဲ၊ ကြုံတွေ့နေရဆဲဖြစ်ပါသည်။ ထိုကဲ့သို့သော အဖြစ်အပျက်ပေါင်းများစွာရှိသည့်အနက်မှ စာရေးသူထံတွင်ရှိနေသော ထူးခြားအံ့ဩဖွယ်ကောင်းသည့် အဆောင်ကျောက်ကလေး တစ်ပွင့်အကြောင်းကို တင်ပြချင်ပါသည်။

Asian Fame Media Group

စာရေးသူ တက္ကသိုလ်ကျောင်းသားဘဝက ကျန်းမာရေးလည်း ချူချာတတ်သလို အဆင်မပြေမှုများစွာလည်း ကြုံတွေ့ခဲ့ရပါသည်။ အထူးသဖြင့် စာမေးပွဲကြီးနီးတိုင်း ကျန်းမာရေးက တစ်ခုမဟုတ်တစ်ခု အမြဲလိုပင်ဖြစ်တတ်ပါသည်။ သူငယ်ချင်းများက စာမေးပွဲကို ကြောက်ဖျား ဖျားသည်ဟုပင် နောက်ပြောင်ကျီစယ်တတ်ကြပါသည်။ သို့ပါ၍ ဗေဒင်ဆရာကြီးတစ်ဦး၏ လမ်းညွှန်ပြသမှုဖြင့် အဝါရောင် အဆောင်ကျောက်ကလေးတစ်ပွင့်ကို အဲဒီခေတ်ကဈေး ငွေတစ်ရာ့ငါးဆယ်ကျပ်ဖြင့် ဝယ်ယူ၍ ရပ်ကွက်ထဲရှိ ပန်းထိမ်ဆရာထံတွင် အပ်နှံ၍ ငွေသတ္တုဖြင့်လက်စွပ်ကွင်းကာ ညာဘက်လက်သူကြွယ်တွင် ဝတ်ဆင်ခဲ့ပါသည်။ ယင်းအဆောင်ကျောက်ကလေးမှာ ဥဿဖရားကျောက်ဟုခေါ်ပြီး အလေးချိန် ၃ ကာရက်ခန့်ရှိကာ ကူရှင်ပုံ(လေးထောင့်ပုံ မကျတကျ) သွေးကွက်များဖြင့် သွေးထားသောကြောင့် နေရောင်တွင် တလက်လက် တောက်ပလျက်ရှိပါသည်။ ကျောက်၏ "ချွန်းပိုင်း" ဟုခေါ်သော အောက်ခြေပိုင်းထိပ်ချွန်နေရာကိုလည်း အနည်းငယ်သွေး၍ တိထားပြီး ကျောက်သမားစကားအရ "ချွန်းတိ" ထားသည်ဟု ခေါ်ပါသည်။ ထိုကဲ့သို့ ကျောက်တစ်ပွင့်အား "ချွန်းတိ" ထားရခြင်းမှာ ကျောက်အား မတော်တဆထိခိုက်မိပါက ကျိုးပဲ့ပျက်စီးသွားခြင်းမှ ကြိုတင်ကာကွယ်ထားခြင်းဟု နောင်သောအခါတွင် သိရှိလာရပါသည်။ ထိုအချိန်က စာရေးသူသည် ကျောက်မျက်ရတနာများအကြောင်း တတ်သိနားလည်ခြင်း မရှိသေးပါ။

ထိုကဲ့သို့ အဆောင်လက်စွပ်ကလေးအား အမြတ်တနိုးဝတ်ဆင်ထားစဉ် တစ်နှစ်ခန့်ကြာသောအခါ ငွေလက်စွပ်ကလေးသည် ဂဟေဆက်ထားသောနေရာမှ ပြုတ်ထွက်သွားသဖြင့် မူလကလက်စွပ်ကလေးအား ပြုလုပ်ပေးခဲ့သော ရပ်ကွက်ထဲက ပန်းထိမ်သို့ပင် ပြန်လည်အပ်နှံ၍ ဂဟေပြန်ဆက်ပေးရန် ပြောကြားခဲ့ပါသည်။ ပန်းထိမ်ဆရာမှလည်း ငွေလက်စွပ်ကလေးအား ဂဟေပြန်ဆက်ပေးမည်ဟုပြောကာ လက်စွပ်ကလေးအား လက်ခံထားလိုက်ပြီး ပြန်ရမည့်နေ့ရက်ကိုလည်း ချိန်းဆိုလိုက်ပါသည်။ စာရေးသူလည်း ရက်ချိန်းစေ့သောအခါ ပန်းထိမ်ဆရာထံတွင် အပ်နှံထားခဲ့သော မိမိ၏အဆောင်လက်စွပ်လေးအား ပြန်လည်ရွေးယူခဲ့ပါသည်။ ထိုအခါ ထူးဆန်းစွာပင် မိမိပန်းထိမ်ဆရာထံအပ်ခဲ့စဉ်က အဝါရောင်ကျောက်ဖြင့် ပြုလုပ်ထားသော အဆောင်ငွေလက်စွပ်ကလေးသည် ယခုအခါအဝါရောင်မဟုတ်တော့ဘဲ ကျောက်၏အရောင်မှာ လုံးဝအဖြူရောင်သို့ ပြောင်းလဲသွားပါသည်။

မိမိကလည်း ယင်းကဲ့သို့ မိမိကျောက်၏အရောင်ပြောင်းလဲသွားသောကြောင့် မိမိကျောက်ဟုတ်၊ မဟုတ်နှင့် ပန်းထိမ်ဆရာမှ ကျောက်ကို ပြန်လည်တပ်ဆင်ရာတွင် ကျောက်မှား၍များ တပ်ဆင်လိုက်သလားဟူသော စိုးရိမ်စိတ်ဖြင့် မိမိလက်စွပ်မှ ကျောက်ကလေးအား အပြန်ပြန်၊ အလှန်လှန် စစ်ဆေးနေမိပါတော့သည်။ မိမိကျောက်သည် မူလအဝါရောင်မှ အဖြူရောင်သို့ ပြောင်းလဲသွားသည်မှအပ ကျောက်၏အရွယ်အစား၊ ကျောက်၏ သွေးကွက်အနေအထားများသည် မူလပုံစံအတိုင်း တစ်ပုံစံတည်းမပြောင်းမလဲရှိနေသဖြင့် ပန်းထိမ်ဆရာအား မိမိမူလအပ်ခဲ့စဉ်က မိမိကျောက်မှာ အဝါရောင်ဖြစ်ပြီး ယခုအခါ အဖြူရောင်သို့ ပြောင်းလဲနေကြောင်း ပြောပြလိုက်ပါသည်။ ထိုအခါ ပန်းထိမ်ဆရာမှ မိမိ၏ငွေလက်စွပ်ကလေးကို ဂဟေပြန်ဆက်စဉ်အခါက "မီး" ဖြင့် ဆက်ရခြင်းဖြစ်ပြီး ဂဟေဆက်ပေးသောသူ၏ တပည့်မှလည်း လက်စွပ်မှကျောက်ကိုမဖြုတ်ဘဲ အလွယ်တကူပင် ငွေလက်စွပ်ကို မီးအပူပေး၍ ဂဟေဆက်လိုက်သဖြင့် မီး၏အပူရှိန်ကြောင့် ကျောက်၏အရောင်မှာ ပြောင်းလဲသွားခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းပြခဲ့ပါသည်။

ထိုအခါ မိမိလည်း ဘာမှုမတတ်နိုင်တော့ဘဲ အလွန်ပင် စိတ်မကောင်းဖြစ်မိပါတော့သည်။ မူလက တောက်ပြောင်ဝင်းလက်နေသော အဝါရောင်ကျောက်ကလေးသည် ယခုအခါဖြူစုတ်စုတ်နှင့် ယခင်ကလောက်လည်း တောက်ပြောင်ဝင်းလက်ခြင်း မရှိတော့ပါ။ မိမိလည်း စိတ်ပျက်လက်ပျက်နှင့်ပင် ယင်းအဆောင် ကျောက်လက်စွပ်ကလေးကို ပြန်လည်ဝတ်ဆင်ထားရုံမှတစ်ပါး အခြားမရှိတော့ပါ။ ဒီလိုနှင့်ပင် မိမိလည်း အမှတ်တမဲ့နှင့် လက်စွပ်ကလေးကို ပြန်လည်ဝတ်ဆင်ထားလိုက်သည်မှာ သုံးလေးလခန့်ပင် ကြာသွားပြီဟု ထင်မိပါသည်။ တစ်နေ့သောအခါ အမှတ်မထင် မိမိ၏လက်စွပ်ရှိ အဆောင်ကျောက်ကလေးကို သေချာစွာပြန်လည်ကြည့်မိသောအခါ လက်စွပ်ကျောက်ကလေးသည် ပန်းထိမ်မှ ပြန်လည်ရွေးယူစဉ်အခါက အပူရှိန်ကြောင့် အဖြူရောင်ပြောင်းသွားရာမှ ယခုတဖန် ထူးဆန်းစွာပင် မူလအဝါရောင် ပြန်ဖြစ်နေသည်ကို ထူးဆန်းအံ့သြဖွယ်ရာ ပြန်လည်တွေ့ရှိနေရပြီး မိမိလည်း အတိုင်းမသိ ပြန်လည်ပျော်ရွှင်မိပါသည်။ နောင်သောအခါ ယင်းကျောက်ကိုပင် ရွှေဖြင့်ကွင်း၍ အဆောင်ကျောက်အဖြစ် ဆက်လက်ဝတ်ဆင်ခဲ့ပါသည်။ ယင်းအဖြစ်အပျက်သည် နာမည်ကြီး မျက်လှည့်ဆရာတစ်ယောက်က မျက်လှည့်ပြနေသလို (သို့) တန်ခိုးရှင်တစ်ယောက်က ဖန်ဆင်းပြနေသလို ဂမ္ဘီရဆန်ဆန် ရင်ထဲတွင် ဖြစ်ပေါ်ခံစားနေရပါသည်။ ထို့နောက် ကျောက်မျက်သိပ္ပံပညာရပ်များကို သိရှိလာသောအခါ အချို့သောကျောက်မျက်များသည် ပြင်းထန်သောအပူရှိန်ဖြင့် အပူပေးလိုက်ပါက ခေတ္တသော်လည်းကောင်း၊ အစဉ်သဖြင့်သော်လည်းကောင်း အရောင်ပြုပြင်ပြောင်းလဲနိုင်ကြောင်းကို သိရှိရပါသည်။

**ကျောက်မျက်များအား အပူပေးပြုပြင်ပြောင်းလဲခြင်း (Heat Treatment)**

ကျောက်မျက်များအား အပူပေးပြုပြင်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မူလကျောက်မျက်များ၏ ပင်ကိုအရောင်ကို ပြုပြင်ပြောင်းလဲရန်၊ မူလကျောက်မျက်များ၏အရောင်ကို ပိုမိုလှပကောင်းမွန် တောက်ပကြည်လင်လာစေရန် ကျောက်မျက်များအတွင်းရှိ အညစ်အကြေး (Inclusion and Impurity) အချို့ကို သန့်စင်ပယ်ထုတ်ပစ်ရန်၊ ကျောက်မျက်များအတွင်းရှိ အက်ရာကဲ့သို့သော အနာအဆာများကို ဖာထေးပြုပြင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်လေ့ပြုလုပ်ထ ရှိကြပါသည်။ လွန်ခဲ့သော ဘီစီ ၂၀၀၀ ခုနှစ်ခန့်လောက်ကပင် အိန္ဒိယလူမျိုးတို့သည် ပုံဆောင်မွှားသလင်းအုပ်စုဝင် ချာလ်စီဒိုနီ (Chalcedony) ကျောက်များကို အပူပေးပြုပြင်လိုက်ခြင်းအားဖြင့် နီညိုရောင်သို့ ပြောင်းလဲသွားပြီး ကာနယ်လီယမ် (Carnelian) ဟုခေါ်သော နီညိုရောင်ချာလ်စီဒိုနီကျောက်နှင့် အဂိတ် (Agate) ကျောက် အရောင်တော်တော်များများသည်လည်း အပူပေးပြုပြင်ထားသော ကျောက်များပင် ဖြစ်ပါသည်။ ရောမလူမျိုးသဘာဝသမိုင်းပညာရှင် ပလင်နီ(Pliny) အေဒီ ၂၃-၇၉ ကလည်း သလင်းကျောက်တစ်မျိုးကို အပူပေးပြုပြင်လိုက်ခြင်းအားဖြင့် မဟူရာကဲ့သို့ အနက်ရောင်ကျောက်မျိုးကို ပြုလုပ်နိုင်ကြောင်း သူ၏ စာအုပ်တွင် ရေးသားဖော်ပြခဲ့ပါသည်။

ယခုအခါ အပူပေးပြုပြင်ပြောင်းလဲခြင်းနည်းစနစ်ဖြင့် အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်လာသော အောက်ဖော်ပြပါ ကျောက်မျက်များကို ပြုလုပ်နိုင်ကြပြီ ဖြစ်ပါသည်။ (၁) ပတ္တမြား (၂) နီလာ (၃) မြပြာ (Aquamarine) (၄) ခရမ်းစွဲ (၅) သလင်းဝါ (၆) ဥဿဖရားအပြာ၊ အနီနှင့်ပန်းရောင် (Blue, Red & Pink Topaz) (၇) မှတ်မီးရောင်စုံ (အဝါ၊ လိမ္မော်၊ အစိမ်း၊ အပြာ၊ ပန်းရောင်၊ အနီ၊ ခရမ်းစသည်) (Yellow, Orange, Green, Blue, Pink, Red and Purple Tourmaline) (၈) ဂေါ်မိတ် (အဝါ၊ အပြာ၊ အရောင်မဲ့နှင့် အနီရောင်) (Yellow, Blue, Colorless and Red Zircon) စသည်တို့ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း မိုးကုတ်မှ ထွက်ရှိသော ပတ္တမြား၊ နီလာအချို့နှင့် အချို့မိုးကုတ်ကျောက်မျက်များကို အပူပေးပြုပြင်ပြောင်းလဲလိုက်ခြင်းအားဖြင့် အရည်အသွေးပိုမိုကောင်းမွန်သော ကျောက်မျက်များကို ရရှိကြသလို မိုင်းရှူးမှထွက်သော ပတ္တမြားများသည်လည်း အပူပေးမီးဖုတ်ပြုပြင်ထားသည့် ကျောက်မျက်များထဲတွင် နာမည်ကြီးကျောက်ဖြစ်ပါသည်။ သဘာဝ၏ လိုအပ်ချက်များကို လူသားများက အသိဉာဏ်ပညာဖြင့် ထပ်မံ ဖြည့်တင်းပေးလိုက်ခြင်းအားဖြင့်

Asian Family Media Group

| | နီလာအနွယ်ဝင်ဥဿဖရား colourless or yellow Sapphire | ထပ်တစ်ရာဥဿဖရား Topaz |
|---|---|---|
| မာဆင့် | ၉ | ၈ |
| သိပ်သည်းဆ | ၃. ၉၉ | ၃. ၅၃-၃. ၅၆ |
| ဓာတုဖွဲ့စည်းပုံ | $Al_2O_3$ | $Al_2(F,OH)_2\ SiO_4$ |
| ပျမ်းမျှအလင်းယိုင်ညွှန်းကိန်း | ၁. ၇၆ | ၁. ၆၃ |
| အရောင်ကွဲအညွှန်းကိန်း | ၀. ၀၀၈ | ၀. ၀၀၈ |
| ပုံဆောင်စနစ် | တြိဂုဏ်စနစ် | ရွှမ်းဘတ်ပုံစနစ် |
| အလင်းကွဲခြင်း | ၀. ၀၁၈ | - |
| အရောင် | ရောင်မဲ့(သို့)အဖြူရောင်၊ ခဲရောင်၊ အဝါရောင် | အဖြူရောင်၊ အဝါရောင်၊ ပန်းရောင်၊ အစိမ်းရောင်၊ အညိုရောင်၊ အပြာရောင်၊ အနီရောင် |
| ကွဲအင် | - | အောက်ခြေပြင်ညီနှင့်အပြိုင်တစ်စုံ |
| ရောင်လက် | မှန်ရောင်လက် | မှန်ရောင်လက် |

ယခုအခါ အပူပေးပြုပြင်ပြောင်းလဲထားသည့် မီးဖုတ်ကျောက်မျက်များသည်လည်း ရောင်းတန်းဝင် မျက်နှာပန်းလှကျောက်မျက်များ ဖြစ်လာရပါသည်။

## ဥဿဖရားကျောက်

ဥဿဖရားကျောက်သည်လည်း တွင်းထွက်သဘာဝအတိုင်း ကျောက်များရှိသလို အပူပေးပြုပြင်ထားသော ကျောက်များလည်းရှိပါသည်။ ထို့အပြင် ဥဿဖရားဟုခေါ်သော ကျောက်တွင် မျိုးကွဲ၊ အယူအဆကွဲများရှိနေပြီး အင်္ဂလိပ်အမည် **Topaz** ဟုခေါ်သော ကျောက်ကို ဥဿဖရားကျောက်ဟုခေါ်သလို အဖြူရောင်(သို့) ရောင်မဲ့၊ ခဲရည်နှင့်အဝါရည်ရှိသော နီလာအုပ်စုဝင် ကျောက်များကိုလည်း မိုးကုတ်ဒေသခံတို့က ဥဿဖရားဟုပင် ခေါ်ဆိုကြပါသည်။ (အသေးစိတ် သိလိုပါက ရတီမဂ္ဂဇင်း၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလထုတ်တွင် "ဝိဝါဒတွေထဲက ဥဿဖရားကျောက်" ကို ပြန်လည်ဖတ်ရှုပါ။) စာရေးသူထံရှိ ဥဿဖရားကျောက်သည် ပြုပြင်ပြောင်းလဲထားခြင်း မရှိသော သဘာဝတွင်းထွက်ကျောက်ဖြစ်ပြီး ကိုရမ်ဒမ် (**Corundum**) အနွယ်ဝင် အဝါရောင်နီလာကျောက်ကို သွေးထားသောဥဿဖရားကျောက် ဖြစ်ပါသည်။ ထို့ပြင် ကျောက်သွေးဆရာ၏ အကွက်ကျနစွာသွေးထားမှုနှင့် ကျောက်၏အပြစ်အနာအဆာကင်းစင်မှုများကြောင့် ယင်းကျောက်ကို မြင်တွေ့ရသော အချို့နိုင်ငံခြားသားများကပင် အဝါရောင်စိန် (**Yellow Diamond**) လားဟုပင် မကြာခဏ မေးမြန်းခံရလောက်အောင် လှပတောက်ပြောင်လှပါသည်။

စာရေးသူကိုယ်တိုင်ကလည်း ယင်းကျောက်ကို ငွေတစ်ရာ့ငါးဆယ်ကျပ်နှင့် ဝယ်ယူခဲ့စဉ်က အဝါရောင်နီလာကျောက်ကို သွေးထားသည့် ဥဿဖရားကျောက်ဟု သိရှိ၍ ဝယ်ယူခဲ့ခြင်းမဟုတ်ဘဲ သာမန်အဆောင်ကျောက်တစ်ပွင့်အနေနှင့်သာ ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ ကျောက်ကို ဝယ်ယူဝတ်ဆင်ပြီးနောက် နှစ် ၂၀ ခန့်ကြာသည့်အခါမှသာ ကျောက်မျက်ဓာတ်ခွဲခန်းတစ်ခုမှ မိတ်ဆွေတစ်ယောက်က သူကိုယ်တိုင်စိတ်ဝင်စား၍ စစ်ဆေးကြည့်သောအခါမှသာ နီလာကျောက်ကို သွေးထားသည့် ဥဿဖရားကျောက်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ သို့ပါ၍ စာဖတ်သူများဗဟုသုတ ရရှိရန်အလို့ငှာ **"Topaz"** ဥဿဖရားနှင့်နီလာအုပ်စုဝင် ဥဿဖရားကျောက်များ၏ ကျောက်မျက်သိပ္ပံပညာရပ်တွင် တွင်းထွက်ဗေဒအရ ကွဲပြားခြားနားပုံများကို အထက်ပါ ဇယားကွက်တွင် ဖော်ပြအပ်ပါသည်။

မှတ်ချက်။ ။ အချို့အနောက်တိုင်းမှ ကျောက်မျက်ပညာရှင်များကလည်း **colourless or yellow Sapphire** ကို **Oriental Topaz** ဟုပင် ခေါ်ဝေါ်ကြပါသည်။

## သိဒ္ဓိဝင်အဆောင်ကျောက်

ဤအဆောင်ကျောက်ကလေးကို စာရေးသူက သိဒ္ဓိဝင်အဆောင်ကျောက်ဟု ဆိုချင်ပါသည်။ ယင်းကဲ့သို့ ပြောဆိုရာတွင် စာရေးသူ၌ အကြောင်းပြချက်များ ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအဆောင်ကျောက်နှင့် ပတ်သက်သော ထူးခြားချက်များကို စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့ရသောကြောင့် ဖြစ်ပါသည်။ ယင်းတို့မှာ

(၁) ပထမဦးဆုံးအနေဖြင့် လက်စွပ်ကို စတင်ဝတ်ဆင်ပြီး တစ်နှစ်ခန့်ကြာသောအခါ ဂဟေပြုတ်သွားသဖြင့် ပန်းထိမ်တွင် ပြန်လည်ပြင်ဆင်သောအခါ ဂဟေဆက်သောအပူရှိန်ကြောင့် လက်စွပ်ရှိကျောက်မှာ အဝါရောင်မှအဖြူရောင်သို့ ပြောင်းသွားသော်လည်း သုံးလေးလခန့်ကြာသည့်အခါ မူလအဝါရောင်သို့ အလိုအလျောက်ပြန်လည်ပြောင်းလဲလာခြင်း။


(၂) မူလက ငွေတစ်ရာ့ငါးဆယ်ကျပ်ဖြင့် သာမန်ဥဿဖရား အဆောင်ကျောက်အနေနှင့်သာ အမှတ်တမဲ့ ဝယ်ယူခဲ့သော်လည်း ယခုအခါသာမန်ဥဿဖရား ကျောက်တစ်ပွင့်မဟုတ်ဘဲ နီလာဝါကိုသွေးယူထားသည့် ရှေးဥဿဖရား ကျောက်တစ်ပွင့်ဖြစ်နေသောကြောင့် ခေတ်ကာလတန်ဖိုးအားဖြင့် သိန်းချီတန်သော ကျောက်မျက်တစ်ပွင့်ဖြစ်သွားခြင်းက လက်ငင်းအကျိုးကျေးဇူးများကို ဖြစ်ပေါ်နေခြင်း။

(၃) မိတ်ဆွေဗေဒင်ဆရာတစ်ဦး၏ လမ်းညွှန်ပြောပြချက်အရ မိမိအလုပ်အကိုင် အဆင်မပြေသောအခါ၊ ငွေကြေးလိုအပ်နေသောအခါ၊ ကျန်းမာရေးညံ့သည့်အခါများတွင် ယင်းအဆောင်ကျောက်လက်စွပ်ကလေးကို တရော်ကင်ပွန်းရည်ဖြင့်သော်လည်းကောင်း၊ တရော်ကင်ပွန်းမရနိုင်ပါကလည်း ရိုးရိုးဆပ်ပြာမွှေးရည်များဖြင့်သော်လည်းကောင်း ဆေးကြောသန့်စင်ပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းကာ ပြန်လည်ဝတ်ဆင်သောအချိန်တွင် အနည်းဆုံးငါးပါးသီလခံယူပြီး သစ္စာအဓိဋ္ဌာန်ပြု၍ ၃၁ ဘုံသားတို့အား မိမိ၏ကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေပြီး ဆုတောင်းပါက မကြာမီကာလအတွင်း မိမိ၏အခက်အခဲများ ပြေလည်ကာ လိုအင်ဆန္ဒများပြည့်ဝလာမည်ဟု ဆိုပါသည်။ စာရေးသူလည်း အခက်အခဲများကြုံတွေ့ရတိုင်း မိတ်ဆွေဗေဒင်ဆရာ ပြောပြသည့်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ရာ မှန်ကန်နေသည်ကို တွေ့ရှိခဲ့ရပြီး မိမိ၏ အခက်အခဲအကျဉ်းအကျပ်များအားလုံးလည်း အချိန်တိုအတွင်း ပြေလည်သွားသည်မှာ များပါသည်။

သို့ပါ၍ ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက ဝတ်ဆင်အသုံးပြုခဲ့သော နဝရတ်ကိုးပါးကျောက်မျက်များ၏ အစွမ်းသတ္တိကို မယုံ၍မရသလို၊ ကျောက်မျက်ရတနာများသည် အမိကမ္ဘာမြေကြီး၏ အမြုတေအဖိုးတန်ရတနာများလည်းဖြစ်ပေရာ ကျောက်မျက်အသီးသီးမှာလည်း သူ့အစွမ်းနှင့်သူ ဂမ္ဘီရအစွမ်းသတ္တိများ ကိန်းအောင်းနေမည်မှာ အသေအချာပင်ဖြစ်ပြီး မိမိနှင့် ကိုက်ညီရန်သာ လိုအပ်လှပါသည်။

***သိန်းဝိုင်(M.Engg.Geol.)***

Asian Fame Media Group



Asian Fame Media Group



ရ ည် ညွှ န်း ဖွဲ့ သီ ချ စ် သူ ဆီ . . .

# ချစ်ကြသူအား အချစ်တဲ့ပါး

**အချစ်သည် ဆေးခါးကြီးတစ်ခွက်ဖြစ်သည်။**

မောင် ခုထိပြန်မရောက်သေး။ မောင့်အိမ်ဘက် မျက်လုံးကလေး မသိမသာ စွေကြည့်ရင်း ကျွန်မတစ်ယောက်တည်း တွေးမိခြင်းရယ်။

မောင်နဲ့ ကျွန်မတို့အိမ်က ဓားလွယ်ခုတ်အနေမှာရှိကြတာမို့ တစ်နေ့တစ်နေ့ မောင့်ခြေလှမ်းတွေကိုပဲ ကျွန်မ အမြဲစောင့်ကြည့်နေဖြစ်သည်။ မောင့်အိမ်ကို ဝင်ထွက်နေသော ကောင်မလေးများကို ကျွန်မ ခဏခဏတွေ့ဖူးသည်။ မောင့်မိဘတွေ အိမ်မှာမရှိချိန် မောင်တို့သူငယ်ချင်းတွေစုပြီး အရက်သောက်တတ်ကြတာကို တွေ့ဖူးသည်။ ချိန်းပွဲများလုပ်၍ ရန်ဖြစ် ရိုက်နှက်တတ်ကြကြောင်းလည်း ကြားဖူးပါသည်။

အားလုံးကပြောကြသလို လူဆိုးကလေး မောင် ဖြစ်နိုင်ပါသည်။ မောင်တို့အိမ်ရှေ့အုတ်ခုံပေါ်မှာ မောင် ဆေးလိပ်သောက်နေတာကိုလည်း ခိုးခိုးကြည့်ဖူးသည်။ ကျွန်မစာကြည့်နေချိန် ညညတွေမှာမှ ဂစ်တာတီးလေ့ရှိသော မောင့်အပေါ် စာကြည့်နေတုန်း နှောင့်ယှက်ရန်ကောဟု တစ်ခါမျှပင် မတွေးခဲ့ဖူးပါ။ မောင် သီဆိုသမျှ သီချင်းစာသားများထဲမှာ စိမ့်နစ်ပျော်ဝင်လျက် ကျွန်မကိုပဲ ရည်ညွှန်းဆိုလေသလား. . ခပ်ရှက်ရှက်နှင့် ညွှတ်နူးသာယာမိသူ ကျွန်မသာ. . . ။

အဲသည်မောင်က တစ်နေ့မှာ ကျွန်မအတွက် စာလေးတစ်စောင် လူကြုံပါးလာခဲ့လေသည်။ ဖတ်

Asian Fame Media Group

နေရင်းက ကျွန်မမျက်ရည်ကျမိသည်။ ကျွန်မ၏ ပထမဦးဆုံးအချစ်သည် ကျွန်မမိဘတွေ ဘယ်လိုနည်းနှင့်မှ သဘောကျစရာအကြောင်းမရှိသော လူငယ်ကလေး၊ မောင်ဟု တိတ်တိတ်ကလေး ကျွန်မနှုတ်ဖျားက ခဏခဏ ရွတ်ကြည့်ကြည်နူးဖူးသူ၊ လူပေလူတေကလေးဟု အားလုံးကဆိုသော သူ . . . တဲ့။ သို့သော် ကျွန်မ ငြင်းဆန်နိုင်စွမ်းမရှိခဲ့ပါ။ ထိုအချိန် ထိုအရွယ်သည် ငယ်နုသူတို့၏ နှလုံးသား လန်းဆတ်ချိန် ဖြစ်ရာ "မောင်နှင့် ချစ်ခွင့်" ကိုက ကျွန်မ၏ ဘဝတစ်ခုလုံး ဖြစ်ခဲ့သည်လေ။

ကောင်မလေးများအားလုံးကို အဆက်ဖြတ်ပြီး ကျွန်မတစ်ယောက်တည်းကို အချစ်ဆုံးဆိုသော မောင့်စကားအပေါ် ကျွန်မတိမ်းမူးသည်။ မျက်လုံးနက်နက်လေးတွေ၊ ဆံပင်ပျော့ပျော့လေးတွေနှင့် မောင်ဟာ လူတွေပြောသလောက်လည်း မဆိုးလှပါ (ကျွန်မ ထင်ခဲ့တာပါ)။ သို့တိုင်အောင် ကျွန်မတို့ ချစ်နေကြတာကိုသိသော ရပ်ကွက်ထဲက လူတချို့ကမူ မောင်လို လူဆိုးကလေးနှင့် ကျွန်မ မြဲမှာမဟုတ်ဟု လောင်းကြေးထပ်ကြသည်တဲ့။ အဲသည် လောင်းကြေးကပင် ခေါင်းမာ၍ တစ်ဇွတ်ထိုးနိုင်သူ ကျွန်မကို မောင့်အပေါ် ပိုမိုခိုင်မြဲစေခဲ့သလား၊ စောင့်ကြည့်လိုက်ကြပေါ့ဟု ပတ်ဝန်းကျင်ကို အချဉ်ပေါက်စိတ်ကပဲ ကျွန်မကို စုံလုံးကန်းစေခဲ့သလား ကျွန်မ မသိခဲ့ပါ။ သေချာတာကတော့ တစ်လောကလုံးနှင့် မောင် တစ်ယောက်တည်းဆိုလျှင်တောင် မောင့်ဘက်က ရပ်တည်လျက် မောင်နှင့် ရှေ့ဆက် ချစ်ကြဖို့ကိုပဲ ကျွန်မ ရွေးချယ်ဇွတ်တိုးခဲ့လေသည်။

တစ်ည မောင် အိမ်ပြန်အလာ ညာဘက်လက်မောင်းမှာ သွေးစွန်းနေသောရှပ်အကျႌအဖြူကို ကျွန်မနောက်ဘက်မှ မြင်လိုက်ရသည်။ မောင် ရန်ဖြစ်လာပြန်ပြီ။ ရင်ထဲမှာ ပူသွားလိုက်ပုံများ၊ အဲဒီညက ကျွန်မဘယ်လိုမှ အိပ်မပျော်နိုင်ခဲ့။ မောင့် ဂစ်တာတီးသံလည်း မကြားရ။ ကျွန်မ၏ စိတ်နှလုံးသည်လည်း မောင့်လက်မှ ဒဏ်ရာနှင့်ထပ်တူ ပူပန်လွန်းစွာ နာကျင်ခဲ့ရသည်ပင်။

နောက်ရက်တွေမှာ မောင်နဲ့တွေ့တော့လည်း ထုံးစံအတိုင်း မောင့်ကို ဘာမှရေရေရာရာမေးလို့ မရပြန်ပါ။ မောင့်အပြောကတော့ ကျွန်မပေးထားသော မောင့်လည်ပင်းက ရွှေဆွဲကြိုးမျှင်မျှင်လေး ရန်ဖြစ်ရင်း ကျပျောက်သွားခဲ့သည်တဲ့။ ကျွန်မ ယုံကြည်ခဲ့ပါသည်။ သို့သော် တစ်နေ့ မောင့်သူငယ်ချင်းနဲ့ လမ်းမှာအတွေ့၊ သူက အခိုင်အမာပြောလာသည်မှာ ကျပျောက်တာမဟုတ်၊ ဆွဲကြိုးကို မောင် ရောင်းစားပစ်လိုက်တာတဲ့။ ကျွန်မရင်ထဲ ရှုပ်ထွေးသွားခဲ့ရသည်။ ပထမဆုံးအကြိမ် မောင့်အပေါ် သံသယဖြစ်မိသည်။ ကျွန်မအပေါ် မောင် တကယ်ပဲ ညာရက်ခဲ့သလား၊ မောင့်မျက်နှာကို စေ့စေ့ကြည့်၍ မေးလိုက်ချင်လှသည်။

အတူရှိနေချိန်များတွင် မောင် ဆေးလိပ်သောက်တာကို ကျွန်မ လုံးဝ မနှစ်သက်ခဲ့ပါ။ မောင့်နှုတ်ခမ်းက ဆေးပေ့ါလိပ်ကို မပြောမဆိုနှင့် ဆွဲယူကာ လွှင့်ပစ်ခဲ့ဖူးသည်။ ထိုအခါ မြေကြီးပေါ်က ဆေးပေ့ါလိပ်ကလေး တစ်လိပ်ကို မျက်နှာပျက်ပျက်နှင့် ပြန်ကောက်ယူပြီး သူ့ရှပ်အကျႌအိတ်ကပ်ထဲ ထည့်လိုက်သော မောင်နှင့်ကျွန်မ အကြီးအကျယ် စကားများခဲ့ရသည်။ အဲသည် ဆေးပေ့ါလိပ်မှာ ဆေးခြောက်ထည့်ထားမှန်း ကျွန်မဘယ်လိုလုပ်သိနိုင်ပါ့မလဲ။ မောင်က ဆေးစွဲနေသူကောင်ကလေးတစ်ယောက်၊ ပြီးတော့ သူ့လက်မှာ ဆေးထိုးအပ်ရာ အပေါက်ငယ်လေးတွေ ကျွန်မတွေ့ဖူးခဲ့တာကို ပြန်လည်ဆက်စပ်တွေးရင်း ရိပ်မိသိရှိသွားခဲ့ရတာပင်။ ကျွန်မ ဘာဆက်လုပ်ရမလဲ၊ မဆုံးဖြတ်ရဲပါ။ ကျွန်မ မောင်နှင့် မခွဲနိုင်ပါလေ။

ကြားရသော သတင်းသာ အမှန်ဖြစ်လျှင် သည်သတင်းဆိုးကို ကျွန်မ ဘယ်လိုများ ရင်ဆိုင်လက်ခံရမည်လဲ မသိတော့ပါ။ မောင်ဟာ မောင့်အဘွားကို ဖျော်ရည်ထဲ အိပ်ဆေးထည့်တိုက်ပြီး အိပ်ပျော်သွားမှ အဘွားနားကပ်ချွတ်ကာ ဖြုတ်ယူရောင်းစားသည်တဲ့။ ခုတော့ မောင်ကအချုပ်ထဲမှာ။ မောင့်မိဘတွေကိုယ်တိုင် ထိန်းမနိုင်လို့ အမှုဖွင့်ပြီး အချုပ်ထဲ ထည့်ထားလိုက်သည်ကြား၏။ ကျွန်မ ငိုရပြန်ပါသည်။ မောင် ဆိုးလွန်းသည်ဆိုတာ ကျွန်မ မယုံလို့ မရတော့ပါ။ မောင့်အပေါ် ဘယ်လောက်ပဲ ချစ်သည်ဆိုစေ၊ အဲသည်လို လူမိုက်ကလေးတစ်ယောက်နှင့် တစ်သက်လုံး လက်တွဲသွားဖို့ထိ ကျွန်မ မိုက်ရူးရဲမဆန်နိုင်ပါ။ အဲသည်နောက်မှာ မောင်နှင့်ကျွန်မ ပို၍ ပို၍ ဝေးသွားသလို ခံစားခဲ့ရသည်။

မိုး၏အားနည်းချက်မှာ ယောက်ျားကြီးဖြစ်လျက်နှင့် စိတ်ကောက်တတ်ခြင်းပင် ဖြစ်လေသည်။ အစမှာတော့ ကျွန်မကပဲ ပြန်လည်ချော့မော့လေ့ရှိပေမယ့် ကြာတော့လည်း ကောက်စမ်းဟာဟု လွှတ်ထား ကြည့်မိခဲ့ဖူးသည် . . .



ဘယ်လိုမှ မဖြစ်နိုင်တော့သည့်အဆုံး ကျွန်မ မောင့်ကို လက်တွဲဖြုတ်ထားရစ်ခဲ့ပါတော့သည်။ မောင်နှင့်တွေ့နေကျရက်တွေမှာ အချိန်ကျလာတိုင်း ယဉ်းထသလို တွေ့ချင်စိတ်တွေ ချင်ခြင်းတပ်လာသည်ကို ခက်ခဲစွာ မသိယောင်ဆောင်လျက် နေခဲ့ရသည်မှာ နှလုံးသားတစ်ခုလုံး ပန်းလျနာကျင်စွာ။

ပထမဦးဆုံးသော အချစ်သည် ကျွန်မအတွက်တော့ ဆေးခါးကြီးတစ်ခွက်ဖြစ်သည်။ ဆေးခါးကြီးကမှ အဝင်ဆိုးသော်လည်း ခန္ဓာကိုယ်ကို ကျန်းမာစေသေးသည်။ မောင့်အချစ် ဆေးခါးကမူ ကျွန်မကို ပို၍ ပို၍ နာမကျန်းဖြစ်စေခဲ့လေသည်။ မောင်နှင့် အမြင်ချင်းနီးလျက် စိတ်ချင်းဝေးအောင် ကြိုးစားကာ အကြိမ်ကြိမ် ပိုင်းဖြတ်လျက်က အလူးလူးအလိမ့်လိမ့် ရူးသွပ်ခံစားခဲ့ရသော အချိန်များပါပေ။

♦

**အချစ်သည် ကျွန်မလက်ထဲက ယုန်ဖြူလေးတစ်ကောင်သာဖြစ်သည်။**

ကျွန်မ ထင်ထားသည်ထက် စောစီးစွာ မောင့်အပေါ် သံယောဇဉ်ဖြတ်နိုင်ခဲ့ရသည်မှာ ဖိုးသားကြောင့်လည်း ဖြစ်နိုင်ကောင်းပါသည်။ သူ့အိမ်ကလူတွေ ခေါ်ကြသလို ဖိုးသားဟု ကျွန်မက လိုက်ခေါ်လျှင် သူ မကြိုက်ပါ။ သူ့ကို 'မောင်' ဟု ခေါ်စေချင်သော ထိုကောင်ကလေးသည် ကျွန်မထက် ၆ နှစ်တိတိ ငယ်ပါသည်။ "မောင်ဆိုတာ တကယ်ချစ်မှ ခေါ်ရတာကွ" ဟု ကျွန်မက ခပ်ညစ်ညစ်ဆိုလျှင် မျက်နှာပျက်တတ်သူ။

သူ့မှာ အရုပ်စစ်ကား သေးသေးလေးမှစ၍ တင့်ကား၊ သံချပ်ကား အကြီးစားကြီးတွေအထိ ပလတ်စတစ်လေးထောင့်ပုံးကြီးနှင့် နှစ်ပုံးအပြည့်ရှိသည်။ တွေ့ကြဖို့ချိန်းတိုင်းလည်း အမြဲနောက်ကျတတ်သည်မှာ သူကွန်ပျူတာဂိမ်း ကစားနေလို့ပဲ ဖြစ်လေသည်။ သူ့အပြစ် မဟုတ်ပါ။ အတိုင်းအဆမရှိ အလိုလိုက်ခြင်းခံထားရသော အငယ်ဆုံးသားကလေး၊ တစ်အိမ်လုံးက

Asian Fame Media Group

ဝိုင်းတုန်ချစ်ကြသော ကလေးသာသာ ကောင်ကလေးကိုမှ ချစ်သူအဖြစ် ရွေးချယ်မိသူ ကျွန်မ၏ အပြစ်ရယ်သာ။

ကွန်ပျူတာနှင့် စာအုပ်အချို့တင်ရန် စားပွဲတစ်လုံး သူ့ကို အဝယ်ခိုင်းမိခဲ့ဖူးသည်။ လွတ်နေသော ကျွန်မ၏ အခန်းထောင့်နေရာလေးနှင့် ကွက်တိတိုင်း၍ မှာလိုက်ခြင်းပင်။ သို့သော် သူဝယ်လာသည့် စားပွဲက နေရာလွတ်မှာ ထည့်၍မဆံ့အောင် ကြီးနေခဲ့လေသည်။ ကျွန်မ ဆူတော့လည်း မျက်နှာသေကလေးနှင့် ကလေးလို လုပ်နေပြန်ပါသည်။ ဆိုင်မှာအကျိုးသင့်အကြောင်းသင့်ရှင်းပြ၍ သွားပြန်လဲဖို့ ပြောသောအခါ အဲသည်လို သွားပြန်လဲရမှာ သူရှက်လှပါသည် ဆိုပြန်၏။ ကျွန်မအဖြစ်က အိမ်ထောင်မှုမကျခင် သားတစ်ယောက် မွေးထားမိသလိုပါပေ။

"မမကို လက်ထပ်မယ်၊ မောင့်မိဘတွေကို ပြောပြီးပြီ" လို့ သူပြောလာတဲ့အခါ ကျွန်မမှာ အခက်တွေ့ရတော့သည်။ မဖြစ်နိုင်ပါ။ အမျိုးသမီးများသည် ဘဝခရီး၌ မိမိကိုယ်တိုင်ရပ်တည်နိုင်သူဖြစ်စေကာမူ မိမိနှင့် တစ်သက်တာ လက်တွဲသွားရမည့် အိမ်ထောင်ဘက်အပေါ် တလေးတစားနှင့် အားကိုးသမှု ပြုလိုကြသည်သာဖြစ်သည်။ ကျွန်မဘက်က အဆင်သင့်မဖြစ်သေးသလို ကိုယ့်ထက် ငယ်ရွယ်လွန်းသူမို့ အားမကိုးချင်တာလည်း ပါသည်။ ဖိုးသားမှာ ကျွန်မ အထင်တကြီး အားမကိုးလောက်သော ကောင်ကလေး ဖြစ်နေခြင်းလည်း ပါပါလိမ့်မည်။

အမှန်ကတော့ အဲဒါတွေအားလုံးသည် သူ့အပေါ် တကယ်မချစ်ခဲ့လို့သာ ဆင်ခြေပေးခဲ့ခြင်း ဖြစ်နိုင်ကောင်းပါသည်။ လေ့မျှောရင် လေ့နဲ့လိုက်ဆိုတာလို အချစ်မျှော၍ အချစ်နဲ့လိုက်ခဲ့သည်။ အချစ်ဦးမောင်နှင့်ပတ်သက်၍ လေလွင့်နေသော စိတ်တစ်ခုအတွက် ချည်တိုင်အဖြစ် သုံးခဲ့ခြင်းဖြစ်သည်ကို ကျွန်မ မညာလိုပါ။

မေ့ပစ်လိုက်ဖို့ ကျွန်မဆိုခဲ့တုန်းက ဖုန်းထဲမှာ ဖိုးသားငိုခဲ့သည်။ ကလေးတစ်ယောက်လို ရှိုက်ငိုနေသံကြားရချိန်မှာ သူမမြင်နိုင်သော တစ်ဖက်ကနေ အသံမထွက်ဘဲ ကျွန်မက ရယ်မောနေမိခဲ့သည်။

♦

**ထွင့်နှင့် ကျွန်မ ချစ်သူတွေဖြစ်သွားကြပြီးသည်နောက် ထွင့်၏သဝန်တိုမှုများ၊ ကျွန်မအပေါ် ချုပ်ချယ်လိုမှုများအကြား အတော်ကလေး စိတ်အကျဉ်းကျခဲ့ရပြန်သည်. . .**

■ ■ ■

**အချစ်သည် သီးကလေးတစ်ကောင်ဖြစ်သည်။**

မိုးလို့ ကျွန်မခေါ်ခဲ့တဲ့ ကောင်ကလေး။ သူ့မှာ ဖြောင့်စင်းသောနှာတံ၊ မျက်လုံး ဝိုင်းဝိုင်းနက်နက်တွေနှင့် ထူထဲသော ဆံပင်စင်းစင်းနက်နက် အုံထူထူကြီးတွေ ရှိသည်။ ကျွန်မလိုတာ ဘာမဆို ဖြည့်စွမ်းပေးတတ်သော ကဗျာလက်ရေးများနှင့် ကဗျာအသီအဖွဲ့တော်သော ကျွန်မရဲ့မိုးသည် စိတ်ထားဖြူစင်သူကလေး ဖြစ်လေသည်။ စကားတစ်ခွန်းကို အသေအချာစဉ်းစားပြီးမှ လေအေးအေးလေးနှင့် အလေးအနက်ဆိုတတ်သူ၊ ဆိုခဲစေ မြဲစေဆိုသည့်သူ ဖြစ်သည်။

မိုး၏ အားနည်းချက်မှာ ယောက်ျားကြီးဖြစ်လျက်နှင့် စိတ်ကောက်တတ်ခြင်းပင် ဖြစ်လေသည်။ အစမှာတော့ ကျွန်မကပဲ ပြန်လည်ချော့မော့လေ့ရှိပေမယ့် ကြာတော့လည်း ကောက်စမ်းဟာဟု လွှတ်ထားကြည့်မိခဲ့ဖူးသည်။ သို့သော် ကျွန်မကမှ မိန်းမဖြစ်လျက် သူနှင့်စိတ်ပြိုင်မကောက်တတ်ခဲ့တော့ နောက်ဆုံး အလျှော့ပေးရသူက ကျွန်မသာ။

မိုး အကြီးအကျယ် စိတ်ကောက်သော တစ်နေ့ကို မှတ်မိပါသေးသည်။ အလုပ်ထဲမှာ ကိုယ်ရေးကိုယ်တာ ဖုန်းပြောခွင့်မရှိသော ကျွန်မသည် ထိုနေ့က မိတ်ဆွေတစ်ယောက်၏ အရေးကြီးသော ဖုန်းမက်ဆေ့ချ်ကို အိမ်ဖုန်းထဲမှာ ချန်ရစ်ဖို့ မှာထားခဲ့သည်။ အိမ်ပြန်ရောက်တော့ ဖုန်းမှာ မက်ဆေ့ချ် အသစ်ထားခဲ့လို့ မရတော့အောင် မိုးထံမှ မက်ဆေ့ချ်များနှင့် ပြည့်လို့နေခဲ့ပြီ။ ကျွန်မ စိတ်တိုသွားသည်မှာ ပြောစရာမရှိတော့။ မိုးဟာ ကျွန်မ၏ ဖုန်းထဲမှ "မင်္ဂလာပါ ကျွန်မချိုဦးခင်ပါ အရေးကြီးရင် မက်ဆေ့ချ်ထားခဲ့နိုင်ပါတယ်၊ ကျွန်မ ပြန်ခေါ်ပါ့မယ်၊ ကျေးဇူးတင်ပါတယ်ရှင်" ဆိုတဲ့ အသံကို နားထောင်၊ ဘာမက်ဆေ့ချ်မှ မထားခဲ့ဘဲ ဖုန်းပြန်ချ၊ အဲသည်လို အခါများစွာလုပ်ခဲ့တော့ နောက်လူအတွက် "မက်ဆေ့ချ်ဘောက်စ် ပြည့်နေပါပြီ၊ ဝမ်းနည်းပါတယ်ရှင်" ဆိုတာပဲ ကြားရပြီး မက်ဆေ့ချ်ချန်မရ ဖြစ်ခဲ့တော့တာ။

ကျွန်မကို လွမ်းလို့ ကျွန်မအသံကို ကြားချင်လို့ သူသည်လိုလုပ်တာဟု ဖြေရှင်းချက်ပေးလေသည်။ ဒါကို ကြည်နူးရမည့်အစား ကျွန်မက နားမလည်၊ ဒီအခါ နှလုံးသားနှင့် မခံစားတတ်ဟု အပြင်းအထန် စွပ်စွဲပါတော့သည်။ ကဗျာသမား၊ စာသမားမိုးက အဲသည်လို ခပ်ကြောင်ကြောင် စိတ်ကူးယဉ်ဆန်သူလည်း ဖြစ်သေးသည်။

ကျွန်မနှင့် အတူသွားနေရာက သူ့စာပေ ဆွေးနွေးဖော်များတွေ့လျှင် ကျွန်မ ဘေးနားရှိသည်ကို လုံးလုံးမေ့တတ်သူ၊ "ပြန်ချင် ပြန်လေ" ဟု သံယောဇဉ်မဲ့စွာ ပြောတတ်သည်မှာ ချိုဦးခင်ဆိုသောမိန်းမကို သူဖြင့် ဘယ်တုန်းကမှ မချစ်ခဲ့သလိုလို။ လူချင်းမတွေ့ရချိန်တွေမှာ လွမ်းလှချည်ရဲ့ဆိုပြီး ကျွန်မဖုန်းထဲက အသံကလေး နားထောင်ရင်း အလွမ်းဖြေရသည်မှာ သူပဲ မဟုတ်တော့သလိုလို။

တွေ့ကြတဲ့အခါ စကားတစ်လုံးမှ မဆိုဘဲ ကျွန်မနှင့် ခပ်လှမ်းလှမ်းထိုင်ကာ ကျွန်မမျက်နှာကိုငေးရင်း ကဗျာစပ်ချင် စပ်နေတတ်သည်။ ပြန်ကြရအောင်ဆိုမှ စပ်ထားသောကဗျာကို ကျွန်မလက်ထဲထည့်ကာ ကျွန်မနဖူးကို ခပ်ဖွဖွဖိကပ်မွှေးကြူတတ်သူသာ။ သူစိတ်ကောက်လျှင်ဖြင့် ဘာစကားတစ်လုံးမှ မပြောတော့ဘဲ ခြေလှမ်းကျဲကြီးများ နောက်လှည့်မကြည့် စတမ်းလှမ်းကာ ကျွန်မတစ်ယောက်တည်း လမ်းလယ်မှာ ထားခဲ့ရက်နိုင်သူလည်း ဖြစ်လေသည်။ ဤသည်မှာ သူ့ကဗျာတွေလိုပဲ ကျွန်မ ဘယ်တော့မှ နားမလည်နိုင်တော့မယ့် ကဗျာဆရာရဲ့ အချစ်တွေဖြစ်လေသည်။

အချစ်ရေး၌ စိတ်ကောက်လိုက်၊ ချော့လိုက်၊ ပြန်ချစ်လိုက်ကြနှင့် စိတ်လှုပ်ရှား ကြည်နူးဖွယ်ဖြစ်သော်လည်း လက်တွေ့ အိမ်ထောင်သည်ဘဝထဲ ရောက်သွားကြသည့်အခါမှာတော့ နားလည်မှုမရှိခြင်းသည် အက်ကြောင်းတွေ အခါခါထပ်လျက် ဘဝနှစ်ခု ကွဲပျက်စေဖို့သာ ဖန်လေမည်လား။ နားလည်မှုဟူသည် အိမ်ထောင်ရေး၌ သာယာဖွယ်သော စောင်းကြိုးကို မြည်ဟည်း ညင်းသွဲ့စေသည်ဟု ယုံကြည်ထားသော ကျွန်မအတွက် မိုးနှင့် ရေ့ဆက်၍ ဖြစ်ပါ့မလားဆိုသည့် အတွေးတို့ ရင်၌ကိန်းခဲ့ပြီ။ နောက်တစ်ခေါက် ခဲမှန်မည်ကို ကြောက်လန့်နေသော စာသူငယ် ကျွန်မသာ။

မိုးသည် ကျွန်မအပေါ် ခံစားမှုမရှိတော့သည့် တစ်နေ့နေ့မှာ "ကိုယ်တို့ခွဲကြရအောင်ကွာ" ဟု ဘာမှမဖြစ်ခဲ့သလို အေးစက်စိမ်းကားရဲမည့်သူမျိုးဟု တွေးမိတော့ ကျွန်မနှလုံးသားတို့ ဆတ်ဆတ်ခါခဲ့ရပြန်သည်။ အဲဒီတစ်နေ့ကို ကျွန်မရင်ဆိုင်နိုင်ပါမည်လား။ ကျွန်မကပဲ ခြေထောက် မိုးပေါ် ထောင်သော တစ်တီတူးတစ်ကောင်လို ဘာကိုမှ စိတ်လက်မချဖြစ်တတ်သူလား။ မသေချာပါ။ သေချာတာကတော့ ကျွန်မ စိတ်တင်းမာပြတ်သားမှ ဖြစ်မည်။

အသည်းခွဲဖို့ မရည်ရွယ်ပါ။ သို့သော် အချစ်၌ အားနည်းစိတ်ပျော့သူသာ အရှုံးဟုသတ်မှတ်လျက် စိတ်အင်အားချင်းပြိုင်ရာ၌ မွေ့လာခဲ့သည်။ သိုးကလေးလို နူးညံ့သော မိုးကိုတော့ သနားမိပါသည်။ သို့သော် ထိုအချိန်က ကျွန်မသည် အရှုံးကို ကြောက်သော၊ သားကောင်ကို ညှာတာရိုးထုံးစံမရှိသော မုဆိုးတစ်ယောက်သာ ဖြစ်ခဲ့သည်။ ချစ်ခဲ့ဖူးသော ယောက်ျားများနှင့် သုံးကြိမ်မြောက် ခွဲခွာရခြင်း၌ ကျွန်မမတုန်လှုပ်တော့။ ကျွန်မ၏ လက်တို့ယဉ်ပါးခဲ့ပြီ ဖြစ်သည်။

♦

**အချစ်သည် ကြိုးတစ်ချောင်းလည်း ဖြစ်သေးသည်။**

ထွင့်နှင့်စတွေ့တာက ထွင့်တို့အိမ်မှာ။ ကျွန်မတို့မိသားစု ကိုးကွယ်သော ဆရာတော် ရန်ကုန်ကြွလာခိုက်၊ ဆွမ်းကပ်ရန် အမေပင့်ခိုင်း၍ ဆရာတော်

ကျောင်းအဖြစ် သီတင်းသုံးနေသော ထွန်းတို့အိမ်ကိုရောက်ခဲ့ရာက စပါသည်။ အိမ်နေရင်းမို့ ပေါ့ပေါ့ပါးပါး စွပ်ကျယ်လက်ပြတ်နှင့် ချည်ပုဆိုးလေး တစ်ထည်ဝတ်ထားသောသူက ကျွန်မကို ရေအေးအေးတစ်ခွက် အရင်ဆုံး တိုက်ခဲ့သည်။ သူ့ဆံပင်တွေကို ဘီးကုတ်တစ်ချောင်းနှင့် နောက်လှန်သိမ်းထားပြီး ညာဘက်နားမှာ ရွှေနားကွင်းပြောင်ထူထူလေး ဝတ်ထားသော ထွန်းသည် ခင်မင်နှစ်လိုဖွယ်၊ လူကြီးလေးတစ်ယောက်လို ရင်းနှီးနွေးထွေးစွာ ကျွန်မကို ဧည့်ခံခဲ့သည်။

ဆရာတော် အပြင်ကြွသွားတာမို့ ဖုန်းနံပါတ် ပေးထားခဲ့ပါ၊ ဆရာတော် ဖုန်းပြန်ဆက်ပါလိမ့်မယ် ဆိုလာပေမယ့် တကယ်တမ်း ကျွန်မဆီ ဖုန်းခဏခဏခေါ်သူက ထွန်းသာ ဖြစ်လေသည်။

ထွန်းနှင့်ကျွန်မ ချစ်သူတွေဖြစ်သွားကြပြီးသည့်နောက် ထွန်း၏ သဝန်တိုမှုများ၊ ကျွန်မအပေါ် ချုပ်ချယ်လိုမှုများအကြား အတော်ကလေး စိတ်အကျဉ်းကျခဲ့ရပြန်သည်။

ထွန်းနှင့် ဗိုလ်ချုပ်ဈေးသွားခဲ့ကြသော တစ်နေ့က ဖြစ်ပါသည်။ ထုံးစံအတိုင်း ထွန်းဒီဇိုင်းက ရော့ခ်ကာတစ်ယောက်လို လန်းလွန်းသွက်လွန်းနေကာ ကျွန်မကတော့ ဝတ်နေကျ ရင်ဖုံးအင်္ကျီလက်ပြတ် ကျောက်စိမ်းရောင်လေးနှင့် ပန်းဆီဖျော့ဖျော့ပေါ်တွင် ကျောက်ခက်နွယ်မှုင်စိမ်းကလေးများ ခပ်ရှုပ်ရှုပ်ရောယှက်ထားသော လုံချည်ဆင်ကလေး ဝတ်ထားခဲ့သည်။ ဈေးဝယ်လို့မှ မပြီးသေးခင် ကျွန်မ ညာဘက်လက်ကောက်ဝတ်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ ကားထားရာဆီ တရွတ်တိုက်မတတ် ဆွဲခေါ်ခံခဲ့ရသည်။ ပြီးတော့ ကားတံခါးဖွင့်ပေးပြီး ကားပေါ်ကို အရုပ်တစ်ရုပ်လို မညှာမတာ ထိုးသိပ်ထည့်ခဲ့လေသည်။

အရှေ့နှင့်အနောက်လို ကွဲပြားလှသော ကျွန်မတို့နှစ်ယောက်၏ ဝတ်စားဆင်ယင်ပုံသည် လူကြည့်ချင်စရာ၊ လူသတိပြုမိစရာ ဖြစ်နိုင်ကောင်းပါသည်။ ဒါကိုပင် ထွန်းက သဘောမကျဖြစ်ရလေသည်။ သူနှင့် အပြင်သွားတိုင်း ကျွန်မမှာ သူ့အရပ်မားမားကြီးဘေးက မပြေးရုံတမည် သူ့နောက်အမီလိုက်ရသည်။ ကြာသော် စိတ်ပျက်စရာ ကောင်းလောက်အောင် သူ့အလွန် သဝန်တိုတတ်သည်မှာ ချစ်ရှာလွန်းလို့ပဲလေဟုပင် ဖြေမတွေးနိုင်တော့ပါ။

နောက်ဆုံး ညှိမရသည့်ကိစ္စတစ်ခုမှာ လက်ထပ်ပြီးလျှင် သူပဲရှာကျွေးမည်၊ ကျွန်မအလုပ် လုံးဝလုပ်စရာမလိုဆိုတာပဲ ဖြစ်သည်။ နေစရာအိမ်တောင်မှ သူ့မိဘတွေအိမ်နှင့် ကပ်လျက်မှာပဲ ရအောင်စီစဉ်မယ် ဆိုလာပြန်သည်။ ကျွန်မကို လှောင်အိမ်ထဲထည့်ကာ မျက်စိဒေါက်ထောက်ကြည့်လိုခြင်းကြောင့်ဟု ခံစားသိနှင့် သိလိုက်ရပါသည်။ မမြင်နိုင်သော်လည်း တင်းတင်းရစ်ဖွဲ့ထားသည့် ကြိုးများအကြား အသက်ရှူမဝခဲ့ပါ။ မွန်းကျပ်မှုကို မုန်းသည်၊ ညင်သာလွန်းသော်လည်း ချည်နှောင်မှုကိုဖြင့် ကျွန်မ ဘယ်လိုမှ လက်မခံနိုင်ခဲ့ပါ။

ကျွန်မ၌ သင်ယူတတ်မြောက်ထားသော ပညာရှိသည်။ ကိုယ့်ခြေထောက်ပေါ်ကိုယ် မားမားရပ်နိုင်သည်။ ရပ်လိုစိတ်လည်း ရှိသည်။ ပြီးတော့ ကျွန်မမှာလည်း ဆွေရယ်မျိုးရယ်ဆိုတာ ရှိသေးသည်။ သူနှင့် လက်ထပ်ပြီးလျှင်ပဲ ကျွန်မမှာ ဆွေခန်းမျိုးခန်းဖြတ်ကာ သူ့မျက်နှာ တစ်ရွာထင်ရမယ့် အဖြစ်။ သူကိုယ်တိုင်ကျတော့ နိုင်ငံတကာမှာလှည့်၍ အလုပ်လုပ်နေသည့်သူ၊ ကျွန်မကိုကျတော့ အိမ်ထဲမှာပဲ အကျဉ်းချထားလိုသူဖြစ်သည်။ သူက ကျွန်မ၏ အတောင်ပံများကို သံခြေချင်းဝတ်ထားစေလိုသူ၊ ကျွန်မ၏ လွတ်လပ်ခွင့်တို့ကို အချစ်ဟု အမည်တပ်ထားသော ကြိုးတစ်ချောင်းနှင့် လှလှပပတုပ်နှောင်လိုသူသာ ဖြစ်သည်။

မောပန်းလှပါသည်။ 'ချောင်းကိုပစ်၍ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့' ဆိုသည့် စကားပမာသည် ကျွန်မနှလုံးသားကို ဖျစ်ညှစ်ဆုပ်ခြေနေသကဲ့သို့ပင်။ ထွန်းကို လမ်းခွဲထားရစ်ခဲ့ရပြန်ပါသည်။

ကျန်ရစ်ခဲ့သူမို့ ပိုနာကျင်ရသည်ဆိုသည်ကို ကျွန်မလက်မခံပါ။ စွန့်ခွာသူတစ်ယောက်အနေနှင့် ခံစားခဲ့ရသည်များကို ကျွန်မသာ အသိဆုံးဖြစ်ခဲ့သည်။ နောက်ပိုင်းကာလများ၌ အချစ်ဆိုသည်ကို လေသံကလေးမျှ မကြားချင်ခဲ့တော့ပါ။ စိတ်တို့သည် ပဝါပါးကို ရေနှစ်၍ တစ်နေရာတည်းမှာ ပုံချထားသလို ငြိမ်ဝပ်နေလျက် လူတွေနှင့် ဝေးသထက်ဝေးလာသလို ခံစားခဲ့ရသည်။

မေမေ ပြောဖူးသောစကားကို ပြန်လည်ကြားယောင်စဉ် မချိသော အပြုံးမဲ့မဲ့တစ်ခု ကျွန်မမျက်နှာပေါ် ဖျတ်ခနဲပြေးလေ၏။ "မိန်းကလေးတစ်ယောက်ရဲ့တန်ဖိုးဟာ သူထားတဲ့ ရည်းစားအရေအတွက်နဲ့ ပြောင်းပြန်အချိုးကျတယ် သမီး" တဲ့။ ကျွန်မ ဟက်ခနဲတစ်ချက် ရယ်မိလေသလားပင်မသိပါ။ ကျွန်မ၏ တန်ဖိုး၊ မိန်းကလေးတစ်ယောက်၏ တန်ဖိုး၊ ကျွန်မ မေ့မနေခဲ့တာ သေချာပါသည်။ သို့သော် မိန်းမသားများ၏ ရွေးချယ်ခွင့်နှင့် တန်ဖိုးအကြား မျှခြေရှာရန်မှာ ကျွန်မအတွက်တော့ ခဲယဉ်းနေသေးသည်။

မအောင်မြင်သော အချစ်ရေးများထဲမှာ မိန်းမတစ်ယောက်၏ ယခုထိအောင် မကွဲနိုင်သေးသော နှလုံးသား သိပ်သည်းဆ ခံနိုင်ရည်အားအတွက် ကျွန်မ ဝမ်းပန်းတသာ ဖြစ်သင့်ပါရဲ့လား။ အသည်းကွဲ၍ ကျခြင်းမဟုတ်သော မျက်ရည်များက ကျွန်မပါးပြင်နှစ်ဖက်ပေါ်မှာ တလိမ့်လိမ့်ပူနွေးစွာ။ သို့သော် သေချာပါသည်။ ကျွန်မ မငိုပါ။ ကျွန်မ မငိုတတ်ပါ။ ဘဝ၏ အစိတ်အပိုင်း တစ်ခုမျှသာဖြစ်သောအချစ်အတွက် ကျွန်မ သတ္တိကြောင်သူ မဖြစ်လိုပါ။

ကျွန်မအတွက်တော့ . . .

အချစ်သည် ဆေးခါးကြီးတစ်ခွက်နှင့်တူသည်။ အချစ်သည် ကျွန်မလက်ထဲက ယုန်ဖြူကလေးတစ်ကောင်ဖြစ်သည်။ တစ်ခါတစ်ရံ၌ အချစ်သည် သိုးငယ်ကလေးတစ်ကောင် ဖြစ်သည်။ ပြီးတော့ အချစ်သည် ကြိုးတစ်ချောင်းလည်း ဖြစ်နိုင်သေးသည်။


မည်သို့ပင်ဆိုစေ အချစ်သည် အချစ်သာ ဖြစ်သည်။ အချစ်၌ ပင်ကိုအရောင်ကင်းမဲ့၍ အချစ်နှင့် ထိတွေ့ဆက်ဆံသူတို့၏ အရောင်ဆိုး ခြယ်လှယ်ခြင်းကိုသာ ခံယူရမြဲပင် ဖြစ်သည်။

ကျွန်မကဖြင့် အချစ်ကို အရောင်အမျိုးမျိုး စွန်းထင်းစေခဲ့ပြီ။

**ချစ်ကြည်အေး**



Asian Fame Media Group




# ပြောင်းလဲလာနေသော သံလိုက်စက်ကွင်း

ကျော်ဦး

ကမ္ဘာပျက်နိုင်သည့် နည်းအမျိုးမျိုးဟု ဆိုကာ ထုတ်ဖော်ရေးသား ပြောဆိုခဲ့ကြသည်များထဲတွင် ကမ္ဘာ့သံလိုက်စက်ကွင်း ပြောင်းပြန်ဖြစ်ကာ လျှပ်အကြီးအကျယ် လှုပ်ပြီး ကမ္ဘာ့တိုက်ကြီးများ နေရာရွှေ့ပြောင်းခြင်း၊ ရာသီဥတု ပြောင်းလဲမှု အလွန် မြန်ဆန်လာခြင်း၊ ဇီဝမျိုးကွဲများ မျိုးတုံးခြင်းစသည်တို့နှင့် ကြုံတွေ့ရမည်ဟုလည်း ပါသည်။

သံလိုက် တစ်ချောင်း၏ ပတ်ပတ်လည်တွင် သံလိုက် စက်ကွင်းများ ဖြစ်ပေါ်နေသကဲ့သို့ ကမ္ဘာ့အဆန်ပိုင်းရှိ အရေပျော်နေသည့် သံပါဝင်သော ကျောက်ရည်များကြောင့် ကမ္ဘာကို ငုံအုပ်ထားသော သံလိုက် စက်ကွင်း ဖြစ်ပေါ်တည်ရှိသည်။ ကမ္ဘာတွင် အာတိတ်ဒေသရှိ မြောက်ဝင်ရိုးစွန်းနှင့် အန္တာတိတ်ဒေသရှိ တောင်ဝင်ရိုးစွန်း ဟူ၍ ပထဝီဝင်ရိုးစွန်း နှစ်ခု ရှိသကဲ့သို့ သံလိုက် စက်ကွင်းကြောင့် ကမ္ဘာတွင် သံလိုက် ဝင်ရိုးစွန်းနှစ်ခုဖြစ်ပေါ်နေသည်။ သို့သော် ပထဝီဝင်ရိုးစွန်းနှင့် သံလိုက် ဝင်ရိုးစွန်းများသည် တစ်ထပ်တည်း မကျဘဲ အနည်းငယ်မျှ ဝေးကွာ၍ တည်ရှိသည်။သံလိုက်ဝင်ရိုးစွန်း နှစ်ခုအကြား ဆက်သွယ်ထားသည့် မျက်စိဖြင့် မမြင်ရသော သံလိုက် အားလမ်းများ ဖြစ်ပေါ်နေသည်။

ကမ္ဘာ့သံလိုက် စက်ကွင်းသည် နေမှ ရောက်လာသော အန္တရာယ်ပြုဓာတ်မှုန်များ ကမ္ဘာပေါ် ကျမလာအောင် အကာအကွယ် ပေးသည်။ ရွှေ့နောက် တောင်မြောက် အရပ်လေးမျက်နှာ ခွဲခြားသိရန် ခက်သော ခရီးလမ်းများတွင် ကမ္ဘာ့ သံလိုက်စက်ကွင်းကို အသုံးချထားသော သံလိုက် အိမ်မြှောင် ကိရိယာကို ကြည့်၍ သွားလိုရာခရီးကို ဖြောင့်မှန်အောင် သွားလာနိုင်သည်။အချို့သော သတ္တဝါများသည် ကမ္ဘာ့သံလိုက်စက်ကွင်းကို အသုံးချ၍ လမ်းကြောင်း မှန်အောင် သွားနိုင်သော စွမ်းရည်ကိုသဘာဝအလျောက် ပိုင်ဆိုင်ထားရာ ယင်းသတ္တဝါများတွင် ကိုယ်တွင်းသံလိုက် အိမ်မြှောင် ပါရှိသည့် သဘောပင် ဖြစ်သည်။

သံလိုက်ချောင်း ရွှေ့လျားလျှင် သံလိုက် စက်ကွင်းလည်း လိုက်၍ ရွှေ့လျားသကဲ့သို့ အရည်ပျော် သံဓာတ်ပေါင်းများသည် ကမ္ဘာ့အတွင်းပိုင်းတွင် ရွှေ့လျားနေသဖြင့် ကမ္ဘာ့သံလိုက်စက်ကွင်းသည်လည်း လိုက်၍ ရွှေ့လျားပြောင်းလဲလျက် ရှိသည်။ ကမ္ဘာ့ သံလိုက်စက်ကွင်း ပြောင်းလဲခြင်းကို သံလိုက်မြောက် ဝင်ရိုးစွန်း၏ ရွှေ့လျား လမ်းကြောင်းကို လေ့လာခြင်းဖြင့် သိရှိနိုင်သည်။

ထိုသို့ ပြောင်းလဲရာတွင် တစ်နှစ်လျှင် မိုင် ၄၀ နှုန်းမျှဖြင့် ဟိုမှသည်မှ ရွှေ့လျားပြီး မူလနေရာ ပြန်ရောက်သည်မျိုးလည်း ရှိသကဲ့သို့ သံလိုက်မြောက်ဝင်ရိုးစွန်းက တောင်ဘက်သို့ရောက်ပြီး တောင်ဝင်ရိုးစွန်းက မြောက်သို့ရောက်ခြင်း ဟူသော သံလိုက်စက်ကွင်း ပြောင်းပြန်ဖြစ်မှုကို ကမ္ဘာ့သက်တမ်း တစ်လျှောက်တွင် အကြိမ်ရာပေါင်းများစွာ ကြုံခဲ့ကြကြောင်း ဘူမိဗေဒမှတ်တမ်းများအရ သိရသည်။

ကမ္ဘာ့ သံလိုက်စက်ကွင်းသည် ပျမ်းမျှအားဖြင့် နှစ်ပေါင်း ၂၀၀၀၀၀ တွင် တစ်ကြိမ် ပြောင်းပြန်ဖြစ်တတ်သည်။ နောက်ဆုံး ပြောင်းပြန်ဖြစ်ခဲ့သည်မှာ လွန်ခဲ့သော နှစ်ပေါင်း ၇၈၀၀၀၀ က ဖြစ်ကြောင်း ဘူမိဗေဒ လေ့လာချက်များအရ သိရသည်။ ယခုအခါ ကမ္ဘာ့ အတွင်းပိုင်းရှိ သံအက်တမ်တို့၏ သံလိုက်ဝင်ရိုးစွန်းများ ပြောင်းလဲနေသည့် အထောက်အထားအချို့မှ တစ်ဆင့် သံလိုက်စက်ကွင်း တစ်ခုလုံးသည် လွန်ခဲ့သော နှစ်ပေါင်း ၁၆၀ ခန့်မှ စတင်၍ ပြောင်းလဲလာလျက် ရှိသည်ဟု ပညာရှင်တို့က ဆိုသည်။

နှစ် ၁၆၀ ဆိုသည်မှာ လူ့သက်တမ်းနှင့်စာလျှင် ရှည်လျားလှသော်လည်း ကမ္ဘာမြေကြီး၏ ဖြစ်စဉ်များကို လေ့လာသော သက်တမ်းနှင့် ဆိုပါက ပြောင်းစသာ ရှိသေးသည်ဟု ပြောနိုင်သည်။ စတင်ပြောင်းလဲသည်မှ လုံးဝပြောင်းပြန် ဖြစ်သွားသည်အထိ နှစ်ပေါင်း ၁၀၀၀ မှ ၁၀၀၀၀ အထိကြာသည့် အတွက် ၂၀၁၂ ခုနှစ် ကမ္ဘာပျက်ကိန်း ကောလာဟလ ထုတ်လွှင့်နေသူတို့ ဆိုသကဲ့သို့ ယခုနှစ်တွင် မည်သည့် သိသာထင်ရှားသော လက္ခဏာမှ ပေါ်ဦးမည် မဟုတ်ချေ။ သံလိုက်စက်ကွင်း ပြောင်းသည့် လက္ခဏာတစ်ခု ဖြစ်သော အားနည်း လာနေမှုကိုတော့ မထင်မရှား တွေ့နေရသည်။


သံလိုက်စက်ကွင်းတွင် ဖြစ်ပေါ်

Asian Focus Media Group


နေသော သံလိုက်အားလမ်းများ၏ ပုံပန်းသည် မပြောင်းလဲမီ တည်ငြိမ်နေစဉ်က ရိုးရှင်းသော သဏ္ဍာန်ရှိသော်လည်း ပြောင်းလဲနေစဉ်အတွင်း ရှုပ်ထွေးသော ပုံပန်းဖြစ်လာသည်။ နောက်ဆုံးတွင်မှ အားလမ်းကြောင်းများ ပြန်ရှင်းလာပြီး ဝင်ရိုးစွန်း ပြောင်းပြန်ဖြစ်သွားသည်။ သံလိုက်အားလမ်းများသည် ယခုအခါ ရှုပ်ထွေးစပြုလာသည့်အတွက် သံလိုက်စက်ကွင်း အားနည်းလာနေသည်ဟု ကောက်ချက်ချကြသည်။

သံလိုက်စက်ကွင်း သိသိသာသာ အားနည်းလာခဲ့လျှင် ကမ္ဘာပေါ်ရှိ သတ္တဝါတို့အပေါ် သက်ရောက်မှု အများဆုံးရှိသည်။ အားကင်ဆာများ ဖြစ်နိုင်သည်ဟု အချို့က ဆိုသည်။ ရှေးကမ္ဘာတွင် ယင်းဖြစ်စဉ်မျိုးကြောင့် သတ္တဝါများ မျိုးတုံးသည်အထိ ဖြစ်ခဲ့ကြောင်း ပညာရှင်အချို့က ယုံကြည်ကြသည်။

သို့သော် အချို့ကမူ ယင်းအယူအဆကို လက်မခံကြချေ။ သေချာသည်မှာ သံလိုက်စက်ကွင်း အားပျော့မှုကြောင့် လေထုတွင်း ဝင်ရောက်လာသော နေဓာတ်မှုန်များကြောင့် ကမ္ဘာပတ်လမ်းထဲရှိ ဂြိုဟ်တုများ၏ အလုပ်လုပ်မှုကို ထိခိုက်သည်။ နေဓာတ်မှုန်များကြောင့် ဂြိုဟ်တုများရှိ ဓာတ်အားထုတ်စနစ် ချို့ယွင်းခြင်း၊ ရေဒီယို ဆက်သွယ်ရေး ပြတ်တောက်ခြင်းတို့ ဖြစ်ပေါ်သည်။ သံလိုက် စက်ကွင်း အားပျော့လေ ကောင်းသော သံလိုက်စက်ကွင်းသည် နေမှ ကမ္ဘာရှိရာသို့ ဦးတည်လာနေသော အန္တရာယ် ဓာတ်မှုန်များကို ကမ္ဘာ့မျက်နှာပြင်ပေါ် မကျအောင် အကာအကွယ် ပေးသည်။ အားပျော့နေသော သံလိုက် စက်ကွင်းသည် ယင်းတို့ကို အပြည့်အဝ မကာကွယ်နိုင်ပေ။ နေမှထွက်သော ဓာတ်မှုန်များသည် ကမ္ဘာ့လေထုကို မုန်တိုင်းတိုက်သည့်သဖွယ် ရိုက်ခတ်သည့်အခါ လေထုတွင် အပေါက်များ ပေါ်လာကာ မြေပြင်သို့တိုင် ကျရောက်၍ လူတို့ကို အန္တရာယ်ပြုနိုင်သည်။ အထူးသဖြင့် လေထုတွင်း အိုဇုန်းဓာတ်များကို ဖျက်ဆီး၍ အိုဇုန်းအလွှာ တွင် အပေါက်ဖြစ်ကာ နေဓာတ်မှုန်များနှင့် လူ့အရေပြား




ထိတွေ့မိသောအခါ အရေပြား ပြဿနာပို၍ ကြီးမားလေဖြစ်သည်။





သံလိုက်စက်ကွင်း အားပျော့သောအခါ၊ လားရာပြောင်းလဲ သောအခါ ကမ္ဘာ့သံလိုက် စက်ကွင်းပေါ်မူတည်၍ လှုပ်ရှားသွားလာကြသည့် ပျား၊ ဆာလ်မွန်ငါး၊ လိပ်၊ ဝေလငါး၊ ခိုနှင့် အချို့ ဘက်တီးရီးယား ပိုးကောင်တို့၏ သွားလာမှုကို ထိခိုက်စေ မှားယွင်းစေသည်။

သံလိုက် စက်ကွင်း ပြောင်းလဲမှုကြောင့် တွေ့ရသော ပြဿနာများမှာ ထိုမျှသာ ဖြစ်သည်။ ယင်းဖြစ်စဉ်နှင့် ဆက်စပ်ကာ လူအချို့ ပြောဆိုနေကြသည့် ကမ္ဘာ့တိုက်ကြီးများ နေရာရွှေ့ကာ ငလျင်ကြီးများ လှုပ်မည်ဆိုသည့်အချက်မှာ လုံးဝ အဓိပ္ပာယ်ကင်းမဲ့သော တွေးထင်ချက် သက်သက်မျှသာ ဖြစ်သည်။ မှားယွင်းကြောင်း သက်သေတစ်ခုမှာ ကမ္ဘာတွင် သံလိုက်ဝင်ရိုးစွန်း ပြောင်းခဲ့သည့်အချိန်က မည်သည့်တိုက်ကြီးမျှ နေရာရွှေ့ပြောင်းခြင်း မရှိခဲ့သည့် အချက်ဖြစ်သည်။ ထိုသို့ တိုက်ကြီးများ နေရာပြောင်းရွှေ့သွားခြင်း မရှိခဲ့ကြောင်း၊ သိပ္ပံပညာရှင်တို့က သတ္တဝါနှင့် အပင်တို့၏ ရုပ်ကြွင်းများ၊ မြေလွှာများကို လေ့လာမှုများမှ အခိုင်အမာ ပြောနိုင်ကြသည်။

သံလိုက် စက်ကွင်း ပြောင်းလဲလာ၊ အားပျော့လာနေခြင်းသည် တစ်ချိန်တွင် ပုံမှန် ပြန်ဖြစ်လာ၊ အားပြန်ကောင်းလာနိုင်သကဲ့သို့ သံလိုက်ဝင်ရိုးစွန်းများ လုံးဝ ပြောင်းပြန်ဖြစ်သည်အထိလည်း ဆိုက်ရောက်သွားနိုင်သည်။ သို့သော် ယင်းအခြေအနေသို့ ရောက်ရန်မှာ နှစ်ထောင်သောင်းသိန်းချီ၍ ကြာဦးမည်။ ယခုနှစ်တွင် မဖြစ်နိုင်ချေ။

**ကျော်ဦး**




Asian Fame Media Group
MEDIA GROUP